www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘရလောက




No.76, September 2013

www.burmeseclassic.com

www.burmeseclassic.com


ိုလ်ချုပ်အောင်ဆန်း၏
စ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော
စ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်
ဗိုလ်ချုပ်အောင်ဆန်း
နှင့်
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရဲသာဟန် အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့





ခုပြည့်စုံတွန်းစာပေ


အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၇၆)၊ စက်တင်ဘာလ၊ ၂၀၁၃ ခုနှစ်

ber 76 September 2013

ဒေါ်ဆလိမ်နှင့်ကြုံခဲ့သည့်နေ့
တောင်ညိုဖြိုး (သန်လျင်)

ရွှေသစ္စာဂူးပြိုထင့်
ဝင်းရွှေသိန်း (စင်းကျိုက်)

ကပ္ပိယကြီးရွှေမိုးနှင့် ကုဋ္ဌာသဃပုဏ္ဏကအင်း
တောင်ဟောင်ပိုးအောင်

သူတို့ညီအစ်မ
နှတ်ပီပယ်

ကျွန်ုပ်နှင့်ကိုယ်တွေ့ပရလောကသားများ
ဝေယံလင်းဒေါင်

မိုးမင်းစိမ်းမြူ
တက္ကသိုလ်အပန်ငယ်

ငါးစိမ်းသည်ပပုကြွယ်
အေးသင်တသက်ဝေ

သာခြံက ဝိညာဉ်လိပ်ပြာ
င်စိမ်းအောင် ၁၄၆

ခြားက သံယောဇဉ်အမွေ
ကြီးသိန်းဝင်း ၁၆၂

ဓူထမင်းလုံး
လင်း (တောင်ကုတ်) ၁၈၀

ကိုလိပ်ပြာသိပ်မယ်တဲ့လား
မျိုးမြင့်အောင် ၁၉၉

က်ဂျိုတက်များ
ကြည်သျှင် ၂၁၈

xt Month Preview ၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**အယ်ဒီတာချုပ်**

ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**

ဝေလွင်မြင့်မောင်

**အုပ်ချုပ်မှုအယ်ဒီတာ**

မစင်မာဝေ

**အယ်ဒီတာအဖွဲ့**

ညာကိုလင်းထက်

**ရုံးအဖွဲ့**

ကိုနိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ ဇနဝင်းလတ်၊ ရွှင်းကိုကိုနိုင်၊ ကျော်ဝင်းလတ်၊ ဝင်းမင်းမော၊ ငိုငိုဝင်၊ အိမြူ၊ မိမိဝင်၊ မြူမြူသင်၊ ဝင်းဝင်းမော်၊ သဉ္ဇာဝေ၊ နှင်းသက်ဝေ

**ထုတ်ဝေသူ**

ဒေါ်ခင်မာဝေ (စာပေထုတ်ဝေခွင့်ပြုနံပါတ်)၊ အမှတ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**မျက်နှာဖုံး**

ညာကိုလင်းထက်

**အတွင်းသရုပ်ဖော်**

ကံကောင်း၊ ထေအောင်မြင့်၊ မြတ်မင်းကန်၊ အောင်နိုင်လတ်၊ ကျော်မိုးညီ၊ ...

**ကွန်ပျူတာနှင့်ဖလင်**

Quality

**ပုံနှိပ်သူ**

ဖြူမောင်ပုံနှိပ်တိုက်

ဒေါ်ယဉ်ယဉ်မွန်

**စာအုပ်ချုပ်**

ဘင်မောင်ထွန်း

**အုပ်ရေ - ၅၀၀**

တန်ဖိုး - ၁၅၀၀

**စာတည်းအဖွဲ့နှင့်ဖြန့်ချိရေးရုံးခန်း**

အမှတ်၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -

# Next Month

မိုးကြိုးပစ်ကုန်း



မောင်ညိုမှိုင်း (သန်လျင်)

တိမ်တိုက်တွေရဲ့တောင်ကြောင်း



ဖျာပုံစိုးသား




ငြွေးငြွေးရှားရှား ရာဇဝတ်သား

မင်းဘုန်းသိင်္ခသူ

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့လထုတ်က ကျွန်တော့် "ပညာသည်ဂေဇ"
အကြောင်းကို စေတနာအပြည့် ရေးခဲ့ပါတယ်။
ကျွန်တော်သည် ရပ်ရွာလူထု၏ အရာအချို့နှင့် ယှဉ်လိုက်
ဝေမှုအသည်းအူရှင်း လူ့ဘဝ၏ ဂုဏ်သိန်းကြွယ်သည့် ပြဇာတ်များကို
ပြင်တွေ့ သိရှိခွင့်ရခဲ့ပါတယ်။

# ဒေါ်ခလိုင်နှင့် ကြုံခဲ့သည့်ဝန်း

မောင်ညိုမှိုင်း
(သုခ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အမေ ပြောပြသည့်ဖြစ်ရပ်ကလည်း စိတ်ဝင်စားစရာပါပဲ။

အမေက တောသူပါ။

ကလေးအရွယ် ကျောင်းနေစဉ်အရွယ်ကတဲ့။

ကျွန်တော်တို့ရွာထိပ်မှာ ဒေါ်ရှင်ဆိုတဲ့ အဖွားကြီးတစ်ယောက် ရှိတယ်။

ရွာထိပ်မှာ တဲတစ်လုံးနဲ့ သီးခြားနေတာ။

အချို့က သူ့ကို စုန်းမကြီးလို့ ဆိုကြတယ်။

ကျယ်ကျယ်မပြောရဲကြဘူး။ တိုးတိုးတိတ်တိတ် လက်တို့ပြောရဲတာ။

အသားမည်းမည်း၊ ပိန်ပိန်ခြောက်ခြောက်၊ ပါးစပ်ထဲမှာ သွားတွေ မရှိတော့ဘူး။ သွားဖုံးချည်းပဲ ကျန်တယ်။

ဘယ်တော့မှ အင်္ကျီမဝတ်ဘူး။

ထမီရင်လျား၊ ချေးက လက်လေးသစ်နဲ့ နေတာတဲ့။

တစ်လတစ်ခါတော့ ရေချိုးတာ မြင်ရတယ်လို့ ပြောတယ်။ ရေချိုးတာ သူ့တဲအိမ်မှာ ချိုးတာ မဟုတ်ဘူး။

ရွာအဝင် ချောင်းရေကူးရင်း ချိုးတာတဲ့။

အံ့သြဖို့ကောင်းတာက ဒေါ်ရှင် ရေချိုးရေကူးရင် ရေငုပ်တာ အကြာကြီးပဲတဲ့ ခင်ဗျ။

အချို့က ရေအောက်ငုပ်လျှိုးသွားတာ မိနစ် (၂၀)၊ နာရီဝက်ကြာသည့်တိုင်အောင် ပြန်မပေါ်လာတော့ ...။

ရေနစ် သေပြီမှတ်ကြပြီး ရွာထဲကလူတွေ ပြေးခေါ်ကြ၊ ပြေးလာကြ၊ မေးမြန်းကြ၊

ရေကူးကျွမ်းကျင်သူတွေနဲ့ ရေငုပ်ရှာမယ်လုပ်ရော ... ဒေါ်ရှင် ရေထဲက ဘွားခနဲ ဆံပင်ရေစိုနဲ့ ပေါ်လာတာမြင်ပြီး လန့်သွားကြရပါသတဲ့ဗျာ။

ရေနစ်သေပြီး အစိမ်းသေ တစ္ဆေဖြစ်လို့ ကိုယ်ထင်ပြတယ် မှတ်ပြီး ပြေးကြရောတဲ့ ...။ မိန်းမသား အဖွားအိုတစ်ယောက် ချောင်းရေအောက်မှာ နာရီဝက်ခန့်ကြာအောင် ငုပ်နေပြီးမှ ဖြုန်းခနဲ ပြန်ပေါ်လာတော့ အံ့သြထိတ်လန့်ကြတာပေါ့။

တစ္ဆေလို့ ထင်မှတ်ကြတာပေါ့။

သို့သော် ဒေါ်ရှင်က မသေပါဘူး။ တစ္ဆေလည်း မဟုတ်ပါဘူးဗျာ။

ရေအောက်ကြမ်းပြင်က ဘဲဥတွေပါကောက်ပြီး အိမ်ပြန်တာ မြင်ရတော့ ပိုအံ့သြရပေါ့။



ချောင်းရေထဲကို ဘဲတွေဆင်းပြီး ရေကူးအစာရှာရင်း ဘဲက ဥဥချတယ်လေ ...။

ချောင်းက နက်တော့ ဘယ်သူမှ တကူးတကန့် ရေငုပ် မရှာရဲကြဘူး။

အခု ဒေါ်ရှင်က ရေကြာကြာငုပ်ပြီး ဘဲဥတွေ ကောက်ယူလာပြတော့ စုန်းမကြီးဥစ္စာ ...။

ရေကြာကြာငုပ်နိုင်မှာပေါ့တဲ့။ ဖြစ်ပြန်ပါရော။

ရုပ်ကလည်း ဆိုးလွန်းတော့ ထုံးစံအတိုင်း မရှိနိုးနိုး၊ မလှစုန်းရိုးပေါ့ဗျာ။

ရွာမှာ အသုဘပို့ပြီး ပြန်လာလို့ ထိတ်လန့် သတိလစ်ရင် အပမှီသလိုလို သရဲပူးသလိုလိုရှိရင် ...။

အချို့က ရွာဦးဘုန်းကြီးကျောင်းကို ပြေးကြတယ်။

အချို့ကကျတော့ ဒေါ်ရှင်ပြုစားထားနေမှာပဲ ...။ ဒေါ်ရှင်ကို စားစရာလေး၊ ငွေစလေးနဲ့ တောင်းပန်မှဆိုပြီး လာကြရင် –

"ဟဲ့ – ဘာကိစ္စနဲ့ လာကြတာတုံး"

"ကျွန်မသားလေး လန့်လန့်နေလို့ပါ – အမေ"

"ကျွန်တော့်မိန်းမ သန်းခေါင်ယံမှ ထ – ထငိုနေလို့ပါ – အမေ"

"အိမ်တွင်းအုန်း အလိုလို ပြုတ်ကျလို့ပါ – အမေ"

"အမေပဲ ကူညီပြီး ကုစားပေးပါဦး – အမေ"

"ဒါလေးများအေ – ဟောဟို မီးဖိုက ပြာနည်းနည်းယူသွား။ အဲဒီပြာကို လန့်တဲ့ကလေးနဲ့ မိန်းမရဲ့နဖူးကို တို့၊ လျှာပေါ်တို့၊ ခြေဖဝါးတို့လိုက်၊ ပျောက်သွားလိမ့်မယ် – ကြားလား"

"ဟုတ် – ဟုတ်ကဲ့ – အမေ"

"ဟိုကောင်"

"ခင်ဗျာ – အမေ"

"ပြုတ်ကျတဲ့ အိမ်တွင်းအုန်းကို အုတ်ခဲပေါ်တင်ပြီး စွန့်၊ အသစ်ပြန်လုပ်၊ ကောင်းသွားမယ် – ကြားလား"

"ဟုတ် – ဟုတ်"

ဘာရယ်၊ ညာရယ် မဟုတ်ပါဘူးဗျာ။ ဒေါ်ရှင်ပြောတဲ့အတိုင်း လုပ်လိုက်တာ အလိုလိုကောင်းသွားရော ...။

အဲဒီလိုနဲ့ပဲ ဒေါ်ရှင် နာမည်ကြီးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

စုန်းမကြီးတဲ့ ...။

ကဝေမကြီးတဲ့ ...။

သူ ပြုစားပြီး သူ့ဘာသာ ပြန်ကုလုပ်စားနေတာတဲ့။ အမှန်က ဒေါ်ရှင် လုပ်မစားပါဘူးတဲ့ ...။

ရွာသူရွာသားတွေကို ကုသပေးလို့ ကန်တော့ပေးကမ်းတဲ့ ငွေစတွေ များကို လုံးဝမယူဘဲ ဘုန်းကြီးကျောင်းကို သွားလှူတာ မြင်ရ၊ ကြားရတော့၊

ဒေါ်ရှင် စုန်းမမှ ဟုတ်ရဲ့လား။

ကဝေရော - ဟုတ်ပါ့မလား။

ဝမ်းတွင်းစုန်းရော ဟုတ်ရဲ့လား။

ပြောဆိုဝေဖန်ကြပြန်ရော၊ သို့သော် ဒေါ်ရှင်ကို ကြောက်ကြရတာက...။

ဒေါ်ရှင်ဟာ လပြည့်နေ့ည သန်းခေါင်ယံရောက်ရင် ဆံပင်ဖားလျားနဲ့ မိုးကောင်းကင်ပေါ်က လမင်းကြီးကို လက်အုပ်ချီ မော့ကြည့်ပြီး ပါးစပ်ကနေ မန္တန်တွေ ရွတ်နေတာကိုလည်းကောင်း ...၊

သို့ကလို ရွတ်ဆိုနေချိန်မှာ ...၊

ကောင်းကင်ပေါ်မှာ လင်းတလို အကောင်ကြီးတွေ လေးငါးဆယ်ကောင် ပျံနေတာရယ်၊ ဝဲနေတာရယ်၊

လင်ကောင်ပိုးခေါ် ငှက်ဆိုးကြီးတွေ တကီးကီး တကစ်ကစ် အော်နေတာကို မြင်ရ၊ ကြားရတော့ ပိုလန့်ပြီး ယိုးစွပ်ကြတော့တာပေါ့။

ဒီမှာ ထူးခြားတာက ...။

✿ ✿ ✿

ဒေါ်ရှင် ကလေးတွေ ချစ်တာပဲ၊ သူ့တဲဝန်းကျင်ရောက်လာတဲ့ကလေး တွေကို ကန်စွန်းဥမီးဖုတ် ကျွေးတယ်။

မာလကာသီးတွေ ခေါ်ကျွေးတယ်။

လူကြီးတွေက သိရင် ကြောက်လန့်ကြ၊ ဆူကြ။

"အမလေး - ဒေါ်ရှင်က ကန်စွန်းဥ ကျွေးသတဲ့"

"အဲဒါ - အပင်းထည့်တာနေမှာဟဲ့"

"ဘုရား - ဘုရား - ကယ်တော်မူပါ ဘုရား။ ဘယ်လိုလုပ်ရမှာတုံး။ ဟဲ့ - သမီးဗိုက်ထဲမှာ ဘယ်လိုနေလဲ ဟင်"



"ဗိုက်ပြည့်ပြီး အားကို ရှိသွားတာပဲ - အမေ"

"ဘုရား - ဘုရား"

"တဲ့ - မောင်စိန် - မင်းအဖွားကြီးကျွေးတဲ့ မာလကာသီး စားပြီး ဗိုက် အောင့်ဘူးလား ဟင် - ဟင်လို့"

"ဒီလိုချိုတဲ့ မာလကာသီးမျိုး ရွာထဲမှာ မရှိဘူးဗျ၊ နောက်နေ့ကျ သွား ဦးမှာပဲ ..."

မိဘတွေက စိုးရိမ်ထိတ်လန့်ကြ ...၊

ကလေးတွေက ပျော်လို့ ...၊

နောက်နေ့ သွားကြမယ်ရှည်း ပြောလို့ ကြိမ်းမောင်း ဟန့်တားရတယ်၊ ဟန့်တားလည်း မရဘူး။ သွားကြတာပဲ၊

တစ်နေ့ နေခင်းပိုင်း အမေကြီး ဒေါ်ရှင်တဲကို ရောက်သွားကြတယ်၊ ကလေး ငါးယောက် ...၊

ကျွန်တော့်အမေက ခေါင်းဆောင်ပဲ။

"ငါ့မြေးတွေ ရောက်လာပြီကိုး။ လာကြ - လာကြ၊ ကိုင်း - ဒီနေ့ ဘာစား ချင်ကြတုံးကွယ်"

"အမေကြီး"

"ပြောပါ - မြေး"

"ပုစွန်ကျော် မီးဖုတ် စားချင်တယ်"

"သားက ကဏန်းမီးဖုတ် စားချင်တယ် - အမေကြီး"

"အေး - အေး - စားရမယ်ကွယ် - ကလေး"

သို့ကလိုပြောပြီး တဲတံစက်မြိတ်က ခနိုအရှားစကို ချီးယူလို့ ...၊

ရေအင်တုံလေးရှေ့မှာ ထိုင်လိုက်တယ်။

"ကိုင်း - ငါ့မြေးများ စားချင်တဲ့ ပုစွန်ကျော်ကြီးများ ရောက်တော့ ..."

ပါးစပ်ကပြောရင်း ခနိုစလေးတွေကို ရေအင်တုံထဲ ပစ်ချလိုက်ရော ...၊

အလို ...၊

ရေထဲမှာ ပုစွန်ကျော်တွေ ခုန်ကူးနေတာ အမေတို့ကလေးများ အလွန် အံ့သြပြီး ပျော်လည်း ပျော်ကြသတဲ့၊

အံ့သြစရာ ကောင်းလိုက်တာ ...၊



www.burmeseclassic.com

www.burmeseclassic.com

ခနီစလေးတွေ ရေပေါ်ပစ်ချလိုက်တိုင်း လက်သန်းသာသာ ပုစွန်ကျော့ချည်းတွေ ဖြစ်ကုန်တာပဲ။

ပြီးလည်း ပြီးရော ...။

ပုစွန်ကျော့တွေကို သယ်ယူပြီး မီးကျီးခဲပေါ်မှာ တင်ဖုတ်လိုက်ရော ...။ မွှေးလိုက်တဲ့ အနံ့ရယ် ...။

အဲမေ(မမြရီ)တို့ကလေးတွေ ပါးစပ်က သွားရည်ကျကြပါရော ...။

"အမေကြီး"

"အေ ..."

"မြန်မြန်ဖုတ်ပါ - အမေကြီးရဲ့"

"စားချင်ပြီလား ဟဲ့"

"ဟုတ်"

"ကိုင်း - ရော့ - ရော့ - စားကြ - စားကြ"

ပုစွန်မီးဖုတ်ကို အခွံလေး သင်ပြီး အားရပါးရ စားလိုက်ကြတာ ကုန်ရော။ ပြီး - ရေအိုးစင်က ရေကို တစ်ဝ သောက်ကြတယ်။

"စားလို့ကောင်းရဲ့လား - ကလေးတို့ရဲ့"

"ကောင်းတယ် - အမေကြီး"

"အမေကြီး - သမီးတို့ ပြန်တော့မယ်နော်"

"အေး - အေး - နောက်နေ့လည်း လာကြကွယ်၊ ငါးတွေ ကင်ကျွေးမယ် သိလား"

"ဟုတ် - ဟုတ်"

"မြေးတို့ရေ ..."

"ရှင် - အမေကြီး - ဘာလဲ ဟင်"

"အခု မြေးတို့ ပုစွန်ကျော့ မီးဖုတ်စားတဲ့အကြောင်း ဘယ်သူမှ လျှောက်မပြောကြနဲ့နော်"

"ဟုတ်ကဲ့ပါ ရှင်"

"အမေကြီး - ကျန်းမာချမ်းသာပါစေ"

"အေး - အေး - ငါ့မြေးများလည်း ကျန်းမာချမ်းသာ၍ အန္တရာယ်ကင်းဝေးရှင်းကြပါစေတော် ..."

ရွာထဲလည်း ပြန်ရောက်ကြရော ...။



ကလေးတွေဆိုတော့ ပါးစပ်မလုံကြဘူးလေ ...။

အဲဒါ လူကြီးတွေသိပြီး လန့်ကြ၊ ကြောက်လို့ ရွာဦးကျောင်းဆရာတော်ဆီ ခေါ်သွား၊ စစ်ဆေး ရေမန်းတိုက်ရတယ်။

✿ ✿ ✿

"ဘုန်း ဘုရား"

"ဘာတုံး"

"ကလေးတွေ ဝမ်းဗိုက်ထဲမှာ အပင်းများ ရောက်နေပြီလား ဘုရား"

"ဘာအပင်းမှ မရှိဘူး၊ သူတို့လည်း ဘာမှ မဖြစ်ကြဘူး၊ အားလုံးကောင်းတယ်"

"ဒေါ်ရှင်က ခနီစကို ပုစွန်ဖြစ်အောင် လုပ် ..."

"လျှာမရှည်နဲ့ သွားကြ၊ နောက်နေ့ ကလေးတွေ တစ်ခုခုဖြစ်ရင်သာ ဒီကျောင်းကို ပြန်လာခဲ့ကြ"

"မှန် - မှန်ပါ့ဘုရား"

သူတို့ ပြန်ဆင်းသွားကြတယ်၊ နောက်နေ့မှာလည်း ကလေးတွေ ဘာမှ မဖြစ်ကြဘူး - ကောင်းလို့၊

တစ်နေ့တော့ ထူးခြားတာကို မြင်ကြရတယ်၊

ရွာဦးကျောင်းဆရာတော် စုန်းမကြီး ဒေါ်ရှင် တဲကနေ ပြန်ထွက်လာတာကို ရွာသူရွာသားအချို့ မြင်လိုက်ရတာ ...။

ဘာလာလုပ်တာပါတုံး ဘုရားလို့ မမေးရဲဘူး။

နောက်နေ့မနက်စောစောမှာတော့ ...။

စုန်းမကြီး ဒေါ်ရှင်ဟာ လက်အုပ်ချီပြီး တစ်ရွာလုံးကို လှည့်တယ်၊ အိမ်ရှေ့ရောက်ရင် လက်အုပ်ချီ ရှိတ်ခိုးတယ်၊ မည်သူ့ကိုမှ စကားတစ်ခွန်း မပြောဘူး၊

ညနေရောက်တော့ ရွာဦးကျောင်းစေတီမှာ ပန်းရေချမ်းကပ်ပြီး တံမြက်လှည်းသတဲ့ ...။

နောက်နေ့မိုးလင်းလို့ ကလေးတွေ အမယ်ကြီး ဒေါ်ရှင်တဲကို ရောက်တော့ အမေကြီး ဒေါ်ရှင် မရှိတော့ဘူး၊

စားအိုးစားခွက်တွေလည်း ကျန်ရစ်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

အော်ခေါ်ကြလည်း အသံ့မပြုဘူး။

နောက်ဆုံး အမေတို့ကလေးတွေ ငိုပြီးပြန်လာခဲ့ကြတယ်၊ ဒီတော့မှ လူကြီးတွေလည်း သူတို့အခေါ် စုန်းမကြီး ဒေါ်ရှင် မရှိမှန်း သိကြရတယ်။

ရွာဦးကျောင်းဆရာတော်ကို မေးမြန်းလျှောက်ထားကြည့်တော့ -

"မင်းတို့ပြောနေတဲ့ စုန်းမကြီး ဒေါ်ရှင်ခေါ် ဒကာမကြီး ဒေါ်ရှင်ကို တွေ့ချင်ရင် ပုပ္ပါးတောင်ပေါ် လိုက်သွားပြီး ကြည့် ... တဲ့။

✿ ✿ ✿

ကျွန်တော်တို့အမေ ပြောပြတဲ့ ပညာသည်အကြောင်း ကြားရပြန်တော့။

ဒေါ်ရှင်လို ကလေးတွေ ချစ်တတ်တဲ့ စုန်း (သို့) ကဝေပညာသည်ကို တွေ့ချင်၊ ခင်ချင်စိတ်တွေ ဖြစ်ခဲ့ပါရော ...။

တစ်ခါ ...။

ကျွန်တော်တို့ရဲ့အဖေဆရာကြီး၊ အဘဆရာကြီး၊ ရွှေရင်ကျော်၊ ဦးတင်မောင်(ဝင်း) (ယခုကွယ်လွန်)နှင့်အတူ ကြုံခဲ့ရတဲ့ ပညာသည် မိန်းမကြီးကို ကျတော့ ...။

မိသားစုများ ရှောပါစေရဲ့ လှကြပါစေရဲ့...။

သို့သော် လူတစ်ယောက်ကို လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို မြုစားတတ်သော၊ ဒုက္ခပေးတတ်သော မိစ္ဆာဒိဋ္ဌိအယူမှားသူများလို့ သိရတော့လည်း ...။

ရွံ့မိပါရဲ့၊ စိုးမိပါရဲ့၊ ရင်လည်း တုန်ခဲ့ရပါရဲ့...။

တစ်နေ့လည်းရောက်ရော ... မိတ်ဆွေ စာရေးဆရာကြီး မောင်စိန်လှိုင် (ဥသာ)က ပညာသည် တစ်ယောက်အကြောင်း ဇာတ်လမ်းလေး ပြောပြခဲ့တယ်။

သူတို့မိဘများ ပြောပြသွားတာလိုလို ...။

ဆရာတို့ရဲ့အသိများ ကြုံခဲ့ရတာလိုလို ...။

ပြောပြတာ ကြာခဲ့ပါပြီ၊ စုန်း၊ ကဝေများအကြောင်း စပ်မိရာမှ ဆရာစိန် ပြောပြသည့်ဇာတ်လမ်းလေးကိုလည်း ဇာတ်သုတအဖြစ် ရေးပြချင်တာပါ။



ချွတ်လုံဖြူးဖြူးနဲ့ ခေါင်းတုန်တုန် မိန်းမကြီး။
အဲဒီ ... မိမိန်းမကြီး အတွင်
ထလွှာန်ထ ဆရာရွှေဖြာတဲ့ ဖေါ် ထလိမ်ဆိုတဲ့
ထူးဆန်းသော မိန်းမကြီး များသော ...။



အကယ်၍ယခုဖော်ပြသည့်အကြောင်းအရာသည် တစ်စုံတစ်ယောက်များ ရေးခဲ့၊ ပြောခဲ့ပြီး ဖြစ်ပါလျှင် ...။

ကျွန်တော် ထပ်တူပြု စာဦးချ၊ ဇာတ်လမ်းခိုးချသည်ဟု အထင်တော် မလွဲကြပါနှင့် ...။

ကြိုတင်၍ တောင်းပန်ပါတယ်၊ ကျွန်တော် ရေးနေသည့် စုန်း၊ ကဝေ ပညာသည်များအကြောင်းနှင့် စပ်လျဉ်းနေပါ၍ ကျမ်းကိုးပြုသည့်သဘောနှင့် ရေးသားရခြင်းဖြစ်သည်ဟု ယူဆစေချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ဖြစ်ပုံ၊ ကြုံရပုံက ဒီလိုပါ။

တစ်နေ့ ကိုလွန်းဖေ ဆိုတဲ့ မြန်မာတိုင်းရင်းဆေးဆရာတစ်ဦးဟာ စာကြုံနဲ့ လှမ်းမှာလို့ ...။

ပတ္တမြားကုန်းဆိုရွာကိုဆေးကုသွားဖို့ပြင်ဆင်နေတုန်း၊ အသိဆေးဆရာ တစ်ဦးက မြင်လို့ မေးတယ်။

www.burmeseclassic.com

“ဆရာလွန်း - အထုပ်အပိုးတွေပြင်လို့ - ဘယ်တုံး”

“ဆေးကုဖို့ စာရောက်တာနဲ့ သွားမလို့ - ဆရာရွှေ”

“ဘယ်ရွာတုံး - ဆရာလွန်းရဲ့”

“ပတ္တမြားကုန်းရွာပါ - ဆရာရွှေ”

“ဗျာ - ပတ္တမြားကုန်း - ဟုတ်လား။ ရောဝတီမြစ်ရိုးနားက ရွာကြီး မဟုတ်လား - ဆရာလွန်း”

“ဟုတ်တာပေါ့ဗျာ၊ ဆရာရွှေလည်း ရောက်ခဲ့ဖူးတယ်နဲ့တူရဲ့...”

“ဆရာလွန်း”

“ပြော - ဆရာရွှေ”

“ဆရာလွန်း - အဲဒီရွာကြီးကို ရောက်ဖူးလား”

“ဟင့်အင်း - ခုမှ ရောက်ဖူးအောင် သွားမှာဗျ”

“ဟင် - ဒါဆို ခင်ဗျားကို ကြိုမှာလိုက်ပါရစေဗျာ၊ ဒီမှာ - ဆရာလွန်းရေ၊ အဲဒီပတ္တမြားရွာ ရေဆိပ်ကိုရောက်ရင် ရေဆိပ်ညောင်ပင်ကြီးအောက်မှာ ဒေါ်ဆလိမ်ဆိုတဲ့ ပိန်ပိန်မည်းမည်း၊ မျက်လုံးပြူးပြူး၊ ခေါင်းတုန်တုန်နဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကြီး ဖွာနေတဲ့ မိန်းမကြီးတစ်ယောက်ကို တွေ့လိမ့်မယ် နော်”

“တွေ့တော့ ...”

“တွေ့ခဲ့ရင်တော့ ခင်ဗျား အဲဒီအဖွားကြီး ဒေါ်ဆလိမ်ကို ရိုရိုသေသေ ဆက်ဆံနော်။ ပြီးရင် - ခင်ဗျား ပါသွားတဲ့ စားဦးစားဖျားလည်း သူ့ကို လက်ဆောင်ပေးဗျ - ဆရာလွန်းရ”

“ဘာဖြစ်လို့ ပေးရတာတုံး - ဆရာရွှေရဲ့”

“အဲဒီ ဒေါ်ဆလိမ်ဆိုတဲ့ အဖွားကြီးက ထူးဆန်းတယ်၊ တစ်ရွာလုံးကလည်း သူ့ကို ကြောက်ရွံ့ကြတယ်၊ ဒီရွာဘက်ကို ဆေးကုသွားတဲ့ ဆရာပေါက်စရော၊ ဆရာကြီးများရော အတော်များများက ဒေါ်ဆလိမ်ကို ဦးတိုက်ပြီးမှ ရွာထဲ ဝင်ဆေးကုလို့ရတယ်”

“သူ့ကို ဦးမတိုက်ရင်ရောဗျာ ...”

“သူ့ကို ဂါရဝမပြုဘဲ ဆေးကုသွားရင် အဲဒီဆရာ လုံးဝဆေးကုလို့ မရဘူး၊ ဆေးကုလို့မရတဲ့အပြင် ခွေးကိုက်ခံရ၊ မြွေကိုက်ခံရ၊ ရွာမှာပဲ ဝမ်းလျှောအော့အန် စကားမပြောနိုင်၊ ရူးကြောင်ကြောင်ဖြစ်ကြရောဗျ”



“သူလုပ်တာရော ဟုတ်ပါ့မလားဗျာ”

“ဒါတော့ မသိဘူးဗျာ၊ နာမည်တော့ကြီးနေတာပဲ၊ သူ့များ ဦးတိုက်ဂါရဝပြု စားစရာလက်ဆောင်များ ပေးသွားရင်တော့ ဆေးကုသွားမည့် လမ်းကြောင်းတစ်ခုလုံး ဖြူးနေတာပဲ၊ ဆေးလည်း စွမ်းမယ်၊ ငွေလည်း ရမယ်၊ နာမည်လည်း ကျော်မယ် - သိလား၊ ခင်ဗျား အဲဒီကို သွားမှာဆိုတော့ ကြိုသတိပေးလိုက်တာပါ။ ယုံလည်း ခင်ဗျားအကျိုးပဲ၊ မယုံလည်း ခင်ဗျားအကျိုးပဲ၊ ကိုင်း - သွားမယ်ဗျို့”

မိတ်ဆွေ ဆေးဆရာ ပြန်သွားတော့မှ ဆေးလွယ်အိတ်နှင့် အဝတ်အိတ်တို့ ကောက်ယူပြီး ကားကြီးဂိတ်ရှိရာကို လာခဲ့လိုက်တယ်၊

✿ ✿ ✿

ကားတစ်တန်၊ မော်တော်တစ်တန် စီးပြီး ညနေစောင်းလောက်မှာ ပတ္တမြားရွာရေဆိပ်ကို ဆိုက်တော့တယ်၊

ရေဆိပ်မှာ လူအတက်အဆင်း အနည်းငယ် ရှိတယ်၊

ရွာထဲကို လူစိမ်းလာလို့လား မသိဘူး၊ ဝိုင်းပြီး အကဲခတ်နေကြတယ်၊ ဒါနဲ့ ဒီရွာက ကိုစိုးကြီးအိမ် သိချင်တာနဲ့ -

“ဒီမှာဗျာ - နောင်ကြီးရာ - ပတ္တမြားရွာက ကိုစိုးကြီးတို့အိမ်များ သိပါသလား ခင်ဗျာ”

“သိတာပေါ့ဗျာ၊ ရွာလယ်တံတားကြီးကို ကျော်လိုက်ရင် ကုန်စုံဆိုင် ကိုစိုးကြီးအိမ်ပဲ၊ ကျွန်တော်လည်း အဲဒီအရှေ့နားမှာ နေတာဗျ၊ လိုက်ခဲ့လေ”

ဒါနှင့် ရွာခံလူအသိနဲ့ ရေဆိပ်ကနေ ကုန်းပေါ် တက်လာခဲ့ကြရော ညောင်ပင်ကြီးတစ်ပင်အောက်ကနေ မိန်းမကြီးတစ်ယောက်က သူ့ကို ခါးထောက်ပြီး စိုက်ကြည့်နေတာ၊

ပိန်ပိန်ရှည်ရှည်၊ အသားမည်းမည်း၊

မျက်လုံးပြူးပြူးနဲ့ ခေါင်းတုန်တုန် မိန်းမကြီး၊ အလို ... ဒီမိန်းမကြီး အသွင်သဏ္ဌာန်က ဆရာရွှေပြောတဲ့ ဒေါ်ဆလိမ်ဆိုတဲ့ ထူးဆန်းသော မိန်းမကြီးများလား ...။



www.burmeseclassic.com

www.burmeseclassic.com

သို့ကလို သူက သူတို့နှစ်ဦးကို ရန်လိုအကဲခတ်မျက်လုံးနဲ့ စိုက်ကြည့်နေတာကို ရှာခံလူကမြင်လိုက်ရော … ဆရာလွှန်းအနီးကနေ ဖယ်ကျဉ်ပြီး အမြန်သွားပါလေရော …။

ဟုတ်ပါပြီ …။

ဒါက ဆရာရွှေပြောတဲ့ ဒေါ်ဆလိမ်နေမှာပါ။

ဒါနဲ့ ဆရာလွှန်းက ဒေါ်ဆလိမ်ရှိရာကို တန်းသွားလိုက်ပြီး ရှေ့လည်းရောက်ရော –

"အမေ – ဒေါ်ဆလိမ်ပါလား ခင်ဗျာ"

ရိုရိုသေသေ နှုတ်ဆက်လိုက်တယ်။

"မင်းက မြို့က ဆေးဆရာလား"

"ဟုတ်ပါတယ် – အမေ"

"ဒီရွာကို ဘာလာလုပ်တာလဲ"

"လူမမာများကို ဆေးကုပေးမလို့ပါ – အမေ။ ရွာကို ဝင်ရင် အမေ ဒေါ်ဆလိမ်ကို ဝင်ပြီး ဂါရဝပြုရမယ်ဆိုတာ နားလည်သဘောပေါက်လို့ အမေ့ကို ဂါရဝပြုရင်း ဟောဒီမြို့ကပါလာတဲ့ စားဖွယ်ရာများ အမေ့ကို လှူပါတယ် အမေ"

ဆရာလွှန်းက ပြောရင်းကနေ ငါးသေတ္တာဘူး၊ နို့ဆီ၊ သကြား၊ ပေါင်မုန့်များကို ဒေါ်ဆလိမ်ထံ ရိုရိုသေသေ ပေးလိုက်ရော –

"မင်းက တော်သားပဲ၊ ဟိုအရင်ကလာတဲ့ကောင်တွေနဲ့ တခြားစီပဲ၊ ငါကလည်း အဲဒါမျိုးမှ ကြိုက်တာ၊ ဒါထက် မင်းနာမည်က …"

"မောင်လွှန်းဖေလို့ ခေါ်ပါတယ် – အမေ"

"အေး – အေး – မောင်လွှန်းဖေ – မင်းက တော်ပါပေတယ်၊ သွား – ဟော ဒီရွာထဲမှာ ကြိုက်ရာအိမ် ဆေးဝင်ကု၊ အားလုံး အဆင်ပြေရစေမယ် ဟေ့၊ ဒါနဲ့ တစ်ယောက်ယောက်ကများ မင်းကို ဘာဘာညာညာ ရန်လာလုပ်ရင် ငါ့နာမည် ပြောလိုက် – ကြားလား"

"ဟုတ် – ဟုတ်ကဲ့ပါ – အမေ"

"မောင်လွှန်းဖေ"

"ခင်ဗျာ – အမေကြီး"

"ပြန်ရင် – ငါ့အိမ် ဝင်ခဲ့ဦး၊ ထမင်းစားပြီးမှ ပြန် – မမေ့နဲ့နော်"



"ဟုတ်ကဲ့ပါ – အမေ"

"ကိုင်း – သွားတော့"

ဆရာလွှန်းဖေ ဝမ်းသာအားရ ရွာထဲကို ဝင်ခဲ့ပြီး ကိုစိုးကြီးတို့အိမ်မှာ အညာလို့ ရောဂါဝေဒနာရှင်များကို ဆေးကုသပေးလိုက်တာ နှစ်ရက်အတွင်း နာမည်ပျောက်ကုန်ရော …။

"စွမ်းလိုက်တဲ့ ဆရာလေးဟယ်"

"လူငယ်ပေမယ့် သူ့ဆေးက စွမ်းတယ် ဟဲ့"

"ညဘက် လန့်လန့်အော်တဲ့ မစိန်မြင့် သားလေး – ဆရာလေးဆေးနဲ့ ပျောက်တာ အံ့စရာပဲ"

"လေငန်းဆွဲနေတဲ့ ကိုဖေဇော်ကြီး ဆရာဆေးသုံးခွက်နဲ့ စကားပြောနိုင်တာများ – အံ့ရော"

"ကျော်ဦးရဲ့ဖွတ်စအိုနာလည်း သက်သာဆိုပဲ"

ဆရာလွှန်းကို လေးစားကျေးဇူးတင်ကြလို့ …။

ငွေသားများ၊ ကြက်ဥ၊ ဘဲဥများ၊ သစ်သီးဝလံနှင့် ငါးခြောက်၊ ငါးခြမ်းများကို ပေးကြသည့်အပြင် နေ့တိုင်း ဟင်းကောင်းဟင်းလျာများနဲ့ ကျွေးကြတယ်။

✿ ✿ ✿

"အလျင်တုန်းက ဆရာအချို့ဆို ဆေးမစွမ်းသည့်အပြင် ဘာဖြစ်မှန်း သေသိဘဲ ဆရာကိုယ်တိုင် ပုဆိုးချွတ်ပြီး ပြေးပါရော – ဆရာရယ်"

ပြန်မည့်မနက်မှာ အားလုံးဝိုင်းကန်တော့ကြတယ်။

"နောက်ကိုလည်း ကျွန်မတို့ရွာကို မကြာမကြာ လှည့်လာပေးပါ ဆရာ"

"တောင်းပါပြီဗျာ"

"အကြောင်းကြီးရင် စာရေးမှာပါရစေနော် – ဆရာ"

"မှာပါ – မှာပါ – ဆက်ဆက်လာခဲ့ပါ့မယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ – ကျေးဇူး"

အဲဒါ အထုပ်အပိုးများနဲ့ ရေဆိပ်လည်း ရောက်ရော … အမေကြီး ဒေါ်ဆလိမ်ကို ညောင်ပင်အောက်မှာ မြင်ရပါရော …။



www.burmeseclassic.com

www.burmeseclassic.com

"ပြန်လာပြီလား ဟေ့ - ဆေးဆရာလေး"

"ဟုတ်ကဲ့ - အမေကြီး၊ ပြန်လာပါပြီ ခင်ဗျာ"

"အဆင်ပြေတယ် မဟုတ်လား ဟေ့"

"ပြေပါတယ် - အမေကြီး ခင်ဗျ"

"ငါပြောသားပဲ၊ ကိုင်း - မင်းကို ငါ ထမင်းပွဲနဲ့ စောင့်နေတာ ကြာပြီဟဲ့၊ ကိုင်း - အိမ်ကို သွားကြစို့"

အမေကြီး ဒေါ်ဆလိမ်ရဲ့အိမ်ကိုရောက်ရော ... အလို အိမ်ပေါ်မှာ ဘုရားစင်လည်း မရှိဘူး။

ခုံတန်းပေါ်မှာ နတ်ရုပ်မျိုးစုံ၊ ဘီလူးခေါင်းမျိုးစုံနဲ့ ရောမ ကျောက်ပျဉ်ကြီးကို မြင်ရတယ်၊

"ကိုင်း - စား"

ထမင်းပွဲကို တစ်ယောက်တည်း စားရတာ ...၊

"အမေကြီး - ဝင်စားလေ"

"မင်းအတွက် သီးသန့်လုပ်ထားတာ - အဝသာ စား"

စောစောက ဒိ မေါ် ဆလိမ်ကျွေးတဲ့ ကြက်သားဟင်းနဲ့ ထမင်းစားပြီး

အပြန်မှာမှ ကောက်ကာ ငင်ကာ ဖြစ်ရတာ၊ မဟုတ်မှလွဲရော-လူထူးဆန်း

မေါ် ဆလိမ်ပဲ ဗိုက်ကို ပြုစားလိုက်တာ



များလားပဲ၊ မေါ် ဆလိမ်က

ဘာတုံး၊ ပညာသည်လား၊

စုန်းလား၊ ဒါလည်း မသိဘူး၊

ဖြစ်ချင်ရာဖြစ်တာ၊ သူကျွေးတဲ့

ကြက်သားစားပြီးမှ ဖြစ်ရတာ

သူ့ပြောပြီး မေတ္တာရင်ရှော်ပဲ"



ကြက်သားဟင်း ဆီပြန်၊ ငါးရှဉ့်ရေဟင်း၊ တညင်းသီးတို့စရာ၊ ငှက်ပျောဖူးသုတ်၊ ငါးပိဖျော်ရည်နဲ့ စားလို့ ကောင်းလိုက်တာ ...၊

ဒီအမေကြီး ဒေါ်ဆလိမ်ဟာ ဟင်းချက် တယ်ကောင်းပဲ၊

စားလို့ပြီးတော့ ...၊

ကြက်ဥ၊ ဘဲဥ၊ မြေပဲ၊ ပျားရည်၊ နွားနို့များနဲ့ ငွေသားအချို့ကို ထပ်မံကန်တော့လိုက်တယ်၊

ဆု လုံးဝ မပေးဘူး၊ ကျန်းမာချမ်းသာပါစေ မပြောဘူး။

"မင်း ဘယ်နေ့ လာဦးမလဲ"

"အဆင်ပြေမည့်နေ့ လာခဲ့ပါ့မယ် - အမေ"

"အေး - အေး - သွားတော့"

အမေကြီးကို အရိုအသေပြုပြီး အထုပ်အပိုးများ ဆွဲလို့ ထွက်အလာ၊ မြို့အပြင်လည်း ရောက်ရော -

"ကတော် - ကတော် - ကတော်"

"ဟ - ဟ - ဘာလဲ ဟ"

"ကတော် - ကတော် - ကတော်"

"ဟင် ..."

ကြက်မအော်တဲ့အသံနဲ့ ကြက်ဖ အော်သည့်အသံမျိုးတွေက သူ့ဝမ်းဗိုက်ထဲကနေ အော်နေတာ ...၊

✿ ✿ ✿

ဟုတ်ရဲ့လား၊ မဖြစ်နိုင်ပါဘူး၊

ဒါနဲ့ အကျီလှန်ပြီး ဝမ်းဗိုက် ငုံ့ကြည့်လိုက်ရော ...၊

"အား - အား - အလာ - အား"

ဘုရားရေ ဝမ်းဗိုက်ရဲ့နံရံသားတွေကို ကြက်ခြေထောက်နဲ့ ကုတ်ခြစ်သလို ခံစားရပြီး နာလွန်းလို့ အော်လိုက်ရတယ်၊

"ကွတ် - ကွတ်"

"ဟင် ..."

"ကတော် - ကတော် - ကတော်"



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား - ဘုရား - ငါဗိုက်ထဲကကြက်တွန်သံအစာကောက်သံ၊ ကတော်သံ ကြားနေရတာပါလား"

ဗိုက်ထဲမှာ လှုပ်နေတယ်။ လူးလွန့်နေတယ်၊

အခံရ ခက်တာက အရွန်ရဲကို နှုတ်သီးနဲ့ ပေါက်တာရယ်၊ ခြေထောက်နဲ့ အစာယက်သလို ယက်ထုတ်တာက အသည်းခိုက်အောင်ကို နာတာ ...။

နာလွန်းလို့ မျက်ရည်ပေါက်ပေါက်ကျခဲ့ရတယ်၊

ဆရာလွန်းဖေ ဗိုက်ကို လက်နှင့်နှိပ်ရင်း မျက်ရည်စက်လက်နဲ့ စဉ်းစားတယ်၊

"ငါ ရွာထဲက စားတဲ့အစားအစာတွေကြောင့်တော့ မဖြစ်နိုင်ဘူး။ အခု ဗိုက်ထဲမှာ ဖြစ်နေတာက အလွန်ထူးဆန်းနေ ..."

"စောစောက ငါ ဒေါ်ဆလိမ်ကျွေးတဲ့ ကြက်သားဟင်းနဲ့ ထမင်းစားပြီး အပြန်မှာမှ ကောက်ကာ ငင်ကာ ဖြစ်ရတာ။ မဟုတ်မှလွဲရော - လူထူးဆန်း ဒေါ်ဆလိန်ပဲ ငါ့ကို ပြုစားလိုက်တာများလားပဲ။ ဒေါ်ဆလိမ်က ဘာတုံး၊ ပညာသည်လား၊ စုန်းလား၊ ငါလည်း မသိဘူး။ ဖြစ်ချင်ရာဖြစ်ဟာ။ သူကျွေးတဲ့ ကြက်သားစားပြီးမှ ဖြစ်ရတာ သူ့ပြောပြီး မေတ္တာရပ်ရမှာပဲ"

သည့်နောက် ဒေါ်ဆလိမ်အိမ်ကိုပြန်လှည့်ဝင်တော့ ဒေါ်ဆလိမ်ဆေးပေါ့လိပ်ကြီးကို ခေါင်းတုန် မေးတုန်နဲ့ သောက်ပြီး သူ့ဝင်လာတာကို ကြည့်ရင်းက -

"မောင်လွန်းဖေ - ဘာကျန်ခဲ့လို့တုံး"

"ဟို - ဟို - အမေ"

"ပြော - ဘာကြောင့် ပြန်ဝင်လာရတာတုံး"

"ဟို - အမေရော - ကျွန်တော်လေ - ဟို - ဟို - ကြက်သားနဲ့ စားပြီး အပြင်လည်းရောက်ရော - ဝမ်းဗိုက်ထဲကနေ ကြက်လို တွန်ပြီး ကုတ်ခြစ်နေလို့ အဲဒါ ..."

"ဟုတ်ရဲ့လား - ကောင်လေးရယ်၊ ဗိုက်လှန်ပြစမ်း"

ဒါနဲ့ ဆရာလေးလွန်းဖေက အင်္ကျီလှန်ပြလိုက်ရော ...။

"ကတော် - ကတော် - ကတော်"

"ကွတ် - ကွတ် - ကွတ်"

"အား - အာ - အ"



"အောက် - အီး - အီး - အွတ်"

"ဟုတ်သားပဲ ဟဲ့ - ဟင်း - ဟင်း - ဟင်း - ဟင်း"

အမေကြီး ဒေါ်ဆလိမ်က ဆရာလေးဝမ်းဗိုက်ထဲက ကြက်တွန်အော်နေတာကို နားထောင်ကြည့်ပြီး အားရပါးရ ရယ်ပါရော ...။

"အမေကြီးရယ် - ကျွန်တော့်ကို ကယ်ပါဦးဗျာ။ ကျွန်တော့်ကို ကယ်ပါဦး - အမေကြီးရယ် - ဟီး - ဟီး"

"ဟား - ဟား - ဟား - ဟား - ဟား"

"အမေကြီး - ကျွန်တော် တောင်းပန်ပါတယ် - အမေကြီးရယ်နော်"

"ဟင်း - ဟင်း - ဟင်း - ဟင်း"

"အား - ကျွတ် - ကျွတ် - အမေကြီး၊ ဒီအဖြစ်မျိုးနဲ့ ကျွန်တော် မြို့ကို ဘယ်လိုပြန်ရမှာလဲဗျာ။ ကူညီပါ - အမေကြီးရယ် - နော် - နော်"

"အေး - အေး - ကူညီရမှာပေါ့ - ကုပေးရမှာပေါ့"

ဒီလိုပြောပြီး သောက်ရေပန်းကန်ခွက်က ရေကို သူမရဲ့လက်ညှိုးနဲ့ ထိုးမွှေပြီး ဆရာလွန်းဖေ့ကို လှမ်းပေးတယ်၊

"ရေကုန်အောင် သောက်ချလိုက်"

"ဟုတ်"

"ဂွပ် - ဂွပ် - ဂလွယ် - ဂွပ် - အား"

"ကုန်ပြီလား"

"ကုန်ပါပြီ - အမေကြီး"

"ကုန်ရင် ပျောက်ပြီပေ့ - ဟား - ဟား - ဟား - ဟား"

ဟုတ်ပါရဲ့ဗျာ၊ ကြည့်စမ်း၊ အမေကြီးဒေါ်ဆလိမ် စီရင်ပေးလိုက်တဲ့ သောက်ရေကို သောက်လိုက်ရော ...။

ဝမ်းဗိုက်ထဲမှာ ကြက်ဖို၊ ကြက်မ တွန်သံ အော်သံ လုံးဝမကြားရတော့ဘူး။ ကုတ်တာ၊ ယက်တာလည်း မရှိတော့ဘူး။ ဝမ်းသာလိုက်တာ၊ ဒါ - ဒါဆိုရင် - ဒါဟာ၊

"အမေကြီး"

"ဘာတုံး"

"ပျောက်သွားပြီ ခင်ဗျ"

"ပျောက်ရင် ပြီးရောပေါ့ - ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com

"မသိလို့ မေးပါရစေ - အမေကြီးရယ်၊ ကျွန်တော်ဝမ်းဗိုက်ထဲမှ ကြွက်အော်သလိုဖြစ်အောင် လုပ်တာ - ဟိုလေ - ဟို - အမေကြီး လုပ်လိုက်တာလား ဟင်လို့"

"အေး - ဟုတ်တယ်၊ ငါ လုပ်လိုက်တာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ - ဟင်းဟင်း"

ဒီလို ဝန်ခံတာ ကြားရရော ဆရာလွန်း အံ့ဩသွားတယ်၊

"အမေကြီးရယ် - ကျွန်တော်လေ - အမေကြီးကို ရှာဝင်တုန်းကလည်း ဦးဦးဖျားဖျား လက်ဆောင်ပစ္စည်းများ ပေးပြီး ဂါရဝပြုခဲ့ပါတယ်၊ ရွာကနေ ဆေးကုပြီးလို့ ပြန်ခဲတော့လည်း ရသမျှ ပစ္စည်းထဲက ကောင်းပေ့၊ ညွန့်ပေ့ အစားအစာ အသီးအနှံများနဲ့ ငွေလည်းကျွန်တော် အမေကြီးကို အပြန်ဂါရဝ အပြင်ဝင်ပေးအပ်ခဲ့ပါတယ် - အမေကြီးရယ်၊ ကျွန်တော် အမေကြီးအပေါ်မှာ လိုသည်ထက်ပိုပြီး ဂါရဝပြု ပေးကမ်းခဲ့ပါတယ်ဗျာ၊ ကျွန်တော့်လို ဂါရဝပြု ပေးကမ်း အရိုအသေပေးတဲ့ ကျွန်တော့်ကို ထမင်းတစ်နပ် ကြွက်သားနဲ့ ကျွေးပြီး ဝမ်းဗိုက်ထဲမှာ ကြွက်လို တွန်အောင် ဘာလို့လုပ်ရတာလဲ - အမေကြီးရယ် - ဟင် - ဟင်လို့"

ဆရာလွန်းဖေက အံ့ဩဝမ်းနည်းလွန်းလို့ ဖြစ်ချင်ရာ ဖြစ် မေးလည်း မေးလိုက်ရော ...၊

အမယ်ကြီး ဒေါ်ဆလိမ်က ဆရာလွန်းဖေရဲ့မျက်နှာကို စေ့စေ့လှမ်းကြည့်ပြီး တစ်ခွန်းပဲ ပြောလိုက်တယ်၊

"ငါ့ဆီကို မင်းလာခဲ့တယ်၊ ငါ့ဆီကို လာခဲ့ပြီး ငါ့အိမ်က စားသောက်ပြန်သွားရင် - ငါဘာကောင်မလဲ - နင်တို့မသိမှာစိုးလို့ သိအောင် ပြလိုက်တာပါ၊ ကိုင်း - ဆရာပေါက်စလေး - ငါ ဘာကောင်မလည်း သိပြီး မဟုတ်လားဟေ့၊ ဟား - ဟား - ဟား - ဟား - ဟီး - ဟီး - ဟီး - ဟီး - ဟီး - အဟစ် - ခစ်ခစ် - အဟတ် - ငါ ဘာကောင်မလည်း မင်းသိရင် ကျေနပ်ပြီဟေ့ - ဟားဟား - ဟား - ဟား"

➡ မောင်ညီမြွှင်း (သန်လျင်)



www.burmeseclassic.com

# မြွေသစ္စာရှုးပြီထင့်

မင်းသွေသိန်း(ဗင်းကျိုက်)

နံနက် ဝေလီဝေလင်းအချိန် ရွာဆိပ်ကမ်းက ရွာစမှာပင် မိုးဖွဲကလေး နှင့်အတူမှုတ်သုံလေပြူနေသည်ကိုကျွန်တော်သတိထားမိသည်။ ကမ်းရိုပ်နို ဘျော ခနီတောကမြိုင်တောများဘေးမှ စက်သံပုံမှန်ဖြင့် မောင်းလာသော ကျွန်တော်၏ ပဲ့ချိတ်လှေကလေးသည် ရေဆန်ဖြစ်သဖြင့် တဖုတ်ဖုတ်နှင့် နေးတွေးနေ သလားဟုပင် ထင်ရသည်။

ဖမ်ချောင်းရေပြင်သည် ယခုလိုမိုးဖွဲဖွဲလောက်နှင့်ဆိုလျှင် ဆင်မယဉ်သော ခြေလှမ်းကဲ့သို့ ဖျင်းရိငြီးငွေ့ဖွယ်ရာ စီးဆင်းလေ့ရှိသော်လည်း အရှေ့ရိုးမ တောင်အထပ်ထပ်ပေါ်၌မိုးသဲသဲမဲမဲရွာလိုက်ပါကအမြဲတမ်းပြောလဲ့ကြည်လင် လျက်ရှိသောချောင်းရေသည် ချက်ချင်းပင်ကော်ဖီရောင်ပြောင်းလဲသွားကာ မုဏ္ဍာက တိုက်သည့်အလား ထိပ်တိုက်တွေ့သမျှ အရာအားလုံးကို ဝါးလုံးထိုး တိုက်စားချသည်အထိ တောင်ကျရေစီးကြမ်းတမ်းလှသော ချောင်းကျယ် ကြီး ဖြစ်သည်။ ထို့ကြောင့်လည်း ပဲ့ချိတ်လှေ၏ ပဲ့တံအား သတိရှိစွာ ထိန်းနေရာမှ စိတ်ထဲ၌ အရှေ့ရိုးမတောင်ပေါ်တွင် မိုးရိပ်များ ကင်းပါစေ ... သာသာယာယာ ရှိပါစေဟု ဆုတောင်းနေရသည်မှာ အမှောပင်။



ပဲ့ချိတ်လှေပေါ်တွင် လေးလံသော ပစ္စည်းဆို၍ ဘာတစ်ခုမျှမပါ။ ခါတိုင်း ရက်များကဲ့သို့ ကျိုက်မရောမြို့နှင့် အနီးအနားရွာများသို့ စရီးသည် ကြိုပို့ပေး ရသော ကူးတို့အလုပ်မဟုတ်ခြင်းကြောင့် လှေပေါ်တွင် အလျား (၃)ပေ၊ အနံ တစ်ပေခွဲ၊ စောက်တစ်ပေခွဲ ခန့်အရွယ် ကျွန်းသေတ္တာငယ်တစ်လုံးနှင့် ကျွန်တော်တစ်ယောက်တည်းသာ ပါရှိခဲ့ခြင်း ဖြစ်သည်။ ကျွန်းသေတ္တာဆို သော်လည်း အလွန်ဟောင်းနွမ်း၍ မည်သည့်ကာလက သုတ်ထားသည်ကို ဝင် ခန့်မှန်းရန် မလွယ်ကူသော ရွှေညိုရောင်ဆေးသားများ ကွာကာ အချို့ နေရာများတွင် အက်ရာပေါက်ရာများ ဗရလပွထလျက် မက်မောလောက် ဖွယ်ရာ ဘာတစ်ခုမျှ တွေ့ရလိမ့်မည် မဟုတ်ပေ။

"မင်းကောင်ကြီးကို ရှေးဟောင်းပစ္စည်း လိုက်ဝယ်တဲ့လူတွေ၊ ပွဲစား တွေသိရင် ငမ်းငမ်းတက်ရှုးကပ်လာကြမှာ သေချာတယ်မင်းထော - ကိုယ် အသုံးမချတတ်တဲ့ ပစ္စည်းဟောင်းဆိုပြီး ငွေပေါပြီးရော သဘောနဲ့ မရောင်း လိုက်ပါနဲ့နော်၊ သူတို့က မင်းကို မစိုမပို့ငွေပေးပြီး အဲဒီပစ္စည်းနဲ့ ချမ်းသာ သွားနိုင်တာကွ၊ တကယ်လို့ မင်းမှာ ငွေရေးကြေးရေးအရမ်းလိုလာလို့ ရောင်းတော့မယ်လို့ ဆုံးဖြတ်ရင် ငါ့ဆီသာအရင်အကြောင်း ကြားလိုက်၊ ခေါက်ရေးအတိုင်းရအောင် ငါ ဆက်သွယ် ပေးမယ်၊ ကြားလား"

တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်နေရာမှ တစ်ခါတစ်ရံ ရွာပြန်လာတတ် သော ငယ်သူငယ်ချင်း၊ မောင်နန်းပြောမှသာ ကျွန်တော်တို့ ဘိုးဘွားလက် ထက်ကပင်ရှိနေပြီးဖြစ်သော ကျွန်းသေတ္တာဖြင့်ထည့်ထားသောပစ္စည်းသည် အလွန်တန်ဖိုးကြီးကြောင်း ကျွန်တော် နားလည်ခဲ့ရပါသည်။ ၎င်းပစ္စည်းသည် ရှေးဟောင်းပစ္စည်းမှန်သော်လည်း ထူးခြားဆန်းကြယ်သည်ဟု ပြောရ လောက်သည် အထိအရာရောက်လိမ့်မည်ဟု ကျွန်တော် လုံးဝမထင်မှတ် ခဲ့မိပေ။ ရှင်းရှင်းပြောရလျှင် ၎င်း ရှေးဟောင်းပစ္စည်းဆိုသည်မှာ ရှေးခေတ် ခွန်တုရိယာတီးဝိုင်းများတွင် မပါမဖြစ် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ခဲ့ဖူးသော စီချောင်းစောင်း တူရိယာပစ္စည်းသာ ဖြစ်ပါတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ် (၅၀)ကျော်ခေတ်တစ်ခေတ်က ရွှေရောင်တောက်ပခဲ့ဖူးသော မွန်အနုပညာရှင်များ အမြတ်တနိုး ထားလေ့ရှိသည့် မိကျောင်းစောင်း အဟောင်းတစ်လက်ကို ကျွန်တော့်ထံ ရောက်နေသည်မှာ နှစ်ပေါင်းမနည်းတော့ပေ။

အလွန်ပေါ့ပါးလွန်းပြီး အမျိုးအစား ခန့်မှန်း၍မလွယ်သော သစ်သားဖြင့် ဦးခေါင်းပိုင်းတစ်ပိုင်း၊ ကိုယ်ထည်ပိုင်းတစ်ပိုင်းနှင့် အရှားကော့လျက်ရှိသော အမြီးပိုင်းတစ်ပိုင်းခွဲကာ ထုဆစ်ထားခြင်းဖြစ်၍ ၎င်းသုံးပိုင်းအား သူ့ အရိုက်များအတိုင်း ရိုက်ဆက်ဆင်လိုက်မှသာ လေးပေခန့်ရှည်လျားသော မိကျောင်းတစ်ကောင်၏ပုံကို ပီပီသသ တွေ့ရမည်ဖြစ်သည်။ ကိုယ်ထည်ပိုင်း၏ ကျောပေါ်တွင် သံမဏိကြိုးအကြီးအသေး တပ်ဆင်ထားပြီး မိကျောင်းစောင်း၏ တစ်ကိုယ်လုံးအား မှန်စီရွှေချထားရုံသာမက ဦးခေါင်းပိုင်းဆိုလျှင် ပတ္တမြားရင့်ရောင်ရဲရဲ တောက်ပြောင်လက်နေသော ဖန်မျက်လုံးတစ်စုံ၊ ဟထားသော ပါးစပ်ထဲတွင်လည်း အာခေါင်အတွင်းပိုင်းထဲအထိ ဟင်္သာပြဒါး နီရဲစွာ သုတ်ထားသည့်အပြင် သွားများကို ကြွေရောင်ဆေးဖြူ ခြယ်သထားသဖြင့် အမြီးထောင်ပါးစပ်က မာန်ဖီလျက်ရှိသော တကယ့်သက်ရှိ မိကျောင်း တစ်ကောင်အလား အသက်ဝင် မာန်ပါလှသည်ဟု ဆိုရပေမည်။

မိကျောင်းဆိုသည်မှာ ရေငန်စပ်ဒေသ ချောင်းမြောင်းများတွင်သာ ကျက်စား ပေါ်ပါးလေ့ရှိသော အသားစားသတ္တဝါ၊ သားကောင်ဖမ်းဆီးစားသောက်ရာတွင် မာယာများသလို အလွန် ရက်စက်ကြမ်းကြုတ်သော ရေမှုဆိုးဖြစ်ကြောင်း ကျွန်တော်ကြားဖူးထားသည့်အပြင် ဗီဒီယိုများ၌လည်း ကျွန်တော်မကြာခဏ ကြည့်ခဲ့ဖူးရသည်။ ဤမျှ ရက်စက်ကြမ်းကြုတ်လှသော အသားစားသတ္တဝါနှင့် ရှုတ်စွပ်တူအောင် တူရိယာပစ္စည်းအဖြစ် ထုဆစ်ကာ သူ့ကျောပေါ်မှ သံမဏိကြိုးများကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်မည်ဆိုပါက အလွန် သာယာညင်းပျောင်းသော တီးလုံးသံစဉ်များ စမ်းရေစီးသံအလား လွင့်ပျံ့လာအောင် မည်သည့်ခေတ်မှ မည်သို့သော ပညာရှင်က မည်သို့ စိတ်ကူးဖြင့် တီထွင် ဖန်တီးဆန်းသစ်ခဲ့ကြောင်းကိုမူ ကျွန်တော် စိတ်ဝင်တစား ရှိစွာ တစ်ကြိမ် တစ်ခါမျှ မစူးစမ်း မတွေးတော မဆင်ခြင်မိခဲ့ဘူးသေးပေ။



ကျွန်တော် မှတ်မိသမျှ အစိတ်အပိုင်းအချို့ကို ပြောရလျှင် ဤမိကျောင်းစောင်းအား အဘိုးရှိစဉ်က အိမ်ရှေ့ဝရန်တာတွင် ချလျက် ခေတ်ဟောင်းမွန် သီချင်းကြီးများကို လက်ခတ်ဖြင့် တီးခတ်လေ့ရှိကြောင်း၊ တစ်ခေတ်ထစ်ခါက မွန်ယဉ်ကျေးမှုအဖွဲ့နှင့်အတူ အဘိုးသည် လိုက်ပါခွင့်ရလျက် မော်လမြိုင်၊ မေမြို့(ယခု ပြင်ဦးလွင်) ရွှေဘို၊ ရန်ကုန်မြို့တို့တွင် ဤမိချောင်းစောင်းဖြင့် ပွဲလယ်တင့်ခဲ့ဖူးကြောင်း၊ မင်းပွဲစိုးပွဲများတွင်လည်း ရှေ့ဆုံးမှ အဘိုးပါဝင်ဖြေဖျော်ခွင့် ရခဲ့ခြင်းကြောင့် ဆုကြေးငွေများ ဂုဏ်ပြုလက်မှတ်များ ရရှိခဲ့ကြောင်းတို့ကို အဖေ ပြောပြ၍ ကျွန်တော် သိခဲ့ရပါသည်။

အဘိုးဖြစ်သူအား သက်ရှိထင်ရှား မမြင်ခဲ့ဘူးသော ကျွန်တော် အဘိုးချန်ရစ်ခဲ့သော ဤမိချောင်းစောင်းအား မျက်မြင်ဒိဋ္ဌတွေ့နေရ၍လည်းကောင်း ကျွန်တော်ငယ်ငယ်က အိမ်ရှေ့ပုဏ္ဏားကွယ် ဇလီကာတွင် ညှပ်ထားသော ခန်းရောင်ခေါင်းပေါင်းစထောင်ထောင်၊ တိုက်ပုံအကျီအဖြူရောင်နှင့်မွန်ပုဆိုးကွက်အနီအား ကျနစွာ ဝတ်ဆင်ကာ တင်ပျဉ်ခွေလျက် မိချောင်းစောင်းတီးခတ်နေသော သတင်းစာဖြတ်ပိုင်းပုံ တစ်ခုထဲမှ အဖိုး၏ပုံကို မြင်ဖူးခဲ့ရ၍လည်းကောင်း အဖေပြောသော စကားအား အကြွင်းမဲ့ ယုံကြည်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထူးခြားသည်ဟု ဆိုရမည်မှာ ဤမိချောင်းစောင်းနှင့် ပတ်သက်၍ အဖေပြောပြခဲ့သည့် အထဲတွင် ကျွန်တော် မည်သို့မျှ နားလည်လိမ့်မည် မဟုတ်သော လျှို့ဝှက်နက်နဲသည့် လောကီပညာရပ်အချို့တို့ ပါဝင်နေခြင်းများကိုမူ ခေတ်လူငယ်တစ်ယောက် အနေဖြင့် ယုံကြည်ရန် ခဲယဉ်းကြောင်း ဝန်ခံရပေလိမ့်မည် ဖြစ်ပေသည်။

"မင်းတို့အဘိုးရဲ့ အဖေ - ဒီမိချောင်းစောင်း လုပ်တုန်းက အဖေက ဆယ်နှစ်သားလောက် ရှိသေးပေမယ့် မှတ်မိတာ တချို့တော့ ရှိတာပေါ့။ အဘိုးဟာ ဒီမိချောင်းစောင်းအတွက် သူစိတ်ကြိုက်သစ်ကို ရှာတာ၊ ခေါင်တန်းတို့ ကျိုက်ထီးရိုးတောင်တို့ဘက်တောင် ရောက်သွားသေးတာကွဲ့၊ ဒီ စိတ်ကြိုက် သစ်လုံး ရလာပြီဆိုတာနဲ့ ဘီလူးကျွန်းဘက်က မွန်းပု

www.burmeseclassic.com

ဆရာကြီးတစ်ယောက်ကို ပင့်ပြီး အလုပ်အပ်ခဲ့တာ မန္တန်ကန်တော့ပွဲပြင်ရသားစိမ်း၊ ငါးစိမ်းတွေ တင်မြှောက်ပသရနဲ့ ဂါထာမန္တန်တွေမန်းမှုတ်စည်းသုံးတန်ချပြီးမှ ခုနစ်ရက်တိတိ အပြီးလုပ်ရတာ သားရေ - မိချောင်းစောင်းပြီးသွားတဲ့အခါ အဘိုးဟာ ပန်းပုဆရာကြီးရှေ့မှာ သစ္စာပြုရသေးတာကွဲ၊ ဘာလဲဆိုတော့ အဲ . . . မိချောင်းစောင်းကို ဘယ်လိုနည်းမျိုးနဲ့ဖြစ်စေ ရေထဲမချပါဘူး၊ ဒီစောင်းကိုလည်း တူရိယာပစ္စည်းတစ်ခုအဖြစ်ကလွဲ လို့ တခြားကိစ္စတွေမှာ အသုံးမချပါဘူးဆိုတာတွေ ကတိပြုသစ္စာ ဆိုရတာသားရဲ့ ....၊ အင်း ... ထုံးစံအတိုင်းပေါ့ကွာ၊ ရှေးလူကြီးတွေဟာ တတ်တဲ့ပညာကို နောင်လာနောက်သားတွေကို ပေးခဲ့ဖို့ တအားဝန်လေးကြတာကိုး၊ အဖေ့ရဲ့အဖေ မင်းအဘိုးတောင် ဒီစောင်းတီးတဲ့ပညာကို သူ့ဝါသနာအရ သူ့အဘိုးနားမှာ အတုခိုးပြီး ဟိုစမ်းဒီစမ်းနဲ့ တတ်ခဲ့တာဆိုတော့ အဖေ့ လက်ထက်မှာ ဒီ မိကျောင်းစောင်းကို အရုပ်တစ်ရုပ်လို အိမ်ပေါ်တင်ထားတာကလွဲလို့ဘာအသုံးချတတ်တော့မှာလဲကွယ် ...”

မှန်ပါသည်၊ အဖေ ကွယ်လွန်ပြီး နောက်တွင်လည်း ဤမိချောင်းစောင်းသည် ကျွန်တော့်လက်ထဲ၌ အကျည်းတန်သော သတ္တဝါတစ်ကောင်၏ အရုပ်တစ်ရုပ်အဖြစ် ကျန်ခဲ့သည်မှာ မဆန်းလှပေ၊ အလျဉ်းသင့်သည့်အခါ မီးဖိုချောင်ထဲတွင် အိုးခွက်ပန်းကန်တင်သော စင်ဖြစ်လိုဖြစ် ...၊ တစ်ခါတစ်ရံ အိပ်ရှေ့ခန်းထဲ၌ အိပ်ရာလိပ်တင်ရန် နေရာဖြစ်လိုဖြစ်နှင့် ကျွန်တော်နှင့် အနေနီးကြသော်လည်း ရင်းနှီးတွယ်တာမှုခြင်း အလွန်ဝေးလျက် ရှိသည်မှာ အမှန် ...၊

ကျွန်တော်ကိုယ်တိုင်က ဂီတ၊ အနုပညာကို မထိတထိ ခံစားတတ်ရုံသာရှိသဖြင့် ထဲထဲဝင်ဝင် နားမလည်၊ တစ်ချိန်က အဖေရှိစဉ် အိမ်ပုဂ္ဂားကွယ်ရာ၌ ကပ်ထားသော သတင်းစာဖြတ်ပိုင်းထဲမှ အဘိုး၏ မိချောင်းစောင်း တီးခတ်သံကိုလည်း မခံစားရဘူးသော ကျွန်တော်သည် ယနေ့ ထွက်ရှိသော မှန်ဂီတစီဒီခွေများထဲ၌ မိကျောင်းစောင်းသံအား ရှာဖွေနားထောင်ကြည့်မိပြန်တော့လည်း စောင်းသံတစ်စွန်းတစ်ပင် မကြားရဘဲ ဘော့စ်သံတဒုန်းဒုန်း



ဒုန်းနှင့်ကြဲတီးလုံးသံများဖြင့်သာ ယဉ်ပါးလျက်ရှိခဲ့ရသည်၊ တန်ဖိုးမဲ့သေတ္တာတောင်းတစ်လုံးအဖြစ် ကျွန်တော့်လက်ထဲ သောင်တင်နေခြင်းဟုသာ ဆိုရပေတော့မည်၊

“ငါ့မောင်အတွက် ဘာမှ အသုံးမဝင်တော့တဲ့ပစ္စည်းဟောင်းကြီးကို ဆယ်သိန်းအထိ မမကပေးမှာပဲဟာ လွှတ်လိုက်ပါတော့ကွယ် ... နော်၊ ထင်း - ဟင်း - ဟင်း - ဒီပစ္စည်းကို မမအာနေနဲ့ ယဉ်ကျေးမှုပစ္စည်း အမွေအနှစ်တစ်ခုလို အမြတ်တနိုး သိမ်းထားချင်လို့ပါကွယ် ဟင်း - ဟင်း”

မိုးလေသာသော နေ့တစ်နေ့၌ နယ်စပ်မှ ရှေးဟောင်းကုန်သည်ဟု သိရသော ဒေါ်သဇင်ဦးဆိုသူ အသက် (၄၀) ကျော်ခန့် အမျိုးသမီးတစ်ဦး ကျွန်တော့်ထံသို့ရောက်လာပါသည်၊ သူမနှင့်အတူ ရှာစဉ်လှည့်၍ ရှေးဟောင်းပစ္စည်းအတိုအထွာ အသေးစားများ လိုက်လံ ဝယ်ယူသူကုလားဒိန်နှစ်ဦးသည်း ပါလာသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းကုလားဒိန်အဝယ်တော်နှစ်ယောက် သတင်းပေး ခေါ်ဆောင်လာခြင်းကြောင့် ဒေါ်သဇင်ဦး ကျွန်တော့်ဆီ ရောက်လာရခြင်းလည်း ဖြစ်နိုင်ပေသည်၊

သူမ ပြောသလိုပင် ကျွန်တော့်ထံ၌ ရှိသော မိကျောင်းစောင်းသည် ကျွန်တော့်အတွက် မည်သို့သော အခါတွင်မျှ အသုံးတည့်လိမ့်မည် မဟုတ်သော ပစ္စည်းဟောင်းဖြစ်သဖြင့် ဒေါ်သဇင်ဦးပေးမည့် မက်မောလောက်သော ငွေဆယ်သိန်းအား နည်းသည်ဟု စောဒကတက်ရန် အကြောင်းရှိမည် မဟုတ်ပေ၊ အမှန်ပြောရလျှင် လောလောဆယ် အိမ်၌ ငွေကြေးလိုအပ်လျက် ရှိကြောင်း ကျွန်တော့်အသိပင်၊

အသက်အရွယ်ကြီးရင့်အိုမင်းလှပြီဖြစ်သော အမေသည် မျက်စိရေတိမ်ကျတာ မြင်ပလောတနှင့် သူတစ်မီးဆန်စွာ အဆက်ပြတ်လျက် ရှိသည်မှာ ကြာပြီဖြစ်၍ ခွဲစိတ်ကုသလျှင် အနည်းဆုံး နှစ်သိန်းကျော်ကျော် ကုန်ကျလိမ့်မည်ကိုလည်း ကျွန်တော် သိပြီးသား၊ ၎င်းအပြင် နှစ်ကြာခဲ့၍ ဆွေးမြည့်ယိုင်နဲ့လျက်ရှိသော အိမ်အား ပြင်ဆင်ဆောက်လုပ်ရန် ရှိသေး၏၊ ကျွန်တော့် ဆောင်းနှင်နေသော ပုံရိုတ်ကလည်း ကိုယ်ပိုင်မဟုတ်ဘဲ ရှာလယ်ကုန်


www.burmeseclassic.com

www.burmeseclassic.com

စုံဆိုင်က မာမူကြီးက ခေါက်ပြန်ပေးဖြင့် လုပ်ကိုင်ခွင့် ပေးထားရာ ရရှိသော ဝင်ငွေသည် ကျွန်တော်တို့ သားအမိနှစ်ယောက်အတွက် လောက်ငရုံသာ ရှိကြောင်း ကျွန်တော်ပို၍ သိရှိနေသည်မဟုတ်ပါလား။ သို့သော် ...

ကျွန်တော့်ငယ်သူငယ်ချင်းဖြစ်သူတစ်ဖက်နိုင်ငံတွင်အလုပ်လုပ်လျက် ရှိသော မောင်နန်း၏ကြိုတင်သတိပေးစကားသည် ကျွန်တော်၏မှတ်ဉာဏ်ထဲဖျောက်မရအောင်စွဲလျက် ရှိပါသည်၊ မိကျောင်းစောင်း၏ တန်ဖိုးကို ကျွန်တော့်ထက် သူကပို၍နားလည်သည်မှာလည်းသေချာသည်၊ ထို့ကြောင့်လည်း ဒေါ်သဇင်ဦး၏ ကမ်းလှမ်းချက် မှန်သမျှကို တွင်တွင် ခေါင်းခါလျက် ကျွန်တော် ခါးသီးစွာ ငြင်းဆန်ခြင်း ဖြစ်ပါသည်၊

"အေးဖေ့လေ ... မင်း ပစ္စည်းဆိုတော့ မင်းသဘောပေါ့ကွယ် ... ဒါပေမဲ့ တစ်ခုတော့ မင်းသိအောင် မမ ပြောထားချင်ပါတယ်၊ မမကတော့ ပစ္စည်း တစ်ခုကို လိုချင်ပြီဆိုရင် မရရအောင် ယူတတ်တဲ့ ဖွဲ့လေးတော့ ရှိတာပေါ့ ကွယ် ...၊ မင်း သေသေချာချာ စဉ်းစားပါဦး၊ ဖြစ်မယ်ဆိုရင်တော့ ဟော်ဒီ ဖုန်းကို ဆက်သွယ်ပြီး မမဆီ အကြောင်းကြားလိုက်ပေါ့ကြားလား"

မီးညှိပြီးလျက်သား စီးကရက် တစ်လိပ်အား နှုတ်ခမ်းနီရဲရဲတွင် မဖွာတရှိ တပ်ရင်းပြောလာသော ဒေါ်သဇင်ဦးစကားထဲ၌ အဓိပ္ပာယ်ပေါင်းမြောက်မြား စွာပါဝင်ကြောင်း ကျွန်တော် စိုးစဉ်းမျှ မရိပ်စားမိခဲ့ပါ၊ ဂျင်းဘောင်းဘီ၊ တီရှပ်နှင့်နေကာမျက်မှန်တပ်လျက် ဖရာရှပ်ကို ပေါင်းတင်ထားသော ဒေါ်သဇင်ဦးသည် သူ့လူနှစ်ယောက်နှင့်အတူ ပွဲရှိတ်လေ့ပေါ်တက်၍ ကမ်းမှ ခွာသွားသည်အထိ ကျွန်တော့်အား သူငယ်နပ်စားကလေး တစ်ယောက် ဝမာ မထီ တရီ ပြုံးလျက် နှုတ်ဆက်သွားသေးသည်ကို တွေ့ရပါသည်၊ ၎င်းနေ့ညမှာပင် ပွဲရှိတ်သိမ်းပြီးချိန် ကုန်စုံဆိုင် မာမူကြီးအိမ်တွင် ဖွင့်ထား သော အိုင်ဒီဝီစတားဖုန်းဖြင့် မောင်နန်းထံ ကျွန်တော် အဆက်အသွယ်ယူခဲ့ ဖြစ်ပါသည်၊



"စိတ်ချ ... မင်းတော ... ဖမိချောင်းဖျားဝါးတော စခန်းမှာ ငါတို့ စောင့် နေမယ်၊ မင်း ပစ္စည်းရောက်လာတာနဲ့ငါတို့ငွေချေဖို့လည်း ထောင်တဲကို ငါကြိုပြောထားလိုက်မယ် သိလား၊ အနည်းဆုံးတော့ ငါးဆယ်ရဖို့ငါတာဝန် ယူတယ်ကွာ၊ တစ်ခုတော့ သတိပေးထားရမယ်ဟေ့ -မင်းပြောတဲ့ ဒေါ်သဇင်ဦးဆိုတာ ငါသိတယ်၊ ဒီဘက်နိုင်ငံမှာ ရှေးဟောင်းပစ္စည်း ထယ်ရောင်းလုပ်နေတဲ့ပွဲစားမ မယ်လီဆိုတာပဲကွ၊ နယ်စပ်ဘက် လက်နက် ဆိုင်တောကြောင်တွေနဲ့လည်း ပြေလည်နေတာဆိုတော့ မင်းလာရင် သမ်းမှာ ပါးပါးနပ်နပ် သတိထားပေါ့ကွာ"

မောင်နန်းထံမှ အချက်ပြ မီးစိမ်းရောင်တွေ့သည်နှင့် ကျွန်တော် ကြာ ရှည်စွာ ဆိုင်ငံ့မနေတော့ဘဲ ဖနောက်တစ်ရက်မှာပင် မိကျောင်းစောင်း အုံးလိုင်းအား ဖုန်ခါ၊ သူနဂိုကျွန်းသေတ္တာဟောင်းထဲ ကောက်ရိုးခံထည့် လျက် ဖမိချောင်းကျယ်ကြီးအား ပွဲရှိတ်လေ့တစ်စီးဖြင့် ကျွန်တော် တစ်ယောက်တည်း ဆန်တက်ခဲ့ခြင်း ဖြစ်ပါသည်၊ ဤမျှ မြန်ဆန်သော ကျွန်တော်၏ လျှပ်တစ်ပြက် အစီအစဉ်သည် ဒေါ်သဇင်ဦးတစ်ယောက် ချက်ခြည်ပြတ်လောက်သည်ဟုလည်း ကျွန်တော် ယုံကြည်ထားသည် မဟုတ်ပါလား။

❋❋❋

မှန်းတည့်လွန် အချိန်ခန့်တွင်ကျွန်တော့်ပွဲရှိတ်သည်လည်းခရီးအတော် အတန်ပေါက်နေပြီ ဖြစ်ပါသည်၊ ဖမိချောင်းက တဖြည်းဖြည်း ကျဉ်းလာကာ တချက်ထောင်အစွန်းအချွန်အတက်များသည် ချောင်းထဲအထိ ထိုးထွက် နေခြင်းကြောင့် ပွဲရှိတ်အား ကွေ့ဝိုက်ရှောင်တိမ်း မောင်းနှင်နေရရာ ခရီး အိမ်မတွင်လှတော့ဟု ထင်နေမိရသည်၊ သည်ကြားထဲ အရှေ့ရှိုးမတောင် တွင် မိုးမရွာပါစေနဲ့၊ ရာသီဥတု သာသာယာယာ ရှိပါစေဟူသော လမ်း တစ်လျှောက်လုံး ကျွန်တော် ဆုတောင်းခဲ့သည်များလည်း အရာရောက်လိမ့် ည် မထင်တော့ပေ၊ အဘယ်ကြောင့်ဆိုသော် အမြဲတစေ၊ တိမ်မောင်း ဆောင်းထားသော အရှေ့ရိုးမတောင်တန်းအထပ်ထပ်သည် အပြာနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com

မှ နေ၍ တဖြည်းဖြည်း မီးခိုးရောင် ပြောင်းလာကာ ရုတ်ခြည်းမဟူရာ ပြည့်ဖုံးကား ချလိုက်သကဲ့သို့ တောင်ရိပ်ပင် မမြင်ရခြင်းတို့ကြောင့် တောင်ပေါ်၌ မိုးတရစပ် ရွာသွန်းချ လိုက်ပြီဆိုတာ သေချာသလောက် ဖြစ်နေသည်။

ပဲ့တံအား တင်းကြပ်စွာ ကိုင်လျက် ကျောက်ဆောင်အစွန်းများကို သတိရှိစွာ ရှောင်တိမ်းမောင်းနှင်နေစဉ် ချောင်းရေကြည်သည် တစ်မုဟုတ်ချင်းကော်ဖီရောင်ညိုညစ်ညစ်အဖြစ် ပြောင်းလဲသွားရုံသာမက တရကြမ်းလိုက်ဆင်းလာနေသော တောင်ကျရေများကြောင့် ကျွန်တော်၏ ပဲ့ချိတ်လှေသည်ဝက်သတ်ရုံမှဝက်အော်သံကဲ့သို့ချစ်ညှစ်ဖုံးနစ်စွာမြည်လျက်ရေတိုရှန်းကန်ဆန်တက် နေရပါတော့သည်။ သည်ကြားထဲ မိုးကပါ သဲကြီးမဲကြီး ရွာချပြန်လေရာ ကမ်းရိပ်မို၍ မိုးအတိတ် ရေအကျစောင့်ရင်း ထမင်းစားလျှင်တောင်းမည်လားဟုပင် စိတ်ကူးရလိုက်ပါသေးသည်။ ကျွန်တော် စိတ်ကူးအား အကောင်အထည်ဖော်ချိန်ပင် မရလိုက်ပါ။ ကျွန်တော်၏ ရှေ့တူရူကိုက်ငါးရာခန့်ဝေးသောချောင်းဝတစ်နေရာမှကျည်ဆန်တစ်တောင့်အလားအရှိန်ပြင်းစွာ မောင်းထွက်လာသော ပဲ့ချိတ်တစ်စင်းအား မြင်တွေ့လိုက်ရရာ ကျွန်တော် အံ့ဩမှင်တက်လျက် လှမ်းကြည့်နေမိပါသေး၏။

ကျွန်တော်၏ ပဲ့ချိတ်ဆီသို့ ဦးတည်မောင်းလာနေသော ၎င်းပဲ့ချိတ်ပေါ်၌ ဘောင်းဘီဂျာကင်ဝတ်သူလေးယောက်သဏ္ဍာန် ပုံရိပ်အား ထင်းခနဲ တွေ့နေရသည်။ သူတို့လက်ထဲ ကိုင်မြှောက်၍ ကျွန်တော့်ပဲ့ချိတ်အား ရပ်တန့်ရန် အချက်ပြလျက် ရှိသည်မှာလည်း ပြောင်းရှည်ခေတ်မီ သေနတ်များ။ ၎င်းတို့ထဲမှ လေးဦး၌ ခါးထောက်လျက် ရပ်ပါလာသော လူသည် ကျွန်တော် ပဲ့ချိတ်ဆီ လက်ညှိုးထိုးလုပ်ပြနေရာ သူဆောင်းထားသော လျှာထိုးဦးထုပ်ကို ချွတ်လိုက်ချိန်တွင် ရှည်လျားသော ဆံပင်များ လေထဲဝဲပျံ့သွားနေကြသည်ကို မြင်လိုက်ရသည်ဆိုလျှင်ပင် အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း ကျွန်တော် ရိပ်မိလိုက်သည်။ ပို၍သေချာစွာ ပြောရလျှင် လွန်ခဲ့သော ရက်ပိုင်းက ကျွန်တော် မျက်စိမန်မိုရီကဒ်ထဲ ဓာတ်ပုံရိုက်ထားသကဲ့သို့ စွဲလျက်ရှိနေဆဲဖြစ်သော ရှေးဟောင်းပစ္စည်းကုန်သည်ကြီးမယ်လီ (ခေါ်) ဒေါ်သဇင်ဦး။



"မမက ပစ္စည်းတစ်ခုကို လိုချင်ပြီဆိုရင် မရရအောင် ယူတတ်တဲ့ အကျင့်လေးတော့ ရှိတာပေါ့ကွယ်"

ဆိုသော အသံများကလည်း မိုးသံ၊ လေသံ၊ လှိုင်းသံ၊ စက်သံများကို ဖြတ်သန်း၍ ကျွန်တော့်နားထဲပဲ့တင်ထပ်လျက် ဝင်လာကြသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။ လူအား၊ လက်နက်အား ကောင်းလှသော ဒေါ်သဇင်ဦး ထံမှ ကျောင်းစောင်းအား အသာတကြည်ထိုးအပ်လိုက်ရမည်လား။ အမေ၏ မျက်စိကို ခွဲစိတ်ကုသရန် ငွေလိုနေသည်။ အိမ်ပြင်ဆောက်ရန်နှင့်ကိုယ်ပိုင် ပဲ့ချိတ်ကလေးတစ်စီး ဝယ်ယူနိုင်ရန် ငွေလိုနေသည်။ သည်ထက်ပို၍ ကျွန်တော့်အတွက် အရေးကြီးဆုံးအရာများဟူ၍ ဘာတစ်ခုမျှ ရှိတော့မည် မထင်ပေ။

ကြောက်ရွံ့ဖွယ်ရာ
ကောင်းလှသော ရေဝဲ
ဝဲကျောင်းကြီးတစ်ကောင်
ဖြစ်နေပါလား။
သေချာပါသည်။
ကျွန်တော် ရေနစ်သေပြီ
ထင်၍ ထစ်ငေ့
ရာရာတွင် ပွဲတော်တည်ရန်
ကျွန်တော့်အား
ကျောက်ဝိုးလားခြင်းတဆဲ့ဖြင့်
တခြားဘာဖြစ်နိုင်ဦးမည်နည်း။





www.burmeseclassic.com

www.burmeseclassic.com

နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ တရကြမ်း လိမ့်ဆင်းလျက်ရှိသော တောင်ကျရေအား ကန့်လန့်ဖြတ်ကာလှေဦးကို တစ်ဖက်သို့ ဦးတည်လိုက်ချိန်တွင် ဒေါ်သဇင်ဦးတို့ ပုံရိပ်ဆီမှ သေနတ်သံလေးချက် ဆက်တိုက် ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်တည်း လိမ္မော်ရောင်ကျည်ဆန်ထိပ်ဖူးများသည် ပိတုန်းကောင်များသဖွယ် ကျွန်တော့်ခေါင်းပေါ်ရှိုးခနဲ ရှိုးခနဲ ဖြတ်သန်းသွားသည်ကို သတိထားမိသည်။

မကြာပါ - ။

စက်ရှိန်အား တင်ထားသော ကျွန်တော်၏ပုံရိပ်သည် တစ်ဖက်ကမ်းရေစုန်ကြောပေါ်ရောက်သည်နှင့်ကိုင်းတောဆောက်ချုံတို့ကိုအကာအကွယ်ယူရင်း ရိပ်ခနဲ ရိပ်ခနဲ ပြေးနေလေသည်မှာ အတော်မြန်သည်။ နောက်သို့မသိမသာ လှည့်ကြည့်လိုက်ရာ သစ်လုံးများ၊ ဝါးရုံများကြား တလည်လည်ဝဲလျှက်အကြိတ်အနယ်ရှောင်တိမ်းနေသည်ကိုတွေ့ရသည်။ သူတို့လှေဆီမှလှမ်းပစ်ကြသော သေနတ်သံများကလည်း ကျွန်တော့်ပုံရိပ်နောက်မှတိုင်းပင်တချို့ပြတ်ကျန်ရစ်ခဲ့ရုံကလွဲ၍ ထိရောက်ခြင်း မရှိတော့ပေ။

လတ်ရှိအခြေအနေက ကံကြမ္မာသည် ကျွန်တော်အား မျက်နှာသာပေးလာပြီဟု ဆိုရသော်လည်း တဒင်္ဂမျှလေးသာ ဖြစ်သည်။ နောက်မှအန္တရာယ်ကို မကြာခဏ ဆိုသလိုလှည့်၍ အကဲခတ်နေရသော ကျွန်တော်ရှေ့တည့်တည့်ဝဲကတော့တစ်ခုထဲသို့လည်ပတ်ဝင်လာသော သစ်မြစ်ဆုံကြီးတစ်ခုအား လုံးဝသတိမထားမိခဲ့သည်မှာ မဟာအမှားပင်ဖြစ်သည်။ နောက်မှရှေ့သို့ ဆတ်ခနဲ ပြန်လှည့်ကြည့်မိလိုက်ချိန်တွင် သစ်မြစ်ဆုံကြီးနှင့် လှေဦးသည် ငါးကိုက်မျှပင် မဝေးတော့သည်ကို အံသြထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရသည်။ စက်ရှိန်ကို ချက်ချင်းလျှော့လှေဦးကို ဝဲကတော့လွတ်ရုံမျှ လက်ယာဘက် ကွေ့ချလိုက်သည်မှာ မြန်တော့ အတော် မြန်ပါသည်။

သို့သော် ...

ကျွန်တော်ထက်နာတစ်ဖျားပိုမြန်သော သစ်မြစ်ဆုံကြီး၏ဘေးသားနှင့်လှေနံစောင်းတို့ တဂျစ်ဂျစ်နှင့် ပွတ်တိုက်သွားသည်ဆိုလျှင်ပင် ပုံရိပ်အား



ဘုတ်ဖြင့် ကော်ပစ်လိုက်သကဲ့သို့ပင် ပုံရိပ်က တခြား၊ ကျွန်တော်က တခြား ဖြစ်သွားပါတော့သည်။

ရှင်းရှင်းပြောရလျှင် ရေပေါ်၌ လုပ်စားနေသူဖြစ်သော်လည်း ကျွန်တော်သည် ကျွမ်းကျင်စွာ ရေကူးတတ်သူ မဟုတ်။ ဝဲကတော့၏ ပထမဦးစွာ ရုပ်ချက်ဖြင့် ချောင်းကြမ်းပြင်သဲ ကျောက်စရစ်ခဲတို့နှင့် ခြေဖဝါးထိသည် အထိ နစ်ဆင်းသွားရာ ပါးစပ်ထဲရေဝင်ကာ မွန်းကြပ်အသက်ရှူရပ်သွားသည်မှာလည်း သုံးလေးကြိမ် မကခဲ့။ ဘွားခနဲ ပြန်ပေါ်လာသည့် အခါတိုင်း ကျွန်တော့် ပုံရိပ်လှေအား တွေ့လိုတွေ့ငြား မျှော်လင့်ယမ်း၍ ခြေကားရားလက်ကားရား စမ်းနေမိသည်မှာလည်း အကြိမ်ပေါင်း မနည်းတော့။ ဤဝဲကတော့မှ မလွတ်လျှင် ကျွန်တော် အသက်ဆက် ရှင်သန်မှုမှာ မလွယ်တော့သည်ကိုလည်း ရိပ်စားမိလာသည်။ ခြေကုန်လက်ပန်းကျနေလျက်ကပင် နောက်တစ်ကြိမ် ရေပေါ်ပြန်အရောက်၌ ကျွန်တော်ကဲ့သို့ ဝဲကတော့ထဲ၌လှည့်ရှိသည့် သစ်မြစ်ဆုံကြီးမှ ထွက်လာသည့် သစ်မြစ်တစ်ချောင်းအား ခင်းဆွဲလိုက်ချိန်တွင် အသိစိတ်နှင့်ခန္ဓာကိုယ်ထဲတို့ တခြားစီဖြစ်ကာ သတိလစ်မေ့မြောသွားတော့လေသည်။

အချိန်မည်မျှကြာအောင် သတိလစ်မေ့မြောနေသည် မသိပေ၊ ကျွန်တော် အသိစိတ်နှင့် ခန္ဓာကိုယ်တို့တစ်သားတည်းပြန်လည်ဆက်သွယ်မိချိန်တွင် နေဝင်ဖျိုးဖျအချိန်ပင် ရောက်နေခဲ့ပြီ ဖြစ်သည်။ ကျွန်တော့်ခန္ဓာကိုယ်ကြီးသည် တစ်နေရာရာတွင် ငြိမ်သက်နေခြင်းမျိုး မဟုတ်ဘဲ သစ်တုံးကြီးလား၊ မှောက်လျက်ရှိသော လှေဝမ်းဗိုက်လားဆိုသည် ဝေခွဲမရသော အရာဝတ္ထုတစ်ခုပေါ် မှောက်လျက်သား လိုက်ပါရှိခြင်းကိုလည်းကောင်း ကျွန်တော်၏ ဟထားသော ပါးစပ်ထဲမှ ရေများတသောသော အန်ထုတ်နေခြင်းကို လည်းကောင်း ရိပ်စားမိလာသလိုလိုပင်။ ကျွန်တော်၏ မျက်နှာနားမှ တိုင်းပင်များ၊ ဆောက်ချုံပင်များ တရှပ်ရှပ်နှင့် ပွတ်တိုက်ကာ ကျန်ခဲ့သည်တို့ ကြည့်ခြင်းအားဖြင့် ကျွန်တော့်အား အောက်မှပင့်လျက် သယ်ဆောင်လာသောအရာဝတ္ထုအပေါ်သံသယရှိလာသလိုခံစားနေရပြန်သည်။ သစ်တုံး



www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် လေ့ဆိုလျှင် ဤမျှ မြန်ဆန်နိုင်မည်လား။ ကိုင်း … တောဆောက်ချုံပင်များနှင့် တည့်တည့်ဝင်တိုးတော့မည့်အခါတွင်လည်း ဘေးမှ အသာအရာကွေ့ရှောင်ကာ အရှိန်မပျက် စီးမျောလျက် နေခြင်းမှာ အံ့ဩဖွယ်ရာ။

သတိကောင်းစွာ ရလာသလို သံသယစိတ်ကြောင့် အားအင်များပါ ပြည့်လာကာ လှုပ်ရှားနိုင်ပြီဖြစ်ရာ ပထမဦးစွာ လက်တစ်ဖက်အား မဝံ့မရဲ ဆန့်ထုတ်လျက်ဗိုက်အောက်မှအရာအားစမ်းလိုက်သည်ဆိုလျှင်ခါတ်လိုက်သကဲ့သို့ ဖျတ်ခနဲ ပြန်ရုပ်လိုက်သည်အထိ အထိတ်တလန့် ဖြစ်သွားရသည်။ သစ်တုံး သို့မဟုတ် လေ့ဆိုလျှင် … အနည်းနှင့်အများ ချောမွတ်နေပြီဖြစ်သော်လည်း ကျွန်တော်စမ်းမိသောအရာကမူအခွံန်အတက်များဖြင့်ဖြတ်ထလျက် ကြမ်းတမ်းခွေးထွေးသလို ခံစားရခြင်းကြောင့် ခေါင်းကိုရှေ့သို့ စောင်း၍ အသာလေးစူးစမ်းလိုက်ပြန်ရာ ဘုရား … ဘုရား ကျွန်တော်မှောက်လျက်သားလိုက်ပါနေရသော အရာဝတ္ထုသည် ခွေးမျက်လုမတတ် ကြောက်ရွံ့ဖွယ်ရာ တောင်းလှသော ဧရာမ မိကျောင်းကြီးတစ်ကောင် ဖြစ်နေပါလား။ သေချာပါသည်။ ကျွန်တော် ရေနစ်သေပြီထင်၍ တစ်နေရာရာတွင် ပွဲတော်တည်ရန် ကျွန်တော့်အား ကျောပိုးလာခြင်းကလွဲ၍ တခြားဘာဖြစ်နိုင်ဦးမည်နည်း။

ကျွန်တော် ဘာလုပ်ရမည်နည်း …. ။ အကူအညီ ရလိုရငြား နောက်ကြောင်း ပြန်လှည့်ကြည့်တော့လည်း ဒေါ်သဇင်ဦးတို့ ပုံရှိတ်အား အရိပ်အယောင်ပင်မမြင်ရတော့။ မိကျောင်းကြီးသည် ရေနက်ပိုင်းအတိုင်း တဟဲဟဲနှင့် ပြေးလျက်နေရာမှ ရေတိမ်ပိုင်းဘက် တဖြည်းဖြည်း ရွေ့သွားလျက်ရှိရာ တစ်ခါတစ်ရံ ကျွန်တော်၏ ခြေဖျားနှင့်ရေအောက်သဲပြင်တို့ ထိတွေ့ရုပ်တိုက်သွားသော အထိအတွေ့ကိုပင် ခံစားလိုက်ရပါသေးသည်။ ဤကဲ့သို့သော အခွင့်အရေးမျိုးကို ကျွန်တော် လက်လွှတ်၍ မဖြစ်တော့။ နောက်တစ်ကြိမ် မိကျောင်းကြီး ရေနက်ပိုင်းသို့ ပြန်မဆင်းခင် ကျွန်တော် လှုပ်ရှားမှဖြစ်ပေတော့မည်။ ဆုံးဖြတ်ထားသည့်အတိုင်းပင်နီးရာဆောက်ချုံပင်အကိုင်းအား ခွန်အားရှိသမျှ ဖက်တွယ်လိုက်ရာ ရှေ့သို့တရိပ်ရိပ်နှင့် အရှိန်လွန်သွားသော မိကျောင်းကြီးသည် ကျွန်တော်ထင်သလို နောက်ပြန်လှည့်မည့်ဟန်



မပြ။ မတွေ့ရတော့ဘဲ ရေနက်ပိုင်းအရောက်တွင် အသာကလေးငုတ်လျှိုးကွယ်ပျောက်သွားသည်မှာ ရေဂယက်ထသည်ကိုပင် မတွေ့ရတော့ပေ။

ခါးလယ်ခန့်နက်သောရေကိုဖြတ်၍ယိုင်နဲ့သောခြေလှမ်းများဖြင့်တရွတ်ဆွဲတိတ် လျှောက်လာရင်းက ကျောက်စရစ်ခဲများသာရှိသော သောင်ပြင်စပ်အပေါ်ခြေချလိုက်မိသည်နှင့်ခြေပစ်လက်ပစ်ထိုင်ချကာအသက်ကိုဝလင်စွာရှုစ်လိုက်သည်။ မျက်စိနှစ်ဖက်ကိုလည်း အနားမပေးဘဲ ချောင်းနဘေးသောင်စပ်တစ်လျှောက် အံ့ဩဖွယ်ရာဟုပင် ဆိုရလိမ့်မည် ထင်သည်။ ကျွန်တော်နှင့် ကိုက်တစ်ရာခန့်သာရှိမည့် ကိုင်းပင်များ ကျိုးတိုးကျဲတဲကြားသောင်ပြင်စပ်တွင် ကျွန်တော် ပုံရှိတ်ကလေးက ဘေးတစောင်း ငြိမ်သက်နေသလို ကျွန်းသေဗ္ဗာဟောင်းကလေးကလည်း ကုန်းတစ်ပိုင်း ရေတစ်ပိုင်းဆင်လျက် ကျွန်တော့်အား လှုပ်လီလှုပ်လဲ့နှင့် လှမ်းနှုတ်ဆက်နေသယောင်တွေ့လိုက်ရပါလေ၏။

မိကျောင်းစောင်းအား ထုဆစ်စဉ်ကာလ၌ ပန်းပုဆရာကြီးရှေ့မှောက်တွင် ကျွန်တော့်အဖေ၏အဘိုးကတိသစ္စာပြုခဲ့သည့်အထဲတွင် "မိကျောင်းစောင်းအား ရေမချပါ။ ဤစောင်းကိုလည်း တူရိယာပစ္စည်းအဖြစ်မှ လွဲ၍ တခြားနေရာများတွင်အသုံးမပြုပါ" ဆိုသော ကန့်သတ်ချက်များ၏အဓိပ္ပာယ်ကို ဝေဝေဝါးဝါး ထိစမ်းမိသလို ကျွန်တော် အမှတ်ရလာသည်။

သို့ဆိုလျှင် …

ပုံရှိတ်လေ့ တိမ်းမှောက်သွားခြင်းကြောင့် မိကျောင်းစောင်းအား ရေချသကဲ့သို့ ဖြစ်သွားသည်လား။ ၎င်းပြင် မိကျောင်းစောင်းအား တူရိယာအဖြစ်အသုံးမပြုဘဲ ငွေကြေးဖြင့် ရောင်းချရန်ကြံစည်ခြင်းကြောင့် ဤကဲ့သို့အသက်အန္တရာယ်မျိုးဖြင့် ကြုံတွေ့ခဲ့ရလေခြင်းလား…။ မဖြစ်နိုင်သလို ယုတ္တိလည်း ရှိသည် မထင်ပါ။ တစ်ခုတော့ စဉ်းစားစရာ ရှိပါသည်။ ရေငန်စပ် မဟုတ်ဘဲ တောင်ကျစမ်းများမှ ချောင်းဖျားခံ၍ စီးဆင်းလာသော ဖမိချောင်းသည် ရေချိုဖြစ်လျက်နှင့် ကျွန်တော့်အား ချီပိုးလာသော မိကျောင်းကြီးသည် မည်သို့ရောက်ရှိလာသနည်း။ တွေးလေခေါင်းထဲမှုနောက်လာလေဖြင့် ပါးသိပ်ပိ



www.burmeseclassic.com

www.burmeseclassic.com

ဥပါဒါန်မှန်သမျှကို ခေါင်းထဲမှ ခါထုတ်ပစ်လိုက်ရန် ကြိုးစားနေမိပါလေသည်။ ကျွန်တော်၏ပထမဦးစွာ လှုပ်ရှားမှုသည် ကျွန်းသေတ္တာဆီ ပြေးသွားတာ ဟာစီဟာစီ ဖြစ်နေသော အဖုံးအား ဖွင့်လိုက်ခြင်းပင် ဖြစ်သည်။ သေတ္တာထဲ၌ ရေမျှားရွဲနစ်လျက်ရှိနေသော်လည်း မိကျောင်းစောင်း၏ ဦးခေါင်းပိုင်း၊ ကိုယ်ထည်ပိုင်းနှင့်အမြီးပိုင်းအင်္ဂါသုံးရပ်စလုံး ကျွန်တော် ထည့်ထားစဉ်က အတိုင်း အကောင်းပကတိ အပြည့်အစုံ။ ပွဲရိုတ်လေ့အား စူးစမ်းကြည့်ပြန်တော့လည်း ပက်လက်ပြန်လှန်ပြီး ရေလုံသောအင်ကျင်ပိုင်းအား နာရီဝက်ခန့်သန့်စင်လိုက်မည်ဆိုပါက မောင်းနှင်၍ ရမည်ကိုလည်း ကျွမ်းကျင်ပြီးသားပင်။

ထိုအပြင် တာတ်ဆီ အပိုထည့်လာသော ပလတ်စတစ် ပုံးကလည်း လှေတွင်တွဲ လျက် အဆင်သင့်။ ဤနေရာတွင် တစ်ခုခုတော့ ပြတ်သားစွာ ကျွန်တော် ဆုံးဖြတ်ရပေလိမ့်မည်။

သူငယ်ချင်း မောင်နန်းစောင့်နေမည့် နယ်စပ်ဝါးတောစခန်းသို့ ခရီးဆက်လျက် မိကျောင်းစောင်းအား ရောင်းချလိုက်ရမည်လား။

ရွာသို့နောက်ကြောင်းပြန်လှည့်ကာ မိကျောင်းစောင်းအား ဘုန်းတော်ကြီးကျောင်းသို့ အပြီးတိုင် လှူဒါန်းပစ်လိုက်ရမည်လား။

➡ မင်းရွှေသိန်း (ဖင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပိယကြီး ရွှေမိုး နှင့် ဣစ္ဆာသယ ပုဏ္ဏကအင်း

မောင်မောင်မိုးအောင်

အငြိမ်းစားယူခဲ့ပြီးဖြစ်၍ ဝါသနာပါရာ စာရေးခြင်းအလုပ်ကို အချိန်ပြည့် လုပ်နိုင်ခဲ့ပြီဖြစ်သည်။ အခါအားလျော်စွာ တရားစခန်းဝင်ခြင်း စာရေးဖော်များနှင့် ခရီးသွားခြင်းများလည်း ဆောင်ရွက်နိုင်လာနိုင်ပြီဖြစ်သည်။ တစ်ခါ တစ်ရံ ကပ္ပိယကြီး ရွှေမိုး အမိဌာန်ခရီးထွက်ရာသို့ လိုက်ပါသွားနိုင်ခဲ့ပြီဖြစ် သည်။ ကပ္ပိယကြီးရွှေမိုးမှာ ကျွန်တော်နှင့် လွန်စွာ ခင်မင်ရင်းနှီးသူဖြစ်သည်။ ကပ္ပိယကြီး ရွှေမိုးမှာ ဗေဒင် ယတြာ၊ လောကီအစီအရင်များ ကျွမ်းကျင်သူ ဖြစ်သည်။ အချို့က ကပ္ပိယကြီးသည် အကြားအမြင်ရနေသည့် ပုဂ္ဂိုလ် ဟု ဆိုကြသည်။

တစ်နေ့ ညနေစောင်း ဈေးသိမ်းချိန် အိမ်ပြန်လာသော ကျွန်တော့် ဇနီး မျက်နှာမရွှင်မလန်းဖြစ်နေသည်ကို သတိထားမိလိုက်သည်။ ဈေးစာရင်း၊ စာအုပ်သော့များ၊ ငွေများ၊ ထည့်ထားသည့် လက်ဆွဲအိတ်ကို ဘုတ်ခနဲ ပစ်ချ လိုက်ပြီး သက်ပြင်းချလိုက်သည်ကို တွေ့လိုက်ရသည်။ ကျွန်တော် မနေသာ တော့ဘဲ ဇနီးသည်ကို မေးလိုက်တော့သည်။



"အခုတလော မင်းကိုကြည့်ရတာ မရွှင်မလန်းဖြစ်နေပါလား။ ဘာလဲ အကြွေးရောင်းထားတဲ့ငွေတွေ ပြန်မရလို့လား – ဈေးရောင်းမကောင်းလို့ လား"

"အကြွေးရောင်းထားတဲ့ငွေတွေ မဆုံးပါဘူး။ ဈေးရောင်းမကောင်း လို့ပါ"

"ဩော် – ဈေးရောင်းမကောင်းတာလား၊ စီးပွားရေးမကောင်းကြတော့ အဝတ်အထည် ခဏခဏ ဘယ်ဝယ်နိုင်ကြမလဲ"

"အစ်ကိုက အိမ်မှာပဲ တကုတ်ကုတ်နဲ့ စာရေးနေတာ၊ ကျွန်မလုပ်ငန်း အကြောင်းမသိပါဘူး၊ ခုတလော ဈေးရောင်းမကောင်းတာက အပြိုင်အဆိုင် တွေပေါ်လာလို့ပါ။ ကျွန်မဆိုင်နဲ့ မလှမ်းမကမ်းမှာ ဆိုင်အသစ် တစ်ဆိုင်တိုး လာတယ်၊ သူက ကျွန်မလိုပဲ လပေးခနဲ့၊ အထည်တွေအကြွေးနဲ့ရောင်းတယ်၊ ပြီးတော့ ကျွန်မထက် ဈေးလျှော့ရောင်းတယ်။ တချို့ကျွန်မဖောက်သည်တွေ တောင် သူ့ဆိုင်ရောက်သွားကြပြီ၊ ဒါကြောင့် စိတ်မကြည်မလင် ဖြစ် နေတာ"

"ဒါကတော့ကွာ၊ သူတောင် လျှော့ရောင်းနိုင်သေးရင် မင်းလည်း လျှော့ ရောင်းပေါ့၊ "

"ကိုယ့်အတွက် မကျန်တဲ့အထိတော့ မလျှော့နိုင်ပါဘူး။ ကြည့်ရတာ ကျွန်မဆိုင် ပြုတ်သွားအောင် လုပ်နေတာလားမသိဘူး၊ "

"အဲဒီလိုတော့ ဖြစ်မယ်မထင်ဘူး"

ကျွန်တော်တို့ ဇနီးမောင်နှံ အထည်ဆိုင်အကြောင်း စကားပြောနေစဉ် အိမ်အောက်ဘက်မှ ကျွန်တော့်ဇနီး အမည်ကို ခေါ်ကာ မဝင်းဆိုသူ အိမ်ပေါ် တက်လာသည်။

"အစ်မကြူ ... အစ်မကြူ ဆိုင်သိမ်းလာပြီလား"

"အေး – ခုပဲ ပြန်လာတာ၊ အဝင်းဘယ်က လှည့်လာတာလဲ"

"အစ်မဆီလာတာ၊ ဆိုင်သိမ်းချိန်မှန်းပြီး လာခဲ့တာ..."

"ကိစ္စရှိလို့လား"

"အစ်မဆီက အကူအညီတောင်းမလို့ပါ"

"ပြော – ဘာကူညီရမလဲ၊ အစ်မ တတ်နိုင်တာ ကူညီမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

မဝင်းဆိုသူမှာ ကျွန်တော်ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက် ကျော်ဇော၏ ဇနီးဖြစ်သည်။ ဌာနဆိုင်ရာမှာ နေခွင့်ပြုခဲ့သော လိုင်းခန်းတွင် နေခဲ့စဉ်က အခန်းချင်းကပ်လျက် နှစ်များစွာ နေခဲ့သူများဖြစ်သည်။ ဝန်ထမ်းဘဝထဲက မဝင်း၏ခင်ပွန်းကျော်ဇောမှာ အသောက်အစားမက်သူဖြစ်သည်။ အသောက်အစားကြောင့်လည်း လစာနှင့် မလောက်မင ဖြစ်ကာ မဝင်းဈေးရောင်း၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာခဲ့ရသည်။ ကျော်ဇောက ကျွန်တော့်ထက် စော၍ ဆေးပင်စင်ယူသွားခဲ့သည်။ ကျွန်တော်အငြိမ်းစားယူပြီးနောက် မဝင်းမှာ သာကေတ (၇)ရပ်ကွက် ဈေးတွင် ဈေးရောင်းနေကြောင်း သိရသည်။ ယခု ကျွန်တော်တို့နေထိုင်ရာ ဒေါပုံမြို့နယ်ရှိ ကျွန်တော့်နေအိမ်သို့ ရောက်လာခြင်းဖြစ်သည်။

"ဒီလိုပါအစ်မ - အခု ဈေးရောင်းနေတဲ့ ဒေါပုံဈေးထဲမှာ ဈေးလာရောင်းချင်လို့ပါ အစ်မဆိုင်ဘေးမှာ နေရာလွတ်ရှိတယ်လေ၊ အဲဒီနေရာမှာ ကျွန်မ လာရောင်းလို့ ရမလား"

◆◆◆ ◆◆◆



အစ်ကိုက အိမ်မှာပဲ
တကုပ်ကုပ်နဲ့
...ရေးနေတာ၊ ကျွန်မလုပ်ငန်း
အကြောင်း မသိပါဘူး။
...လာဈေးရောင်းမကောင်းတာက
အပြိုင်အဆိုင်တွေပေါ်လာလို့ပါ။
ကျွန်မဆိုင်နဲ့ မလှမ်းမကမ်းမှာ
ဆိုင်အသစ် တစ်ဆိုင်တိုးလာတယ်။



"လာရောင်းလို့ - ရပါတယ် ဒါနဲ့ ကြည့်ပါဦး (၇)ဈေးမှာ ရောင်းနေရာက ဘာဖြစ်လို့ အစ်မဘေးမှာ လာရောင်းချင်ရတာလဲ"

"ခု ... ကျွန်မရောင်းနေတဲ့ ဆိုင်ခန်းပိုင်ရှင်က ဖယ်ခိုင်းနေလို့ပါ မတန်တဆ ဆိုင်ခန်းလခတိုးတောင်းတော့ မပေးနိုင်လို့ပါ ဖယ်ပေးမယ်လို့လဲ အသိပေးထားပြီးပြီ၊ ခု လကုန်ရင် ဖယ်ပေးရတော့မယ်၊ ဒါကြောင့် အစ်မ ကူညီပါနော်"၊

"ကူညီတာတော့ - ဟုတ်ပါပြီ၊ အဝင်းက - အဟောင်းထည်တွေ ရောင်းနေတာ မဟုတ်လား"

"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ"

"အစ်မဆိုင်နားမှာ အဟောင်းထည်ရောင်းတဲ့ ဆိုင်နှစ်ဆိုင်တောင် ရှိနေတာ၊ ပစ္စည်းချင်းတူနေတော့ ငါ့ညီမရောင်းလို့ဖြစ်ပါ့မလား၊ ပြီးတော့ ငါ့ညီမက ...သစ်လေ"

"အစ်မသာ - ခွင့်ပြုပါ ကျွန်မ ကြိုးစားပြီး ရောင်းပါ့မယ်"

မဝင်းစကားအဆုံးတွင် ဇနီးသည်က ကျွန်တော့်ဘက်လှည့်ပြီး ပြောလိုက်သည်။

"ဘယ်လိုလဲ ... အစ်ကို အဝင်းကို ရောင်းခွင့်ပြုလိုက်ရမလား၊ ကျွန်မဆိုင်နဘေးမှာ နေရာလွတ်ရှိနေတယ်"

"အေးပါကွာ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေပဲ ကူညီနိုင်ရင် ကူညီလိုက်ပေါ့"

"တဲ့ - အဝင်း နင့်အစ်ကို စကားကြားတယ် မဟုတ်လား အစ်မ ကူညီမယ်၊ ဒါပေမဲ့ အထည်ဟောင်းဆိုင်တွေ များတယ်နော်"

"ကိစ္စမရှိပါဘူး၊ လကုန်ပြီး ကျွန်မ လာခဲ့မယ်၊ ခုလို ကူညီလို့ ဆရာကိုရော အစ်မကိုရော ကျေးဇူးတင်ပါတယ်၊ ယောက်ျားက ဝင်ငွေဘာမှ မရှိလို့ ကျွန်မ ဒုက္ခခံနေရတာ" ကျေးဇူးတင်ကြောင်းပြောကာ မဝင်းနှုတ်ဆက်ပြီး ပြန်သွားသည်။ လမကုန်မီ တစ်ရက် မဝင်းရောက်လာပြီး သူ ဈေးရောင်းမည့်နေရာကို လိုအပ်သလို ပြင်ဆင်သည်။ နောင်နှစ်ရက်ခန့်တွင် အထုပ်ကြီးများဖြင့် ရောက်လာပြီး အဟောင်းထည်များ စတင် ရောင်းချပါတော့သည်။ ညနေ ဆိုင်သိမ်းချိန် ပစ္စည်းထုပ်များဖြင့် ကျွန်တော်တို့နေအိမ် ရောက်လာသည်၊ အထုပ်များ ကျွန်တော့်အိမ်တွင်ပင်ထားကာ ပြန်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပထမတစ်ပတ်ခန့်သာ အဆင်မပြေလှဘဲ နှစ်ပတ် သုံးပတ်အတွင်း ဈေးရောင်းသည်မှာ အဆင်ပြေသည်ဟု သိရသည်။ တစ်နေ့ညနေ အထုပ်အပိုးများ လာထားရင်း သူတို့နှစ်ယောက် ပြောနေသည့်စကား ကျွန်တော် ကြားလိုက်ရသည်။

"ဟဲ့ ... အဝင်း နင့် - အပေါင်းထည်ဆိုင်က မဆိုးဘူး။ ရောင်းကောင်းသားပဲ၊ ဟိုဘက်မှာ ဝယ်နေကျသူတွေတောင် နင့်ဆိုင်ရောက်လာကြပြီ။ ဒါတော်တော် အံ့သြသွားတယ်။ နင့်ဆိုင်က ရောင်းကောင်းပေမယ့် ငါ့ဆိုင်တရောင်းအား တော်တော်ကျနေတယ်။

"အစ်မရဲ့ - အထည်ဆိုင် အရောင်းအေးနေတာ ကျွန်မ ကိုယ်တွေ့ပဲ။ ဘယ်လိုဖြစ်လို့လဲ အစ်မ"

"ငါ့ ... ညီမ အမြင်ပဲလေ။ ငါ့လို အထည်ဆိုင်နှစ်ဆိုင်တောင် ထပ်တိုးလာတယ်။ ပြီးတော့ ပြုတ်သွားအောင် ကြံစည်နေတာလားလို့တောင် ထင်မြင်မိတယ်"

"ဟင် ... ဒီလိုလား အစ်မတို့က ကျွန်မရဲ့ကျေးဇူးရှင်တွေပါ။ အစ်မဆိုင်ရောင်းကောင်းအောင် ကျွန်မ ကူညီမယ်"

"ငါ့ ... ညီမ မတတ်နိုင်ပါဘူးလေ အခြေအနေအရပေါ့ - ဒါပေမဲ့ ငါ့ညီမ အပေါင်းထည်တွေရောင်းအားကောင်းတာကိုတော့ အစ်မအားကျမိတယ်။ နှစ်လလောက်အတွင်းမှာ ငါ့ညီမဆိုင်က အရောင်းရဆုံး ဖြစ်လာပြီ"

"ဒါကြောင့် ... အစ်မကို ကူညီမယ်လို့ ပြောတာပေါ့"

"လုပ်စမ်းပါဦး ... ဘယ်လိုကူညီမှာလဲ"

"အစ်မက ... တနင်္လာ သမီးနော်"

"အေး ... ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"

"မနက်ဖြန် ... ကျွန်မ ပြောမယ် ဆိုင်ရောင်းကောင်းမယ့်ကိစ္စပေါ့"

နောက်တစ်နေ့ နံနက်တွင် အဝင်းရောက်လာသည်။

"အစ်မက ... တနင်္လာသမီး သေချာတယ်ဆိုရင် တရုတ်စကားသား တစ်မိုက်လောက် ရှာပေးနိုင်မလား"

"တရုတ်စကား - ဘာလုပ်ဖို့လဲ"

"အစ်မ ဈေးရောင်းကောင်းဖို့ကို ကျွန်မကို ကူညီမယ့်သူရှိတယ်။ အဲဒီ



ကူညီမယ့်သူမှာ ဆရာကောင်းရှိတယ်။ ကျွန်မ ဈေးရောင်းကောင်းတာ အဲဒီက လုပ်ပေးထားတာပါ၊ အစ်မ ဈေးရောင်းမကောင်းတော့ ကျွန်မလည်း စိတ်မကောင်းပါဘူး တရုတ်စကားသား ရှာခဲ့ပါ"

"အေးပါ ... နင့်အစ်ကိုကို ငါ - ရှာခိုင်းလိုက်ပါ့မယ်"

ကျွန်တော့်ဇနီးက ကျွန်တော့်ဘက်သို့ လှည့်၍ပြောလိုက်ခြင်းဖြစ်သည်။

"မင်းနဲ့ မဝင်းနဲ့ ပြောတာ ကိုယ်အားလုံးကြားတယ်၊ မနက်ဖြန် မနက် တရုတ်စကားသား ကိုယ်ရှာပေးမယ်"

"တရုတ်စကားသားရှာရတာ မခက်ပါဘူး၊ နောက်တော့ အစ်မကြို ဈေးရောင်းကောင်းလာတာ ဆရာတွေ့ရစေမယ်"

"သိပ်ကောင်းတာပေါ့ - မနက်ဖြန် တရုတ်စကားသား ဆက်ဆက်ရပါစေမယ်"

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရာ ရုံးဌာန အဆောက်အအုံဝင်းအတွင်း တရုတ်စကားပင်များရှိသည်ကို ကျွန်တော် အမှတ်ရလိုက်သည်။ နောက်တစ်နေ့ နံနက်တွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနသို့ သွားရောက်ကာ တရုတ်စကားပင်မှ တစ်မိုက်ခန့် ဖြတ်ယူခဲ့သည်။ ညနေဆိုင်သိမ်းချိန်မဝင်းရောက်လာစဉ် ကျွန်တော် ပေးလိုက်သည်။ မဝင်းကို တရုတ်စကားသားပေးပြီး နောက်ပိုင်း ကျွန်တော် မေ့မေ့ပျောက်ပျောက်ပင်ရှိနေခဲ့သည်။ ကျွန်တော်ရေးနေသည့် ဝတ္ထုထဲတွင်သာ မြုပ်နံထားခဲ့သည် တရုတ်စကားသား ရှာပေးခဲ့သည့် အဖြစ်ကိုလည်း သတိမထားမိတော့ပါ။ ကျွန်တော့် ဇနီးဈေးသိမ်းချိန် ပြန်ရောက်လာလျှင်လည်း ယခင်လို မကြည်မသာ ဖြစ်မနေတော့သည်ကို သတိထားမိလာသည်၊ တက်ကြွပျော်ရွှင်နေသည်ကို သတိထားမိလာသည်၊ တရုတ်စကားသား ရှာပေးပြီး နှစ်လခန့်ကြာမှ ထိုကိစ္စ ကျွန်တော် မေးကြည့်မိသည်။

"လွန်ခဲ့တဲ့နှစ်လလောက်က မဝင်းကို တရုတ်စကားသား ပေးလိုက်တယ်၊ မင်းဈေးရောင်းကောင်းအောင်မဝင်းက လုပ်ပေးမယ်လို့လဲ ပြောသွားတယ်၊ ပြီးတော့ ခုတလော မင်းပုံစံက ရွှင်လန်းနေသလိုပဲ ဘာတွေ ထူးခြားနေလို့လဲ ကိုယ့်ကိုလည်း ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ခုတလော ဈေးရောင်းလာတာကတော့ အံ့ဩလောက်ပေတယ်၊ ကျွန်မဆိုင်ပြုတ်သွားအောင် ဈေးလျှော့ရောင်းတဲ့ နှစ်ဆိုင်အနက် တစ်ဆိုင်တောင်ဈေးမထွက်တော့ဘူး၊ သူတို့ဖောက်သည်တွေတောင် ကျွန်မဆီ ရောက်လာပြီ၊

"ဟေ ... ဟုတ်လား၊ ဒါနဲ့ တရုတ်စကားသားတောင်းပြီး မဝင်းက ဘာလုပ်တာလဲ"

"အဲဒီအကြောင်း အစ်ကိုကို ကျွန်မပြောမလို့ပဲ အဝင်းက မပြောနဲ့ဆိုလို့ပါ" ကျွန်မ အဲ့ထည်ဆိုင် ဈေးရောင်းကောင်းလာတာ အဝင်းလုပ်ပေးတဲ့ တရုတ်စကားသားနဲ့ အင်းကွက်တစ်ခု ဂါထာတစ်ပုဒ်ကြောင့်ပါ"

"တယ်ဟုတ်ပါလား ... ကိုယ်လည်း စာရေးနေတာပဲ တကယ့်အကျိုးဖြစ်ထွန်းတာဆိုရင်တော့ စာဖတ်သူတွေကို ဝေငှပေးချင်တယ်"

"အဝင်းကို လုပ်ပေးတဲ့ သူသာ သိလိမ့်မယ်၊ တရုတ်စကားသားပေါ်မှာ အင်းကွက်တစ်ကွက်ပါတယ်၊ ပြီးတော့ ဂါထာတစ်ပုဒ် ရွတ်ရတယ်၊ ဂါထာက နှစ်ကြောင်းလောက်ပဲရှိတယ်၊ တိုတိုလေးပါ၊ ပြီးတော့ အဲဒီတရုတ်စကားသား ဆောင်ထားရတယ်၊ အဲဒီလိုလုပ်ပြီးကတည်းက ကျွန်မဆိုင် အရောင်းအဝယ် တောင်းလာတယ်၊ ပြိုင်ဆိုင်လာတဲ့ သူတွေလည်း နောက်ဆုတ်သွားကြတယ်၊"

"မင်း ပြောတာနဲ့ပဲ တော်တော် စိတ်ဝင်စားလာပြီ၊ အဲဒီ တရုတ်စကားသားနဲ့ လုပ်ထားတဲ့အင်းကွက်က ဘယ်လိုလဲ ဘယ်မှာလဲ မင်း ဆောင်ထားတယ်ဆို"

"ကျွန်မ ဆိုင်မှာရှိပါတယ်၊ အမြဲတန်းဆောင်ထားရတာ ဆိုင်မှာရှိတယ်၊ မနက်ဖြန် ညနေ ဈေးသိမ်းတော့ ကျွန်မ ယူခဲ့မယ်၊ အသေးစိတ် သိချင်ရင် အဝင်းကိုသာ မေးကြည့်ပေတော့"

နောက်တစ်နေ့ ညနေဈေးသိမ်းချိန်တွင် မဝင်းနှင့်ကျွန်တော်တို့ နှစ်ယောက်အတူ ရောက်လာကြသည်၊ ကျွန်တော့်ဇနီးက ပိတ်စအဖြူရောင်ဖြင့် တရိုတသေ ပတ်ထားသော အထုပ်တစ်ထုပ် ကမ်းပေးသည်၊ အထုပ်ကို ကျွန်တော် ဖြေလိုက်သည်၊ တစ်မိုက်ခန့် တရုတ်စကားသားမှာ အခေါက်အကြောမရှိတော့ဘဲ ပြောင်ချောအောင် သွေးထားသည်ကို တွေ့ရသည်၊



ကျွန်တော်ကိုယ်တိုင် ခုတ်ပေးခဲ့၍ သိနေခြင်းဖြစ်သည်၊ ထိုအပေါ်တွင် အင်းကွက်တစ်ကွက် တွေ့ရသည်၊ အင်းကွက်အကွက် (၉)ကွက်ရှိသည့် အကွက်တိုင်းတွင် စာများရှိသည်၊

"ဒါကို ဆောင်ထားလို့ အရောင်းအဝယ် ကောင်းလာတာ ပြိုင်ဆိုင်မယ့် သူတွေလည်း နောက်ဆုတ်သွားကြတယ်"

ကျွန်တော်က သိချင်စိတ်ဖြင့် မဝင်းကို မေးလိုက်သည်၊

"မဝင်းရေ ... ဒီအင်းက ဘာအင်းလို့ ခေါ်လဲ"

"ကုဏ္ဍာသယ ပုဏ္ဏက အင်းဟုတ်လား - ဒီအင်းက ဈေးရောင်းကောင်းဖို့ အစ်ခုတည်း မဟုတ်ဘဲ တခြားအကျိုးသက်ရောက်မှုတွေ ရှိဦးမယ် ထင်တယ်၊ (၇)ရက် သားသမီးတွေအတွက် ရေးပြချင်တယ်၊ မဝင်းကို လုပ်ပေးတဲ့ ဆရာကိုပြောပြီး အသေးစိတ် သိချင်လို့ တောင်းခဲ့ပါလား"

"ရနိုင်မယ် ထင်တယ်၊ ကျွန်မကို အဲဒီအင်းလုပ်ပေးတဲ့သူကို မေးပေးပါ့မယ်"

"မဝင်းကိုပေးတဲ့ သူက ကိုယ်တိုင်လုပ်တာ မဟုတ်ဘူးလား"

"ကိုယ်တိုင် မဟုတ်ပါဘူး၊ သူ့ ဆရာလုပ်ပေးတာတဲ့ ကျွန်မကိုစွပြော ပြီတော့ သူ့ဆရာက လုပ်ပေးမယ်ဆိုလို့ ကျွန်မ လက်ခံခဲ့တာ၊ အဆင် ပြေရင်ကန်တော့ပါဆိုလို့ တနင့်တပိုး ပေးခဲ့ရတယ်၊ ကန်တော့တယ်ပဲ ဆိုပါတော့ ဒါပေမဲ့ ကန်တော့ရတာ တန်ပါတယ်"

"ဟုတ်ပါပြီ ... ဘယ်သူ လုပ်ပေးတာလဲ မဝင်း မသိဘူးလား"

"ကျွန်မကို ဆက်သွယ်ပေးတဲ့ သူ ပြောတော့ မော်ဘီဘက်က ဆရာတဲ့ ကပ္ပိယရွှေမိုးလို့တော့ ပြောသံကြားမိတယ်"

"ဘာ ကပ္ပိယရွှေမိုး ဟုတ်လား မော်ဘီမှာနေတဲ့ ကပ္ပိယရွှေမိုးလား"

"ဟုတ်တယ် ... ကျွန်မ မော်ဘီ လိုက်သွားရသေးတယ် ဘာဖြစ်လို့လဲ"

"အဲဒီက ကပ္ပိယရွှေမိုးက ကျွန်တော်နဲ့ တော်တော်ရင်းနှီးတာ အစက သိခဲ့ရဘူး၊ ကျွန်တော်ပဲ ဆက်သွယ်လိုက်တော့မယ်၊ ဒါနဲ့ကပ္ပိယကြီးအခိ ...န်ခနီးထွက်နေကြတယ် မဟုတ်လား၊ သထုံဘက်မြသပိတ်တောင်လား ... လာသတောင်လားတော့ အတိအကျမသိဘူး၊ အဲဒီဘက် အမိဋ္ဌာန် ခရီး ...နေတယ်လို့ သိထားတာ"

"ကေလာသတောင်လို့ ကြားရတယ်၊ ပြန်ရောက်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပဲ…မဝင်းကျွန်တော်သွားတွေ့လိုက်မယ်ပြီးတော့တရုတ်စကားသားနဲ့ လုပ်ထားတဲ့အင်းကွက်အကြောင်းလည်း မေးခဲ့မယ်။ ခုနက ပြောတာ ဘာအင်းလဲ"

"ဣန္ဒာသယ ပုဏ္ဏက အင်းတဲ့"

"ဂါထာကရော ဘယ်လိုခေါ်လဲ"

"ဂါထာက အင်းဆံဂါထာတဲ့"

"ကောင်းပါပြီ … အဲဒီအင်းနဲ့ ဂါထာကြောင့် မဝင်းတို့အရောင်းအဝယ် အဆင်ပြေခဲ့ကြတာကိုး။ ဒါနဲ့တနင့်တပိုး ပေးရတာတော့ မဟုတ်သေးဘူး။ ကျွန်မကတစ်ဆင့် ဆက်သွယ်ရတာဆိုတော့ ဆက်သွယ်ပေးတဲ့သူက တောင်းသလောက်ပေးခဲ့ရတာပေါ့"

"ကပ္ပိယကြီးက …ပန်းဖိုးဖရောင်းတိုင်ဖိုးလောက်သာ လက်ခံတာ၊ ထား ပါတော့လေ"

ကျွန်တော့်ဇနီးနှင့်မဝင်းတို့ အရောင်းအဝယ် အဆင်ပြေနေသည်မှာ ကပ္ပိယကြီးရွှေမိုး၏ အစီအရင်ကြောင့် ဖြစ်ကြောင်း ယခုမှ ကျွန်တော် သိရသည်။

ကပ္ပိယကြီးရွှေမိုး၏ အင်းနှင့်ဂါထာက အစွမ်းထက်လှကြောင်း ကျွန်တော်လက်တွေ့ပင် ဖြစ်သည်။ နောက်တစ်နေ့တွင် ကပ္ပိယကြီးရှိရာ မော်ဘီဓာတ်စခန်းသို့ကျွန်တော်လိုက်သွားသည်။ ကပ္ပိယကြီးကိုအဆင်သင့် တွေ့ရသည်။ ကျွန်တော့်ကို တွေ့သည်နှင့် ကပ္ပိယကြီးက ဝမ်းသာအားရ နှုတ်ဆက်သည်။

"ပျောက်ချက်သား …ကောင်းလှချေလား မောင်မိုးရဲ့ - ဘယ်က ဘယ်လို ရောက်လာတာလဲ"

"ကပ္ပိယကြီးဆီ လာခဲ့တာပဲ အမိဌာန်ခရီးထွက်နေတာ ပြန်မရောက် သေးဘူးထင်လို့ ကျွန်တော် မလာဖြစ်တာပါ"

"ဒါနဲ့ … ခု ရောက်လာတာ ကိစ္စရှိလို့လား မောင်မိုး"

"ကိစ္စအထူးအထွေတော့ မရှိပါဘူး။ တရုတ်စကားသားနဲ့ လုပ်ထားတဲ့ ဣန္ဒာသယပုဏ္ဏက အင်းနဲ့ အင်းဆံဂါထာအကြောင်း သိချင်လို့ လာခဲ့တာပါ"

"ဟော … ဘလောကပဲ အဲဒီအင်းနဲ့ဂါထာ တနင်္လာ သမီးအတွက် လုပ် ပေးလိုက်ရသေးတယ်"



"အဲဒီ … တနင်္လာ သမီးဟာ ကျွန်တော့်ဇနီးပါပဲ"

"ဩော် … မောင်မိုးရဲ့ဇနီးလား အရောင်းအဝယ် မကောင်းဘူး။ ပြီးတော့ အတိုက်အခံတွေလည်း ရှိနေတယ်ဆိုလို့လုပ်ပေးလိုက်တာ အဆင်ပြေတယ် မဟုတ်လား"

"ကပ္ပိယကြီးကို ကျွန်တော် ယုံပါတယ်။ ကပ္ပိယကြီး ဆောင်ရွက်ပေးရင် အဆင်မပြေတာ မရှိခဲ့ပါဘူး။"

"ဘာလဲ … မောင်မိုးက စာရေးဆရာဆိုတော့ ဣန္ဒာသယ ပုဏ္ဏက အင်း အကြောင်း ရေးမလို့လား"

"အများအကျိုးဖြစ်မယ့်ကိစ္စပဲ ရေးချင်ပါတယ်။ ကျွန်တော့်ကို ပြောပြ ပါလား"

ဣန္ဒာသယ ပုဏ္ဏက အင်းပုံ

| | | |
|---|---|---|
| ပု | ဟ် | ရာ |
| [illegible] | | ဏ္ဏ |
| [illegible] | ဇာ | ယ |

အင်းဆံဂါထာ

ပုဏ္ဏကောဟ် ယက္ခရာဇာ။

အလယ်တွင် လိုသူ၏ နံကိုသွတ်၊

အဟ် - ဝါသည် ပုဏ္ဏကော ပုဏ္ဏက

အမည်ရှိသောယက္ခရာဇာ - ဘီလူးမင်း

တည်း။

"အင်းကိုတော့ တရုတ်စကားသားပေါ်မှာ မောင်မိုးတွေ့ခဲ့ပြီးပြီပဲ ။ ဂါထာ အကြောင်းတော့ မသိသေးဘူး မဟုတ်လား။ မောင်မိုးဇနီး ရွတ်နေတဲ့ဂါထာ ဂါထာနဲ့ အင်းကွက်ရေးပေးလိုက်မယ် ခဏစောင့်"

ချက်ချင်းပင် ကပ္ပိယကြီးက စာရွက်တစ်ရွက်ပေါ်တွင် ဣန္ဒာသယ ပုဏ္ဏက အင်းပုံနှင့် အင်းဆံဂါထာကို ရေးချလိုက်သည်။ အင်းကွက်များလည်း တွေ့ရ သည်။

"ပြီးပြီ … ရော့ - မောင်မိုး ဖတ်ကြည့် အင်း … အစီအရင် ပြုလုပ်ပုံနည်းပါ ပါတယ်။ ဂါထာလည်း ပါတယ်။ မောင်မိုးဇနီး နေ့စဉ် ရွတ်နေတဲ့ ဂါထာ ဒါ အင်းကို ဆောင်ထားပြီး ဂါထာကို ရွတ်ရတာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယကြီးပေးသည့်စာရွက်ကိုကျွန်တော်ကြည့်လိုက်သည်။အောက်ပါအတိုင်း အင်းပုံနှင့် ဂါထာကို တွေ့လိုက်ရသည်။ အောက်တွင် အစီအရင်ပြုလုပ်ပုံကိုလည်း တွေ့ရသည်။

စီရင်ပုံ။ ။ဤအင်းကို ရွှေပြားတွင် ဖြစ်စေ၊ ငွေပြားတွင် ဖြစ်စေ နက္ခတ်ခါးပတ်ရွေးချယ်၍လက်ဖွဲ့ထိုးရမည်။လက်ဖွဲ့လိပ်ပြီးသော်ဘောင်ထိပ်သို့တက်၍အင်းဆံဂါထာနှင့် တစ်ထောင်စုတ်ရမည်။ပြီးလျှင် ဆောင် ရန်ဟူသမျှ ပြေပျောက်၏။ အဟန့်အတား ကောင်းလှ၏။ အပြိုင်အဆိုင် အနိုင်အရှုံး ဟူသမျှ၌ ရေကောင်းရေသန့်တွင်ငုပ်ရေကို မျက်နှာလိမ်း သောက်လည်း သောက်၊ ပြီးလျှင် စိတ်ကို စင်ကြယ်အောင် ထားရမည်။ အလုံးစုံပြီး၏။

ဝိယလိုသော် ၎င်းလက်ဖွဲ့ကို နံ့သာရေနှင့်စိမ်၍ အထက်နည်းအတိုင်း စီရင်လေ၊ စီးပွားရေးနှင့်စပ်လျဉ်းသော အပြိုင်အဆိုင် အနိုင်အရှုံးများမှာ တရုတ်စကားသားတွင် အကြောပြတ်အောင်သွေး၊ အင်းချပြီးမှ ဟသ်ပဒါးနှင့်ထပ်မံ၍ ရေးပြီးလျှင် အထက်ပါအတိုင်း စီရင်ဆောင်လေ။ မိမိလိုရာအောင်မြင်၏။ မယုံမရှိလင့် ဂါထာမန်းသောအခါ (၃၂)ထပ်မန်းပါ သစ္စာတိုထိန်းပါ ဉာဏ်ရှိတိုင်းသုံး အကျိုးများလှ၏။

ကပ္ပိယကြီးရွှေမိုးက ဤစ္ဆာသယ ပုဏ္ဏကအင်းနှင့်အင်းဆံဂါထာစီရင်နည်း အသေးစိတ် ရေးပေးခဲ့သည်။ အင်းနှင့်ဂါထာ အစွမ်းထက်ပုံ ကျွန်တော်ကိုယ်တွေ့ပင် ဖြစ်သည်။

"(၇)ရက်သားသမီးအတွက်မောင်မိုးရေးချင်တယ်မဟုတ်လား။ ရေးနိုင်အောင် အပြည့်အစုံ ပေးထားတယ်"

"စိတ်ချ ကပ္ပိယကြီး ကျွန်တော် ရေးပါ့မယ် - ကပ္ပိယကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကပ္ပိယကြီးကို နှုတ်ဆက်ပြီး မော်ဘီမှ ကျွန်တော် ပြန်လာခဲ့သည်။ အင်းနှင့်အင်းဆံဂါထာ အစွမ်းထက်ပုံအကြောင်းရေးရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်နေပါတော့သည်။





# သူတို့ညီအစ်မ

www.burmeseclassic.com

www.burmeseclassic.com

# သူတို့ညီအစ်မ

[ နတ်ဝိမယ် ]

လွန်ခဲ့သော (၄)နှစ်ခန့်က ဤ ဂမ္ဘီရလောကမဂ္ဂဇင်းတွင် "အမြွှာညီအစ်မ" အမည်ဖြင့် ကျွန်မ ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ အတိအကျဆိုရလျှင် (၂၀၀၉)ခုနှစ် မေလထုတ်မဂ္ဂဇင်းတွင် ဖြစ်သည်။

ထိုအမြွှာညီအစ်မဝတ္ထုမှာ ကျွန်မ၏တခြားဝတ္ထုတွေလို စိတ်ကူးယဉ်ဖန်တီးရေးထားခြင်း မဟုတ်ဘဲ တကယ့်ဖြစ်ရပ်မှန်ကို ရေးသားထားခြင်းဖြစ်သည်။ တခြားသူအကြောင်းလည်း မဟုတ်ဘဲ ကျွန်မ၏ အဘွားအကြောင်းဖြစ်သည်။ အမေ့ဘက်မှတော်စပ်သော အဘွားတို့အမြွှာညီအစ်မအကြောင်းတို့ ရေးသားထားခြင်းဖြစ်ပြီး ကျွန်မက ဖတ်၍ ပြေပြစ်ချောမွေ့စေရန်နှင့် ဝတ္ထုဆန်စေရန် အနည်းငယ် ပြင်ဆင် ဖွဲ့နွဲ့ခဲ့သည်မှလွဲ၍ ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

ယခုဝတ္ထုသည် ထိုအမြွှာညီအစ်မဝတ္ထု၏ နောက်ဆက်တွဲဟု ပြောလျှင်ရပါသည်။ ထိုဝတ္ထုရေးစဉ်က ကျွန်မ မသိခဲ့ရသေးသော အဘွားတို့ညီအစ်မ၏ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်များကို ယခုမှ ထပ်မံ သိလိုက်ရ၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ စာဖတ်သူများ ဖတ်၍အဆင်ပြေစေရန် လွန်ခဲ့သော (၄)နှစ်က ရေးခဲ့သော အမြွှာညီအစ်မ ဝတ္ထုဇာတ်ကြောင်းကို အကျဉ်းချုံး၍ ပြန်လည် ဖော်ပြလိုက်ပါသည်။



၀၀၀

အဘွားတို့ အမြွှာညီအစ်မသည် (၁၅)မိနစ်သာခြားသော အမြွှာများဖြစ်ပြီး အမည်များမှာ ဒေါ်တင်ညွှန့်နှင့်ဒေါ်တင်ဥတို့ဖြစ်သည်။ ကျွန်မ၏အဘွား ဒေါ်တင်ညွှန့်ကအကြီးဖြစ်ပြီး ဒေါ်တင်ဥက အငယ်ဖြစ်သည်။ သို့တိုင်အောင် ရုပ်ချင်းချွတ်စွပ်တူသော သူမတို့နှစ်ယောက်ကို ဘယ်သူမှ အကြီးအငယ် မခွဲနိုင်ပါ။ မိခင်ရင်းဖြစ်သူပင်မခွဲခြားတတ်၍သမီးနှစ်ယောက်ကိုတစ်ယောက်ကို ရွှေနားကွင်းဝတ်ပေးပြီး တစ်ယောက်ကို ရွှေနားဆွဲဝတ်ပေးကာ ခွဲထားရသည်ဟု သိရသည်။

သူတို့ညီအစ်မမှာ ရုပ်ချင်းချွတ်စွပ်တူသော်လည်း အကျင့်စရိုက်ကတော့ ဆန့်ကျင်ဖက်တွေ ဖြစ်ကြသည်။ အဘွားဒေါ်တင်ညွှန့်က ရိုးရိုးအေးအေးတာလေးနေတတ်ပြီး ဒေါ်တင်ဥကတော့ သွက်လက်တက်ကြွစွာနေတတ်သူ ဖြစ်သည်။ ငယ်နာမည် လုံးလုံးဟု ချစ်စနိုးခေါ်ကြသော ဒေါ်တင်ဥသည် အနောက်လည်းသန်ကာ ပျော်ပျော်နေတတ်သူဖြစ်သည်။ ညွှန့်ညွှန့်ဟု ခေါ်ကြသော အဘွားဒေါ်တင်ညွှန့်ကတော့ သူ့အကျင့်စရိုက်အတိုင်း ခပ်အေးအေးသာ နေတတ်ပါသည်။

သူမတို့ငယ်စဉ်ကဆိုလျှင် လုံးလုံး၏နောက်ပြောင်ကျီစယ်မှုကြောင့် အခွဲတမ်းဒုက္ခရောက်ရလေ့ ရှိသည်ဟု ကြားဖူးသည်။ ကျွန်မ၏အဘိုးဖြစ်သူ ညွှန့်ညွှန့်၏ချစ်သူကိုတင်အား လုံးလုံးက ညွှန့်ညွှန့်ဟန်ဆောင်ကာ ကြာခဏ ပုံမှားရိုက်တတ်သည်တဲ့။ ထို့အတူ တခြားသူများကိုလည်း မကြာခဏ ပုံမှားရိုက်ကာ နောင်ပြောင်တတ်သည်ဟု သိရသည်။

သူတို့ညီအစ်မသည် ရုပ်ချင်းချွတ်စွပ်တူယုံမက အမြွှာများတွင် ဖြစ်လေ့ဖြစ်ထရှိသော ထူးခြားမှုတစ်ခုလည်း ရှိပါသေးသည်။ ထို ထူးခြားမှုမှာ တစ်ယောက်တစ်ခုခု ဖြစ်လျှင် ကျန်တစ်ယောက်ကပါ ဆင်တူယိုးမှား လိုက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်ခြင်းဖြစ်သည်။ တစ်ယောက်ဈားလျှင်ကျန်တစ်ယောက်ပါ လိုက်ဈားတတ်ပြီး တစ်ယောက်တွင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရလျှင်ကျန် တစ်ယောက်က အလိုလိုနာကျင်ခံစားရလေ့ရှိသည်။ ထို့ကြောင့်သူတို့ နှစ်ယောက်သည် တစ်ယောက်တစ်နေရာဆီ ဝေးနေလျှင်တောင်တစ် ယောက်တစ်ခုခုဖြစ်လျှင် တစ်ယောက်က အလိုလို သိနိုင်စွမ်း ရှိပါသည်။

ထို့အပြင် ကျွန်မတို့၏အဘွားညွန့်ညွန့်သည် ငယ်စဉ်ကတည်းက သာမန်ထက် ထူးခြားသူတစ်ဦးဖြစ်ပြီး ကလေးဘဝကတည်းက ထူးထူး ဆန်းဆန်း စကားတွေလည်း ပြောတတ်သည်။ ရွယ်တူကလေးတွေနှင့် ဆော့ကစားနေရင်းမှ ရုံဖန်ရံခါတွင် ထူးဆန်းသော စကားများကို စိတ်လို လက်ရ ထပြောတတ်သည်။

"ငါက နဂါးပြည်က လာတာဟ - ငါတို့မှာ ညီအစ်မတွေ အများကြီးပဲ။ ငါ့အစ်မတွေက ငါ့ကို အရမ်းချစ်တာ ခုအမေတို့နဲ့နေတာတောင် သူတို့က သိပ်မကြိုက်ဘူး။ ငါ့ကို မြန်မြန် ပြန်လာခဲ့ရမယ်တဲ့။ ဒီမှာ အကြာကြီးမနေ ရဘူးတဲ့"

"ဟဲ့ … ညွန့်ညွန့် ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ ဘာနဂါးပြည်လည်း အရူးမ"

ဟု ထောပနာ ပြုတတ်သည်။ ညွန့်ညွန့်ကလည်း ပြောဇက်စက် မလျှော့ပဲ …

"ငါ တကယ်ပြောတာဟ - ငါ့အစ်မတွေက ငါ့ကို မှာထားတယ်။ ဒီမှာ နောက်နှစ်တွေ အများကြီး နေပြီးရင် ပြန်လာခဲ့ရမယ်တဲ့ - ငါယောကျ်ား ယူပြီး သားတွေသမီးတွေမွေးပြီးရင် ပြန်သွားရမှာ။ ငါ့သားလေးတွေတောင် ရှင်ပြုမသွားနိုင်ပါဘူးဟာ"

ဟု - ပြောလေ့ရှိသည်။ ထိုစဉ်ကတော့ ကလေးပီပီ စိတ်ကူးယဉ်တာ လျှောက်ပြောနေသည်ဟုပဲ သတ်မှတ်ထားခဲ့ကြပါသည်။ ထိုအချိန်ကာလက သိုက်သမိုင်း ရုပ်ရှင်ကားတွေလည်း ခေတ်စား လူကြိုက်များနေခဲ့သည် မဟုတ်လား။



သို့သော် ညွန့်ညွန့်က ကလေးအရွယ်မှာတင် ပေါက်ကရ ပြောခဲ့ခြင်း မဟုတ်ပဲ အရွယ်ရောက်လာသည့်တိုင်အောင် ထိုအိပ်မက်များအကြောင်း ကိုပြောဆဲပင်။ သူမ အပျိုပေါက်အရွယ်သို့ ရောက်လာသောအခါ အိပ်မက် များတိုင်းပင် ထူးဆန်းလာခဲ့သည်။ ညွန့်ညွန့်စကားအရ ထိုအိပ်မက်များမှာ အိပ်မက်မက်နေသည်နှင့်မတူဘဲ အပြင်မှာ တကယ့်ဖြစ်ပျက်နေသလို ခံစား ရသည်တဲ့။

အိပ်မက်ထဲတွင် ညွန့်ညွန့်က အိပ်နေရင်းမှထကာ မြစ်ကမ်းနဖူးသို့ တစ်ယောက်တည်း လျှောက်သွားခဲ့သည်တဲ့။ အဘွားတို့အိမ်က ဧရာဝတီမြစ်ကမ်းဘေးတွင် ရှိသည်။ သူမသည်မြစ်စပ်တွင်ရပ်ကာ တစ်စုံတစ်ယောက်ကို မျှော်နေစဉ် မှာပင် မြစ်ရေထဲမှ လူတစ်ယောက်တက်လာသည်။ ထိုသူသည် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် ရွှေးခေတ်မင်းညီမင်းသားဝတ်စုံမျိုး ဝတ်ဆင်ထားပြီး ရောင်ထုံးထုံးထားသည်။ အသက်အရွယ် ခန့်မှန်းရခက် သော ထိုလူသည် ထူးခြားစွာပင် အသားအရေက ရွှေကဲ့သို့ဝင်းဝါတောက်ပ နေပြီး ရုပ်ရည်က နှိုင်းပြစရာ မရှိလောက်အောင် အလွန် ချောမောလှပ သည်တဲ့။

အိပ်မက်ထဲတွင် ထိုသူ့ကို ညွန့်ညွန့်က သိနေပြီး ညွန့်ညွန့်၏ချစ်သူ ဖြစ် နေသည်။ သူမတို့နှစ်ယောက်သည် မြစ်ကမ်းစပ်မှ ညောင်ပင်ကြီးအောက် တွင် ညစဉ်ညတိုင်း တွေ့ဖြစ်ကြသည်။ သူမတို့ တွေ့ဆုံပြီးသည့်အခါတိုင်း ထိုသူသည် မြစ်ထဲသို့ဆင်းကာ ပြန်လည် ပျောက်ကွယ်သွားလေ့ရှိသည်။ ထိုအချိန်တွင် ညွန့်ညွန့်က ဝမ်းနည်းစွာဖြင့် ထိုသူ၏ တောင်ရှည်ပုဆိုးကို ဆွဲကာ မသွားရန် တားမြစ်မိတတ်သည်။

သို့သော် တကယ်တမ်း သူမ ဆွဲနေမိသည်က ထိုသူ၏ပုဆိုး မဟုတ်ဘဲ ဘေးတွင် အတူတူအိပ်နေသော လုံးလုံး၏ လုံချည်စ ဖြစ်နေသည်။

"ဟဲ့ … အို ဘာလို့ ဆွဲနေရတာလဲ - ဒီမှာ လုံချည်ကျွတ်တော့မယ်ဟဲ့"

လုံးလုံးက အလန့်တကြားဖြင့် အော်တော့မှ ညွန့်ညွန့်လန့်နိုးလာကာ မှုန်စိစိဖြင့် -

"ညည်း … လုံချည်ကို ငါ ဆွဲနေမိတာလား မသိပါဘူး။ ငါက မောင်ကြီးရဲ့ ပုဆိုးစမှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ပြောတတ်ပါသည်။ ထိုအိပ်မက်သည် ညွှန့်ညွှန့်အပျိုဘဝက ညစဉ်မက်ခဲ့သော အိမ်မက်ဖြစ်ပြီး ညွှန့်ညွှန့်အိမ်ထောင်ကျသောအခါ ထူးဆန်းစွာပင် လုံးဝ မမက်တော့ပါ။

ဆ၅

ညွှန့်ညွှန့်(၁၇)နှစ်အရွယ်တွင် ချစ်သူကိုတင်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး (၆)ယောက် မွေးဖွားခဲ့သည်။ လုံးလုံးကလည်း သူမနှင့်မတိမ်းမယိမ်းမှာပင် အိမ်ထောင်ကျသွားခဲ့သည်။ ညွှန့်ညွှန့် အိမ်ထောင်ကျပြီး သားသမီး (၄)ယောက် မွေးဖွားပြီးသည့်အချိန်တွင် ထူးဆန်းသော အိပ်မက်များကို ပြန်မက်သည်။ သို့သော် အပျိုဘဝက မက်ခဲ့သော အိပ်မက်မဟုတ်တော့ပဲ ပြောင်းလဲသွားတော့ပါသည်။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဖြင့် အဘိုးအိုတစ်ယောက်က ညွှန့်ညွှန့်ကိုတစ်နေရာလိုက်ခဲ့ရန် ခေါ်သည်။ ညွှန့်ညွှန့်ကလည်း မငြင်းဆန်ဘဲ ထိုအဘိုး၏နောက်မှလိုက်သွားခဲ့သည်။ ထိုအဘိုးက ညွှန့်ညွှန့်ကိုမြစ်ကမ်းစပ်သို့ခေါ်သွားပြီး မြစ်ရေထဲသို့ဆင်းသွားရာ ညွှန့်ညွှန့်သည် သူ့နောက်မှလိုက်ပါလာခဲ့သည်။

မြစ်ထဲသို့ တော်တော်လေးနက်အောင် ဆင်းလာခဲ့ပြီးချိန်မှာတော့ ညွှန့်ညွှန့်၏ရှေ့တွင် အစျွန်အတက်များ ပန်းကနုတ်များဖြင့် အလွန်ခမ်းနားထည်ဝါလှသော ရွှေရောင်အဆောက်အဦကြီးတစ်ခုကို တွေ့လိုက်ရသည်။ ထိုအဆောက်အဦ၏ဝင်ပေါက်ဘေးမှာတော့ ထူးဆန်း၍ကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဌာန်နှင့်လူကြီးနှစ်ယောက်က စောင့်ကြပ်နေသည်။ ကြီးမားသော တင်းပုတ်ကြီးကိုထမ်းလျက် စောင့်ကြပ်နေသော လူကြီးများသည်မည်းနက်သောအသားအရေ၊ ကြီးမားထွားကြိုင်းသော ခန္ဓာကိုယ်၊ ပုံဆိုးပန်းဆိုး မျက်နှာကြီးများနှင့် ညွှန့်ညွှန့်၏စိတ်ထဲတွင် ဘီလူးကြီးတွေဟု ထင်မြင်နေမိသည်။

အဆောက်အအုံထဲသို့ ညွှန့်ညွှန့် ဝင်သွားသောအခါမှာ ထူးဆန်းအံ့ဩဖွယ် မြင်ကွင်းကို မြင်လိုက်ရသည်။ ကြမ်းပြင်ပေါ်တွင် ရွှေဒင်္ဂါးပြားများ



ရွှေထည်လက်ဝတ်ရတနာများ၊ ရွှေမန်ကျည်းတောင့်များစသည့်များစွာသော ရွှေထည်ပစ္စည်းများသည် တောင်လို ပုံနေကြလေသည်။ တခြားနေရာများတွင်လည်း စိန်များ၊ နီနီရဲရဲ ပတ္တမြားများစသည့် ကျောက်မျက်ရတနာများက အပုံလိုက် ရှိနေကြလေသည်။

ညွှန့်ညွှန့်သည် သူမရှေ့မှ မြင်ကွင်းကို အံ့အားသင့်စွာကြည့်ရင်း လိုချင်တပ်မက်စိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် သူမကိုခေါ်လာသော အဘိုးကြီးလည်း မရှိတော့ပဲ ဘယ်ရောက်သွားမှန်း မသိရပေ။ ဘေးဘီကို ကြည့်တော့လည်း လူတစ်ယောက်မှ မတွေ့ရသဖြင့် ညွှန့်ညွှန့်သည် ထိုနေရာသို့ပြေးကာ ရတနာပစ္စည်းများကိုသိမ်းကြုံးယူတော့သည်။ လက်ဖြင့်ဆုပ်ယူရတာ အားမရသဖြင့် လုံချည်အောက်နားစကို မကာလုံချည်ထဲသို့ ကြုံးထည့်လေသည်။

ထိုစဉ်မှာပင် မိန်းမတစ်ယောက်၏ ရယ်သံကို ကြားလိုက်ရသဖြင့် ညွှန့်ညွှန့်လန့်သွားကာ မော့ကြည့်လိုက်သည်။ ထိုအခါ စောစောက မတွေ့ရသော မိန်းမလေးငါးယောက်သည် သူမကို ကြည့်ကာ ရယ်မောနေသည်ကို တွေ့လိုက်ရသည်။ ထိုမိန်းမများသည် အားလုံး ငယ်ရွယ်နုပျိုကာ ချောမောလှပပြီး ရှေးခေတ်နန်းတွင်းနန်းစားဝတ်စုံများ ဝတ်ဆင်ထားကြသည်။ အသားအရေသည် ရွှေရောင်ဝင်းဝါ တောက်ပနေပြီး နက်မှောင် ရှည်လျားသော ဆံပင်များက ခြေဖျားထိပင်။

"ညီမငယ် - အဲဒီပစ္စည်းတွေကို လိုချင်သလား"

မိန်းမများထဲမှ တစ်ယောက်က ညွှန့်ညွှန့်ကို ပြုံးကြည့်ရင်း မေးသည်။ ညွှန့်ညွှန့်က-

"လိုချင်တာပေါ့ ... အစ်မရယ်"

ဟု မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။ ညွှန့်ညွှန့်စကားကြောင့် ထိုမိန်းမများက သဘောကျသလို ရယ်လိုက်ကြပြီး တစ်ယောက်က -

"အချိန်တန်တော့ ရရမှာပေါ့ ညီမငယ်ရယ် - စောပါသေးတယ်"

ဟု ပြောလိုက်သည်။ ထိုအချိန်မှာပင် ညွှန့်ညွှန့်သည် အိပ်ရာမှ လန့်နိုး လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအိပ်မက်ကို ညွှန့်ညွှန့် မကြာခဏ မက်လေ့ရှိသော်လည်း သိပ်ပြီး စိတ်ထဲမှာ မထားမိပါ။ နို့စို့ရင် အိမ်ထောင့်တာဝန်၊ သားသမီးတာဝန်များနှင့် လုံးချာလည်လိုက်နေသော သူမဘဝတွင် စိတ်ကူးယဉ်စရာအချိန်လည်း မရှိသဖြင့် အိပ်မက်လို့သာ သဘောထားလိုက်သည်။ ငယ်စဉ်က မက်ခဲ့သော အိမ်မက်များနှင့်လည်း ဆက်စပ်တွေးမကြည့်မိခဲ့ပေ။

(၅)ယောက်မြောက်ကလေးကို မွေးဖွားပြီးချိန်မှာတော့ ညွှန့်ညွှန့်သည် ခင်ပွန်းဖြစ်သူ၏ဇာတိတောရွာလေးသို့လိုက်ပါပြောင်းရွှေ့ခဲ့ရသည်။ လုံးလုံး သည်လည်း ခင်ပွန်းဖြစ်သူနှင့်အတူ ရောက်မြို့သို့ ပြောင်းရွှေ့သွားခဲ့သည်။ ထိုအချိန်မှစ၍ သူတို့ညီအစ်မနှစ်ယောက်သည် အဆက်အသွယ်ပြတ်သ လောက် ဖြစ်သွားရသည်။ ညွှန့်ညွှန့်သည် ထိုရွာလေးတွင် အခြေချနေထိုင် ရင်း (၆)ယောက်မြောက် သားလေးကိုပင် မွေးဖွားခဲ့လေပြီ။

ညွှန့်ညွှန့်ကိုကံဆိုးမိုးမှောင်ကျစေသော (၇)ယောက်မြောက် ကိုယ်ဝန် ကို ညွှန့်ညွှန့် လွယ်ထားရချိန်တွင် ထူးဆန်းသော အိပ်မက်များကို မက်လာ ပြန်သည်။ ယခင် အိပ်မက်ထဲတွင် တွေ့ရသော ရေအောက်နန်းတော်ထဲမှ မိန်းမပျိုများက ညွှန့်ညွှန့်ကို လာခေါ်နေကြခြင်း ဖြစ်သည်။ အချိန်တန်ပြီ ညီမငယ် ပြန်လာခဲ့တော့၊ အစ်မတော်တို့နဲ့ ပြန်လာနေတော့တဲ့။

ထိုသို့ အိပ်မက်မက်တိုင်းလည်း ညွှန့်ညွှန့်က သားလေးနှစ်ယောက်ကို ရှင်မပြုရသေး၍ မလိုက်နိုင်သေးကြောင်း ငြင်းဆန်လွှတ်လိုက်ရသည်။ သို့ တိုင်အောင် ထိုအိပ်မက်ကို ညွှန့်ညွှန့် အမြဲမက်ကာ ထိုမိန်းမများကလည်း ခွဲမလျှော့ဘဲ ညွှန့်ညွှန့်ကို ခေါ်နေဆဲပင်။

သို့နှင့် (၇)ယောက်မြောက်ကလေးကို မွေးဖွားချိန်သို့ ရောက်လာခဲ့ သည်။ ညွှန့်ညွှန့်၏ ကျန်းမာရေး အခြေအနေကြောင့် မီးဖွားရန် အခက်အခဲ ဖြစ်ခဲ့ရသည်။ ထိုခေတ်ထိုကာလက တောရွာများတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ မရှိကြသလို ဆေးရုံဆေးခန်းနှင့်လည်း အလှမ်းဝေးလှသဖြင့် ထို အခက်အခဲကို မကျော်လွှားနိုင်ခဲ့ကြပေ။

မြို့ဆေးရုံသို့ ပို့ဖို့ကြိုးစားကြသော်လည်း အချိန်မမီတော့ဘဲ ညွှန့်ညွှန့်၏ အသက်ကို လက်လွှတ် ဆုံးရှုံးလိုက်ရလေသည်။



ထူးခြားသောတိုက်ဆိုင်မှုက ညွှန့်ညွှန့် သေဆုံးသွားချိန်တွင် ရောက်မြို့ တွင်နေထိုင်သောလုံးလုံးသည်လည်းသေလုမြောပါးအခြေအနေကိုရင်ဆိုင် ခဲ့ရသည်။ လုံးလုံးသည် (၃)လခန့်ရှိသော ကိုယ်ဝန်ပျက်ကျကာ သွေးလွန်ပြီး ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံသို့ အချိန်မီတင်ပို့နိုင်ခဲ့၍သာ အသက်အန္တ ရာယ်နှင့် ရင်မဆိုင်ခဲ့ခြင်း ဖြစ်လေသည်။

ညွှန့်ညွှန့် ဆုံးပါးသွားပြီးမှ ညွှန့်ညွှန့် ကလေးဘဝကတည်းက ယခုအချိန် ထိမက်ခဲ့သောအိပ်မက်များက ညွှန့်ညွှန့်သေဆုံးခြင်းနှင့်တကယ်ပဲသက်ဆိုင် နေသလားဟု လုံးလုံး စဉ်းစားမိလေသည်။ ညွှန့်ညွှန့်ဟာ တကယ်ပဲ ထူးဆန်း သည့်ဘဝက လာသူလား။ ငယ်စဉ်က မက်ခဲ့သော အိပ်မက်တွေထဲကလို

---

နွားများသည်
ရှေ့မှ ကြောက်မက်ဖွယ်
တစ်စုံတစ်ရာက
တားဆီးထားသလို
ရှေ့သို့တစ်လှမ်း
မတိုးကြပေ။
တရှူးရှူးနှာမှုတ်ရင်း
နောက်သို့ အတင်း
ဆုတ်နေကြလေသည်။
လှည်းမောင်းသော ဦးကြီးကနွား
နှစ်ကောင်ကို မနည်းထိန်းထားရသည်။





www.burmeseclassic.com

www.burmeseclassic.com

သားလေးတွေ ရှင်မပြုရသေးခင် ဘဝဟောင်းကို ပြန်သွားရမည်ဆိုတာ တကယ်ပဲလား။ ညွှန့်ညွှန့်ရဲ့အိမ်မက်တွေဟာညွှန့်ညွှန့်ရဲ့ဘဝဟောင်းနဲ့ ဆက်စပ်နေလား။ ညွှန့်ညွှန့်ဟာ အခုဘဝမှာသေဆုံးပြီး တကယ်ပဲ ဘဝဟောင်းကို ပြန်သွားခဲ့တာလား။

ထိုအကြောင်းတွေကိုတော့ တမလွန်မှ ညွှန့်ညွှန့်တစ်ယောက်သာ အသိဆုံးဖြစ်ပါလိမ့်မည်။

ကျန်းမာရေးအခြေအနေအရ လုံးလုံးတစ်ယောက် ညွှန့်ညွှန့်၏ ရက်လည်ပြီးမှသာ ရွာသို့ ရောက်ရှိလာခဲ့သည်။

ညွှန့်ညွှန့်သည် အသက် (၄၀)အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး သားသမီး (၆)ယောက်တွင် အငယ်ဆုံးသားလေးက (၂)နှစ်ခန့်သာ ရှိသေးသည်။ အကြီးဆုံးသမီးမှာ (၁၇)နှစ်သာ ရှိပါသေးသည်။ အငယ်ဆုံးသမီးနှင့် သားမှာ လူမမည်အရွယ်လေးများဖြစ်၍မိခင်ဖြစ်သူ ဆုံးပါးသွားသည့်အဖြစ်ကိုပင် မသိနားမလည်ရှာပါ။ ထိုသို့မသိနားမလည်ခြင်းမှာလည်း အကြောင်းရှိပါသည်။

ညွှန့်ညွှန့်သည် တခြားရပ်ရွာတွင် သေဆုံးသွားခြင်းဖြစ်၍ အလောင်းကို ရွာထဲသို့သယ်ယူခွင့်မရခဲ့ပါ။ ရွာပြင်မှပတ်၍သချိုင်းသို့သယ်ယူကာ ညဘက်ကြီးတွင် သင်္ဂြိုဟ်လိုက်ရသည်။ ထိုအဖြစ်ကို အငယ်ကလေးများ မသိလိုက်ရပဲ အကြီးဆုံးနှစ်ယောက်သာ မိခင်၏အလောင်းကို မြင်ခွင့်ရခဲ့သည်။ ထို့ကြောင့် အငယ်ကလေးများသည် မိခင်သေဆုံးသွားသည်ကို မသိရှိကြပဲ ခရီးတစ်ခုခု သွားနေသလိုလိုဖြင့် လူကြီးများက ပြောထားကြသည်။

ထိုကလေးများသည် ညွှန့်ညွှန့်နှင့်ရုပ်ချင်းချွတ်စွပ်တူသော လုံးလုံးကို မြင်သောအခါ တုံ့ပြန်မှုက ဝမ်းနည်းစိတ်မကောင်းဖွယ် ကောင်းလှသည်။ လုံးလုံးကို မိခင်အမှတ်ဖြင့် ဝမ်းသာအားရ ပြေးဖက်ကြခြင်းဖြစ်လေသည်။

"အမေ ... ဘယ်သွားနေတာလဲ – ဒီမှာ မောင်လေးက ငိုလှပြီ၊ အမေ့ကို လွမ်းလို့တဲ့"



(၆)နှစ်ခန့်ရှိပြီဖြစ်သော အကြီးမလေးကပြောတော့ လုံးလုံးရင်ထဲ နင့်သွားရကာ မျက်ရည်မကျအောင် မနည်းထိန်းထားရသည်။ အငယ်ဆုံးလေးမှာလည်း လုံးလုံးကို မိခင်အမှတ်ဖြင့် ရင်ခွင်ထဲ အတင်းတိုးဝင်နေလေသည်။ ဘေးမှလူများလည်း ထိုအဖြစ်ကိုကြည့်ကာ မျက်ရည် မဆည်နိုင်အောင် ဖြစ်ရလေသည်။

ထိုအချိန်တွင် အနည်းငယ်သိတတ်နေပြီဖြစ်သော အကြီးမလေးက လုံးလုံးနှင့်အတူပါလာသော လုံးလုံး၏ သားသမီးများကို လက်ညှိုးထိုးပြီး –

"သူတို့က ဘယ်သူတွေလည်းအမေ – ဘာဖြစ်လို့အမေနဲ့လိုက်လာတာလဲ" ဟု မေးသည်။

"ဩော် ... သူတို့ကလား သူတို့လည်း အမေ့ရဲ့သားနဲ့သမီးတွေပဲလေ၊ အမေမွေးစားထားတာ သမီးရဲ့မောင်လေးညီမလေးတွေပဲ၊ အားလုံးမောင်နှမတွေချည်းပဲနော် သိလား"

လုံးလုံးမှာလည်း သားသမီးအရင်းကို မွေးစားသားသမီးဟု ပြောရပြီး တူတူမများကို သားသမီးရင်းလို ပြောဆို ဆက်ဆံနေရသည်။ ကလေးများတလည်း လုံးလုံး ထိုအိမ်မှာနေစဉ် အချိန်အတွင်း လုံးလုံးဘေးမှ မခွာပဲ အချိန်ပြည့် တွယ်ကပ်နေကြလေသည်။

ထိုအဖြစ်က ကလေးများ၏စိတ်ကို အချိန်ကာလအတိုင်းအတာတစ်ခု အထိ ဖြေသိမ့်ထားနိုင်သော်လည်း လုံးလုံးပြန်မည့်အချိန် ရောက်သောအခါ အခက်တွေ့ရတော့သည်။ ကလေးများသည် သူတို့၏မိခင် နောက်တစ်ခါ ပျောက်ကွယ်သွားမည်စိုးသည့်အလား လုံးလုံးအနားမှ ခွာကိုမခွာကြတော့ပေ၊ ထို့ကြောင့်လုံးလုံး ပြန်ရမည့်အရေးအတွက် အားလုံး ရင်လေးနေမိကြလေသည်။

နောက်တော့ လူကြီးများအားလုံးတိုင်ပင်ပြီး လုံးလုံးပြန်သောအခါ အငယ်ကလေး (၂)ယောက်ကိုအလည်အပတ် သဘောမျိုး ထည့်ပေးလိုက်ရန် ဆုံးဖြတ်လိုက်ကြသည်၊ လုံးလုံးက ချောက်သို့ ပြန်ရမည်ဖြစ်ပြီး ကိုးပင်ရွာမှတစ်ဆင့်ကားစီး၍ပြန်ရမည်ဖြစ်သည်၊ထိုခေတ်က လမ်းပန်းဆက်သွယ်ရေးများခက်ခဲပြီး တောရွာများတွင်ကားစီး၍ပြန်ရမည်ဖြစ်သည်၊ ထိုခေတ်က



www.burmeseclassic.com

www.burmeseclassic.com

လမ်းပန်းဆက်သွယ်ရေးများခက်ခဲပြီးတောရွာများတွင်လိုင်းကားများလည်း သိပ်မရှိသေးသဖြင့် မြို့ကြီးများသို့သွားလိုလျှင် ကားလိုင်းရှိသော ကိုးပင်သို့ အရင်သွားရသည်။ ယခုလည်းလုံးလုံးက ရွာမှကိုးပင်သို့လှည်းဖြင့် သွားပြီးမှ ကိုးပင်မှ ကားစီးပြီး ပြန်ရမည်ဖြစ်သည်။

ထို့ကြောင့် လုံးလုံးပြန်မည့်နေ့တွင် လုံးလုံးတို့လင်မယားနှင့် ကလေး (၄)ယောက်ကို ကိုးပင်ရွာသို့ လှည်းဖြင့် လိုက်ပို့ရသည်။ မြို့မှာမွေးသော လုံးလုံး၏ သားသမီးများကတော့ နွားလှည်းစီးရသည်ကို အပျော်ကြီးပျော်နေကြလေသည်။ လုံးလုံးမှာတော့ ကလေးတွေကိုကြည့်ကာ အစ်မဖြစ်သူကို သတိရလျက် စိတ်ထဲမှာ မကောင်းလှပေ။

ထိုအချိန်မှာပင် ထိတ်လန့်အံ့ဩဖွယ်ရာ အဖြစ်တစ်ခုကိုကြုံတွေ့လိုက်ရသည်။ လမ်းခုလတ်တစ်နေရာသို့ ရောက်သောအခါ ရှေ့သို့မှန်မှန်သွားနေသော နွားနစ်ကောင်က ရုတ်တရက် ရပ်တန့်ကာ နောက်သို့ပြန်လှည့်မည်ပြုကြလေသည်။

"ဟဲ့ … ဘာဖြစ်တာလဲ – ဒီနွားနစ်ကောင် ဘာဖောက်တာလဲကွ"

လှည်းမောင်းသောဦးကြီးက မာန်မဲရင်း နွားနစ်ကောင်ကို ရိုက်ကာမောင်းသည်။ သို့သော် နွားများသည်ရှေ့မှကြောက်မက်ဖွယ်တစ်စုံတစ်ရာကတားဆီးထားသလိုရှေ့သို့တစ်လှမ်းမှမတိုးကြပေ။ တရှူးရှူးနှာမှုတ်ရင်းနောက်သို့ အတင်းဆုတ်နေကြလေသည်။ လှည်းမောင်းသော ဦးကြီးကနွားနစ်ကောင်ကို မနည်းထိန်းထားရသည်။

လုံးလုံးသည် နွားနစ်ကောင်၏ ထူးဆန်းသော အပြုအမူကို အံ့ဩစွာကြည့်နေမိစဉ်မှာပင် နာခေါင်းထဲမှာ ထူးဆန်းသောအနံ့တစ်မျိုးကိုစိမ်းရွှေရွှေအနံ့ဖြစ်သည်။ ထိုအနံ့သည်လုံးလုံးတို့အနီးတစ်ဝိုက်တွင် သိသာထင်ရှားစွာ ပျံ့လွင့်နေလေသည်။

"ဟာ – ဘာအနံ့ကြီးလည်း စိမ်းရွှေရွှေနဲ့"

လှည်းမောင်းသော ဦးကြီးကလည်း အနံ့ရဟန်ဖြင့် ရေရွတ်သည်။ လုံးလုံးသည် ထိုအနံ့ကို ရှူရှိုက်နေရင်းမှ တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားမိသည်။ မြစ်ကမ်းဘေးတွင် မွေးကတည်းက နေထိုင်လာခဲ့ပြီး မြစ်ရေ



နှင့် အဆက်မပြတ်ခဲ့သော လုံးလုံးအတွက် ထိုအနံ့ကို ကောင်းစွာ သိပါသည်။

မြစ်ရေထဲတွင် ပေါများစွာ တွေ့ရလေ့ရှိသော ဗေဒါပန်းတို့၏ အမွှေးရနံ့သည်လည်း မဟုတ်၊ နံသည်လည်း မဟုတ်သော ရေဖြင့် အမြဲထိတွေ့ထားသောဗေဒါပန်း၏စိမ်းရွှေရွှေအနံ့တစ်မျိုးဖြစ်သည်။ လုံးလုံးတို့က ထိုအနံ့ကို သိရှိမှတ်မိလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအနံ့ ထွက်ပေါ်လာရခြင်း၏ အကြောင်းရင်းကို လုံးလုံးသဘောပေါက်သလို ဖြစ်သွားသည်။ ထို့ကြောင့် –

"ညွန့်ညွန့်ငါတို့ကို မနှောင့်ယှက်ပါနဲ့ကွယ် – ညည်းကြောင့်ကလေးတွေလန့်ကုန်လိမ့်မယ်။ ငါက ညည်းကလေးတွေကို အပြီးခေါ်သွားတာ မဟုတ်ပါဘူး။ ခဏ အလည်ခေါ်သွားတာပါ။ ပြီးရင် ဒီကိုပြန်ပို့မှာပါ။ ညည်းကလေးတွေအတွက် စိတ်ချပါအေ"

လုံးလုံးကပြောရင်းမှ ရင်ထဲမှနင့်ကာ ငိုသံပါလာမိသည်။ ထိုသို့ပြောပြီးသည်နှင့်နောက်မှာတော့ ထူးဆန်းစွာပင် ထိုအနံ့က ပျောက်သွားသည်။ ထို့နောက် နွားနစ်ကောင်လည်း ပုံမှန် အခြေအနေ ပြန်ဖြစ်ကာ ရှေ့သို့ ဆက်သွားကြတော့သည်။

သူ့သားသမီးတွေကို ခေါ်သွားမည်စိုး၍ တားမြစ်ခြင်းဖြစ်မည်ဟု လုံးလုံးတွေးမိကာ စိတ်မကောင်းဖြစ်ရသည်။ ရေနှင့်ဆိုင်သော ထိုအနံ့သည် ရေအောက်နဂါးပြည်မှ လာခဲ့သည်ဟု သူမကိုယ်သူမ ပြောလေ့ရှိသော ညွန့်ညွန့်အနံ့ဖြစ်မည်ဟု လုံးလုံး ယူဆမိပါသည်။ လုံးလုံး ထိုသို့ ပြောလိုက်ပြီးမှ လှည်းက ရှေ့ဆက်သွား၍ ရခဲ့သည် မဟုတ်လား။

ညွန့်ညွန့်၏ကလေးများသည် လုံးလုံးနှင့်အတူနှစ်လခန့် လိုက်နေခဲ့ကြသည်။ ထို့နောက်မှာတော့ မည်မျှပင် သံယောဇဉ်ရစ်တွယ် နေပါစေ အချိန်တန်တော့ ကလေးများကို သူ့အိမ်သူ ပြန်ပို့လိုက်ရသည်။ လုံးလုံးက ကလေးများကို သားသမီးအရင်းလိုချစ်သော်လည်း သူမမှာလည်း သားသမီးသုံးယောက်နှင့်မို့ ကြာရှည်ခေါ်ထားဖို့ မဖြစ်နိုင်ပေ။ ပြီးတော့ လုံးလုံးမှာ နောက်ထပ်ကိုယ်ဝန်တစ်ခုကိုလည်း လွယ်ထားပြီ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ညွန့်ညွန့် ကလေးများမှာ မိခင်မရှိတော့သော်လည်း ဖခင်ဘက်က ဆွေမျိုးများက ဝိုင်းဝန်းစောင့်ရှောက်ကြသည်မို့ သူတို့ဘဝနှင့်သူတို့ အဆင်ပြေပါသည်။ အကြီးဆုံးသမီးနှစ်ယောက်ကလည်း အလုပ်လုပ်နိုင်သည့် အရွယ်ရောက်နေပြီ ဖြစ်သည်။ ဒုတိယသမီးဖြစ်သော ကျွန်မ၏အမေမှာ ထိုစဉ်က (၁၆)နှစ်ခန့်သာ ရှိပါသေးသည်။ အကြီးဆုံးသမီးကတော့ မကြာခင်မှာပဲ ထိုရွာသားများနှင့်ပင် အိမ်ထောင်ကျခဲ့ပါသည်။

ဆဆ

ထိုအချိန်များ အတောအတွင်းမှာတော့ လုံးလုံးသည် ညွန့်ညွန့်ကို အိပ်မက်မက်ခြင်း အရိပ်အယောင်မြင်ရခြင်း၊ အနံ့ရခြင်း ဘာမှ မရှိခဲ့ပါ။ သို့သော် လုံးလုံး၏ ကိုယ်ဝန်လရင့်လာချိန်မှာတော့ ညွန့်ညွန့် အိပ်မက်တွေ မက်လာသည်။ မက်သော အိပ်မက်တွေကလည်း တစ်ပုံစံတည်းဖြစ်သည်။ မွေးဖွားချိန်နီးလာလေ အိပ်မက်မက်သော ရက်က စိပ်လာလေဖြစ်လေသည်။

အိပ်မက်ထဲတွင် ညွန့်ညွန့် တစ်ယောက် လုံးလုံး၏အိမ်သို့ ရောက်လာသည်။ ညွန့်ညွန့် ၏ပုံစံမှာ အသက်ရှင်စဉ်က လုံးလုံးတစ်ခါမှ မမြင်ဘူးသော ပုံသဏ္ဍာန်ဖြစ်သည်။ အသားအရေမှာ အရင်ကလိုမဟုတ်ဘဲ ရွှေရောင်ဝင်းဝါတောက်ပနေပြီး ဝတ်ထားသော အဝတ်အစားကလည်း သစ်လွင်တောက်ပကာ အရောင်တဖျတ်ဖျတ် လက်နေသည်။ ရှပ်ရှည်မှာ အရင်ကထက် ပိုမိုချောမောလှပနေပြီး နက်မှောင်ရှည်လျားသော ဆံပင်များကိုဖားလျားချထားကာ တလက်လက်တောက်ပ ပြိုးပြက်နေသော လက်ဝတ်ရတနာများကိုလည်း ဝတ်ဆင်ထားသည်။

ညွန့်ညွန့်က လုံးလုံးထံရောက်လာကာ လုံးလုံးကို သူမနှင့် လိုက်ခဲ့ရန် ခေါ်သည်။ လုံးလုံးသည် အစ်မဖြစ်သူကိုပြန်တွေ့တော့ အလွန်ဝမ်းသာနေမိကာ အစ်မနှင့်အတူ လိုက်သွားချင်စိတ်များ ဖြစ်ပေါ်နေမိသည်။ သို့သော် ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်၍ လိုက်လို့ မဖြစ်နိုင်သေးတာကိုတော့



အိပ်မက်ထဲမှာပင် လုံးလုံးသိနေသည်။ ထို့ကြောင့် ကလေးမွေးဖွားပြီးမှ ညွန့်ညွန့်ကို ပြန်ပြောခဲ့လေသည်။

ထိုအိပ်မက်ကြောင့် လုံးလုံးစိတ်ထဲစနိုးစနောင့် ဖြစ်မိတာတော့ အမှန်ပဲဖြစ်သည်။ ညွန့်ညွန့် မဆုံးခင်အချိန်ကလည်း ထိုအိပ်မက်မျိုး မကြာခဏမက်ခဲ့သည်ဟု ညွန့်ညွန့် ၏ ခင်ပွန်းကိုတင်က ပြောပြဖူးသည် မဟုတ်လား။ သူမမှာလည်း ကိုယ်ဝန်အရင့်အမာကြီးနှင့်မို့ ထိုအိပ်မက်က မကောင်းသော အတိတ်နမိတ်များလားဟု စိုးရိမ်နေခဲ့မိသည်။ သို့သော် အိပ်မက်ထဲမှာတော့ ညွန့်ညွန့်ခေါ်ရာသို့ လိုက်ချင်နေမိတာ အမှန်ပဲ ဖြစ်သည်။ ဗိုက်ထဲမှ ကလေးကြောင့် ငြင်းဆန်နေခဲ့မိခြင်း ဖြစ်သည်။

ထိုအိပ်မက်ကြောင့် စိတ်တထင့်ထင့် ဖြစ်နေခဲ့ရသော လုံးလုံးသည် ကလေးကို ချောချောမွေ့မွေ့ မွေးဖွားပြီးမှသာ စိတ်ချမ်းသာနိုင်တော့သည်။ အသက်က (၄၀)ကျော်ပြီမို့ ကလေးမွေးဖွားဖို့အတွက် စိတ်ပူခဲ့ရသည် မဟုတ်လား။ ကလေးမွေးဖွားပြီးကတည်းက ထိုထူးဆန်းသော အိပ်မက်ကိုလည်း သိပ်မမက်တော့ပေ။ နောက်ဆုံးတစ်ကြိမ်မက်ပြီးကတည်းက ထပ်မမက်တော့ခြင်း ဖြစ်သည်။

ထိုနောက်ဆုံးတစ်ကြိမ်ကတော့ အတော်ပင်ထူးဆန်းကာ ကြက်သီးထွယ်ကောင်းလှသည်။ အိပ်မက်လို့ပင် မထင်ရပဲ ညွန့်ညွန့် တကယ်ရောက်လာသလိုပင်။

ထိုညက လုံးလုံးသည် အိမ်ရှေ့ကြမ်းပြင်တွင် ကလေးနှင့်တိုက်ရင်းမေးခန့် အိပ်ပျော်သွားခဲ့သည်။ ညဦးပိုင်းသာ ရှိသေးသည်မို့ အိမ်ရှိလူများ မည်သူမှ အိပ်ကြသေးပါ။ လုံးလုံးလည်း အိပ်ဖို့ မရည်ရွယ်သေးပဲ ကလေးသိပ်ရင်း အိပ်ပျော်သွားမိခြင်းဖြစ်သည်။ ကျန်ကလေးများကတော့ ဆော့သူကဆော့၊ စာကျက်သူကကျက်ဖြင့် ဘယ်သူမှ မအိပ်ကြသေးပေ။

လုံးလုံးထိုသို့ အိပ်ပျော်သွားစဉ် ညွန့်ညွန့်က ခါတိုင်းလိုပုံစံဖြင့် လုံးလုံး အိပ်နေသော နေရာသို့ ရောက်လာသည်။ သို့သော် ထိုအဖြစ်က အိပ်မက်ဟု မထင်ရဘဲ ညွန့်ညွန့် တကယ် ရောက်လာသလိုပင်။ ညွန့်ညွန့် ရောက်လာတော့ အရင်တစ်ခါ ရခဲ့ဖူးသော ဗေဒါပန်း၏ စိမ်းရွှေရွှေအနံ့က ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။ အိပ်မက်ထဲတွင် လုံးလုံး မြင်နေရသော ပတ်ဝန်းကျင်အနေအထားကလည်း သူမ အိပ်မပျော်ခင်က ပုံစံအတိုင်းပင်။

သူမ၏ခင်ပွန်းဖြစ်သူက အိမ်ထဲတွင် ထမင်းစားနေပြီး ကလေးတချို့တစ်ကျက်ကာ ကလေးတချို့က အိမ်ရှေ့တွင် ဆော့ကစားနေကြသည်။ သို့သော် ညွှန့်ညွှန့်ကိုတော့ ဘယ်သူမှ မမြင်ကြပေ။ ညွှန့်ညွှန့်က ကြမ်းပြင်ပေါ် လဲလျောင်းနေသော လုံးလုံးကို ငုံ့ကြည့်ပြီး -

"ငါညည်းကိုလာခေါ်တာ - ညည်းပဲကလေးမွေးဖွားပြီးရင်ငါနဲ့လိုက်မယ်ဆို၊ အဲဒါကြောင့် အခု ငါလာခေါ်တာ" ဟု ပြောသည်။

လုံးလုံးကလည်း သူမစကားကို ငြင်းဆန်ခြင်း မပြုမိပဲ ...

"အေး ... လိုက်မှာပေါ့အေ"

ဟု ပြောကာ ညွှန့်ညွှန့်နောက်မှ အသာတကြည် လိုက်လာခဲ့သည်။ ထိုသို့ညွှန့်ညွှန့်နောက်မှ လိုက်နေရင်းမှ သူမတို့ ရောက်နေသော ပတ်ဝန်းကျင် အခြေအနေက တဖြည်းဖြည်း ပြောင်းလဲသွားသည်။ မြင်ကွင်းက လုံးလုံး ယခုနေသော ချောက်မြို့မဟုတ်ဘဲ ငယ်စဉ်ကနေခဲ့သော အောင်လံမြို့မှ မြစ်ကမ်းနဖူး ဖြစ်သွားလေသည်။

သူမတို့နှစ်ယောက်မြစ်ဆိပ်သို့အရောက်မှာတော့ထူးဆန်းစွာပင်မြစ်ရေများသည် အလယ်မှ ကွဲထွက်ကာ လမ်းတစ်ခု ဖြစ်ပေါ်လာသည်။ ထိုလမ်းသည် အောက်ဘက်ရေထဲသို့ တဖြည်းဖြည်း နက်ဆင်းသွားသည်ကို တွေ့ရလေသည်။

ညွှန့်ညွှန့်က ထိုလမ်းအတိုင်း ရေထဲဆင်းသွားရာ လုံးလုံးကနောက်မှ လိုက်လာခဲ့သည်။ သို့သော် သူမရေထဲသို့ ခြေထောက်မချရသေးမီမှာပင် -

တဖြည်းဖြည်းတင်းလာသော သူမ၏နို့အုံများဆီမှ နို့ရည်များ တစိမ့်စိမ့် စီးကျလာသည်။ ထိုအခါကျမှ လုံးလုံးသည် အိမ်မှာကျန်နေခဲ့သောကလေးကို သတိရသွားကာ ခြေလှမ်းများ ရပ်တန့်သွားသည်။ ကလေးကို နို့တိုက်ရဦးမည်ဟုလည်း တွေးမိသွားလေသည်။

ညွှန့်ညွှန့်ရေ ငါမလိုက်တော့ဘူး - ငါ အိမ်ပြန်တော့မယ်"



လုံးလုံးက ထိုသို့ ပြောလိုက်တော့ ညွှန့်ညွှန့်က မကျေမနပ်ဟန်ဖြင့် လှည့်ကြည့်ပြီး -

"ဘာဖြစ်လို့ပြန်မှာလဲ ညည်းပဲ ငါနဲ့ လိုက်မယ်ဆို"

ဟု ပြောသည်။

"မလိုက်တော့ပါဘူးအေ - ဒီမှာ ငါ့နို့တွေ သက်နေပြီအေ့ - ကလေးကို နို့တိုက်ရဦးမယ် - ညည်းနဲ့ ငါနောက်မှ တွေ့ကြတာပေါ့အေ"

လုံးလုံးစကားကြောင့် ညွှန့်ညွှန့်၏မျက်နှာ တင်းမာစက်ထန်သွားပုံမှာ ကြောက်စရာပင် ကောင်းလှသည်။ သူမက လုံးလုံးကို စူးစူးရဲရဲစိုက်ကြည့်ပြီး -

"အေး ... ပြီးတာပဲ - ငါ ညည်းကို နောက်ဘယ်တော့မှ လာမခေါ်တော့ဘူး"

ဟု ပြောကာ ရေထဲသို့ ဆင်းသွားတော့သည်။ လုံးလုံးလည်း ကလေးကို အောက်မေ့ကာ အိမ်သို့ အပြေး ပြန်လာခဲ့လေသည်။

၃၆

"ဟဲ့ ... လုံးလုံး - ထစမ်း - ထစမ်း"

ခင်ပွန်းဖြစ်သူ၏ နှိုးသံကြောင့် လုံးလုံး အိပ်ရာမှ နိုးလာသည်။ ခင်ပွန်းဖြစ်သူက သူမဘေးမှ ကလေးကို ပွေ့ယူလိုက်ပြီး သူမကိုပါ ဖွတ်အတင်း ထနိုင်းကာ -

"နင့် အပေါ်တည့်တည့်က ထုပ်တန်းပေါ်မှာ မြွေတစ်ကောင်ဟဲ့ - တော်သေးတယ်၊ ငါ မြင်လိုက်လို့ မြန်မြန်ဖယ် - မြန်မြန်ဖယ် ... မြွေဆိုးမှန်းမသိ မြွေကောင်းမှန်းမသိ"

ခင်ပွန်းဖြစ်သူကပြောမှ လုံးလုံး အလန့်တကြားဖြင့် အိပ်ရာမှ ထထိုင်လိုက်ရသည်။ ရင်ထဲမှာလည်း အတော်ပင် ထိတ်လန့် တုန်လှုပ်သွားကာ သွေးနသားနုမို့ သွေးတက်မသွားတာပဲ ကံကောင်းလှသည်။ ထုပ်တန်းပေါ်မှ မြွေကိုတော့ ခင်ပွန်းဖြစ်သူက ခြောက်လှန့် မောင်းထုတ်လိုက်လေသည်။

www.burmeseclassic.com

နောက်မှ ပြန်သိရသည်က ထိုမြွေသည် အကိုက်ခံရလျှင် အသက်ရှင်ရန် အခွင့်အရေး နည်းပါးသော မြွေဟောက်မြွေဆိုး တစ်ကောင်ဖြစ်သည်တဲ့။

ထိုထူးဆန်းသော အဖြစ်အပျက်တို့ ဖြစ်ပြီးသည့်နောက်မှာတော့ ညွန့်ညွန့်ကို နောက်ထပ် မမက်တော့ပါ။ ရံဖန်ရံခါ စိတ်စွဲလမ်း၍ မက်တတ်သည့် အိမ်မက်များမှလွဲ၍ ယခင်လို ထူးဆန်းသော အိပ်မက်များ လုံးဝမမက်တော့၊ လုံးလုံးအသက် (၇၀)ကျော်သည့်အချိန်တိုင်အောင်ပင်ဖြစ်တော့သည်။

ညွန့်ညွန့်သည် သူမခေါ်ရာသို့ မလိုက်၍ တကယ်ပင် စိတ်နာသွားသည်လားဟု လုံးလုံး ယခုထိ တွေးနေမိလေသည်။

ယခုဆိုလျှင် လုံးလုံး၏အဘွားဒေါ်တင်ဥပင် အသက် (၇၀)ကျော်ခဲ့ပြီဖြစ်သည်၊ ကျွန်မတို့အဖိုးဦးတင်ကတော့ လွန်ခဲ့သော (၇)နှစ်က ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်၊ အဘွားဒေါ်တင်ဥကတော့ အောင်လံမြို့တွင် သားသမီးမြေးမြစ်များနှင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နေဆဲ။

ရံဖန်ရံခါတော့ အဘွားက ကျွန်မတို့ဆွေမျိုးများထံသို့ အလည်အပတ် ရောက်လာတတ်ပါသည်၊ ကျွန်မတို့ အဖွားဒေါ်တင်ညွန့်နှင့် အဖွားဒေါ်တင်ဥကရုပ်ချင်းရွှတ်စွပ်တူတာကြောင့် အဘွားအသက်ရှင်နေခဲ့လျှင်လည်း ဤပုံစံအတိုင်း ဖြစ်မည်ဟု မေမေက ပြောပြသည်။

မကြာသေးမီကမှ အဘွားကျွန်မတို့ထံ အလည်အပတ် ရောက်လာခဲ့သေးသည်၊ လွန်ခဲ့သော (၄)နှစ်က ကျွန်မရေးခဲ့သော အမြွှာညီအစ်မဝတ္ထုကိုဖတ်ရသည်တဲ့၊ ပြီးတော့ ကျွန်မ မသိသေးသော သူတို့ညီအစ်မ၏အကြောင်းများကိုစိတ်လိုလက်ရ ပြောပြပါသည်၊ အဘွားပြောပြခဲ့သောအကြောင်းအရာများကို အခြေတည်ပြီး ကျွန်မ၏ဤဝတ္ထုကို ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

ကျွန်မသည် ဂမ္ဘီရဝတ္ထုများ ရေးသားသော စာရေးဆရာတစ်ယောက်ဖြစ်သဖြင့် အဘွားတို့အကြောင်းကို စိတ်ဝင်တစား ရေးသားတင်ပြခဲ့ခြင်းဖြစ်သည်၊ အဘွားဒေါ်တင်ညွန့်သည် အမှန်တကယ်ပဲ ထူးဆန်းသောဘဝကဝင်စားလာသူလားဆိုတာကိုတော့ ကျွန်မလည်း သေချာမသိပါ၊ သို့သော် အဖြစ်အပျက်များက ထူးဆန်းနေခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။



ဝတ္ထုအစက ကျွန်မ ပြောဖို့ ကျန်နေသော အချက်တစ်ချက် ရှိပါသေးသည်၊ ထိုအချက်မှာ အဘွားတို့ ညီအစ်မကို မမွေးခင်က အဘွားတို့ အမေမက်ခဲ့သော အိမ်မက်ဖြစ်သည်၊ အဘွားတို့ ညီအစ်မကို ကိုယ်ဝန်မရှိခင်က သူမမက်ခဲ့သောအိပ်မက်ထဲတွင် "သူမအိပ်နေစဉ်ချောမောလှပ၍နက်မှောင်သော ဆံပင်ရှည်များနှင့် မိန်းမပျိုလေးနှစ်ယောက်က ကျွန်မတို့အမေနဲ့ နေပါရစေ" ဟု လာပြောသည်၊ သူမကလည်း နေခွင့်ပြုလိုက်ပြီး ထိုအိပ်မက်မက်ပြီး မကြာမီမှာ အဘွားတို့ညီအစ်မကို ကိုယ်ဝန်ရှိလာခဲ့သည်ဟု သိရသည်။

ထိုအဖြစ်အပျက်များသည် အနည်းငယ် ဖွဲ့နွဲ့ရေးသားထားသည်မှလွဲ၍ ကျွန်မ၏ စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်မဟုတ်ပဲ ဖြစ်ရပ်မှန်ဂမ္ဘီရဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်၊ အဘွားတို့ညီအစ်မနှစ်ယောက်၏ အကြောင်းနှင့် ပတ်သက်ပြီး စာဖတ်သူများကြိုက်သလို ယူဆနိုင်ပါသည်၊ ကျွန်မကတော့ ထူးဆန်းသည်ဟုသော မှတ်ချက်တစ်ခုမှလွဲပြီး ထိုအဖြစ်အပျက်ကို အဖြေရှာနိုင်ဖို့ မကြိုးစားခဲ့ပါ။

လောကတွင် ကျွန်မတို့ မသိရှိနိုင် လိုက်မမီနိုင်သော ဆန်းကြယ်သည့် အကြောင်းအရာတွေ များစွာ ရှိနေကြသည် မဟုတ်လား။

⊃ နှတ်မိမယ်

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ကိုယ်တွေ့ ပရလောက သဘာဝများ

ဝေယံလင်းခေါင်



ကျွန်ုပ်တို့၏ ဓိတာများသ
လယ်ယာဆိပ်ကြီးမသော၊
နှစ်စေကာ၊ ကြွေးဆိုလရော
နှစ်ခြိုနှစ်တို့၏ လယ်မဲ
ကြံ့ခံလည်း ဝင်ကြရသ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ကြံခင်းရှိရာ ကြံတဲ (ပါရာ)မှာ ရွာနှင့်တစ်မိုင်ကျော်ကျော် ဝေးသည်။ ကြံတဲတွင် အဖေ၊ ဦးလေးနှင့် အစ်ကိုနှစ်ယောက်တို့က ကြံရည်ညှစ်၊ ကြံကြိတ်၊ ကြံသကာချက်၍ ကြံတဲ၌ပင် နေကြသည်။ အမေကမူ အိမ်တိုလည်း စိတ်မချသဖြင့် ရွာရှိ မိမိတို့အိမ်တွင် ကျွန်ုပ်နှင့် အိပ်ကြသည်။

မနက်ဝေလီဝေလင်းအချိန်မှာ အမေသည် ညဦးကပင် အသင့်ပြုလုပ်ထားသော ဟင်းသီးဟင်းရွက်၊ ငါးခြောက်ငါးခြမ်းတို့ကို တောင်းတစ်လုံးတွင် ထည့်ပြီး ကျွန်ုပ်ကိုလက်ဆွဲကာ သားအမိနှစ်ယောက် ကြံတဲသို့ လာကြရသည်။ ကျွန်တော်တို့သားအမိနှစ်ယောက်ဖြတ်လာရသောလယ်မှာဦးလေးဦးကြွက်ကလေးတို့လယ်ချားနားက ဖြစ်၏။

ကြံတဲရောက်လျှင် အမေက ထမင်းဟင်းချက်၊ အစ်ကိုနှင့် ဦးလေးတို့ ခုတ်ပုံထားကြသော ကြံပင်တွေကို စည်းနှောင်၍သယ်၊ သယ်လာသောကြံစည်းကို ကြံတဲရောက်သောအခါ ကြံရည်ညှစ်ရန် အရွက်သင်၊ အနေတော်ပိုင်းဖြတ် စုပုံရသည်။

ကြံဖြတ်သောကိစ္စပြီးလျှင် ညနေစာ ထမင်းချက်၊ ထမင်းစားပြီးကြလျှင် ကျွန်ုပ်နှင့်အမေက ရွာကိုပြန်လာကြရသည်။ ကြံတဲတွင် ညအိပ်ညနေ နေနေကြသော အဖေ၊ ဦးလေး၊ အစ်ကိုတို့က ညကျလျှင် နွားနှစ်ကောင်နှင့် ကြံရည်ညှစ်ကြသည်။ ကြံသကာချက်ကြရသည်။

ဤသည်မှာ နှစ်စဉ်မပြတ် ကြံခင်း မတုံးမချင်း ဤသို့ပင် ကြံသကာချက်လုပ်ရောင်းချသောအလုပ်ကို လုပ်နေကြရသည်။ ကြံစိုက်ဈေး များသောနှစ်ဆိုလျှင် သကြန်လွန် မိုးဦးကျသို့ပင် တစ်နှစ်တစ်လည် ရောက်သွားတတ်သည်။

သည်လိုနှင့်နွေရင့်ရက်တစ်နေ့မှာသတင်းဆိုးတစ်ခုကိုကြားကြရသည်။ မနက်စောစော ရွာကထွက်လာကြသော ကျွန်ုပ်နှင့်အမေတို့ကြံတဲကိုရောက်ရောက်ချင်း ကြံသကာချက်လုပ်နေသော အဖေက အမေ့ကိုပြောသည်။

"ရေနံ့တောင်ရွာမှာ ကျောက်ကြီးပေါက်နေကြတယ်တဲ့၊ အဲဒါ ရေနံ့တောင်ရွာကလူတွေကြံသကာလာဝယ်ရင် ကြံသကာရောင်းဖို့မရှိတော့ဘူးလို့ပြော ... ကြားလား၊ ပါရာ (ကြံတဲ)ကိုလည်း လုံးဝအဝင်မခံနဲ့၊ သူတို့အနားလည်းသွားမကပ်ကြနဲ့၊ ကျောက်ကြီးရောဂါဆိုတာကူးစက်လွယ်တဲ့ရောဂါပဲ"

ပါရာဆိုသည်မှာ အရပ်အခေါ် ကြံတဲဖြစ်သည်။



"ဘယ်လူပြောလဲ"

အမေက အဖေ့ကို မေးသည်။

"မစိန်မေ ... မနေ့ညနေကပဲ လာပြောသွားတယ်"

မစိန်မေဆိုသူမှာ ကျွန်ုပ်တို့နှင့် မောင်နှမဝမ်းကွဲတော်သူ ဖြစ်သည်။

သူတို့သည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ရွာက ကြံတဲဝင်လာပြီး ကြံသကာချက်လုပ်နေကြသော မိသားစုဖြစ်သည်။ သူတို့ကြံတဲနှင့် ကျွန်ုပ်တို့ကြံတဲမှာ တစ်ခေါ်နီးပါးသာ ဝေးသည်။

"ရွာမှာကော နင် ဘာသံကြားခဲ့သေးလဲ"

အဖေတို့မှာ တောထဲက ကြံသကာချက်လုပ်ရန် ကြံတဲရောက်နေကြသည်မှာ တစ်လနှစ်လ ရှိကြပြီဖြစ်သဖြင့် အဖေက ရွာသတင်းကိုမေးခြင်းဖြစ်သည်။

"ရွာမှာတော့ ဘာသံမှမကြားခဲ့ပါလား၊ ရှင်သိတဲ့အတိုင်းပဲလေ၊ ကျွန်မတလည်း ညမိုးကြီးချုပ်မှ ရွာရောက်၊ မနက်ကျတော့လည်း စောစောထ၊ ကြံတဲလာဆိုတော့ ဘယ်ကြားမိပါ့မလဲတော်"

◉

အမေက ဤမျှသာပြောပြီးကြံတဲ၌လုပ်ကိုင်စရာရှိသည်များကိုလုပ်ကိုင်နေသည်။ သို့သော် ခါတိုင်းနေ့တွေလိုတော့ သွက်သွက်လက်လက် မဟုတ်။ ရေနံ့တောင်ရွာတွင် အမေ၏ဆွေမျိုးတချို့လည်း ရှိနေသည့်အပြင် ရင်းနှီးခင်မင်သူများလည်း ရှိနေလေရာ စိုးရိမ်နေပုံရသည်။

ကျောက်ကြီးရောဂါဆိုသည်မှာ ကူးစက်မြန်သောရောဂါဖြစ်သဖြင့် ကျွန်ုပ်တို့ဒေသက လူများသည် အလွန်ကြောက်ရွံ့ထိတ်လန့်ကြရသော ရောဂါမျိုးဖြစ်သည်။

တစ်ရွာရွာ၌ကျောက်ကြီးရောဂါဖြစ်နေပြီဟူသောသတင်းကိုကြားသည်နှင့် ထိုရွာသူရွာသားများသည် ရွာနီးပါးနားရှိမည်သည့်ရွာကိုမျှ အဝင်အထွက်မလုပ်ကြရ၊ ကျောက်ကြီးရောဂါနှင့် ကာလဝမ်းရောဂါဖြစ်နေသောရွာကို ဝတ်ဝန်းကျင်ရွာများအားလုံးက အဆက်အသွယ်ဖြတ်ထားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါဖြစ်နေသောရွာကို ပတ်ဝန်းကျင်ရွာများအားလုံးက အဆက်အသွယ်ဖြတ်ထားလေ့ရှိသည်။ ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါဖြစ်နေသော တစ်ရွာရွာမှ လူတစ်ယောက်သည် နောက်တစ်ရွာသို့ မည်သည့်အကြောင်းနှင့်ဖြစ်စေ မလာရ။ ရွာထဲမဝင်ရ။

အကူအညီလို၍မဖြစ်မနေ လာရလျှင်လည်း ရွာပြင်ကသာ အော်ခေါ်၍ ပြောသွားရသည်။ ဤသည်မှာ ဂါမပညတ်ဖြစ်၏။ တိုက်နယ်တစ်ခုလုံး၌ ထိုပညတ်ချက်ကို ရှိသမျှရွာများအားလုံးက လိုက်နာကြရသည်။

ကျွန်ုပ်တို့ရွာသူရွာသားများရှိနေကြသော ကြံတဲများမှာ ကျွန်ုပ်တို့ရွာနှင့် ရေနံတောင်ရွာကြားတွင် ရှိကြ၏။ မိမိတို့ရွာထက် ရေနံတောင်ရွာကို ကျွန်ုပ်တို့ကြံတဲများက ပိုနီးသည်။ ထို့ကြောင့် တစ်ခါတစ်ခါ အစ်ကိုကြီးနှင့် ဦးလေးတို့သည် မိမိရွာတွင် ရေသွားမခပ်ကြဘဲ ရေနံတောင်ရွာကန်၌လည်း ရေသွားခပ်ကြ၊ ရေသွားချိုးကြသောနေ့များ ရှိသည်။

ဤသည်တို့ကြောင့်လည်း အဖေက စိုးရိမ်စိတ်နှင့် ရေနံတောင်ရွာက လူများနှင့် အဆက်အဆံမလုပ်ကြရန် အဖေ့ကို ဦးစွာမှာထားခြင်းဖြစ်သည်။ နေ့မွန်းမတည့်မီ ကြံသကာချက်ပြီးသွားသောအဖေသည် ကြံခင်းသို့ ကြံသယ်ရန် သွားရဦးမည်။ ကြံသယ်သွားရင်း ကြံခုတ်နေကြသော ဦးလေးနှင့် အစ်ကိုနှစ်ယောက်ကိုလည်း ရေနံတောင်ရွာဘက်ကို မည်သည့်ကိစ္စနှင့်မျှ မသွားကြရန် ပြောပေလိမ့်မည်။ အမေကမူ တစ်နေ့လုံး ကြံတဲ၌ နေနေရသူဖြစ်ရာ ရေနံတောင်ရွာက လူများကြံသကာဝယ်ရန် လာလျှင်လည်း မရောင်းရန်နှင့် ကြံတဲသို့လည်း သူတို့ကို လုံးဝမဝင်စေရန် မှာထားသည်။

သည်လိုနှင့် နောက်တစ်ပတ်ခန့်သာ ကြာ၏။

ကျွန်ုပ်နှင့်အမေတို့မိုးမချုပ်မီကြံတဲက ရွာကိုပြန်လာကြရာ ရွာကိုရောက်သည်နှင့် သတင်းဆိုးတစ်ခုကို ကြားကြရတော့သည်။

ကျွန်ုပ်တို့ရွာက ကျွန်ုပ်တို့နှင့်လည်း ဆွေမျိုးအရင်းတော်သော ဦးလေး ဦးကြွက်ကလေးတို့ကြံတဲ၌ ကျောက်ကြီးရောဂါဖြစ်နေကြပြီဆိုသော သတင်းဆိုးကို ကြားရလေသည်။



ရွာတွင် ထိုသတင်းကို ကြားလျှင်ကြားချင်း ရွာဆော်ကြီးဦးရွှေပြားကို ရွာဆော်နိုင်းပြီး ရွာလူကြီးတွေမှာ အစီအစဉ်လုပ်ကြသည်။

ဦးကြွက်ကလေးတို့ကြံတဲကိုမည်သူမျှမသွားရ။ ဦးကြွက်လေးတို့ကြံတဲက လူများလည်း မိမိရွာထဲကို မည်သူမျှ ဝင်မလာရ။ ဦးကြွက်ကလေးတို့ မိသားစုအတွက် ရွာတွင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်များကိုတစ်အိမ်လျှင် မည်ရွေ့မည်မျှဆိုပြီး ခွဲတမ်းနှင့်ကောက်ကြသည်။ ရေအတွက် စဉ့်အိုးကြီး သုံးလေးလုံးကိုရှာ၍ ဦးကြွက်ကလေးတို့ကြံတဲနှင့် ရွာကြားထဲရှိ တစ်နေရာသို့ ထုတ်ယူသွားကြသည်။

ဦးကြွက်ကလေးတို့ကြံတဲနှင့် မနီးမဝေးတွင် ရွာရှိလူများဆီက ခွဲတမ်းနှင့်ကောက်ခံထားသော ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ဝရုတ်၊ ကြက်သွန်များနှင့် ရေထည့်ရန် စဉ့်အိုးကြီးသုံးလုံးကိုလည်း သွားထားပေးကြရသည်။

ဦးကြွက်လေးတို့မိသားစုအတွက် သောက်ရေသုံးရေကို တစ်နေ့လျှင် သုံးအိမ်တောင်က လူများကိုအလှည့်ကျရေဖြည့်ပေးရန် သတ်မှတ်ကြသည်။

ထိုသို့ပြုလုပ်ပေးထားပြီးကြပြီဖြစ်ကြောင်းကို ရွာဆော်ကြီးက ဦးကြွက်ကလေးတို့ကြံတဲနှင့်မနီးမဝေး၊ ဦးကြွက်ကလေးတို့မိသားစုကြားနိုင်လောက်သောနေရာကို သွားပြီး ...

"ဗိုးသာထွန်းနဲ့ ကြွက်ကလေးတို့ဗျို့ ... ဂါမပညတ်အရ မင်းတို့ကို ငါ ရွာဆော်ကြီးက သတိပေးခဲ့ပြီ၊ မင်းတို့ကြံတဲကလူများရွာထဲကိုမည်သူတစ်ဦး တစ်ယောက်မျှ ဝင်မလာကြပါနဲ့၊ ခါတိုင်းလို အရှေ့ဘက်ကန်ကိုလည်း ရေလာမခပ်ကြပါနဲ့၊ မင်းတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် ဆေးဝါးကစပြီး ငါတို့ရွာသားတွေ အဆင်သင့်လုပ်ပေးထားကြပါပြီ၊ ဒီနေရာက အုန်းမောင်းကလတက် ခေါက်သံကြားရင် ရိက္ခာလာယူကြပါ။ စဉ့်အိုးကြီးသုံးလုံးနဲ့ သောက်ရေသုံးရေကိုလည်း ငါတို့ဖြည့်ပေးထားပါတယ်၊ မိုးမကျမချင်း မင်းတို့ကြံတဲကလူတွေ ဘယ်လူမျှ ရွာကိုဝင်မလာရဘူး။ ဒါ ထုံးစံရှိတဲ့ ဂါမပညတ်အရ မင်းတို့ကိုငါလာပြောပါတယ်။ ဂါမပညတ်ကို မင်းတို့ လိုက်နာကြပါ" ဟု ရွာဆော်ကြီးက ဦးကြွက်ကလေးတို့မိသားစုအား သွားအော်ပြောထားသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးဦးကျကာလ မရောက်မချင်း ဦးကြွက်လေးတို့မိသားစုအား ရွာကို မဝင်ရဘူးဟု ပြောထားခြင်းမှာ ကျောက်ရောဂါဆိုသည်မှာ မိုးကျမှ စိတ်ချရသဖြင့် မိုးဦးကျသည်အထိ သူတို့မိသားစုအတွက် အားလုံးစားဝတ်နေရေးကို အဆင်သင့်ပြုလုပ်ပေးထားကြပြီးဖြစ်ကြောင်း အုန်းမောင်းကလတက် ခေါက်၍ အချက်ပေးသံကို ထိုနေရာက တစ်နေ့တစ်ခါ ပုံမှန်ကြားနေရလေသည်၊

ဦးကြွက်ကလေးတို့မိသားစုမှာ ကျွန်ုပ်တို့နှင့် ဆွေမျိုးရင်းသဖြင့် အမေက ဦးကြွက်ကလေးတို့မိသားစု ကပ်ရောဂါကြီးဖြစ်သော ကျောက်ကြီးရောဂါ မည်သို့မည်ပုံဖြစ်လာကြသည်ကို အိမ်နီးနားမိန်းမသူများကို စုံစမ်းမေးမြန်းရသည်၊

ရွာရှိမိန်းမသူများက ပြောပြကြသည်မှာ ကျောက်ကြီးရောဂါကျရောက်နေသော ရေနံတောင်ရွာက မိန်းမသူနှစ်ယောက်သည် ဦးကြွက်လေးတို့ ဘြဲ့တဲတွင် ကြံ့သကာ လာဝယ်ကြသည်ဆို၏၊ ဦးကြွက်ကလေးတို့ကြံ့တဲနှင့် ရေနံတောင်ရွာမှာ ပို၍လည်းနီးရာ ထိုမိန်းမနှစ်ယောက် ကြံ့သကာ လာဝယ်သွားကြပြီး နှစ်ရက်ခန့်အကြာမှာပင် ဦးကြွက်ကလေးတို့မိသားစု၌ ကျောက်ရောဂါ စတင်ဖြစ်ပေါ်လာကြောင်း ဦးကြွက်ကလေး၏ ယောက္ခမဖြစ်သူ ဦးဖိုးသာ့ထွန်းက အမှန်အတိုင်း ရွာပြင်က လာအော်ပြောပြီး အကူအညီ ဆေးဝါးတောင်းသွားကြောင်း ပြောပြကြသည်၊

ရွာရှိလူတွေမှာ ဦးကြွက်ကလေးတို့မိသားစုက သူတို့တွင် ဤသို့ကျောက်ရောဂါဖြစ်နေကြကြောင်း မကွယ်မဝှက် အမှန်အတိုင်း လာပြောပြီး ရွာထဲကို ဝင်မသွားသည်ကိုပင် ကျေးဇူးတင်ကြလေသည်၊ လူတွေက အယူအဆမှာ ကျောက်ကြီးရောဂါဆိုသည်မှာ ကပ်ရောဂါကြီးဖြစ်သဖြင့် ကျောက်ကြီးရောဂါ ခံစားနေကြရသူ အိမ်သားတစ်ယောက်ယောက် ဝင်လာလျှင် ထိုသူနှင့်အတူ မကောင်းဆိုးရွား ကပ်ရောဂါကောင်သည် ရွာ၌ကျန်နေခဲ့ပြီး တစ်ရွာလုံး ထိုကပ်ရောဂါကျရောက်ပြီး ရွာပျက်သွားသည်ကို သူတို့ ကြားဖူးတွေ့ဖူး ကြသည်ဆို၏၊ ထို့ကြောင့်လည်း ကျောက်ရောဂါရနေသော မိသားစုထဲက တစ်ဦးတစ်ယောက်မျှ ရွာထဲ အဝင်မခံခဲ့ကြခြင်း ဖြစ်သည်၊



ထိုစဉ်က ရေနံတောင်ရွာ၌ ကျောက်ကြီးရောဂါဖြစ်နေကြောင်း ဦးကြွက်ကလေးတို့မိသားစုလည်း မသိကြဟု ဆို၏၊ သူတို့ ကျောက်ကြီးရောဂါရပြီးမှ ရေနံတောင်ရွာ၌ ကျောက်ကြီးရောဂါဖြစ်နေသည်ကို သူတို့ သိကြပါသည်ဟု ဦးကြွက်ကလေး၏ယောက္ခမမိန်းမသူက ရွာပြင်လာ၍အော်ပြောထားခဲ့သည် ဆို၏၊

တစ်ရွာမက ရွာနီးချုပ်စပ် ရွာများကပင် သိကြပါလျက် မသိရကောင်းလားဟု ရွာသူရွာသားနှင့် ဆွေမျိုးများက ဦးကြွက်ကလေးတို့မိသားစုကို အပြစ်တင်ကြသည်၊

အမှန်က သူတို့မိသားစုမှာ တစ်အိမ်သားလုံး ကြံ့တဲ၌သာ ညဥ့်အိပ်နေ့နေ နေတတ်ကြသော မိသားစုဖြစ်ရာ ရွာကိုလည်း တစ်ပတ်တစ်ခါပင် မလာရောက်ကြသဖြင့် ရေနံတောင်ရွာတွင် ကျောက်ကြီးရောဂါဖြစ်နေသည်ကို မသိကြ၊ ရွာအပြင်ရှိ ကန်၌မူ ကြံ့တဲက နေ့စဉ် ရေလာခပ်ကြသော်လည်း ရွာထဲကို မဝင်မိကြသဖြင့် ရပ်သတင်းရွာသတင်းကို မသိကြခြင်းဖြစ်သည်၊

သူတို့ကြံ့တဲ၌ ကျောက်ရောဂါ စဖြစ်သည်မှာ ဦးလေးကြွက်ကလေး၏ မိန်းမက စသည်ဟုဆို၏၊

◉

ဦးလေးကြွက်ကလေး၏မိန်းမသည် ရေနံတောင်ရွာက ကျောက်ရောဂါ ဖြစ်ပြီးစ မိန်းမနှစ်ယောက်တို့ ကြံ့သကာလာဝယ်ကြသဖြင့် ကြံ့သကာရောင်းလိုက်သည်၊ ထိုသို့ ကြံ့သကာရောင်းလိုက်ပြီး သုံးရက်ခန့်အကြာတွင် တစ်ကိုယ်လုံး အရိုးကွဲမတတ် ကိုက်ခဲလာပြီး ကျောက်လုံးတွေ ထွက်လာသည်၊ ထို့နောက် သူ့အမေဆီက သူ့သားကြီးကိုလည်း ကျောက်ရောဂါ ကူးမြန်ပြီ ဆိုသည်ကို ရွာက သတ်မှတ်ပေးထားသောနေရာသို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်လာယူသော ဦးကြွက်ကလေးက စာရေးပြောကြားထားခဲ့သည်ဟု ဆိုသည်၊

ကျွန်ုပ်နှင့် အမေတို့သည် နေ့စဉ်နေ့တိုင်း မနက်ဆို ကြံ့တဲသို့လာကြပြီး ညနေမိုးမချုပ်မီ မိမိရွာနှင့် ပြန်လာကြမြဲဖြစ်သည်၊ ဤသို့နှင့် တစ်ပတ်ခန့် အကြာတစ်နေ့မနက်မှာ ခါတိုင်းမနက်လိုပင် ဝေလီဝေလင်းအချိန်၌ အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် အဖေ၊ ဦးလေး၊ အစ်ကိုတို့ရှိရာကြံ့တဲသို့ ရွာက ထွက်လာကြသည်၊

ခါတိုင်းနေ့တွေလိုပင်ကြံ့တဲသွားလမ်းအတိုင်းဦးလေးကြွက်ကလေးတို့လယ်များက ဖြတ်လာကြသည်၊ တစ်နေရာအရောက်တွင် ဦးလေးကြွက်ကလေးသည် သူ့လယ်များရှိ ကမူစွန်းတစ်ခုကို ပေါက်တူးနှင့် တိုးရဲ့ပြီးရဲ့ ပေါက်နေသည်ကို ကျွန်ုပ် လှမ်းမြင်လိုက်ရသည်၊

ကျွန်ုပ်တို့သားအမိ ရောက်နေကြသောနေရာနှင့် ဦးလေးကြွက် လယ်ပေါက်နေသောနေရာမှာ ဝါးနစ်ပြန်ခန့်သာ ဝေးသဖြင့် ဦးလေးကြွက် လယ်တိုးရဲ့ပေါက်နေသည်ကို ကျွန်ုပ် ထင်ထင်ရှားရှား မြင်နေရသည်၊

ထို့ကြောင့်လည်း ကျွန်ုပ်မှာ ချက်ချင်း အံ့ဩတကြီးဖြစ်သွား၏၊ ဦးလေးကြွက်ကလေးတို့ကြံ့တဲ၌ ကျောက်ရောဂါဖြစ်နေကြသဖြင့် ရွာထဲကို သူတို့မိသားစု ဘယ်လူမျှမဝင်ရဟု ပညတ်ထားကြပါလျက် ယခု ဦးလေးကြွက်ကလေးက ရွာနှင့် မိမိတို့ကြံ့တဲကြားရှိ သူ့လယ်ကို အဘယ်ကြောင့် တိုးရဲ့ပေါက်နေပါလိမ့်ဟု တွေးမရဖြစ်သွားပြီး အမေ့လက်ကို တွဲကိုင်လှုပ်ကာ ကျွန်ုပ်က ...

"အမေ ... အမေ ... ဟိုမှာ ... ဟိုမှာ ... ဦးလေးကြွက် လယ်လာပေါက်နေပါလား" ဟု ပြောလိုက်သည်၊

◉

သို့သော် အမေကမူ ကျွန်ုပ်အား ဦးလေးကြွက်နှင့်ပတ်သက်၍ ဘာမျှမပြောဘဲ "လာစမ်း ... လာစမ်း" ဟုသာကတုန်ကယင်ပြောပြီးမပြေးရုံတစ်မည် လက်ဆွဲခေါ်လာသည်၊

မိမိကြံ့တဲသို့ရောက်ကြသောအခါ အမေက ကြံ့သကာအိုးမွှေနေသော အဖေ့အနားကိုပြေးသွားပြီး ...

"ကိုရင်တို့အဖေ ... ကျုပ်အထင်တော့ မောင်လေးမောင်ကြွက် ဆုံးပြီထင်တယ်" ဟု ပြောလိုက်၏၊

ကြံ့သကာအိုးမွှေနေသောအဖေက ...



"ဟင် ... ကြွက်လေး ကျောက်ပေါက်နေလို့လား၊ နင် ဟိုတစ်လောက ပြောတော့ သူ့မိန်းမ ဦးညိုနဲ့ သူ့သားအောင်ဖဲ ကျောက်ပေါက်နေတယ်ဆို" အံ့ဩကြီးစွာဆို၍ မေးသည်၊

ဦးလေးကြွက်ကလေးကျောက်ပေါက်နေသည်ကိုကျွန်ုပ်လည်းမကြားမိ၊ ယခု ကျွန်ုပ် မျက်ဝါးထင်ထင် မြင်လာရသည်မှာ ဦးလေးကြွက်ကလေးသည် သူ့လယ်များ၌ ပေါက်တူးတစ်လက်နှင့် မြေတူးပေါက်နေသည်ကိုသာ ထင်ထင်ရှားရှားမြင်လာခဲ့ရသည်၊



ထိုခဲဝါကျားရွာအောက်၌ လာမြည်ပြီးဆိုလျှင် ရွာထဲရှိ ကလေးသူငယ်များ အဖျားအနာ များကြသည်၊ အသေအပျောက်ရှိကြသည်၊ ထိုအခါ ရွာသူရွာသားတွေမှာ ခဲဝါကျားသည် မကောင်းဆိုးဝါး ကောင်ဟု သတ်မှတ်ကြပြီး ထိုမကောင်းဆိုးဝါးကောင်၏ရန်ကို ရည်သို့မည်ပုံ ပြုလုပ်ကြရမည်ကို ဓာတ်ဆရာကြီးထံ သွားရောက်ပြီး အကူအညီတောင်းကြရသည်၊



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကြွက် ကျောက်ပေါက် မပေါက်ကိုတော့ ကျုပ်လည်း ရွာမှာ မမေးမိပါဘူး၊ ခုသူ့လယ်ဖျားက ကျုပ်တို့ဖြတ်လာကြတော့ရှင့်သားက "ဟိုမှာ ဟိုမှာ ဦးလေးကြွက် လယ်ပေါက်နေတယ်"ပြောလို့ ကျုပ်လှမ်းကြည့်လိုက်တော့ ကျုပ်မျက်စိရှေ့တင် သုံးချက်သုံးခါတောင် ပေါက်တူးလိုက်ပြီး မြေစာတွေကို ကန်သင်းနားလွှင့်ပစ်လိုက်တာ မြင်လိုက်ရပြီး ချက်ချင်းပျောက်သွားတယ်၊ ကျုပ်အထင်တော့ စေကန္တ... မောင်ကြွက်က သူဆုံးသွားပြီဖြစ်ကြောင်း ကျုပ်တို့သားအမိကို ကိုယ်ထင်လာပြတာပဲ ... ဟင့် ... အင်း ... ဟီး ..."

အမေက ထိုသို့ပြော၍ ငိုချလိုက်သောအခါ အဖေမှာလည်း ကြံသကာ မွှေနေသောယောက်မကို ကိုင်ကာ ငုတ်တုတ်မေ့သွားသလိုပင်၊

ကျွန်ုပ်ကလည်း ယခုမှ "ဪ ... သေသူက ကိုယ်ထင်လာပြသည် ဆိုခြင်းမှာ ဤသို့ပါလား"ဟု သိလိုက်ရကာ ချက်ချင်း ကြောက်စိတ်ဝင်လာပြီး အဖေ့ကို ပြေးဖက်ထားလိုက်မိသည်၊

ထိုနေ့ကစ၍ အမေနှင့် ကျွန်ုပ်တို့မှာ ကြံတဲက အပြန်၌ ခါတိုင်းလို ညနေမပြန်ရဲကြတော့ဘဲ ကြံတဲ၌သာ အိပ်ဖြစ်ကြလေသည်၊ နေ့ခင်းနေ့လယ် ကိစ္စရှိ၍ ရွာကိုသွားလျှင်လည်း ဦးလေးကြွက်ကလေးတို့ လယ်ဖျားလမ်းက မသွားရဲကြတော့ဘဲ ဦးလေးသာအောင်တို့ ဈိုင်းနေဝလယ်ဘက်ကသာ ပတ်သွားကြရသည်၊

အဖေက ရွာကိုသွားပြီး သတင်းစုံစမ်းရာ ကျွန်ုပ်နှင့် အမေတို့ လယ်ပေါက်၍ တွေ့မြင်ခဲ့ကြရသော ဦးလေးကြွက်ကလေးသည် အမှန်တကယ် ကျောက်ကြီးရောဂါနှင့် ထိုနေ့ညကပင် ကြံတဲ၌ ဆုံးပါးသွားခဲ့ပြီးဖြစ်ကြောင်း သိကြရလေသည်၊

ဤသည်မှာ ကျွန်ုပ်ကိုယ်တွေ့ကြုံခဲ့ရသော တစ္ဆေသရဲဟု ဆိုရပေမည်၊

ဤသည်ကစ၍ ကျွန်ုပ်၏အကြောက်ကြီးကြောက်တတ်လာသောစိတ်သည် ဘယ်လိုမျှ ဖျောက်ဖျက်မရသော စိတ်အစွဲဖြစ်နေစဉ် နောက်ထပ် ကြောက်ရွံ့ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်တစ်ခုသည် နောက်တစ်နှစ်တွင် ကြုံတွေ့ရပြန်လေသည်၊

◉



မနှစ်ကနှင့်စာလျှင် ဤနှစ် ကြံကြိတ်ကြရမည်မှာ စိုက်ဧကများသဖြင့် တစ်နေ့ကုန်သွားနိုင်သည်၊

သကြံန်ရက်ထိပင်ပြီးပါ့မလားဟု ကာလသားဖြစ်သူအစ်ကိုနှစ်ယောက်တ စိုးရိမ်နေကြသည်၊ သူတို့သည် သင်္ကြန်ရက်၌ ရွာရှိ ကာလသမီးများနှင့် ပျော်ပျော်ပါးပါး ရေပက်ကစားချင်ကြ၍ဖြစ်သည်၊

သည်လိုနှင့် တစ်နေ့ည ကိုးနာရီခန့်တွင် ကြံတဲရှိ အဖေအား ရွာသား နှစ်ယောက် ညကြီးမင်းကြီး လာခေါ်ကြပြန်သည်၊ အဖေ့မှာ ရွာလူကြီးဖြစ်သဖြင့် ရွာ၌ကိစ္စတစ်ခုခုပေါ်ပေါက်တိုင်း ဤသို့ပင် နေ့ညမဟူ လိုက်သွားတတ်ရသည်၊

အိပ်ချင်မူးတူးဖြစ်နေသော ကျွန်ုပ်သည် အဖေ့အား မည်သည့်ကိစ္စနှင့် အရေးတကြီး လာရောက်ခေါ်သွားကြသည်ကို မသိလိုက်ပေ၊ မနက်မိုးလင်း၍ ရွာကနေ အမေ ကြံတဲရောက်လာမှ အမေပြောပြ၍ အကြောင်းစုံသိကြရတော့သည်၊

ချောင်းဖျားရွာက ဦးဖိုးလှိုင်၏သား အသက်နှစ်ဆယ်အရွယ် စောညွန့်ဦးသည် နွားကျောင်းနေရင်း ပျောက်သွားသည်ဟု ဆို၏၊ မီးရှူးမီးတုတ်တွေနှင့် စောညွန့်ဦးအား သူကျောင်းနေသော နွားစားကျက်ပတ်ဝန်းကျင်တွင် တောတောင်တွေကို ရွာသားများ တစ်ညနေလုံး လိုက်လံရှာဖွေကြသည်၊

ကျားကိုက်သွားသလား၊ မြွေကိုက်၍ သေနေလေသလား၊ ဝက်ပက်၍ သတိမေ့နေလေသလား စသည်ဖြင့် မိဘဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် ရွာသူရွာသားများက တစ်ညနေလုံး စောညွန့်ဦးကို အော်ခေါ် ရှာကြသည်၊ သို့သော် စောညွန့်ဦး နွားကျောင်းနေခဲ့သောဝန်းကျင်တွင် စောညွန့်ဦးကို ရှာမတွေ့ကြ၊ အရိပ်အခြည်ကိုလည်း ဘာဖြစ်နိုင်သည်ကို မခန့်မှန်းနိုင်ကြ၊

ထိုအခါ ဗေဒင်မေး၊ နတ်မေး၊ ဟူးရားကြည့် လုပ်ကြရသည်၊ ထိုအခါ နက္ခတ်ဟူးရားဆရာတစ်ယောက်က တောတောင်ထဲတွင် လူစားသော မှန်တောင်းကြပ်သီး၊ ဝက်ကဝိုင်သီး၊ ရွှံ့သီး၊ နံ့ကျယ်သီး၊ ဖဝါသီး၊ နရွဲသီး၊ သပြေသီးစသည့်သီးပင်စားပင်များရှိရာနေနက္ခတ်မလွတ်သောသစ်တန်ပင်



www.burmeseclassic.com

www.burmeseclassic.com

ပင်က အသီးကို စားမိ၍ အစာအဆိပ်ဖြစ်ကာ ထိုသစ်ပင်အောက်တွင် သတိမေ့လဲနေတာဖြစ်မည်၊ သို့မဟုတ် သေနေတာဖြစ်မည်၊ ထပ်ရှာကြဟု ဆိုလေသည်။

ဟူရားတတ် နက္ခတ်ဆရာ၏အဟောကြောင့် ဆွေမျိုးသားချင်းများနှင့် ရွာသားများသည် ဤရာသီ၌ သီးမှည့်တတ်သော သစ်ပင်များရှိရာ တောတောင်တွေကို အဓိကထား၍ ရှာကြပြန်၏။

ဟူရားတတ်နက္ခတ်ဆရာကြီးအဟောထွက်သလိုထိုကဲ့သို့သောအသီးကိုစားမိ၍ထိုသစ်ပင်အောက်၌ပင် မူးမေ့အိပ်ပျော်နေသော နွားကျောင်းသားအချို့ကျွန်ုပ်တို့ရွာပတ်ဝန်းကျင်တွင် ယခင်က ရှိခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသည်ကို လူကြီးသူမများ ကြားဖူး၊ တွေ့ဖူးခဲ့ကြသည်ဟု ဆို၏။

ကျွန်ုပ်တို့အရပ်မှာ တောတောင်ထူထပ်သော မဟာကန္တာရတောကြီးတောင်ကြီးတွေရှိသဖြင့် ဤသည်မှာလည်း မဟုတ်ဟုတော့မပြောနိုင်၊ တောတောင်ထဲတွင် ဆန်းကြယ်၍ ဂမ္ဘီရဆန်သော အသီး၊ အရွက်၊ အပင်များ ရှိနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။

အပွင့်ဝေဝေဆာဆာ ပွင့်နေချိန်တွင် ထိုသစ်ပင်အောက် ရောက်သွား၍ ထိုသစ်ပင်က ပန်းနံ့ကို ရှူရှိုက်မိလျှင် ရုက်ချင်းမူးလဲသွားတတ်သော သစ်ပင်များရှိသလို၊ အသီးကို စားမိလျှင်လည်း အိပ်ချင်ငိုက်မျဉ်းလာပြီး ထိုသစ်ပင်အောက်၌ပင် သတိမေ့ အိပ်ပျော်သွားတတ်သော သစ်သီးပင်များလည်း ရှိလေသည်။

အထူးခြားဆုံးမှာ နေလမ်းကြောင်းနှင့် နက္ခတ်မလွတ်သော သစ်ပင်များပင်၊ သူ့ရာသီ၊ သူ့ဥတုကိုလိုက်၍နေလမ်းနက္ခတ် မလွတ်သော သစ်ပင်များမှာ သီးစားပင်များပင်ဖြစ်သော်လည်း ရာသီမရွေး စား၍မရပေ၊ ဤဥတု ဤလ ဤရက်တွင် စား၍ရသော်လည်း နေလမ်းကြောင်းပြောင်းသွားသော နောက်ဥတု၊ နောက်တစ်လ၊ နောက်တစ်ရက်မှာ ထိုသစ်ပင်က သစ်သီးကို စားမိသည်နှင့် အဆိပ်အတောက်ဖြစ်တတ်လေ၏။

ထို့ထက်ထူးဆန်းသည်မှာ တစ်ပင်တည်းက သစ်သီးပင်ဖြစ်သော်လည်း အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့် အရပ်လေးမျက်နှာရှိ သစ်ကိုင်းများပေါ်တွင် အရှေ့ဘက်ထိုးထွက်နေသောသစ်ကိုင်းမှ သစ်သီးကို ခူးစား၍



ဘာမျှမဖြစ်သော်လည်း အနောက်ဘက်ထိုးထွက်နေသော သစ်ကိုင်းက သစ်သီးတစ်လုံးလုံးကို ဆွတ်ခူးစားမိပါက မူးမေ့အော့အန်တတ်သည်လည်း ထူးထူးဆန်းဆန်း ဖြစ်တတ်ပြန်လေသည်။

ထိုနည်းလည်းကောင်း တစ်ပင်တည်းကသီးသော သစ်သီးပင် ဖြစ်လင့်ကစား၊ အချို၊ အချဉ်၊ အဖန်၊ အခါး စသည့် အရသာများ ကွဲပြားသော သစ်ပင်သစ်သီးများလည်း ရှိပြန်သည်၊ ဥပမာ – တစ်ပင်တည်း၊ တစ်နွယ်တည်းက သီးသော သခွားသီးများပင် ဖြစ်လင့်ကစား တစ်နွယ်ကသီးသော သခွားသီးသည် ခါးပြီး၊ ထိုအပင်၏ နောက်တစ်နွယ်ကသီးသော သခွားသီးသည် ပုံမှန်သဘာဝအတိုင်း အရသာရှိနေပြန်သည်၊ ခါးသက်သောအရသာ မရှိပေ၊

ဤသည်ကိုနက္ခတ်ဆရာများကထိုခါးသော သစ်သီး၊ သစ်နွယ်၊ သစ်ကိုင်းသည် နေလမ်းကြောင်းမလွတ်၍ သို့မဟုတ် နက္ခတ်မသင့်၍ ထိုသို့ဖောက်ပြန်စွာ ဖြစ်ရသည်ဟု ဆိုကြပြန်သည်။

အချို့ကမူ သခွားသီးကို မြွေကျော်သွားလျှင် ခါးသည်ဟု ပြောကြပြန်၏၊ ဤသည်မှာလည်း အံ့ဩဖွယ်ရာ ထူးဆန်းဖွယ်ရာကောင်းသော သစ်ပင်သစ်သီးတို့၏ လျှို့ဝှက်ချက် ဂမ္ဘီရ၊ လူတို့မလေ့လာရသေးသော သဘာဝထူးဆန်းမှုပင်။

ထို့ကြောင့် ကျွန်ုပ်တို့ရွာရှိ ဆေးဆရာ၊ နက္ခတ်ဆရာတစ်ဦးက ယခုပျောက်နေသော စောညွန့်ဦးသည် ထိုကဲ့သို့ နေလမ်းကြောင်း၊ နက္ခတ်မလွတ်သော သစ်တစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းက သစ်သီးတစ်လုံးကို ခူးဆွတ်စားမိ၍ ထိုသစ်ပင်အောက်၌ပင် သတိမေ့နေခြင်း သို့မဟုတ် အိပ်ပျော်နေခြင်း သို့မဟုတ် သေနေခြင်းလည်း ဖြစ်နိုင်သည်၊ ထပ်ရှာကြပြီဟု ဆိုသည်။

နက္ခတ်ဆရာကြီး အမိန့်ရှိသလိုပင် မိဘဆွေမျိုးများနှင့် ရွာသားကြီးများသည် ဤရာသီ၌ သီးမှည့်တတ်သော သစ်ပင်မျိုးစုံတို့ရှိရာ တောတောင်ကို သွား၍ စောညွန့်ဦးကို ထပ်ရှာကြပြန်၏၊ သို့သော် တစ်ရက်နှင့် တစ်ညသာ ကုန်သွားသည်၊ စောညွန့်ဦးကိုကား ဘယ်တောဘယ်တောင်မှာမျှ ရှာမတွေ့ကြသေး။

ထိုအခါ ပြားချိန်ရွာကိုသွား၍ နတ်ဆရာမ ဒေါ်ကြာညို့နှင့် နတ်ပွဲဆရာ ဦးငနီတို့ထံ၌ နတ်သွားမေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်ဆရာမ ဒေါ်ကြာညိုက စောညွန့်ဦးကို နတ်ဝင်ထားသည်။ နတ်နှင့် ပတ်တီး၍ ရှာရမည်။ ထိုသို့ရှာလျှင် ရမည်ဟု အဟောထွက်ပြန်သည်။ ထိုအခါ နတ်ဆရာမပြောသလို နတ်ပွဲ၊ ပတ်ပွဲပေး၍ ရှာကြရမည့်အစီအစဉ်ကို နတ်ဆရာမ အမိန့်ရှိသလို အစီအစဉ် လုပ်ကြရပြန်သည်။

ဆန်မန်းပေါက်ပေါက်တစ်ခွက်ကိုကိုင်၍ နတ်ဆရာမကြီးက နတ်သီချင်းဆို၍ ရှေ့က သွားသည်။ ပတ်ဆရာက နတ်မြှူ နတ်သံချပ်ထိုး၍ မည်သည့်နတ်၊ မည်သည့်အရှင်လုပ်ထားသည်ကို နတ်စဉ်ချကာနောက်ကလိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ နတ်သီချင်းသံ၊ ပတ်သံ၊ ပတ်ဆရာ၏ နတ်သံချပ်ထိုး သီဆိုသံတို့နှင့် ဆူညံနေသည်။ ရွာသူရွာသားများက သူတို့နောက်က လိုက်ပါကြရသည်။

"ကိုင်းချောင်းနံယောင်
ငပြီတောင်
ပန်းရောင်ဆိုးဆေး
ချွေယချေးလား။

ကိုင်းချောင်းနတ်၊ ငပြီတောင် နတ်ကြီးများ စောညွန့်ဦးကို ဝင်ထားကြသလားဟု ပတ်သံချပ်ဖော်၍ ပတ်ဆရာက မေးသည်။

"ကြက်တည်အိပ်ပိုက်
ကျားကြီးကိုက်
အာ့ ထစ် ရွှေသီး
ယပ်ပွတ်ကြီးလား"

ကြက်တည်ရင်း အိပ်ပျော်နေသဖြင့် ကျားကိုက်ခံရပြီးသေသွားသော စကားထစ်အ သူဦးရွှေသီးနတ်ကများစောညွန့်ဦးကိုကျားနှင့်တိုက်သတ်ပစ်လေသလားဟု မေး၏။



"ချောင်းထဲကွန်ပစ်
ရေမှာနစ်
ချော်မောင်လေး
ကိုယ့်ပြလား။

ချောင်းထဲတွင် ကွန်သွားပစ်ရင်း ရေနစ်သေသွားသော အသားမည်း မောင်လေးဆိုသော နတ်လား။

"ဆောင်းတွင်းမီးလှုံ
မိုက်မိုက်တုန်
သောင်ခုံမီးလောင်
တက်တက်ပြောင်လား"

ဆောင်းတွင်းမီးလှုံစဉ်အိပ်မီးလောင်၍သေသွားပြီးနတ်စိမ်းဖြစ်နေသည်ဆိုသော မိန်းမကိုပင် သူ၏လူ့ဘဝက ငယ်ကျိုးငယ်နာတွေကိုဖော်ကာ ပတ်ဆရာက "ဘယ်လူလဲ၊ ဘယ်လူလဲ၊ စောညွန့်ဦးကို ဝင်ထားသူ၊ သတ်ပစ်လိုက်သူ၊ ဘယ်လူလဲ" ဟူသော သဘောနှင့် ကျွန်ုပ်တို့ရွာတွင် အစိမ်းသေနှင့် သေကြသူများကိုအားလုံးတခွေ့သရဲနတ်စိမ်း၊ နတ်မြှူဖြစ်နေသည့်သဘောနှင့်ပတ်ဆရာကြီးက နတ်စဉ်ချပြီး မေးမြန်းဖော်ထုတ်ကာ နတ်ဆရာမနောက်က လိုက်နေသည်။

တောထဲတောင်ထဲက သေသွားသူကို လိုက်ရှာကြရင်း တီးလိုက်သော ပတ်သံသည် တောတောင်တို့ကို ပဲ့တင်ရိုက်ကာ ကျွန်ုပ်တို့ကလေးလူကြီးများ၏ ရင်ထဲကိုပင် ကတုန်ကယင်ဖြစ်သွားစေသည်။ ပတ်ဆရာကြီးဦးငနီမှာ တစ်နယ်လုံး၌ လက်သံပြင်းသူ ပတ်တီးကောင်လည်းဖြစ်လေရာ ပတ်သံကြားရသူ့အချို့မှာ အလိုလို တုန်လှုပ်ချောက်ချားကုန်ကြသည်လည်း ရှိလေသည်။

"မြန်း ... မြန်း ... မြန်း ... မြန်း ... ထီ ...."
"ပင်လယ်နားယောင်
ကိုငကြောင်
အမောင်ဖွက်ထား



www.burmeseclassic.com

www.burmeseclassic.com

ပြောပါလား။
ဘာစားချင်လဲ
ပြောပါလား။
ဘာလိုချင်လဲ
ပြောပါလား"

ယခု ချောင်းဖျားရွာက ဦးဖိုးလှိုင်၏သား စောညွန့်ဦး ပျောက်သွားသည်မှာ တော၌တောင်၌သာ ဖြစ်၏။ သို့သော် ပတ်ဆရာကြီးနှင့် နတ်ဆရာမတို့ကမူ ကျွန်ုပ်တို့ရွာ၌အစိမ်းသေ ပဲ့ပေါ်ကြသော ကျားကိုက်၍သေသူ၊ ရေနစ်၍သေသူ၊ မီးလောင်၍သေသူ၊ ပင်လယ်နား၌ ငါးရှာရင်း ရေလှိုင်းနှင့်မျောပါ၍သေသူများကိုပါ မဆီမဆိုင် တစ္ဆေသရဲဖြစ်နေပါသည်ဟု ပတ်ဆရာကြီးကဆွဲထည့်သောအခါ သူ့ဆွေမျိုးအချို့က မကျေမနပ်ဖြစ်ကြသည်။

◉

သို့သော် ရွာလူကြီးများနှင့် စောညွန့်ဦး၏ဆွေမျိုးသားချင်းအားလုံးတို့မှာ လောလောဆယ် စောညွန့်ဦးကိုရှာတွေ့ရေး၊ သေသည်ရှင်သည် သိရရေးသာ အရေးတကြီးဖြစ်နေကြသဖြင့် မကျေနပ်ချက်များကို သေသွားကြသူတို့၏ဆွေမျိုးများက မပြောဝံ့ကြဘဲ ရေငုံနှုတ်ပိတ်နှင့်သာ အများနည်းတူ နတ်ဆရာမ၊ ပတ်ဆရာကြီးတို့နောက်က လိုက်ပါနေကြရသည်။

သည်လိုနှင့် နတ်ဆရာမ၊ ပတ်ဆရာတို့နှင့် တောတောင်အနှံ့ ရှာကြရာ နှစ်ရက်သုံးရက်သာ ကြာသွားသည်။ စောညွန့်ဦးကိုကား ရှာမတွေ့သေး။ သေသည်ရှင်သည်လည်း မသိရသေး။ ရွာနားဝန်းကျင်ရှိ တောတောင်အနှံ့ကို ရှာပြီးကြသောအခါ နတ်ဆရာမ၊ ပတ်ဆရာတို့နှင့်တကွ ရွာသားကြီးများကပင် လက်လျှော့လက်မှိုင်ချကြရမလို ဖြစ်သွားကြသည်။

ထိုကာလကတွင် ကျွန်ုပ်တို့နယ်တစ်ဝိုက်၌ အလွန်နာမည်ကြီးနေသော ကွမ်းရှိန်ရွာသား ဓာတ်ဆရာကြီးဦးကျော်ဇောဦး အဟောထွက်ထားသော စကားကို လူကြီးအချို့က သတိရမိသွားကြသည်။ ကျွန်ုပ်တို့ရွာနှင့်ပတ်သက်သော ဦးကျော်ဇောဦးဟောထားသည်မှာ ကာလပင် အတန်ကြာပြီဖြစ်သည်။



ဦးကျော်ဇောဦးမှာ ကျွန်ုပ်တို့ရွာနှင့် တစ်မွန်းတည့်ခြေကျင်ခရီးရှိသော အထဲတွင်းခေါ်ကွမ်းရှိန်ရွာ၌ နေသူဖြစ်သည်။ ဦးကျော်ဇောဦး၏အဟောမှာ မမှန်ဘဲ လွဲချော်သွားသည်ဟု တစ်ခါမျှမရှိခဲ့၊ သူဟောလိုက်လျှင် ဒက်ထိမှန်သည်က များ၏။

လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်က ကျွန်ုပ်တို့ချောင်းဝရွာ ချောင်းကြီးဝတွင် ခမောင်း (ပျဉ်းမ) မြစ်ဆုံကြီးတစ်ဆုံ လာတင်နေသည်။ ထိုခမောင်းမြစ်ဆုံကြီးမှာ ဘယ်ကဘယ်လိုရောက်လာသည်၊ မျောပါလာသည်ကိုလည်း သိကြ၊ ချောင်းဖျားဆီက မျောပါလာသည်ဟု ထင်စရာရှိနိုင်သော်လည်း ထိုမျှကြီးမားသော ခမောင်းပင်ကြီးကိုလည်းကောင်း၊ ထိုမျှကြီးမားသော ခမောင်းမြစ်ဆုံကြီးကိုလည်းကောင်း မည်သည့်နေရာ၊ မည်သည့်ချောင်းဖျားမှာမျှ မမြင်ဘူး၊ မတွေ့ဘူးကြ။

ထိုထက်ထူးဆန်းနေသည်မှာ ထိုခမောင်းမြစ်ဆုံကြီးသည် ရေမည်မျှကြီးကြီး ပင်လယ်ထဲသို့ မျောပါမသွား။ ဝဲကတော့မည်မျှထိုးထိုး ဘယ်နေရာကိုမျှ ရွေ့မသွား။ ချောင်းကြီးဝရေလယ်၌ပင် ကျောက်တက်ကိုက်ထားသလို တည်နေသည်။

ရွာက သားငါးရှာသူများသည် ချောင်းဝတွင် လာတည်နေသော ထိုခမောင်းမြစ်ဆုံကြီးကို ဝိုင်းဆွဲ၍ရေစီးရေလာကောင်းသော ရေစီးထန် ရေရှိုးသို့ ဆွဲပို့တွန်းထားခဲ့ကြသော်လည်း ဆွဲပို့ထားခဲ့စဉ် ခဏသာ လူတွန်းပို့ထားခဲ့ရာ၌ ကျန်နေခဲ့ပြီး မနက်မိုးလင်းသည်နှင့် မူလ ပထမနေရာသို့ ပြန်ရွေ့သွားကာ တည်နေပြန်သည်။

◉

မိုးကြီးသဲသဲမဲမဲရွာသည်၊ ရေကြီးသည်၊ ဒီရေတက်သည်၊ လူတွေက သယ်နေရာကို ရွေ့ထားခဲ့၊ ရွေ့ထားခဲ့ တစ်ညကြာသည်နှင့် မူလနေရာမှာသာ တည်နေသည်။

ထိုမြစ်ဆုံကြီးအောက်တွင် အမြစ်ဝှတ်၊ အမြစ်တက် ရှိနေ၍ မြေထောက်နေသဖြင့် ရွေ့လျားခြင်းမရှိ ဖြစ်နေသည်အထင်နှင့် မြစ်ဆုံကြီးအောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ငုပ်ဝင်စမ်းကြည့်ကြသည်။ အမြစ်ဆုံကြီးအောက်တွင် ဘာအငုတ်၊ ဘာအမြစ်တက်မှ မရှိ။ သည်အတိုင်း ရေပေါ်၌သာ ပေါ်လောတည်နေသည်။

ထိုအမြစ်ဆုံကြီးသည် ချောင်းဝချောင်းရေရိုး၌ ဤသို့ထူးထူးဆန်းဆန်း ရက်ပေါင်းများစွာ လာတည်နေသည်ကို လူတွေမှာ အံ့ဩမဆုံးဖြစ်ကြပြီး တွေရာလေးပါး စကားအမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

ထိုသို့ပြောဆိုဝေဖန်နေကြသောကာလ၌ပင် နောက်ထူးဆန်းမှုတစ်ခု ပေါ်လာပြန်သည်။ ထိုထူးဆန်းမှုမှာ ခဲဝါကျား (ခွေးအ,ကြီး)ကြီးတစ်ကောင်သည် ညည ရွာကိုပတ်ပြီး အော်မြည်သည်။ ရွာဖျားရွာထောင့်တို့၌ စုရပ်ကာ အော်မြည်သည်။ ရွာဘက်ကိုကြည့်၍ အကြာကြီးအူနေသည်။

ထိုခဲဝါကျားကြီးသည် လူခြေတိတ်စ ညကိုးနာရီ၊ ဆယ်နာရီဆိုလျှင် အချိန်မှန် လာလာအော်မြည်အူတတ်သည်။ ထိုခဲဝါကျားကြီး လာမြည်ပြီ၊ လာအူပြီဆိုလျှင် တခြားရိုးရိုးခွေးအ များ၏မြည်သံ၊ အော်သံတို့က ချက်ချင်း တိတ်သွားတတ်သည်။ ရွာခွေးများကလည်း ထိုခဲဝါကျားကြီးကိုတစ်ကောင်မျှ ထွက်မလိုက်ဝံ့ကြ။

အလွန်အမဲလိုက်ကောင်းပါသည်၊ တောကောင်းပါသည်၊ သားကောင် လိုက်တော်ပါသည်၊ ချေတို့ ဝက်တို့ကိုပင် လူအကူအညီမပါဘဲ တစ်ကောင်တည်းလိုက်ကိုက်၍ သူ့အရှင် မုဆိုးကိုခေါင်းဆီ အိမ်ထိဆွဲယူလာပေးတတ်သည်ဆိုသော အင်းခွေးစပ်လက်ဖြူပင် ထိုခဲဝါကျား မြည်သံအော်သံကြားလျှင် အမြီးကုပ်ပြီး အိမ်ပေါ်ပြေးတက်လာတတ်သည်။ လုံးဝအသံမထွက်ရဲ၊ ဟောင်လည်းမဟောင်ရဲ။ ထို့ကြောင့် ညည၌ ထိုခဲဝါကျားကြီး လာမြည်နေသည်မှာ ရွာသူရွာသားများအတွက် ကြာသော် တုန်လှုပ်ချောက်ချားစရာ ဖြစ်လာသည်။

ကျွန်ုပ်တို့ရွာပတ်ဝန်းကျင်ရှိ တောတောင်ထဲတွင် ရှိနေကြသော ခဲဝါ (ခွေးအ)များ၏ အသားကို လူတွေက မစားသဖြင့် ခွေးအ,များ အလွန်ပေါပါသည်။ ခွေးအ များမှာ တောတောင်ထဲရှိ ကမ်းပါးယံတို့၌ ကျင်းဖောက်၍ နေကြသည်။ နေ့ခင်းနေ့လယ်ဆိုလျှင် လူတွေ၊ ရွာခွေးတွေကို ကြောက်၍ သားရဲတွင်းထဲက မထွက်ဝံ့ကြဘဲ တွင်းအောင်းနေတတ်ကြသည်။



ည လူခြေတိတ်ပြီဆိုလျှင်တော့ သူတို့ထွက်ကြပြီ။ ကျင်းက ထွက်သည်နှင့် အူတတ်မြည်တတ်ကြသည်။ တစ်ကောင်နှင့်တစ်ကောင် အချက်ပေး အော်မြည်၍ အစာရှာထွက်ရန် အဖော်ရှာတတ်ကြသည်။ သားရဲတွင်းဝက ခွေးအမိသားစုတစ်စု အော်မြည်လိုက်ပြီဆိုလျှင် သားရဲတွင်းများရှိ နောက် ခွေးအ,များကလည်း အော်မြည်ထွက်လာကြ၏။

ထိုအခါ ရွာပတ်ပတ်လည်က ခွေးအများ မြည်သံ၊ အူသံများသည် ည ရှစ်နာရီ၊ ကိုးနာရီအချိန်၌ ညံစီနေတတ်သည်။ ထိုသို့ အော်မြည်နေကြရာမှ သူတို့အသံတိတ်ပြီဆိုလျှင်တော့ လူတွေစိုက်ပျိုးထားသော ဖရဲ၊ သခွား၊ ကန်စွန်းခင်းများကို ဝင်ရောက်ဖျက်ဆီးစားတတ်ကြသည်။

သူတို့ရန်ကြောင့် လူတွေက ဖရဲ၊ သခွား၊ ကန်စွန်းခင်းများကို ခြံအလုံ တာထားကြသောအခါ ရွာထဲဝင်ပြီး ကြက်ငှက်များ၊ အိမ်အောက်တွင် အုပ် ထားသော ပိန္နဲသီး၊ ငှက်ပျောသီးခြင်းများကို ဆွဲပြေးတတ်ကြပြန်သည်။

ခွေးအ များမှာ အစုံစားတိရစ္ဆာန်များဖြစ်ကြသဖြင့် အသီးအနှံများကို စားသလို၊ ကြက်ငှက်အသားတို့ကိုလည်း စားကြသည်။ ကြက်ငှက်များကို ရွာထဲဝင်ဆွဲသလို၊ ရွာခွေးမများ သားပေါက်ချိန်၌ ခွေးကလေးများကိုလည်း လာလာဝင်ဆွဲတတ်ကြသည်။ ထိုသို့ရွာထဲက ခွေးကလေးများကို လာဆွဲပြီ ဆိုလျှင်တော့ ရွာခွေးများကလည်း လိုက်ကိုက်ကြရာ တစ်ရွာလုံးမှာ ညကြီး သန်းခေါင် ပွက်လောရိုက်သွားကြသည်။

ထိုသို့ အတင့်ရဲကြသော ခွေးအများသည်ပင် ခဲဝါကျားကိုကြောက်၍ မြည်သံ၊ အူသံ တိတ်သွားတတ်ကြသည်။

နောက်တစ်ခု ထိုခဲဝါကျားရွာအောက်၌ လာမြည်ပြီးဆိုလျှင် ရွာထဲရှိ အလေးသူငယ်များ အဖျားအနာများကြသည်။ အသေအပျောက်ရှိကြသည်။ ထိုအခါ ရွာသူရွာသားတွေမှာ ခဲဝါကျားသည် မကောင်းဆိုးဝါးကောင်ဟု ယတ်မှတ်ကြပြီး ထိုမကောင်းဆိုးဝါးကောင်၏ရန်ကို မည်သို့မည်ပုံပြုလုပ်ကြ ရမည်ကို ဓာတ်ဆရာကြီးထံ သွားရောက်ပြီး အကူအညီတောင်းကြရသည်။

သူ့အားဓာတ်ဆရာဟုအမည်နာမပညတ်၍ခေါ်ကြခြင်းမှာ ဦးကျော်အေး သည် သီလသမာဓိရှိသူ၊ နှစ်ပေါင်းများစွာက မြေထဲနှစ်မြှုပ်နေသော ဓာတ်တော်များကို အပေါ်ထွက်ပြီး ဓာတ်တော်တွေဖော်ပေး၊ စေတီတွေ တည်ပေးသည်ကို အကြောင်းပြု၍ ဓာတ်ဆရာဟု ခေါ်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ် ယခု နစ်ပိုင်းအတွင်းတွင် ကျွန်ုပ်တို့ရွာနှင့် မြေကျင်ဆယ့်ငါးမိနစ်ခန့်သာဝေးသော မင်းပြင်ရွာမှ ရှေးရှေးပဝေသဏီ မည်သည့်ကာလကပင် မြေကြီးအောက်ရောက်နေသည်မသိသော ဓာတ်တော်ဌာပနာတိုက်တစ်ခုကိုလည်း ဦးကျော်ဖေဦး အဟောထွက်ပြီး တူးဖော်ကြရာက ရရှိထားလေသည်။

(ထိုဓာတ်တော်မှာ ယခု ကျောက်မြို့ - ရမ်းဗြဲသွားကားလမ်း၊ ရန်ကုန် - ကျောက်မြို့ကားလမ်းရှိ မင်းပြင်ရွာ၌ ရှိသည်။ မိုးလေဝသဌာနက တည်ဆောက်ထားသော ကျောက်တောင်ပေါ်က ရေခါနှင့်ကပ်လျက်ရှိ၏။ မင်းပြင်ရွာကိုရောက်ကြသူတိုင်းဝင်ရောက်ဖူးမြော်တတ်ကြသော ဓာတ်တော်စေတီဖြစ်သည်။)

ထိုဓာတ်တော်တွေ့မှာ ယခင်က မင်းပြင်ရွာသားတစ်ဦး၏အိမ်အောက်တွင် နစ်ပေါင်းများစွာ နစ်မြှုပ်နေခဲ့သည်။ ထိုအိမ်ရှင်အမျိုးသမီးသည် ညနေစောင်းသည်နှင့် ကယောင်ကတမ်းတွေ အမျိုးမျိုးပြောကာ အရူးတစ်ပိုင်းဖြစ်နေသည်။ ခု ငို၊ ခုရယ်နှင့် လင်သားတို့ကို ဆဲဆိုလိုက်၊ အိမ်ရှေ့လမ်းမက ဖြတ်သွားသူများကိုလည်း ဆဲလိုက်ဆိုလိုက်၊ ရန်စောင်လိုကပ်နှင့် နေမဝင်မချင်း ထိုသို့ဖြစ်နေရာ မိုးချုပ်နေဝင်အချိန်ရောက်ပြန်တော့လည်း အကောင်းပကတိပင်။

ထိုသို့ လနှင့်ချီ၍ဖြစ်နေရာ တစ်လလောက်ကြာသောအခါ ထိုအမျိုးသမီး၏အဖြစ်သနစ်နှင့်ပတ်သက်၍ ဓာတ်ဆရာကြီးဦးကျော်ဖေဦးအားသွားပင့်ပြီး အဟောနာကြသည်။ ထိုအခါ ဓာတ်ဆရာကြီးက ဤအိမ်အောက်တွင် ယခင်နစ်ပေါင်းများစွာက တိမ်မြှုပ်နေသော စေတီပျက်နှင့် ဓာတ်တော်များ ရှိနေသည်၊ ထို့ကြောင့် ဤအမျိုးသမီး ထိုသို့ဖြစ်နေကြောင်း အဟောထွက်လေသည်။

ညနေစောင်းတိုင်း အရူးတစ်ပိုင်းလို့ဖြစ်နေသော ဤအမျိုးသမီးမှာ ဓာတ်တော်၏ဒကာမ ဖြစ်သည်။ ဓာတ်တော်ပေါ်၌ အိမ်ဆောက်နေခြင်းကြောင့် ထိုသို့ဖြစ်ရသည်။ ဤအိမ်အောက်ကိုတူးဖော်၍ ရရှိသောဓာတ်တော်များကို မင်းပြင်ရွာသားများ စေတီတည်၍ ကိုးကွယ်ကြရမည်။ ထိုအခါမှ ဓာတ်တော်ဒကာမ အရူးပျောက်မည်ဟု ဟောလေသည်။



ထိုအခါ ထိုအိမ်ကိုပြောင်းဆောက်စေပြီး ဓာတ်ဆရာကြီးအဟောထွက်သလို သာသနာပွဲ၊ သာသနာစောင့်နတ်ပွဲများနှင့် ရာဇမတ်ကာ ဆန်မန်းပေါက်ပေါက်ကြဲ၍ အိမ်အောက်ကို တူးဖော်ကြသည်။

အုတ်ကျိုးအုတ်ပဲ့များကိုသာ တွေ့ပြီး ဓာတ်တော်ကိုတစ်ရက်နစ်ရက်ထိ ရှာမတွေ့ဖြစ်နေကြသည်။ ထိုအခါ ဓာတ်ဆရာကြီးကို ပြန်မေးကြပြန်သည်။ ဓာတ်တော်မှာ မူလဓာတ်တော်ဒကာမဖြစ်သော အိမ်ရှင်အမျိုးသမီးကိုယ်တိုင် မြေတပုံ၊ အုတ်ကျိုး၊ အုတ်ပဲ့များ၌ ကိုယ်တိုင်ရှာမှ တွေ့ရလိမ့်မည်ဟု အဟောထပ်ထွက်ပြန်သည်။

အစတုန်းကမူ ဓာတ်တော်ဆိုသည်မှာ အထွတ်အမြတ်ဖြစ်သဖြင့် စည်းဝိုင်းဝိုင်းပြီး ဓာတ်တော်တူးနေကြသော စည်းဝိုင်းအတွင်းကို ဘယ်မိန်းမသူများကိုမျှ မဝင်ရ၊ အနားမကပ်ရဟု ပညတ်ထားကြရာ ယခုအခါ ဓာတ်တော်များ၏ မူလစေတီကို တည်ထားကိုးကွယ်ခဲ့သော ဓာတ်တော်ဒကာမ ယခုအိမ်ရှင်မိန်းမကိုယ်တိုင် စည်းဝိုင်းထဲဝင်ရှာ၊ ဆင်းရှာမှ ဓာတ်တော်ရမည်ဟု ဓာတ်ဆရာကြီးက ဟောသဖြင့် အိမ်ရှင်မိန်းမအား စည်းဝိုင်းထဲဝင်ကာ တူးဆွထားကြသော မြေစာများ၊ အုတ်ကျိုးအုတ်ပဲ့များကို ရှာနိုင်းကြရာ နာရီပိုင်းပင်မကြာ၊ ဓာတ်တော်များကို ရရှိခဲ့ကြလေသည်။

ဤသို့သောသာဓကများကြောင့် ယခု ကျွန်ုပ်တို့ ချောင်းဝရွာ၌ ခမောင်းမြစ်ဆုံကြီး မရွေ့မလျားဘဲ ချောင်းကြီးဝ၌ လာတည်နေသည်နှင့် ရွာကိုပတ်ပြီး ခဲဝါကျား အော်မြည်သည်တို့ကို ဓာတ်ဆရာကြီးအား သွားပင့်၍ မည်သို့သော အတိတ်နိမိတ်ဖြစ်မည်ကို အဟောနာကြသည်။

ဓာတ်ဆရာကြီး အဟောထွက်သည်မှာ ...

ယခု ညညကျလျှင် ရွာကိုပတ်ပြီး ခဲဝါကျားတစ်ကောင် လာလာအော်မြည်နေသည်မှာ ရွာကို စောင့်ရှောက်နေသော ခွေးဘီလူးကြီး အစာတောင်းနေခြင်းဖြစ်သည်။ ထိုခွေးဘီလူးကြီးကို အစာကျွေးရမည်။ အစားစားချင်သဖြင့် ခွေးဘီလူးကြီးသည် ညည ရွာနားကိုလာအော်မြည်နေခြင်းဖြစ်သည်။

ဒုတိယဟောချက်မှာ ...

ချောင်းဝရွာ ချောင်းကြီး၏ ချောင်းဝ၌ ခမောင်းမြစ်ဆုံကြီးတစ်ခု ဘယ်မျှ ရွေ့မလျားဘဲ လာတည်နေခြင်းမှာ ဤရွာသား၊ ရွာသူတစ်ယောက်၊ ရွှေ ခမောင်း၊ ငွေခမောင်းရမည့်ကိန်းရှိသည်ဟု အဟောထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ထွေရာကမာ ဟောချက်ကမူ ဤရွာထဲရှိ တစ်ယောက်ယောက်၏ ငှက်ပျောခင်းတစ်ခင်း၌ ငှက်ပျောပင်တစ်ပင်က ကြိမ်နှာမောင်းထွက်ရှိနေလိမ့်မည်။ အရပ်သားတစ်ယောက်သည် သမီးမိန်းကလေးအားငယ်စဉ်ကပင် "သား သား" ဟုချည်း ခေါ်ဝေါ် ပြောဆိုလာဆို ထိုမိန်းကလေးမှာ ယခုအခါ အပျိုပင်ဖြစ်နေပြီ။ သို့သော် ထိုသူကား ယခုထိ သူ့သမီးကို "သားသား" ဟုသာ ခေါ်နေသော လူတစ်ယောက်လည်း ရွာမှာ ရှိလိမ့်မည်။

အရှေ့ဘက်ရွာနှင့် ယာတောင်ရွာကြားဇရပ်ပြင်တွင် စောင်းငြင်းပတ်ကာ တူရိယာများနှင့် ဗုံတီးနဲမှုတ်ခြင်းတို့ကို မလုပ်ရ၊ ထိုသို့လုပ်လျှင် ကာလသားကာလသမီးအပျို၊ လူပျိုထဲက တစ်ယောက်ယောက် အစိမ်းသေနှင့်သေတတ်သည်။

◉

ချောင်းဖျား၊ ချောင်းဝ ရွာနှစ်ရွာသည် ယခုအခါ တစ်ကျောင်းတည်း တစ်ကန်တည်း ညီညီညွတ်ညွတ် ကိုးကွယ်နေကြသော်လည်း တစ်နေ့တွင် ရွာကွဲပြီး နှစ်ကျောင်းနှစ်ကန် ဖြစ်သွားလိမ့်မည်ဟု ဆက်တိုက်ဟောချသွားသည်။

ကျွန်ုပ်တို့ရွာကို ချောင်းဝရွာဟု ခြုံခေါ်သော်လည်း ယာတောင်ရွာ၊ အရှေ့ဘက်ရွာ ချောင်းဖျားဟု ရွာသုံးရွာရှိလေသည်။ ထိုသုံးရွာတွင် ချောင်းဖျားရွာသည် သီးသန့်ခွဲထွက်သွားလိမ့်မည်။ ယာတောင်ရွာနှင့်အရှေ့ဘက်ရွာတို့သာ မူလကျောင်းဟောင်း၌ ကျန်နေကြလိမ့်မည်ဟု ဟောသည်။

ဓာတ်ဆရာကြီး ဟောကြားချက်တွင် ရွာကွဲမည်ဟု ဟောပြောချက်တော့ မည်သူမျှမကြိုက်ကြ၊ မကောင်းသောအတိတ်နိမိတ်များကို ဟောရမည်လားဟု လူကြီးများက မကြိုက်ကြ၊ အပြစ်ပြောသူက အပြစ်ပြောကြသည်။ အထူးသဖြင့် ဆရာတော်ကြီးက ပိုမကြိုက်၊ ချောင်းဖျားရွာ ကွဲထွက်သွားလျှင် သူ့တွင် ဒကာနည်းမည့်အပြင် ယခုညီညီညွတ်ညွတ်မှုရှိကြသဖြင့် ဓာတ်ဆရာကြီး၏ဟောချက်ကိုလည်း မယုံကြည်ကြပေ။



သို့သော် မည်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက် ဓာတ်ဆရာကြီးကကား သူမြင်ရာထင်ရာကို ဟောပြီးသွားလေပြီ။

လောလောဆယ် လက်ရှိအခြေအနေမှာ ခဲဝါကျားကြီးတစ်ကောင် ညညလာပြီး ရွာကိုပတ်ကာအူလိုက်၊ ဟောက်လိုက်လုပ်နေသည်ကိုအစာကျွေးရမည်ဆိုသဖြင့် ဓာတ်ဆရာကြီးနှင့်အတူ အစာသွားကျွေးကြရမည့်သူကို ရှာကြရသည်။ ခွေးဘီလူးကြီးအား ဓာတ်ဆရာနှင့်အစာသွားကျွေးမည့်သူမှာ မကြောက်မရွံ့တတ်သူ ဖြစ်ရမည်။

သို့နှင့် ကျွန်ုပ်၏ ဦးလေးတော်သူ ဦးဖြူသီးအောင်မှာ အပြောင်အပြက် အလွန်ပြောတတ်သလို ကြောက်ရွံ့ခြင်းလည်း မရှိသဖြင့် ဦးဖြူသီးအောင်ကို ဓာတ်ဆရာကြီးနှင့်အတူ ခွေးဘီလူးကို အစာကျွေးရန် ထည့်လိုက်ကြသည်။

ဓာတ်ဆရာကြီးနှင့် ဦးဖြူသီးအောင်တို့သည် ခွေးစာကိုယူကာ မှောင်ရီတရောအချိန်၌ ချောင်းကြီးဝသို့ သွားကြသည်၊ ချောင်းကြီးဝ တောစနားသဲသောင်နုံတစ်နေရာအရောက်တွင် ဓာတ်ဆရာကြီးသည် သောင်ပြင်တွင် ငှက်ပျောဖက်ကိုခင်း၍ ခွေးစာကို ပုံလိုက်သည်၊ ပြီးတော့ ဓာတ်ဆရာကြီးသည် ခွေးစာကျွေးထားပြီးဖြစ်ကြောင်း ခွေးကို ခေါ်လိုက်ပုံရသည်။ သူရွတ်ဆိုနေသည်ကိုတော့ ဦးဖြူသီးအောင်က သဲသဲကွဲကွဲ မကြားရ။

ထိုအချိန်မှာပင် ယခင်က ရွာကိုပတ်ပြီး အော်မြည်တတ်သော ခဲဝါကျားကြီး အော်မြည်လိုက်သံကို တစ်ချက်ကြားလိုက်ရသဖြင့် ဦးဖြူသီးအောင်မှာ ကျောချမ်းသွား၏။ ဓာတ်ဆရာကြီးက လှည့်မကြည့်နှင့်တော့ဟု ပြောသော်လည်း ဦးဖြူသီးအောင်က မသိမသာ စောင်းကြည့်လိုက်မိရာ ခွေးနက်ကြီးတစ်ကောင်သည် ချုံထဲက ထွက်လာပြီး သူတို့ချကျွေးထားသောအစာကို အငမ်းမရ လာစားကြောင်း ဦးဖြူသီးအောင်က ရွာကိုပြန်ရောက်သည်နှင့် ပြောပြလေသည်။

◉

ထိုနေ့ ထိုအချိန်ကစပြီး ရွာကိုပတ်ကာ လာမြည်တတ်သော ခဲဝါကျားကြီး လာမမြည်တော့၊ ထို့ကြောင့်လည်း ရွာလူကြီးတွေမှာ ဓာတ်ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

အဟောထွက်သည်ကို ပိုပြီးယုံကြည်သွားကြကာ ဓာတ်ဆရာကြီး အဟောထွက်ထားသော နောက်ထပ်အကြောင်းအရာများမှန်မမှန်ကိုသိလိုကြသဖြင့် လောလောဆယ် ဓာတ်ဆရာကြီး ဟောထားသော ငှက်ပျောပင်က ကြိမ်နှာမောင်း ထွက် မထွက်ကို သိလိုကြ၍ ရွာသားများ၏အိမ်နားက ငှက်ပျောခင်းများထဲ လိုက်ရှာကြရာ ယာတောင်ရွာက ဦးဖိုးဦးရွှေ၏ငှက်ပျောခြံထဲ၌ အမှန်တကယ်ပင် ငှက်ပျောတစ်ပင်မှ ကြိမ်နှာမောင်းထွက်နေသည်ကို မကြုံစဖူး တွေ့မြင်ကြရသည်။ ကြိမ်နှာမောင်းမှာ တစ်လံနီးပါးပင် ရှည်နေလေပြီ။

ဤသည်ကိုမူ ခြံပိုင်ရှင်အတွက် မည်သည့်အတိအခိုက်မျှမရှိဘဲ စီးပွားလာဘ်လာဘတက်မည့် အတိတ်နိမိတ်သာဟု ဆိုလေသည်။

ထို့နောက် သမီးအား "သား – သား" ဟု ခေါ်ဝေါ်ပြောဆိုနေသူ ရှာ၌ အမှန် ရှိ မရှိကို လိုက်လံစုံစမ်းမေးမြန်းကြပြန်ရာ ချောင်းဖျားရွာက ဦးဆန်နီ ဆိုသူသည် သူ့သမီး မဦးဖြူအား မွေးကတည်းကပင် ယခုထိ "သား – သား" ဟုချည်း နှုတ်ကျိုးခေါ်ဝေါ်လာကြောင်း ရှာတွေ့ကြပြန်သည်။ မဦးဖြူမှာ ယခုအပျိုပင်ဖြစ်နေပြီ၊ သို့သော် သူ့အဖေက ယခုထိ သူ့အား "သား – သား" ဟု အမြဲလိုလို ခေါ်ဝေါ်ပြောဆိုနေတတ်သည်ကို အိမ်နီးပါးနားက နေ့စဉ်ကြားနေကြရကြောင်းပြောပြကြပြန်သည်၊ ကာယကံရှင်အားမေးကြည့်ကြသောအခါ သူက ငယ်စဉ်ကပင် နှုတ်ကျိုးနေ၍ ခေါ်လာမိကြောင်း ဝန်ခံလေသည်။

ယခုပစ္စက္ခ၌ဓာတ်ဆရာကြီးအဟောထွက်သည်မှာအားလုံးနီးပါးတော့ မှန်နေလေပြီ။

သို့သော် ခမောင်းမြစ်ဆုံကြီးတစ်ခုချောင်းဝချောင်း၌လာတည်နေသည်နှင့်ပတ်သက်၍မူ လောလောဆယ် ချောင်းဝရွာသားထဲက သို့မဟုတ် ရွာသူတစ်ယောက်ထဲက ရွှေမောင်း၊ ငွေမောင်း ဆုရမည်ဆိုသည်ကိုမူ မည်သူမျှ မယုံကြည်သေးဘဲ ရှိနေကြသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ရွာတွင် ရွှေမောင်း၊ ငွေမောင်း ဆုပေးခံရအောင် "ကျင်သန်" (ရိုးရာနပန်းသမား)လည်း မရှိ၊ နောက်ထပ် အတတ်ပညာသည်လည်း မရှိ၊ ဒေသဓလေ့အရ ရွှေမောင်း၊ ငွေမောင်း ဆုရကြသည်မှာ နပန်းသမားများသာ ပွဲလမ်းသဘင်၌ နပန်းသတ်ပွဲပြိုင်ပြီး ဆုရတတ်ကြသည်။



ထို့ကြောင့် ဓာတ်ဆရာကြီးအား ကျွန်ုပ်တို့ရွာတွင် ရိုးရာနပန်းသတ်သူလည်း မရှိ၊ အခြားပညာရှင်လည်း မရှိဘဲနှင့် ရွှေမောင်း၊ ငွေမောင်း မည်သို့ရနိုင်ပါမည်နည်းဟု မေးကြရာ ဓာတ်ဆရာကြီးက ရိုးရာနပန်းသမား ရွာ၌ ရှိ မရှိ ဆိုသည်ကို သူမသိ၊ သူသိသည်မှာ ချောင်းဝချောင်း၌ ခမောင်းမြစ်ဆုံကြီးကို ဘယ်နေရာ ရွေ့ကြရွေ့ကြ မရွေ့မလျားဘဲ ထိုနေရာကိုချည်း ပြန်ရောက်လာသည်မှာ ချောင်းဝရွာသူရွာသားထဲက တစ်ယောက်ယောက် ရွှေမောင်း၊ ငွေမောင်း ဆုပေးခံယူရမည့် အတိတ်နိမိတ်ပင်၊ နောက်ဆုံးတုန်ကုန်ပြောရလျှင် သီချင်းဆိုကောင်းသော မိန်းကလေးတစ်ယောက်ယောက်၊ သို့မဟုတ် တီရွှာန်ထဲက နွားတိုက်ပွဲ၌ အဖွေ့အခတ်ကောင်းသော နွားတစ်ကောင်ကောင်၊ သို့မဟုတ် တွန်သံသာသော ကြက်တစ်ကောင်ကို ဖြစ်ဖြစ်တစ်ဦးဦးက ရွှေမောင်းသို့မဟုတ်ငွေမောင်းဆုချပေးမည်မှာအမှန်ပင် ဖြစ်သည်ဟု ဓာတ်ဆရာကြီးဦးကျော်ဇောဦးက အဟောထွက်ပြန်လေသည်။

ဤသည်မှာလည်း တစ်နှစ်အတွင်း အမှန်တကယ်ဖြစ်ခဲ့ပြန်သည်။

ချောင်းဝရွာသားမောင်ထွန်းသာဆိုသူကာလသားပေါက်တစ်ယောက်သည်လက်သမားအလုပ်နှင့်မကျွပ်ကနားဖွပ်ပန်းချီသည့်အလုပ်ကိုအလွန်ဝါသနာကြီးသည်၊ သို့သော်မိဘများမှာမိရိုးဖလာလယ်သမားများသာဖြစ်ကြပြီး သူ့အဖေမှာ ရွာသူကြီး ဦးမောင်ချမ်းဦးဖြစ်သည်။ သို့သော် မောင်ထွန်းသာ ကားလယ်ယာလုပ်ငန်းကိုစိတ်မဝင်စား၊ ထို့ကြောင့် သူက သူဝါသနာပါသော ပညာကို ဆရာသမားများဆီ သွားရောက်သင်ယူပါရစေ ဆိုသောအခါ သူ့မိဘတွေက ခွင့်မပြု၊ တစ်ပြည်တစ်ရွာသွား၍ ပညာသင်သည်ဆိုခြင်းမှာလည်း သူတို့ဆီ၌ အစဉ်အလာမရှိ၊ ထို့ကြောင့် လုံးဝခွင့်မပြု။

ထိုအခါ မောင်ထွန်းသာသည် သူ့မိဘတွေလုပ်စေချင်သော လယ်ထဲကို လုံးဝမသွားဘဲ သူ့ဘာသာသူ တူဝယ်၊ လွှဝယ်၊ ဆောက်ဝယ်နှင့် အိမ်ထဲရှိ ဟိုသစ်ပိုင်းကိုတိုက်၊ သည်သစ်ပိုင်းကိုဖြတ် လုပ်နေသည်ကို သူ့အဖေသူကြီးက ကြည့်မရဖြစ်လာသည်၊ ထိုကိစ္စနှင့်ပတ်သက်၍ သားအဖတွေ နေ့စဉ်စကားများကြရာ သူ့အဖေ သူကြီးက မောင်ထွန်းသာဝယ်ထားသော လက်သမားပစ္စည်းတွေကို အိမ်ပေါ်က လွှင့်ပစ်လိုက်ပြီး မောင်ထွန်းသာကိုလည်း အိမ်ပေါ်က နှင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

၎င်းသည်ကို မောင်ထွန်းသာကလည်း ပျော်ပျော်ကြီးပင်၊ သူ့အဖေလွှင့်ပစ်ထားသော သူ့လက်သမားပစ္စည်းတွေကို ကောက်စုသိမ်းဆည်းပြီး သူ့အဝတ်ထုပ်ကိုယူကာ သူတို့ရွာ ချောင်းဝနှင့် တစ်မွန်းတည့်ခြေကျင်ခရီးရှိသော သိုင်းချောင်းရွာက ဆွေမျိုးတစ်ယောက်အိမ်၌ သွားနေလေသည်။

သိုင်းချောင်းရွာ၌လည်း မောင်ထွန်းသာသည် သူ့ကိုယ်သူ လက်သမားတစ်ယောက်အဖြစ်ခံယူကာ ဟိုလူက စားပွဲလုပ်ခိုင်း၊ သည်လူက ကုလားထိုင်လုပ်ခိုင်း၊ ကြောင်အိမ်ရိုက်ခိုင်းသည်ကစ၍ အိမ်ဆောက်တဲဆောက်ရာတို့၌ပါ ဝါသနာအရ လုပ်ကိုင်ပေးနေသည်။

မောင်ထွန်းသာ သိုင်းချောင်းရွာ၌ ထိုသို့လုပ်ကိုင်ပေးနေစဉ် ထိုရွာဘုန်းကြီးကျောင်းက ဦးပဉ္စင်းငယ်တစ်ပါး ကိုးဆယ့်ခြောက်ပါးသောရောဂါနှင့် ပျံတော်မူသွားသည်။ ထိုအခါ ဦးပဉ္စင်းပျံအတွက် ပြာသာဒ် (လောင်တိုက်) တလားလုပ်ကြရမည်ဖြစ်ရာ မောင်ထွန်းသာက သူ ပြာသာဒ်တစ်လုံးလုပ်မည်ဟု ဆိုသည်။

ဘယ်ဆရာ ဘယ်သူ့ဆီမှာမျှ နည်းနာခံ၍ မောင်ထွန်းသာ တလားပြာသာဒ်လုပ်သည်ကို မကြားဘူးကြသော ရွာသားများက ဖြစ်ပါ့မလားဟု ဆိုကြ၏။ သို့သော် မောင်ထွန်းသာကမူ ရဲရဲဝံ့ဝံ့ပင် အာမခံပြီး သူများဆရာတွေလုပ်သော တလားလောက်မကောင်းဘူး၊ မလှဘူးဆိုလျှင် ပိုက်ဆံတစ်ပြားမျှ မပေးကြနှင့်၊ ကိုယ့်ပိုက်ဆံနှင့်ကိုယ် စိုက်လုပ်မည်ဟု အတင်းဖွတ်ပြောနေသည်။

ထိုရွာ၌ သူတို့ဆွေမျိုးများလည်းရှိလေရာ "သည်လောက်လုပ်ချင်နေတဲ့ကောင်၊ လုပ်ပါစေ" ဟု ခွင့်ပြုလိုက်ကြတော့သည်။ မောင်ထွန်းသာလည်း ထိုရွာက သူငယ်ချင်းတစ်ယောက်နှစ်ယောက်ကိုအကူခေါ်ကာ လောင်တိုက်တလားတစ်လုံးကို သူ ဆောက်လုပ်လေသည်။ နောက်ထပ် လောင်တိုက်တလား သုံးလုံးကိုမူ လက်သမား၊ စပ်ပန်းချီပန်းပု ထုလုပ်ရာတွင် အစဉ်အလာရှိသော ပန်းဆွဲဆရာကြီးများက လုပ်ကြသည်။

မောင်ထွန်းသာလေးလုပ်သော လောင်တိုက်၊ တလား၊ ပြာသာဒ် ပြီးစီးသွားသောအခါ ဝါရင့်ပန်းဆွဲ၊ စပ်ပန်းချီ ဆရာကြီးများ လာလုပ်ထားကြသော



တလား၊ ပြာသာဒ်၊ လောင်တိုက်ထက်ပင် မောင်ထွန်းသာလေး ဦးဆောင်လုပ်သော ပြာသာဒ်၊ တလား၊ လောင်တိုက်က အကောင်းဆုံး၊ အလှဆုံးလိုဖြစ်နေသည်။ ဘုန်းကြီးပျံပွဲကို လာလာသမျှ ရဟန်းရှင်လူအားလုံးက ...

"ဒီလောင်တိုက်၊ တလား၊ ပြာသာဒ်ကို ဘယ်ရွာ၊ ဘယ်နယ်က၊ ဘယ်ဆရာကြီးလက်ရာပါလိမ့်" ဟု မေးယူကြရသောအဆင့်သို့ရောက်သွားသည်။

သည်လိုနှင့် ရဟန်းရှင်လူပြည်သူပြည်သား ဘုန်းကြီးပျံလာသမျှလူများက မောင်ထွန်းသာလေးလုပ်ထားသော တလား၊ ပြာသာဒ်ကိုသာ အကောင်းဆုံး၊ အလှဆုံးဟု ဆိုကြရာ အကဲဖြတ်လူကြီးများကလည်း မောင်ထွန်းသာလေး၏ တလားပြာသာဒ်ကို ပထမဆု ရွှေမောင်းဆုချလိုက်ကြသည်။ တခြားဝါရင့်သဘာရင့် ဆရာကြီးများကမူ ဒုတိယဆု ငွေမောင်းနှင့် နှစ်သိမ့်ဆု ငွေသားတို့ကိုသာ ရရှိကြလေသည်။ သို့သော် ဘယ်ဆရာ၊ ဘယ်ပညာရှင်ဆီမှာမျှ တပည့်သွားမခံဘဲ သူ၏ဉာဏ်စွမ်းဉာဏ်စနှင့် ၎င်းကဲ့သို့ တလားပြာသာဒ် လုပ်နိုင်သည်ကို ဆရာကြီးများကလည်း ချီးကျူးဂုဏ်ပြုကြသည်။

မောင်ထွန်းသာလေး သိုင်းချောင်းရွာ ဘုန်းကြီးပျံပွဲ၌ တလား၊ ပြာသာဒ်လုပ်၍ ရွှေမောင်းရပြီး နောက်တစ်ရက်မှာပင် ချောင်းဝချောင်း၌ တည်ရှိနေသော ခမောင်းမြစ်ဆုံကြီးသည်လည်း ဘယ်ဆီရောက်သွားသည်မသိဘဲ ပျောက်သွားလေသည်။ ၎င်းသည်မှာလည်း ဓာတ်ဆရာကြီးဦးကျော်ဇော်ဦး၏ အဟောက ဒက်ထိမှန်နေပြန်သည်။

(ထိုမောင်ထွန်းသာလူငယ်မှာနောင်တွင် "ရမ္မာဝတီဆရာသာ" ဟူသော အမည်နှင့် ကျောက်ဖြူမြို့တွင် လက်သမားဆရာကြီးအဖြစ် ထင်ရှားလာခဲ့သူဖြစ်လေသည်။)

◉

ထိုဓာတ်ဆရာကြီး အဟောထွက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ နောင်တွင် ချောင်းရွာနှင့် ချောင်းဝရွာမှာလည်း ဒုရေး၊ သုရေးနှင့်ပတ်သက်ကာ ပြဿနာဖြစ်ပြီး ရွာကွဲ ချောင်းခွဲသွားကြသည်မှာ ယနေ့တိုင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဖျားရွာက ဦးဖိုးလှိုင်၏သား စောညွန့်ဦး ပျောက်သွားတုန်းကမူ ရွာမကွဲ၊ ကျောင်း မခွဲကြသေး၊ ထိုစဉ်က ဓာတ်ဆရာကြီးဦးကျော်ဇောဦးလည်း မကွယ်လွန်သေး။

ယခု စာရေးသူ ဤစာကို ရေးနေချိန်၌ကား ကွမ်းရှိန်ရွာက ဓာတ်ဆရာကြီး ကွယ်လွန်သွားသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်လေပြီ၊

ချောင်းဖျားရွာက စောညွန့်ဦး ပျောက်နေသည့်ကိစ္စနှင့်ပတ်သက်၍ ဆက်စပ်ကြည့်ကြမြန်ရာ ကုန်ခဲ့သော သီတင်းကျွတ်လက မီးပုံပျံ လွှတ်တင်ကြရာတွင် ဇရပ်ရှေ့ကွင်းပြင်၌ အကအခုန်၊ အတီး၊အမှုတ်တွေနှင့် ကာလသားတို့ ပျော်ပျော်ပါးပါး ပြုလုပ်ခဲ့ကြသည်ကို လူကြီးများက သွားပြီးသတိရကြသည်၊

လွန်ခဲ့သောကာလတစ်ခုက ဓာတ်ဆရာကြီး အဟောထွက်ထားသည်မှာ ရွာနှစ်ရွာကြားရှိ ဇရပ်ပြင်တွင် ဗုံမတီးရ၊ နဲမမှုတ်ရ၊ တူရိယာများ တီးမှုတ်တခုန်ကြခြင်း မပြုရ၊ ထိုသို့ပြုလုပ်မိပါက အပျို၊ လူပျိုထဲက တစ်ယောက်ယောက်သည် အစိမ်းသေ သေတတ်သည်။ ဤသို့သော ဟောထားချက်ကို သတိရမိလိုက်ကြသောအခါ စောညွန့်ဦး၏မိဘနှစ်ပါးမှာ ပို၍သောကရောက်သွားကြသည်၊

နကွတ်ဆရာ၊ ဟူးရားဆရာ၊ နတ်ဆရာမ၊ ပတ်ဆရာကြီးတို့၏ အဟောအတိုင်း တောတောင်အနှံ့လည်း စောညွန့်ဦးကို ရှာပြီးကြပြီ၊ ဘယ်မှာမျှ ရှာမတွေ့၊ ရက်အားဖြင့်မူ သုံးရက်ပင် ရှိထားလေပြီ၊ ထိုအခါ ကွမ်းရှိန်ရွာက ဓာတ်ဆရာကြီးကိုသတိရသွားကြသဖြင့်ဓာတ်ဆရာကြီးကိုသွားပင့်ကြသည်။

သို့သော် ဓာတ်ဆရာကြီးကား လိုက်မလာ၊ လူပျောက်အဟောနာခံရန် လာပင့်သူများထဲက တစ်ယောက်သောသူ၏မျက်နှာကို အတန်ကြာ စေ့စေ့စူးစူးကြီး ကြည့်နေပြီး "ထိုသူကား သေလေပြီ" ဟု ဆိုသည်၊

သေသည်ဆိုလျှင် ယခုထိ အလောင်းရှာမတွေ့ကြသေးပါ။ သုံးရက်ပင် ရှိသွားပါပြီဟု ပြောကြသောအခါ ဓာတ်ဆရာကြီးက "ဤနေ့မနက်ကမှ သေတာ" ဟု ဆိုပြန်၏။

ထိုအခါ သူ့ကိုသွားပင့်ရန် သွားကြသူများက "သူ့အလောင်းကို ရှာကြရသည်မှာ သုံးရက်ရှိပါပြီ၊ သေပြီးဆိုလျှင် အလောင်းတွေ့အောင် မည်သို့ ရှာကြရပါမည်နည်း" ဟု ထပ်မေးကြပြန်သည်၊



"သူ့အလောင်းကိုတွေ့လိုလျှင် သူ နွားကျောင်းနေခဲ့သော တောစပ်လူငါးယောက်ကို အုပ်စုနှစ်စုခွဲကာ တောင်ဘက် မြေချောင်းကို သုံးယောက်သွား၊ နောက်နှစ်ယောက်က မြောက်ဘက်တံပူ (ဒန့်ပူ) ခါးမည်သောအရပ်ကို ရောက်အောင်သွား၊ တံပူခါးအရပ်ကိုရောက်လျှင် သူတို့ပြန်လာကြ၊ တောင်ဘက်ကို သွားကြသူတို့လည်း မြေချောင်းကိုရောက်သည်နှင့် ပြန်လာကြ၊ ပြန်လာကြသူနှစ်ဖွဲ့တောထဲ၌ ဆုံမိကြလိမ့်မည်၊ ထိုသူတို့နှစ်ဖွဲ့ဆုံမိကြသည့် နေရာတစ်ဝိုက်မှာ ရှာကြပါ၊ တွေ့ပါလိမ့်မည်" ဟု မှာလိုက်လေသည်၊






www.burmeseclassic.com

www.burmeseclassic.com

ဆရာသွားပင့်ကြသူတို့ ချောင်းဖျားရွာကိုပြန်ရောက်လာကြသောအခါ ဓာတ်ဆရာကြီး မှာလိုက်သကဲ့သို့ လူအုပ်စုနှစ်စုခွဲ၍ တောင်တစ်စု၊ မြောက်တစ်စု သွားကြသည်။ သတ်မှတ်ထားသောနေရာသို့ရောက်သောအခါဓာတ်ဆရာကြီးအမှာအတိုင်းပြန်လာကြသည်။ သူတို့ပြန်လှနှစ်ဖွဲ့မျက်နှာချင်းဆိုင်ဆုံမိကြသော နေရာတစ်ဝိုက်ကို ဓာတ်ဆရာကြီး မှာလိုက်သလို လှုစုလှုဝေးနှင့် ရှာကြသည်။

ထိုသို့ လိုက်ရှာကြရာ အမှန်တကယ်ပင် ဓာတ်ဆရာကြီး မှာလိုက်သလို ဦးဖိုးလှိုင်၏သား စောညွန့်ဦးကို သစ်ပင်တစ်ပင်ပေါ်က ဆွဲကြိုးချသေနေသည်ကို တွေ့ကြရလေသည်။

သူပျောက်သွားသောနေ့ကပင် သူတို့ လိုက်ရှာကြသော်လည်း မတွေ့ရခြင်းမှာ သူသည် သူ့ကိုလိုက်ရှာနေကြမှန်းသိ၍ တမင်ပုန်းနေခဲ့သဖြင့် ဖြစ်သည်။ ထိုရက်ပိုင်းကသူသည်သူ့ကိုယ်သူဆွဲကြိုးချသေရန် ဆုံးဖြတ်မရသေး။ သူ ဆွဲကြိုးချသေရလျှင် ကောင်းမည်လား၊ ယခု သူ့အား လိုက်ရှာနေကြသူများကို အသိပေးပြီး သူတို့နှင့်အတူ အိမ်ပြန်လိုက်ရကောင်းမည်လားဟု စိတ်ဒွိဟဖြစ်နေလိမ့်မည်ဟု ယူဆကြသည်။

ဤနေ့မနက်တွင်မှ သူ့ကိုယ်သူ ဆွဲကြိုးချသေရန် ဆုံးဖြတ်ချက်ချပြီး ဆွဲကြိုးချသေသွားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သူ ဆွဲကြိုးချသေနေရှိန် မပုပ်မသိုး၊ အနံ့အသက်ပင် မထွက်သေးဘဲ သေနေခြင်းဖြစ်၏။

အကယ်၍စောညွန့်ဦးသည်ပျောက်သွားသောနေ့ကပင်သာသူ့ကိုယ်သူ ဆွဲကြိုးချသေခဲ့မည်ဆိုလျှင် ယခုအချိန်မှာ သုံးရက်လေးည ကြာနေပြီဖြစ်သဖြင့် ပုပ်ပွနေပေမည်။ သို့မဟုတ် လင်းတ၊ ကျီးငှက်တို့ ထိုးဆွကိုက်ဖောက်ထားရာများကို တွေ့ကြရမည်။ ယခုမူ စောညွန့်ဦးအလောင်းကောင်မှာ ဘာအနံ့အသက်မျှမထွက်သေးဘဲ လတ်လတ်ဆတ်ဆတ်သာ ရှိနေသေးသည်။ ထို့ကြောင့် ဓာတ်ဆရာကြီး အဟောထွက်လိုက်သလို စောညွန့်ဦးသည် ဤနေ့မနက်က သို့မဟုတ် ဤနေ့ညက သူ့ကိုယ်သူ ဆွဲကြိုးချသေသွားသည်မှာ ယုံမှားဖွယ်ရာမရှိပေ။



စောညွန့်ဦး ထိုကဲ့သို့ သူ့ကိုယ်သူ ဆွဲကြိုးချသေနေသည်ကို တွေ့ကြရသောအခါ ရွာလူကြီးဖြစ်သူ ကျွန်ုပ်၏အဖေမှာ မိမိတို့ကြံတဲကို မပြန်နိုင်တော့ဘဲ ထိုကြိုးဆွဲချသေနေသူနှင့်ပတ်သက်နေသော ကိစ္စဝိစ္စဟူသမျှကို ရွာလူကြီးပီပီ ရှာ၍ပင် ဆောင်ရွက်နေရလေသည်။

ထိုစဉ်က ကျောက်ဖြူ၊ ရမ်းဗြဲ၊ ရန်ကုန်၊ ကျောက်ဖြူကားလမ်းလည်း မရှိသေး၊ ကျောက်ဖြူမြို့နှင့် ကျွန်ုပ်တို့ရွာ ချောင်းဝချောင်းဖျားမှာ (၁၅) မိုင်ခန့်ဝေးသဖြင့် ခြေကျင်သာ သွားလာကြရသည်။

ထို့ကြောင့် ဆွဲကြိုးချသေသွားသူဦးဖိုးလှိုင်၏သားစောညွန့်ဦးအလောင်းကို သည်အတိုင်း တွဲလောင်းကြီးထားကြရသည်။ ကျောက်ဖြူမြို့က ရဲသားများသည် အရပ်လူကြီးတို့၏ တိုင်ကြားချက်အရ အလောင်းကို လာကြည့်ရမည်၊ စစ်ချက်ယူရမည်၊ မသင်္ကာလျှင် စစ်ဆေးမေးမြန်းရဦးမည်၊ သို့မှသာ သေသူ၏အလောင်းကို ကြိုးဖြတ်ချပြီး သဂြိုဟ်ကြရမည်။

ဆွဲကြိုးချသေနေသူအလောင်းကို တွေ့ပြီး ကျောက်ဖြူမြို့သို့ အကြောင်းကြားရသည်မှာ တစ်ညအိပ်ကြာသည်။ ထိုညတွင် သေသူ စောညွန့်ဦး၏ အလောင်းကောင် တွဲလောင်းအောက်တွင် မီးဖိုကြီးတစ်ဖိုဖို၍ ရွာသားတွေမှာ သုံးယောက်တစ်ဖွဲ့ အလှည့်ကျ စောင့်အိပ်ကြရသည်။ ဤသည်မှာ ရဲမလာမချင်း၊ စစ်ချက်မယူပြီးမချင်း နေ့ရောညပါ စောင့်နေကြရသည်။

ထိုသို့စောင့်အိပ်နေကြစဉ် ကျွန်ုပ်တို့ရွာက ကျွန်ုပ်တို့၏အဘိုးလေးတော် သူ ဦးဖိုးသာထွန်းသည် ကြိုးဆွဲချသေနေသူ မသာတွဲလောင်းကို စောင့်အိပ်ရင်းက တောမှောင့်တောင်မှောင့် ဖြစ်၍လားမသိ၊ မိုးလင်းပိုင်းတွင် အရူးပေါ်တော့သည်။

ဖြစ်ပုံက စောညွန့်ဦးအလောင်းကို အလှည့်ကျအိပ်စောင့်နေကြရာ ဦးဖိုးသာထွန်းသည် မည်သို့ဖြစ်သည်မသိ၊ သူ့အလှည့်မရောက်မီ အိပ်ရာက မြန်းစားကြီး ထလာသည်။ ပြီးတော့ သစ်ပင်ပေါ်၌ တွဲလောင်းကြီး ဆွဲကြိုးချသေနေသော စောညွန့်ဦးအလောင်းကို လက်ညှိုးထိုးကာ ...

"ဝေး ... ဖိုးလှိုင် ... ဖိုးလှိုင် ... မင်းသား တွဲလောင်းကြီးဖြစ်နေပြီ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

တွဲလောင်းကြီးလုပ်ပြနေပြီ၊ လာကြည့်ပါဦး ... ဝေး ... လာကြည့်ပါဦး၊ ငါ့ကို မင်းသားကတွဲလောင်းကြီးလုပ်ပြနေပြီ" ဟု သံကုန်ဟစ်ထအော်တော့သည်။

ဦးဖိုးသာထွန်းမှာ ယခင်ကလည်း ဤသို့တစ်စုံတစ်ခုကြောင့် အထိတ်တလန့်ဖြစ်လျှင် စိတ်ဝေဒနာပေါ်တတ်သည် ဆို၏။

◉

သူ့လူပျိုအရွယ်ငယ်စဉ်တစ်ခါကလည်း အပျိုလူပျိုများနှင့်အတူ လေဖွေ့ဆရာတော်အား ကန်တော့ရန် ဒေသဓလေ့အတိုင်း သွားကြသည်။ ထိုပွဲတွင် ရှာခံ လူပျိုအချို့နှင့် ကတောက်ကဆ စကားများကြရာ ဒေါသကို မထိန်းနိုင်သော ဖိုးသာထွန်း အရူးပေါ်တော့သည်။

ဦးဖိုးသာထွန်းမှာ အသားက ဖြူဖြူ၊ အရပ်က ခြောက်ပေနီးပါး၊ လူထွားလူသန်ကြီး၊ လူလှကြီးဖြစ်သည်။ စိတ်ဆိုးဒေါသဖြစ်သည်ကို ဝိုင်းဝန်းချော့မော့ပြောဆိုကြသော်လည်း ဘယ်လိုမှ ချော့မရ၊ ပြောမရတော့။ အရူးစိတ်မပေါ်လျှင်တော့ အလွန်သဘောကောင်းသော်လည်း အရူးပေါ်ပြီဆိုလျှင် မည်သူ့စကားကိုမှ နားမထောင်တော့။ အားလုံးကို စိန်ခေါ်ကာ သူ့ကိုယ်သူလည်း မင်းဖြစ်သည်။ မင်းကမည်သူ့မှကြောက်စရာမလိုဟုကြိမ်းဝါးကာ သူ့မျက်စိထဲမတွေ့လျှင် ထိုသူကို လိုက်ရိုက်လိုက်ထိုးတတ်သည်။

ထို့ကြောင့် လေဖွေ့ဆရာကန်တော့ပွဲ၌ စိတ်ဖောက်ပြန်နေသော ဖိုးသာထွန်းကိုဝိုင်းဝန်းချုပ်နှောင်ပြီး အုန်းပင်မှာ ချည်ထားကြရသည်။ ထိုအခါ သူ့လိုမင်းကိုဤသို့တုပ်နှောင်ထားကြရပါ့မည်လားဟု အတင်းရုန်းကန်လိုက်ရာ တုပ်နှောင်ထားသောကြိုးတော့ ပြတ်ထွက်မသွား။ သို့သော် အုန်းပင်က အုန်းသီးများကတော့ တစ်ဆယ့်ကိုးလုံးမက ကြွေကျသည်ဟု သူနှင့် ဆရာကန်တော့ပွဲအတူသွားဖူးကြသူ လူကြီးများက ပြောပြသည်ကို ကျွန်ုပ်တို့ကြားသိနေရသည်။

ယခု ဆွဲကြိုးချ သေနေသူ စောညွန့်ဦးအလောင်းကောင်ကို စောင့်ရာက လန့်ဖျပ်ပြီး စိတ်ဝေဒနာအခံနှင့် အရူးပေါ်ကာ ညကြီးမင်းကြီး အော်ဟစ်ပြေးလာသည်။



လမ်းတစ်လျှောက်၌လည်း ...

"ဝေး ... ဖိုးလှိုင်၊ မင်းသား တွဲနေပြီ၊ မင်းသား တွဲနေပြီ၊ ငါ့ကို မင်းသား တွဲလောင်းချပြနေပြီ၊ လာကြည့်ဦး ... ဝေး ... ဖိုးလှိုင် လာကြည့်ပါဦး၊ ဟိုး ... ဟေး ... ဟေး ..." ဟု ဦးဖိုးသာထွန်း အော်ဟစ်လာသည်။

ကာလသားလူပျိုတစ်ယောက် ဆွဲကြိုးချပြီး အစိမ်းသေသေနေသဖြင့် တစ်ရွာလုံး ချောက်ချောက်ချားချားဖြစ်နေကြသည့်အထဲ ဦးဖိုးသာထွန်းက အရူးထပြီး ထိုသို့ အော်ဟစ်ကာ အလောင်းစောင့်ရာက ပြေးလာလေရာ လူတွေမှာ ဦးဖိုးသာထွန်း ဖုတ်ဝင်လာပြီဟု ပို၍အထိတ်တလန့် ဖြစ်ကုန်ကြတော့သည်။

ခွေးတစီစီနှင့် အလောင်းစောင့်ရာက အော်ဟစ်ပြေးချလာသော ဦးဖိုးသာထွန်းကို ရွာသူရွာသားနှင့် သားမယား ဆွေမျိုးများက အမျိုးမျိုးဖျောင်းဖျပြောဆိုကြ၏။ သို့သော် ဘယ်လိုချော့မော့ပြောပြော မရ၊

"ဖိုးလှိုင် ... ဝေး ... မင်းသား တွဲနေပြီ၊ မင်းသား တွဲနေပြီ၊ ဝေး ... ဖိုးလှိုင်၊ မင်းသား ငါ့ကို တွဲလောင်းချပြနေတယ်၊ ဟိုး ... ဟေး ... ဟေး ... တွဲလောင်းချပြနေတယ်" ဟု ရှည်း အော်ဟစ်နေသည်။

ကျောက်ဖြူမြို့က ရဲများလည်း ရောက်မလာနိုင်ကြသေး။ ဘယ်လိုဖျောင်းဖျ ဘယ်လိုခြောက်လှန့်ပြောပြော ဦးဖိုးသာထွန်းကိုကား ပြောမရ ဆိုမရ၊ ဝိုင်းဖမ်းပြီး ချည်နှောင်ထားရန် ဝိုင်းဖမ်းကြမည့်သူများကိုလည်း အနားကပ်မခံ။ တော်တော်တန်တန်လူကလည်း သူ့ဗလကိုကြောက်၍ အတင်းဝင်မဖမ်းရဲကြ။

ထိုအခါ ဦးဖိုးသာထွန်းမှာ အရူးထပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတော့သည်။ တစ်ရွာလုံးကို လျှောက်ပြေးလိုက်၊ ပြန်ပြေးလာလိုက်၊ အော်ဟစ်ပြီး ဟိုအိမ်သည်အိမ်ကို ဖြိုရိုက်၊ ခွေးတွေကို လိုက်ရိုက်၊ နွားတွေကို လိုက်ဖမ်း၊ သူလိုက်ရိုက်သဖြင့် ခွေးတွေက သူ့ကိုကြောက်ပြီး အိမ်အောက်ထဲ ဝင်ပြေးသည်ကိုပင် အော်ဟစ်ပြီး အိမ်အောက်ထိ ဝင်ရိုက် လိုက်ဖမ်းသောအခါ အိမ်ရှင်ကလေးတွေက ထိတ်လန့်ပြီး အော်ကြငိုကြနှင့် တစ်ရွာလုံး ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် နေမွန်းစောင်းကြီးခန့်တွင် ကျောက်[redacted]က ရဲများရောက်လာကြ၏။ လောလောဆယ်တွင် ဆွဲကြိုးချသေနေသောအလောင်းကို မကြည့်အားကြသေးဘဲ စိတ်ရှုပ်ထပြီး ရှုန်းရင်းဆန်ခတ်နှင့် ဟိုလူ့လိုက်ရိုက်၊ သည်လူ့ရှန်လုပ်၊ ကျွဲနွားတွေကို လိုက်ဖမ်း၊ ခွေးတွေကို လိုက်ရိုက်လုပ်နေသော ဦးဖိုးသာထွန်းကို အရင်ထိန်းထားရသည်။

ရွာလူကြီးတွေက ...

"တွေ့လား ... ဒီမှာ ကျောက်[redacted]က ရဲတွေ ရောက်လာပြီ၊ ငြိမ်ငြိမ်နေစမ်း။ ခင်ဗျားငြိမ်ငြိမ်မနေဘူးလား၊ ခုလိုလုပ်နေရင် ရဲကဖမ်းပြီး ရွာလယ်မှာ ထိတ်တုံးခတ်ထားမယ်၊ ဘာမှတ်လဲ ..." ဟု တစ်ယောက်က ခြိမ်းခြောက်ပြောမိလိုက်ရာ ထိုအခါမှ ပိုဆိုးတော့သည်။

"ဘာရယ်ဗျ ... ရဲကလား ... ဖါ့လို ဘုရင်မင်းမြတ်ကို ဖမ်းဝံ့မှာ၊ ဟေ့ကောင်တွေ ... မင်းတို့က ရဲပုလိပ်လား၊ မင်းက ခိုင်းထားတဲ့အကောင်တွေကလား၊ မင်းကို ဖမ်းဝံ့မှာ၊ လာစမ်း ... ဟေ့ကောင်တွေ၊ ငါ ဘုရင်မင်းမြတ် အမိန့်တော် ချမှတ်မယ်၊ နာခံကြစမ်း ... လာကြစမ်းဆို ဘာအရူးကြောင်ကြောင်လုပ်နေကြတာလဲ၊ မင်းတို့မလာခင် ငါကိုယ်တော်မြတ် လာတယ်ကွာ" ဟု ကြိမ်းဝါးပြီး ရဲများကိုပင် သူက ပြေးလိုက်ရာ ရဲတွေမှာလည်း ပြေးသူပြေး၊ ရှောင်သူရှောင်နှင့် ဦးဖိုးသာထွန်းအနားကို မကပ်ဝံ့ ဖြစ်ကုန်ကြသည်။

နောက်တော့ ရဲတွေကိုမြင်နေရလျှင် ဦးဖိုးသာထွန်းအရူးက ပိုဆိုးတော့မည်ကို သိကြသဖြင့် သူ့မျက်ကွယ်ရာ ရှောင်သွားကြပြီး ကြိုးဆွဲချသေနေသော စောညွန့်ဦး၏အလောင်းကို သွားပြီးစစ်ဆေးကြည့်ကြရသည်။

ရဲများရှောင်သွားကြတော့မှ ဦးဖိုးသာထွန်းအား ...

"အရှင်မင်းတရားကြီးဘုရား ... ခု အရှင်မင်းတရားကြီးရဲ့ အမိန့်တော်မြတ်အတိုင်း ရဲများလည်း ပြေးကုန်ကြပါပြီ၊ ဘုရင်မင်းမြတ်ဆိုသည်မှာ ရာဇကျနေ့အပြည့်နဲ့ ငြိမ်ငြိမ်သက်သက် နေတော်မူရပါတယ်ဘုရား၊ ငြိမ်ငြိမ်သက်သက် စံနေတော်မူပါရန် ဒီရာဇပလ္လင်ပေါ်တိုက်ကြွတော်မူပါဘုရား" ဟု အပြောင်အပြက်လိုလို၊ အတည်လိုလိုနှင့် သူ့သူငယ်ချင်း ဦးဖိုးဦးက အိမ်ရှေ့ရှိ ဆန်ဖွပ်ဆုံတစ်လုံးကို လက်ညှိုးထိုးပြပြီး လျှောက်ထားလိုက်ရာ ထိုအခါမှ ဦးဖိုးသာထွန်းသည် ဆုံပေါ်ခြေချိတ်ကာ ငြိမ်ငြိမ်သက်သက် နေတော်မူလေသည်။



နောက်တော့ သူ့အလိုကျ ချော့မော့ပြောသူက ပြော၊ သားမယားများကလည်း ဖျောင်းဖျပြောဆိုကြမှ ငြိမ်သွား၏။ အမှန်မှာ ထမင်းနှစ်နပ်၊ သုံးနပ်မစားဘဲ အရူးထနေသဖြင့် ထမင်းဆာပြီး လူကလည်း နွမ်းနယ်နေရာ ထိုအခါမှ ဦးဖိုးသာထွန်းမှာ တဖြည်းဖြည်း သတိရလာပြီး လူကောင်းပြန်ဖြစ်လာ၏။ ဦးဖိုးသာထွန်းမှာ ထိုသို့အရူးတစ်ခါထပြီးလျှင် သုံးလေးရက်ကြာမှ အကောင်းပကတိပြန်ဖြစ်သည်မှာ ယခုမှုမဟုတ်။ အရင့်အရင်ကလည်း ထိုနည်းလည်းကောင်းပင်ဟု ကြုံဖူးတွေ့ဖူးသူများက ပြောပြကြသည်။

ဦးဖိုးသာထွန်းမှာ စိတ်ရူးသာမထလျှင် အလွန်သဘောကောင်း၊ မနောကောင်းသူဖြစ်သည်။ ကလေးသူငယ်များကိုလည်း အလွန်ချစ်တတ်၏။ ကျောင်းကိုရောက်လာလျှင်လည်း ကျွန်ုပ်တို့ကျောင်းသားငယ်များကို သင်ပုန်းကြီးလုပ်ပေး၊ ကဲ့ကူဆံ ချွန်ပေးတတ်သူဖြစ်သည်။ ကျောင်းကိုလာသည်နှင့် ကျွန်ုပ်တို့ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္ဇင်းများ သေနာသန သန့်ရှင်းရေး ကျောင်းတွင်းလုပ်နေကြသည်နှင့်ကြုံလျှင် အကုန်ဝင်လုပ်ပေးတတ်သည်။ ထိုစဉ်က သူ့အသက်မှာ ငါးဆယ်ကျော်ခန့်ရှိပြီဖြစ်သော်လည်း အရပ်အမောင်း အလုံးအထည်ကောင်းသူ၊ အားခွန်ဗလကြီးသူမို့ ကျွန်ုပ်တို့ကျောင်းသားငယ်များ မစွမ်းဆောင်နိုင်သော သစ်ပင်လှဲခြင်း၊ အကိုင်းအခက် သင်သတ်၊ ထမ်းပိုးခြင်းများပါမကျန် အကုန်လုပ်သွားပေးတတ်သည်။

ကျောင်း၌သာမဟုတ်၊ ရွာ၏ ဒုရေး၊ သုရေးဆိုလျှင်လည်း သူသည် ရှေ့ဆုံးက ပါသူဖြစ်သည်။ ထို့ကြောင့်လည်း ယခု စောညွန့်ဦးအလောင်းကို အိမ်စောင့်ကြရမည်ဆိုသောအခါ ကြောက်၍မစောင့်ရဲကြသူနှင့်၊ မသွားဝံ့သူနှင့် ကိုရှေးများနေကြသဖြင့် ဦးဖိုးသာထွန်းက အလောင်းစောင့်ရန် လိုက်သွားရာက သူ့ဝေဒနာဟောင်း အရူးထခြင်း ပေါ်လာခြင်းဖြစ်သည်။

သည်လိုနှင့် ရဲများက မိမိကိုယ်မိမိ ကြိုးဆွဲချသေသွားသူနှင့်ပတ်သက်၍ မီဘ၊ ညီအစ်ကိုမောင်နှမများသာမက ရွာသူရွာသားများကိုပါ မေးမြန်းပြီး မှတ်ချက်ယူသည်။ သေသူ စောညွန့်ဦးမှာ လူပျိုဖြစ်သဖြင့် ချစ်သူရည်းစား ရှိမရှိ၊ ချစ်သူရည်းစားနှင့်ပတ်သက်၍ တောလေ့၊ တောသဘာဝအရ ငြိုးသူ ရန်ဖက်ရှိမရှိ၊ သူ့အသက်ထင်ရှားရှိစဉ်က ပကတိအခြေအနေ၊ စိတ်သဘောသားပုံမှန်ရှိမရှိ ခြေခြေမြစ်မြစ် ခရေစေ့တွင်းကျ အသေးစိတ် မေးမြန်းစစ်ဆေးယူသည်။



www.burmeseclassic.com

www.burmeseclassic.com

စောညွန့်ဦးမှာ အလွန်နှုတ်နည်းပြီး စကားနည်းသူဖြစ်၏။ မည်သူနှင့်မျှ ရန်ဖိုက်ပုန္တာလည်း မဖြစ်ဘူး၊ ငြိုးသူရန်ဘက်လည်း မရှိ၊ ချောင်းဖျားတစ်ရွာလုံးရှိ ရွာသူရွာသားများက သူ့ကို ချစ်ခင်ကြသည်။

တစ်ခုတော့ပြောစရာရှိ၏၊ စောညွန့်ဦးသည် နှုတ်ထိုင်း၍လားမသိ၊ လူတွေနှင့်သိပ်ပြီးရောရောနှောနှောမနေတတ်၊ ဤသည်ကိုတချို့ကလူတော မတိုးဟု ကဲ့ရဲ့ကြသည်၊ အချို့ကလည်း စိတ်မမှန်ဟု ပြောကြ၏။

ထိုအခါရဲများကကာလသားတို့ဘာဝစောညွန့်ဦးနှင့်အတူအိပ်ကြသော အိပ်ရာနေရာကို သွားကြည့်ကြသည်၊ သေသူနှင့်အတူ အိပ်ဖော်အိပ်ဘက် များ၏အမည်နာမကို စာရင်းယူသည်၊ စောညွန့်ဦး၏ အိပ်ရာနေရာအောက် ကိုလှန်လှောကြည့်ကြ၏။ သည်မှာတင် ခဲတံနှင့်ရေးထားခဲ့သော စာရွက်ပိုင်း လေးတစ်ပိုင်းကို စောညွန့်ဦး၏ အိပ်ရာခေါင်းရင်း သပေါ့ဖျာအောက်က ရရှိ သွားကြသည်။

ထိုစာတွင် ...

"နှုတ်ထိုင်း၍လည်း မဟုတ်၊ သူများလို မဝတ်ရ၊ မစားရ၍လည်း မဟုတ်၊ ချစ်သူနှင့်အတူနေရကြရန်သာ ..." ဟု ရေးသွားခဲ့သည်။

◉

ဤသဲလွန်စနှင့်ပတ်သက်၍ရဲများက သူ့ချစ်သူမှာမည်သူနည်းဆိုသည် ကို သူနှင့်အတူ အိပ်ကြပါသည်ဆိုသော ကာလသားသုံးလေးယောက်ကို ခေါ်စစ်မေးမြန်းသည်။

ဤနေရာ၌ ကျွန်ုပ်တို့ဆီက ရပ်ရေ့ ရွာဓလေ့တစ်ခုကို ဖော်ပြမှ စော ညွန့်ဦး၏အတ်ကြောင်းကလည်း ပို၍ပီပြင်လာမည်ဖြစ်သဖြင့် တင်ပြပါမည်။

ကျွန်ုပ်တို့ဆီ၌ ရပ်ဓလေ့၊ ရွာဓလေ့တစ်ခုမှာ အသက်ဆယ့်လေးငါးနှစ် အရွယ်ရောက်လာသော ယောကျ်ားလေး၊ မိန်းကလေးတစ်ယောက်ကို ကာလသား၊ ကာလသမီး သို့မဟုတ် အပျို၊ လူပျိုအဖြစ် အသိအမှတ်ပြုကြ တော့မည်၊ အပျိုဘောင်၊ လူပျိုဘောင် သွင်းကြရတော့မည်ဆိုလျှင် ကာလ သားကြီး၊ လူပျိုကြီးများနှင့် ကာလသားခေါင်းက အလှူမင်္ဂလာပွဲတစ်ခုခု၌



ထိုကာလသား၊ ကာလသမီးအဖြစ် အသိအမှတ်ပြုခံကြရမည့်သူများအား ဖိတ်ကြားခေါ်ယူ၍ ဤနေ့၊ ဤရက်၊ ဤအချိန်ကစပြီး မောင်တို့၊ မယ်တို့ကို လူပျို၊ အပျိုဖြစ်ပြီး ကာလသား၊ ကာလသမီးအဖြစ် အသိအမှတ်ပြုလိုက်ပြီ ဖြစ်ကြောင်း ရွာရှိ အပျို၊ လူပျိုများရှေ့မှောက်၌ ပြောကြားကြေညာရသည်။

ကာလသား၊ ကာလသမီးတို့၏တာဝန်မှာ ရှင်ပြု၊ ရဟန်းခံ စသည့် ရွာ အလှူတစ်ခုခု ရှိပါက ထိုအလှူပွဲအတွက် ထင်းခွေ၊ ရေခပ်အလုပ်ကို အခြား အပျို၊ လူပျိုများနှင့်အတူ အဓိက ဝင်လုပ်ကြရ၏။

ကျောင်းကန်၌ ပန်းကန်ခွက်ယောက်၊ ဒယ်အိုး၊ ဒန်ခွက်ဝယ်ရန် နှစ်စဉ် ငွေကြေးအလှူကို ခွဲတမ်းအရ ထည့်ဝင်ကြရသည်၊ ထိုကာလသား၊ ကာလ သမီးတို့ ရန်ပုံငွေနှင့် ဗုံ၊ နဲ၊ လင်းကွင်း စသည့် တူရိယာပစ္စည်းများကိုလည်း ဝယ်ယူစုဆောင်းထားရှိကြရသည်၊ ဤသည်မှာ ကာလသား၊ ကာလသမီး တို့၏ မေးပိုင်ခွင့်တာဝန်ဖြစ်သည်။

ကာလသားတစ်ယောက်၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တာဝန်မှာ ထိုကာလ သား လူပျိုသည် ညအခါ၌ သူကြိုက်နှစ်သက်နေသော မည်သည့်ကာလ သမီး အပျိုအိမ်အောက်ကိုမဆို သွားလာ၍ လူပျိုလှည့်၊ ရည်းစားစကား ပြောပိုင်ခွင့်ရှိသည်။ (မောင်နှမ၊ အဒေါ်၊ တူမ ဖြစ်သော အပျိုများကို မဆိုလို)

အကာလ ညအခါ ထိုကာလသားအား ရွာလယ်လမ်း၌လည်းကောင်း၊ ခည်သူက တွေ့တွေ့မနှောင့်ယှက်ရ၊ ထိုကာလသားသည် မိမိချစ်ကြိုက် နှစ်သက်ရာ ကာလသမီးအပျိုတစ်ယောက်ယောက်ကို ချစ်စကား ကြိုက် စကား ပြောပိုင်ခွင့် ဂါမပညတ်ရှိသည်။

အကယ်၍ ကာလသား မဟုတ်သူ၊ လူပျိုမဟုတ်၊ အိမ်ထောင် လက်ရှိ ရှိသူ၊ မုဆိုးဖို မင်းယောကျ်ားတစ်ယောက်ယောက်အား အကာလ ညအခါ ရွာလယ်လမ်းမ၌လည်းကောင်း၊ ကာလသမီးအပျိုရှိသော အိမ်နား၌လည်း ကောင်း တွေ့ရလျှင် ခိုးဝှက်လို၍ သွားလာနေခြင်းလား သို့မဟုတ် သူများ သားပျိုသမီးပျိုများကို မတော်မတရား ဖျက်ဆီးချင်၍ သွားလာနေခြင်းလား ဆိုသည်ကိုမည်သည့်ကာလသားလူပျိုကတွေ့တွေ့မေးမြန်းစစ်ဆေးနိုင်သည်။

သက်ကြီး ခေါင်းချချိန်မှသည် မိုးလင်းပိုင်း ကြက်ဦးတွန်သံ ကာလ အပိုင်းအခြားတွင် အိမ်ထောင်သည် (မင်းကျွန်) ယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ယောက် သို့မဟုတ် မုဆိုးဖို ဖနီးမယားရှိသူ အိမ်ထောင်ဖျက်ယောက်ျားတစ်ယောက်ယောက်ကို အကာလ ညအချိန် ရွာလမ်း၌ သို့မဟုတ် မိန်းမပျိုတစ်ယောက်ယောက်ရှိသော အိမ်နား၌ တွေ့ရှိပါက အကြောင်းပြချက် မနိုင်လျှင် ထိုသူအား ဂါမပညတ်၊ ရပ်စည်းကမ်း၊ ရွာစည်းကမ်းဖောက်ဖျက်သူအဖြစ် ဒဏ်တပ်ခံရမည်၊

ကာလသမီးအပျိုအဖြစ် အသိအမှတ်ပြုခံထားရသော မိန်းမပျိုလေးသည် ထုံးတမ်းစဉ်လာအရ မိဘများနှင့် ခွဲအိပ်ရမည်၊ သို့မဟုတ် အပျိုနှစ်ယောက်သုံးယောက် စုအိပ်ကြသောအိမ်၌ ရင်းနှီးရာ၊ သင့်တင့်ရာဆီသွားပြီး အိပ်ရသည်၊ ထိုသို့စုအိပ်ကြခြင်းမှာ အပျိုမိန်းကလေးများအတွက် ပို၍လုံခြုံမှုရှိသည်၊

ကာလသားတစ်ယောက်ယောက်နှင့် ချစ်ကြိုက်မိကြ၍ ကျူးကျူးလွန်လွန်ဖြစ်ကြပြီးမှ ထိုကာလသားက ထိုမိန်းမပျိုကို လက်ထပ်ယူရန်ငြင်းဆိုလျှင် ထိုကာလသားကို ဂါမပညတ်အရ အရေးယူရာ၌ ထိုအပျိုနှင့်အတူအိပ်ဖော် မိန်းကလေးက ဟုတ်မှန်ကြောင်း၊ ညညကျလျှင် ထိုကာလသားသည် ထိုကာလသမီးနှင့် ညစဉ် ချစ်တင်းနှော စကားလာလာပြောနေကြောင်းကို သက်သေလိုက်ကြရပေမည်၊

ကာလသားလူပျိုများသည် သက်ကြီးခေါင်းချရိန် ညလူခြေတိတ်အချိန်ကျက မိမိကြိုက်နှစ်သက်ရာ ကာလသမီးများ စုအိပ်ကြရာ အိမ်အောက်သို့ သွား၍ ထရံ သို့မဟုတ် ကြမ်းခင်းကို ခေါင်းရင်းဘက်က ခေါက်၍ ကာလသမီးအမည်ကို တီးတိုးခေါ်ကာ နှိုးရသည်၊ ဤသို့ ကာလသမီးကို ခေါ်နှိုးရာ၌လည်း မိဘမောင်ဖွားများကို မရှိသေ၊ မလေးစားရာရောက်အောင် ကြမ်းကြမ်းတမ်းတမ်း အသံကျယ်လောင်စွာဖြင့် မနှိုးရ၊ အိမ်တိုင်းလိုလိုမှာ မြေတံရှည်အိမ်များချည်းဖြစ်ရာ မိန်းမပျိုလေးအိပ်ရာအောက်ကို အရပ်မမီလျှင် လက်ထောင်းစုံ တစ်လုံးနှစ်လုံးကို ဆင့်၍ ထိုဆုံပေါ်တက်ကာ သူ ချစ်ကြိုက်နေသော အပျိုအိပ်နေရာ ကြမ်းခင်းပြင်ကို ညင်ညင်သာသာပုတ်၍ မိန်းမပျိုလေးကို နှိုးရသည်၊

ထိုသို့ ရွာလည်၊ လူပျိုလှည့်ရန် ထိုအိမ်အောက်၌ လက်ထောင်းဆုံမရှိလျှင် တခြားအိမ်တစ်အိမ်အိမ်က လက်ထောင်းဆုံကို သွားလှိမ့်ယူလာရ



သည်၊ ထိုယူလာသောဆုံကိုလည်း သမီးရည်းစား စကားပြောပြီးသည်နှင့် သို့မဟုတ် ကြက်ဦးမတွန်မီ ဆုံပိုင်ရှင်မသိအောင် မူလအိမ်အောက်သို့ အရောက်ပြန်ပို့ထားခဲ့ရသည်၊

မိန်းမပျိုရှိရာအိမ်အောက်တွင် သည်အတိုင်းပစ်ထားခဲ့လျှင် မိန်းမပျိုကိုလည်း အရှက်ခွဲရာ ရောက်ပေမည်၊ ကာလသားခေါင်းသိလျှင်လည်း ထိုသို့ ပြုလုပ်သွားသူကို ကာလသားများ စည်းကမ်းအရ သတိပေး၊ အပြစ်ပေးခြင်း ခံရတတ်သည်၊

များသောအားဖြင့် အပျိုများစုအိပ်တတ်ကြသောအိမ်အဖြီ(မောင်းကာ) အောက်တွင် လက်ထောင်းဆုံများ တစ်လုံးနှစ်လုံး ရှိတတ်ကြသည်သာ၊ အကြောင်းမှာ ညဦးလယ်၌ မိန်းမပျိုများစု၍ ဆန်ဖွပ်တတ်ကြသော ဓလေ့ရှိရာ လက်ထောင်းဆုံများ များများရှိသောအိမ်သည် အပျိုမများ များများ စုအိပ်ကြသောအိမ် ဖြစ်သည်၊

အချို့အပျိုများမှာမူ ညကျလျှင် သူ့ချစ်သူလာသော် အလွယ်တကူနှင့် သူနှင့် ချစ်စကား၊ ကြိုက်စကားပြောနိုင်ရန် ညဦးကပင် တခြားအိမ်တစ်အိမ်အိမ်က လက်ထောင်းဆုံကို ညနေ ဆန်ဖွပ်စရာရှိသည်ဟု အကြောင်းပြကာ ငှားရမ်းထားတတ်သည်လည်း ရှိလေသည်၊ မိန်းကလေးကိုယ်တိုင်က ဆန်ဖွပ်ရန် ငှားရမ်းထားသောဆုံဆိုလျှင်တော့ ပြန်မပို့ထားခဲ့လျှင်လည်း ပြဿနာမရှိပေ၊

အကာလညအခါ၌ ကာလသားတစ်ယောက်ယောက်က သူ့အား ထိုသို့ လာနှိုးလျှင် နှိုးလာသောမိန်းမပျိုက မည်သူမည်ဝါဖြစ်သနည်းဟု မေးရသည်၊ ထိုအခါ လုလင်ပျိုက မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း ကြိုက်နှစ်သက်၍ လာပါကြောင်း ပြောရသည်၊ ထိုလုလင်ပျိုအား မိန်းမပျိုကလည်း ကြိုက်နှစ်သက်နေလျှင် တစ်ညလုံး ရည်းစားစကားပြောနိုင်သည်၊

အကယ်၍ မိန်းမပျိုက ထိုလုလင်ပျိုကို အကြိုက်မတွေ့လျှင်၊ မနှစ်သက်လျှင် မနက်တွင် အစောကြီး လယ်တောဆင်းစရာရှိသည်၊ ကောက်လှိုင်းသယ်စရာရှိသည်၊ အိပ်ချင်ပြီ၊ ခေါင်းကိုက်နေသည်၊ နေထိုင်မကောင်း၍



www.burmeseclassic.com

www.burmeseclassic.com

စသည်ဖြင့်ဥပါယ်တံမျဉ်တစ်ခုကိုအကြောင်းပြကာဝတ်ကျေတန်းကျေသာ ပြောပြီး သာသာကြည်ကြည်နှင့်နှင်လွှတ်တတ်ကြသည်။ ဤသည်မှာလည်း အပျိုတို့စည်းကမ်းအရကြမ်းကြမ်းတမ်းတမ်းနှင်ပဲ၍သေ ဆဲဆို၍မနှင်ရ၊ မိန်းမ တို့ပရိယာယ်နှင့်သာ မချစ်နိုင်ကြောင်း၊ မကြိုက်ပါကြောင်း ပြော၍ နှင်လွှတ် ရသည်။

အပျိုနှင့် လူပျိုတို့ ချစ်ကြိုက်သွားကြ၍ တစ်လ နှစ်လ ချစ်ကြောင်း၊ ကြိုက်ကြောင်းမှသည် ရှေ့ရေး၊ နောင်ရေး ဆွေးနွေးတိုင်ပင်ကြပြီးလျှင် အမှန် တကယ် လက်ထပ်ယူကြတော့မည်ဟု ဆုံးဖြတ်ပြီးကြသောအခါ လုလင်ပျို သည် မိန်းမပျိုလေး၏ အိပ်ရာခေါင်းရင်းက ထရံ သို့မဟုတ် ခေါင်းရင်းက ကြမ်းခင်းပျဉ်ကို ဖောက်၍လည်းကောင်း၊ လက်တစ်ဆစ်နိုက်၍ရသော အပေါက်တစ်ပေါက်ကိုဖောက်ရသည်။

များသောအားဖြင့် ထိုခေတ်က ကာလသားများမှာ ညရေးညတာ ဓား မြှောင်ကိုလည်း ကိုယ်နှင့်မခွာ လူပျိုတိုင်း ဆောင်တတ်ကြလေ့ရှိရာ ချစ်သူ နှင့်ပတ်သက်လာလျှင် မြင်းမိုရ်ကိုပင်ဖြိုမည်ဟုဆိုသော သကောင့်သားများ အဖို့မှာ ချစ်သူအတွက် လက်တစ်နိုက်စာ အပေါက်တစ်ပေါက် ဖောက်ရသည် မှာတော့ ဘဲဥကို အခွံနွှာစားသလောက်သာ ရှိပေမည်။

အပေါက်ဖောက်ပြီးသွားသော နောက်ည နောက်ညများ၌ ကာလသား သည် ထိုအပေါက်က လက်နိုက်၍ မိမိချစ်သူကို လှုပ်နှိုးနိုင်သည်။ ဤအပေါက် ကိုနေ့ခင်းနေ့လယ်၌ မိဘမောင်ဖွားများမသိအောင် မိန်းကလေးက ခေါင်းအုံး စောင်၊ ဖျာ၊ တောင်း၊ ကျောက်ပျဉ် စသည် တစ်ခုခုနှင့် ဖုံးပိတ်ထားတတ်သည်။

ညအခါဆိုလျှင်လည်း မိမိချစ်သူမဟုတ်ဘဲ တခြားသူတစ်ဦးဦး မှားယွင်း ၍သော်လည်းကောင်း၊ တမင်သော်လည်းကောင်း လာမနိုက်နိုင်အောင် သေတ္တာ၊ ဆန်အိတ်၊ တောင်း စသည် တစ်ခုခုနှင့် ဗိပိတ်ထားတတ်ကြသည်။ ည၌ သူ့ချစ်သူလာမှ ထိုအပေါက်ကို ဖွင့်ပေးတတ်ကြသည်။

(ဤသည်ကို အောက်နိုက်သည်၊ အပေါက်နိုက်သည်ဟု အချို့အရပ် တွင် ခေါ်ဝေါ်သုံးစွဲတတ်ကြသည်။ ဤဓလေ့မှာလည်း ကျွန်ုပ်တို့ဆီ၌သာ



မဟုတ်၊ မြန်မာနိုင်ငံ ဒေသအတော်များများတွင် ယခင်ခေတ်အခါက ရှိးရာ ဓလေ့ကဲ့သို့ ကျင့်သုံးခဲ့ကြလေသည်။)

ထိုသို့အပေါက်ရပြီး၊ အပေါက်ရှိပြီးသူ ကာလသား၊ ကာလသမီးများမှာ များသောအားဖြင့် လက်ထပ်ယူကြရန် နှစ်ဦးနှစ်ဖက် သဘောတူပြီးသားများ ဖြစ်ကြလေသည်။

အကယ်၍ အကြောင်းတစ်ခုခုကြောင့် ကွဲသွားကြ၊ ရည်းစားပျက်သွား ကြလျှင် မိန်းမပျိုလေးသည် ထိုအပေါက်ကို မရွှေ့မလျားနိုင်သော အလေး အပင်တစ်ခုခုနှင့်ပိတ်ပစ်ကာ အိပ်ရာပြောင်းအိပ်တတ်ကြသော အလေ့အထ ရှိသည်။ ဒုတိယချစ်သူရည်းစားတစ်ယောက် နောက်ထပ်ရှိလာပါကလည်း ဒုတိယချစ်သူရည်းစားသည် ပထမချစ်သူရည်းစားနည်းတူ ချစ်သူအိပ်ရာ အောက်၌ အပေါက်တစ်ပေါက် ဖောက်ရဦးမည်သာ။

◉



ကာလသားများက ရပ်ဓလေ့ရွာဓလေ့အရ ညည၌ ထိုသို့လှည့်လည် ကြရသောအလေ့အထမှာ ရပ်သူရွာသားများအတွက်လည်း သူခိုး၊ သူဝှက်၊ ဓားပြ တန့်ကာအစ စိတ်ချရလေသည်။

အကာလ ညအချိန်မတော်၌ လူပျိုကာလသားမဟုတ်သော တစ်စုံ တစ်ယောက်ကို ရွာထဲ၌တွေ့လျှင် သူခိုး၊ ဓားပြ သို့မဟုတ် သူများသားပျို သမီးပျိုများကို ဖျက်ဆီးရန် ကြံစည်နေသူ၊ သူများသားမယားကို ညည၌ တိတ်တိတ်ပုန်းသွား၍ ကျူးလွန်နေသူ၊ သို့မဟုတ် လင်ရှိမိန်းမတစ်ဦးသည် တာမပိုင်လင်ယောကျ်ားမရှိရှိန်၌ ဖောက်ပြားနေပြီဆိုသည်ကိုသိနိုင်ကြသည်။

ထို့ကြောင့် ရွာ၌ ညလုံခြုံရေးကို ကြက်ပျောက်၊ ငှက်ပျောက်ကအစ တာလသားများက တာဝန်ယူရသည်။ ကာလသားများ၏တာဝန်မှာ ချစ်သူ ရှာရန်သက်သက်မဟုတ်ဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဂါမပညတ် တရားဥပဒေစိုးမိုးရေးကိုပါ တာဝန်ယူကြရလေသည်။

မည်သည့်ရွာပိုင်းတွင် ကြက်ပျောက်လျှင် ထိုအပိုင်းရှိ မိန်းမပျိုများနှင့် ရည်းစားသနာဖြစ်နေကြသူ လူပျိုများကို ကာလသားခေါင်းက ဦးဆုံးခေါ်



www.burmeseclassic.com

www.burmeseclassic.com

မေးတော့၏။ သူတို့မဟုတ်လျှင် မည်သူတွေနည်းဆိုသည်ကို ထိုအပိုင်းက မိန်းမပျိုများနှင့် ရည်းစားဖြစ်နေကြသူ၊ ထိုအပိုင်းကို ညတိုင်းညတိုင်းသွားနေကြသူတွေက ဖော်ထုတ်ပေးကြရမည်။

ထို့ကြောင့် ရည်းစားရှိသော ကာလသားများမှာ ချစ်သူနှင့် လက်မထပ်ရမီကပင် ချစ်သူတစ်ယောက်တည်း၏ လုံခြုံရေးတစ်ခုတည်းကိုသာမက မိမိချစ်သူရော၊ ရွာလုံခြုံရေးအပိုင်းကိုပါ တာဝန်ယူနေကြရသူတွေလို ဖြစ်နေလေသည်။

ယခု ချောင်းများရွာက ဦးဖိုးလှိုင်၏သား စောညွန့်ဦး သေမှုသေခင်းနှင့် ပတ်သက်၍ စောညွန့်ဦးမသေမီက ရေးထားခဲ့သော သေတမ်းစာထဲတွင် -

"နတ်ထိုင်း၍လည်း မဟုတ်၊ သူများလို မဝတ်ရ၊

မစားရ၍လည်း မဟုတ်၊ ချစ်သူနှင့် အတူနေရန်သာ"

ဟု ရေးထားခဲ့လေရာ စောညွန့်ဦးချစ်သူသည် မည်သူနည်း။

မည်သည့်ရွာအပိုင်းက မည်သူ့သမီးနည်းဟု ရဲများက စောညွန့်ဦးနှင့် အတူအိပ်ကြသူ ကာလသားနှစ်ယောက်သုံးယောက်ကို ခေါ်ယူစစ်ဆေးမေးမြန်းလာတော့သည်။

သို့သော် စောညွန့်ဦးနှင့်အတူအိပ်ကြသူ ကာလသားသုံးယောက်ကလည်း စောညွန့်ဦးချစ်သူကို မည်သူမှမသိကြ။ မည်သည့်အပိုင်းက မည်သည့်သူဖြစ်သည်ကိုလည်း မပြောနိုင်ကြ။ ဤသည်ကို ရပ်ရေလွှာရေအရ သိကိုသိရမည်ဟု ရဲများကလည်း စောညွန့်ဦးနှင့်အတူ အိပ်ကြသူ ကာလသားသုံးယောက်ကို အတင်းအကြပ် စစ်မေးလာကြပြန်သည်။

စောညွန့်ဦးချစ်သူကိုမသိလျှင် စောညွန့်ဦးမသေမီ ညတိုင်းသွားလာတတ်သော ရွာပိုင်းကို သိရမည်။ ဤသည်ကိုလည်း စောညွန့်ဦးနှင့် တစ်အိမ်တည်း အတူအိပ်ကြသော ကာလသားသုံးယောက်က မသိ၊ မပြောနိုင်ကြသောအခါ ရဲများက ထိုကာလသားသုံးယောက်ကိုပင် တရားခံသဖွယ် အထပ်ထပ်အခါခါ ခရေစေ့တွင်းကျ မေးမြန်းလာကြပြန်သည်။

စောညွန့်ဦး ဆွဲကြိုးချမသေမီ ရက်ပိုင်းအလိုက အသွားအလာ၊ အနေအထိုင်၊ အပြုအမူ စသည်တို့ကို တစ်ဆင့်တက်၍ ရဲများက မေးစစ်လာကြပြန်၏။



နောက်တော့ စောညွန့်ဦးနှင့်အတူ တစ်အိမ်တည်းအိပ်ခဲ့ကြသူ ကာလသားများက အစစ်ခံကြသည်မှာ စောညွန့်ဦးသည် နတ်ထိုင်း၊ နတ်နည်းသော်လည်းမသေဆုံးမီတစ်လလောက်အလိုကညညကျလျှင်တစ်ယောက်တည်း စကားပြောနေသည်ကို သူတို့ လူပျိုလှည့်ရာကအပြန် ကြားမိကြသည် ဆို၏။

ဤသည်မှာလည်း တစ်ညမဟုတ်၊ တစ်ခါမဟုတ်။ အခါတော်တော်များများ သူတို့လူပျိုလှည့်ရာက ပြန်လာတိုင်းလိုလို ကြားမိကြသည်ဟု အစစ်ခံကြသည်။ အစကမူ သူတို့ပြန်လာကြသံကိုကြားသည်နှင့် စကားဆက်မပြောတော့ဘဲ စောင်ကို ခေါင်းမြီးခြုံကာ အိပ်ယောင်ဆောင်နေသောနေ့များကိုလည်း ကြုံတွေ့ခဲ့ရသည်ဟု အစစ်ခံကြပြန်သည်။

ကြားဖန်ကြုံဖန်များလာ၍ ကာလသားတစ်ယောက်က ...

"အိပ်ရာမှာ ငါတို့မရှိတုန်း မင်း ဘယ်လူနဲ့စကားပြောနေတာလဲ၊ မင်းနဲ့ တစ်ယောက်ယောက် စကားပြောနေသံကို ငါတို့ကြားပါတယ်" ဟု မေးလိုက်သောအခါ ...

"မင်းတို့လိုပဲ ငါလည်း ငါ့ရည်းစားနဲ့ ငါ ညည စကားပြောရတာပေါ့ကွာ" ဟု စောညွန့်ဦးက မရှိုးမရှည် မလုံမလဲမျက်နှာမျိုးနှင့် ပြန်ပြောတတ်သည်။

ဤသည်ကို သက်သက်နောက်ပြောင်သည် ထင်သဖြင့် ထိုကာလသားက ဆက်မမေးတော့။ စောညွန့်ဦးမှာ နတ်ထိုင်းသည့်အပြင် တစ်ခါတစ်ခါ ခပ်ကြောင်ကြောင်လည်းဖြစ်တတ်သဖြင့် ပထမကာလသားက သူ့ကိုစကားအဖက်လုပ် မပြောသောအခါ နောက်ကာလသားတစ်ယောက်က ...

"ဒီအိမ်မှာ မင်းရည်းစားရှိလို့လား။ ရည်းစားစကားပြောချင်ရင်လည်း ကောင်မလေးအိပ်ရာအောက် သွားပြောမှရမှာပေါ့ကွ" ဟု ပြောလိုက်ရာ ...

"ငါက မင်းတို့လို ခွေးကြောက်ရ၊ မတော်ရသေးတဲ့ ယောက္ခမ၊ ယောက်ဖတွေကိုကြောက်ရနဲ့ ချမ်းချမ်းစီးစီးထဲ ပင်ပန်းခံပြီး ကောင်မလေးအိမ်အောက် ရည်းစားစကားသွားပြောစရာမလိုဘူး၊ ကောင်မလေးက ငါ့အိပ်ရာထဲ လာလာပြောတာ၊ ခု မင်းတို့လာသံကြားလို့ ပြန်ပြေးသွားပြီ" ဟု အတည်ပေါက်နှင့် နောက်တတ်သည်။

ထိုအခါ ဒုတိယကာလသားကလည်း တမင်နောက်ပြောင်ပြောမှန်း သိသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ဟင်... ဟုတ်လား၊ အဲဒါပေါ့ကွ၊ လူမစွမ်း နတ်မ ဆိုတာ၊ မင်းက ဟန်ကျတယ်ကွာ၊ ငါတို့မှာတော့ မင်းပြောသလို မတော်ရသေးတဲ့ ယောက္ခမကြောက်ရ၊ ယောက်ဖကြီးငယ်တွေကြောက်ရ၊ ဆောင်းတွင်းကြီး နှင်းကကျလေက တိုက်၊ ချမ်းခိုက်ခိုက်တုန်နေတာတောင် ကောင်မလေးအိမ်အောက်သွားပြီး မတ်တတ်ကြီးစကားသွားပြောပြောနေရတာ မနိုင်ပါဘူး၊ မင်းကတော့ အိပ်ရာထဲမှာ စောင်တစ်ထည် နှစ်ယောက်အတူခြုံပြီး ရည်းစားစကားပြောရတာ ဖိမ်မှဖိမ်ပေါ့ကွာ" ဟု ပြန်ပြီးနောက်ပြောင်ခဲ့သည်။

ကျွန်ုပ်တို့ဆီတွင် ကာလသားများ ပြောဆိုနေကြသလို မိမိချစ်ကြိုက်နေသောအပျိုအိမ်အောက်ကိုသွားရာတွင် ထိုကာလသားနှင့်သတင်းသိုးသိုးသန့်သန့် ကြားထား၍ ထိုကာလသားနှင့် သူ့သမီးကို သဘောမတူသူဆိုလျှင် မိန်းမပျို၏ အဖေ၊ အစ်ကို၊ မောင်ဖွား စသည်တို့က မသိမသာ အနှောင့်အယှက်ပေးတတ်ကြသည်။

သူ့သမီး၊ သူ့ ညီမ၊ အစ်မ အိပ်ရာအောက်ကို သူတို့သဘောမတူသော ကာလသားတစ်ယောက်ယောက် ရောက်နေကြောင်းသိလျှင် အိမ်ပေါ်က ချောင်းဆိုးနေသလို "ဟင်း - ဟင်း - ဟဲ - ဟဲ" ချောင်းဆိုးပြခြင်း၊ အပေါ့အပါးသွားရန်လိုလိုနှင့်အိမ်အောက်ဆင်းလာခြင်းစသည်တို့ကိုလုပ်ပြတတ်သည်။

ဤသည်မှာ ထိုကာလသားအား သူ့သမီးနှင့်သဘောမတူကြောင်း စောင်းပါးရိပ်ခြည် ပြောရာရောက်သလို သူ့သမီး၊ သူ့ညီမ၊ အစ်မကိုလည်း သဘောမတူကြောင်း၊ မပေးစားနိုင်ကြောင်း အသိပေးရာရောက်သည်။

သို့သော် သူ့သမီးကလည်း ထိုလုလင်ပျိုအား အမှန်တကယ် ကြိုက်နေ ချစ်နေပါလျက် ကာလသားလုလင်ပျိုကလည်း ညတိုင်းလာနေကျ သူလာတိုင်း ယောက္ခမလောင်း၊ ယောက်ဖအကြီးအသေးတို့က ထိုသို့ချည်း ညတိုင်းလုပ်ပြနေလျှင် နောက်တော့ ကာလသားက သူတို့ဆင်းလာမည့် လှေကားကိုဖြုတ်ပြီး ဆုံပေါ်တဲတဲလေးတင်ထားရာ ထိုလုလင်ပျို သူ့သမီး အိပ်ရာအောက် ရောက်နေသည်ကိုသိသည်နှင့် အိမ်ပေါ်က ဆင်းလာသော ယောက္ခမလောင်းမှာ လှေကားပေါ်ခြေချမိသည်နှင့် ပြုတ်ကျပြီး အိမ်ပေါ်က ကျတော့၏။



သမက်လောင်းလုလင်ပျိုမှာ ယောက္ခမလောင်းအား ထိုကဲ့သို့ပညာပေးသော အပြုအမူများလည်း ရှိသည်။ ထိုအခါ ရပ်ရေး၊ ရွာရေး၊ ဂါမပညတ်အရ သူ့သမီးအိပ်ရာအောက်ရောက်နေသော လုလင်ပျိုအား တရားဝင်ကြိမ်းဟား၊ မောင်းလားလည်း လုပ်မရသောအခါ အိမ်မှာ ကိုက်တတ်သော ခွေးတင်ကောင်ကို မွေးထားပြန်သည်။

ညည ထိုကာလသားလာတိုင်း ထိုခွေးက ထွက်ထွက်လိုက်ရာ နောက်တော့ ရည်းစားအိပ်ရာအောက်ကိုလည်း ညတိုင်းညတိုင်းမသွားဘဲ မနေနိုင်သော လုလင်ပျိုမှာ ထိုခွေးပြဿနာကို အကြံအဖန်လုပ်ရပြန်သည်။

ဤသို့ခွေးက ထွက်ထွက်လိုက်နေရာ အစကသော် ထမင်းကြမ်းခဲ ပစ်ပေး၍အယဉ်သွင်းရသည်၊ သို့သော် အိမ်ရှင်က အဝကျွေးထားသဖြင့် ထမင်းကြမ်းခဲကို ခွေးက မစားဘဲ ထွက်လိုက်ပြန်၏၊ ထို့နောက် သားငါးပစ်ပေး၍ အယဉ်သွင်းပြန်၏၊ ဤနည်းဖြင့်လည်း မရ၊ ခွေးမှာ အကိုက်သန်သဖြင့် ပြန်ပြေးရသည်။

ထိုအခါ ယခင်ယခင်က နောင်တော်နောင်တော် ကာလသားကြီးများဆီသွား၍ အကြံဉာဏ်တောင်းရ၏၊ ထိုအခါ ကာလသားကြီးများက အလွယ်ဆုံးနည်းကို ပေးလိုက်ကြသည်၊ ထိုနည်းမှာ ကိုက်တတ်သောခွေးအား သခွားသီးကို မီးအုံးထုပ်ကိုင်သွားပြီး ကိုက်တတ်သောခွေးအား လှမ်းပစ်ရာ ကိုက်တတ်သောခွေးသည် ထိုသခွားသီးမီးအုံးကို ပြေးကိုက်တော့၏၊ ထိုအခါ သခွားသီးမီးအုံးအပူလောင်၍ရုတ်တရက်လည်း ပါးစပ်ထဲက ကျွတ်မထွက်ဖြစ်လေရာ ထိုခွေးသည် အော်၍ပြေးတော့သည်။

ထိုနေ့ထိုညကစ၍ ထိုခွေးသည် သူလာသံကြားသည်နှင့် အမြီးကုပ်ကာ အိမ်အောက်ထဲ ပုန်းနေတော့သည်၊ မည်သူ့ကိုမျှ ထွက်မလိုက်ရဲတော့၊ ထွက်လိုက်ရန်ကို မဆိုထားနှင့်၊ မည်သူလာလာ အမြီးနန့်ကာ ကာလသားများနှင့် အပေါင်းအသင်းပင် ဖြစ်သွားလေသည်၊ ထိုအခါမှ ကာလသားလုလင်ပျိုမှာ ချစ်သူအိမ်အောက်ကို ခိုခိုတင်းတင်းဝင်ပြီး လှပျိုလှည့်နိုင်တော့သည်။ ။



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ကာလသားများ ရပ်ဝေးလေ့၊ ရွာဝေးလေ့အရ လူပျိုလှည့်ကြရာ၌ အတွေ့အကြုံသာဓကတစ်ရပ်၊ နောက်တော့ယောက္ခမနှင့်မိဘမောင်ဖွားများကပါ သဘောမတူသောချစ်သူကို ခိုးပြေးသွားခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းပြီးသား ဖြစ်သွားလေသည်။

တစ်ည မဟုတ်၊ နှစ်ည မဟုတ်၊ စောညွှန့်ဦး ထိုသို့ တစ်ယောက်တည်း စကားပြောနေသည်ကို အတူအိပ်ကြသူ ကာလသားများက ညစဉ်လိုလို ကြားမိ၊ ကြုံမိကြရာ စောညွှန့်ဦးအား သူ့ရည်းစားနာမည်ကို မေးကြသည်၊ မည်သူ့သမီးနည်း၊ မည်သည့်ရွာအပိုင်းကနည်း၊ သူတို့မရှိတုန်း အမှန်တကယ်တော့ သူ့ရည်းစားသည် သူ့ဆီလာပြီး စကားပြောသည်ဆိုခြင်းမှာ မဖြစ်နိုင်၊ ရပ်ထုံးရွာထုံး ထိုကဲ့သို့ ဓလေ့စရိုက်လည်း မရှိ၊ မိန်းကလေးတစ်ယောက်က ဤသို့ ရှာမြွေမဲ့စွာ ကာလသားလူပျိုအိပ်ရာထိ စကားလာပြောနေသည်ဆိုခြင်းမှာ လုပ်ကြံ၍ တမင်ပြောနေခြင်းသာဟု ထင်ခဲ့ကြသည်၊

အဘယ်ကြောင့်ဆိုသော် စောညွှန့်ဦးကိုယ်တိုင်ကလည်း မည်သူမှန်း မသိ၊ မည်သူ့သမီးနည်းဟုလည်း မေးမရ၊ နာမည်လည်း မသိ၊ ထိုအမျိုးသမီးကို မိမိတို့ချောင်းဖျားရွာ၌လည်း တစ်ခါမျှ မမြင်ဘူးဟု ဆိုလာပြန်သည်၊ လှသည်ကတော့ ပြောပြမတတ်အောင်လှသူ၊ သူ့ကိုယ်က မွှေးလိုက်သည်မှာလည်း ရေမွှေးပေါင်ဒါနံ့မက၊ ထိုအနံ့သည် ယခုထိ သူ့နှာခေါင်းထဲ စွဲနေသလို သူ့မျက်စိထဲမှာလည်း သူ့ချစ်သူကို ယခုထိမြင်နေတုန်းဟု ပြောလာပြန်သည်၊

"ငါ့ချစ်သူကို မင်းတို့တွေ့ချင်မြင်ချင်ရင် ငါ့မျက်စိထဲက ဝင်ကြည့်ကြ" ဟု ဆိုသောအခါမှာတော့ ပင်ကိုကမှ နှုတ်ထိုင်း၍ အတိအတကောင်က ကြီးကြီးကျယ်ကျယ်ပြောသည်ဟု နောက်ပိုင်းမှာ စောညွှန့်ဦးအား သူ့ရည်းစားအကြောင်း မည်သူကမျှ မမေးကြတော့ပေ၊ စောညွှန့်ဦးကလည်း သူ့ရည်းစားအကြောင်း လုံးဝမဟတော့ပေ၊

စောညွှန့်ဦးနှင့် အတူအိပ်ကြသူ ကာလသားသုံးယောက်မှာ ည လူခြေတိတ်၍ သက်ကြီးခေါင်းချရှိန်ရောက်သည်နှင့် ကိုယ်စီကိုယ်င ချစ်သူရည်းစား



BURMESE CLASSIC .com

များရှိရာ အိမ်အောက်များသို့ ရောက်သွားကြရာ မိုးလင်းပိုင်း ကြက်ဦးတွန်သံကြားမှ မိမိအိပ်ရာသို့ပြန်လာ၍ မိုးလင်းပိုင်း တရေးတမော အိပ်နေတတ်ကြသည်၊ လူပျိုလှည့်ပြီးပြန်လာကြသော ကာလသားများသည် စောညွှန့်ဦးကို သူ့အိပ်ရာပေါ်၌ ငုတ်တုတ်ထိုင်ပြီး ဆေးလိပ်ဖွာနေသောညများကိုလည်း တွေ့ကြရသည်၊

"တော့ကောင် ... မအိပ်သေးဘူးလား၊ တစ်ရေးနိုးပြီလား၊ ငါတို့ပြောတာနဲ့ မင်းကောင်မလေးလည်း မင်းဆီ မလာတော့ဘူးလား၊ ခုတော့ ငါတို့လိုပဲ မင်းက မင်းရည်းစားဆီသွားပြီး ပြန်လာတာလား၊ ဘာလဲ ... ခု မင်းရည်းစားအကြောင်းကို စားမြုံ့ပြန်နေတာလား" ဟု နောက်ပြောင်ပြောဆိုကြသည်ကိုပင် ဘာမျှပြန်မပြောတော့ဘဲ ငိုင်တိုင်တိုင် ငုတ်တုတ်တုတ်ထိုင်ကာ ဆေးမီးလုပ်နေပြန်သည်၊

ဤသည်ကို အတူအိပ်ကြသူ သူငယ်ချင်းများက သနား၍ နောက်တော့ မည်သူကမျှ မစကြတော့၊

သူတို့အထင်မှာ နှုတ်နည်း၍ အ,တိအ,တသာ ဖြစ်သော်လည်း အရွယ်ရောက်လာသော ကာလသားတစ်ယောက်အနေနှင့် စောညွှန့်ဦးသည်လည်း သူများတွေ အသီးသီး အသက အသက မိမိရည်းစားများရှိရာသို့ ထွက်သွားကြရာ ကြိုက်မည့်ချစ်မည့်သူလည်း မရှိ၊ ငယ်စဉ်ကပင် သူ့အား နှုတ်ထိုင်းနှုတ်အ၊ ရူးရူးပေါပေါတစ်ယောက်ပမာ သဘောထားခဲ့ကြရာ ယခုအခါ ဤသည်တို့ကိုတွေးပြီး စောညွှန့်ဦး စိတ်အားငယ်နေသည်၊ စိတ်ညစ်နေသည်ဟု ထင်ခဲ့ကြသည်၊

သူ့ဆီ မိန်းမပျိုတစ်ယောက် လာလာစကားပြောနေသည် ဆိုခြင်းမှာလည်း အတူအိပ်ဖော်ကာလသားများကိုအားကျ၍ မခံချင်စိတ်နှင့် ကြီးကောင်ဝင်နေသော လူပျိုစိတ်နှင့် တမင်လုပ်ကြံပြောနေခြင်းသာဟု သနားကရုဏာသက်ကြပြီး ကိုယ်ချင်းစာစိတ်နှင့် မနောက်ရဲ မပြောရဲကြတော့၊



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းများက သူ့ရည်းစားကိုစွ နောက်ထပ်မမေးကြတော့သည်ကို စောညွန့်ဦးကလည်း သဘောကျသလိုနှင့် သူ့ကိုယ်သူ ဆွဲကြိုးချမသေမီ တစ်ပတ်လောက်က သူ့သူငယ်ချင်းတွေကို ...

"မင်းတို့ ဘယ်လူမိန်းမ အရင်ယူမလဲ၊ မင်းတို့မိန်းမခိုးလာတာ ငါမြင်ချင်လိုက်တာကွာ" ဟု ဝမ်းနည်းပက်လက် ပြောဖူးသည် ဆို၏။

သို့နှင့် ကာလသားသုံးယောက်၏ အစစ်ခံချက်ကို ရှာရှိအကုန်သူလိုလိုကြားသိသွားကြရာ ထိုအခါမှ စောညွန့်ဦး၏ ချစ်သူရည်းစားမှာ မည်သူမည်ဝါ ဖြစ်သည်ကို အရပ်လူကြီးများက တွေးထင်ခန့်မှန်းကြည့်ကြသည်။

သို့သော် စောညွန့်ဦး၏ ချစ်သူရည်းစားမှာ ရောင်းဖျားရွာ၌လည်း ကောင်း၊ ရောင်းဝရွာ၌လည်းကောင်း၊ ပတ်ဝန်းကျင်ရွာ၌လည်းကောင်း၊ ဤလောက၌လည်းကောင်း မရှိတော့။

သို့ဆိုလျှင် စောညွန့်ဦး၏ရည်းစားမှာ အဘယ်လောက၌ ရှိသနည်း။

စောညွန့်ဦး၏ ချစ်သူရည်းစားရှိနေသောလောကမှာ ...

◉

■■■ ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ပိုးမင်းစိမ်းမြ

## တက္ကသိုလ် အဝန်ငယ်

လွန်ခဲ့သော ငါးနှစ်ကျော်ကာလက ဖြစ်သည်။ ပူပြင်းသောနွေရာသီမှာ အင်းစိန်မြို့နယ်တရားရုံးသို့အပြေးအလွှားသွားခဲ့၏။ လမ်းဘေးရှိရှေ့နေရုံးခန်း တစ်ခုသို့ ရောက်သောအခါ ခေါ်လိုက်သောအသံကို ကြားလိုက်ရသည်။

"ဗျို့... ဆရာပန်"

လှည့်ကြည့်လိုက်သောအခါ မိတ်ဆွေရှေ့နေကြီးဦးအေးရွှေကို တွေ့လိုက်ရသည်။ ဦးအေးရွှေသည် မြို့နယ်ပြည်သူ့ကောင်စီလက်ထက်က မြို့နယ်တရားသူကြီးဖြစ်ပြီး အမှုလိုက်တော်သောရှေ့နေတစ်ဦးအဖြစ် နာမည်ရထားသူဖြစ်သည်။ ရှေ့နေကြီးက -

"လာပါဦးဗျ... ခင်ဗျားကို မေးစရာလေးရှိနေလို့"

ဟု ဖိတ်ခေါ်နေသဖြင့် ကျွန်တော်သည် ဦးအေးရွှေ၏ ရှေ့နေရုံးခန်းသို့ ဝင်လိုက်သည်။ ရုံးခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်ပြီး ဆက်တီခုံများနှင့် ပြည့်နေ၏။ စားပွဲတစ်လုံးသာရှိပြီး အမှုသည်များနှင့် ဆွေးနွေးရန်ဆက်တီခုံ များကို မရမက နေရာချထားသည်။ ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည် နှင့် ရှေ့နေကြီးက -



"ဆရာပန်က ဂီတသမားဆိုတော့ မေးရဦးမယ်။ သီချင်းကြီးမဟာဂီတ ထဲမှာ ပိုးမင်းစိမ်းမြဆိုတဲ့သီချင်းကို ကြားဖူးလား"

"ကြားဖူးပါတယ်။ အဲဒီသီချင်းထဲမှာတော့ ပါတယ်။ ပတ်ပျိုးတို့ယိုးဒယား တို့ မဟုတ်ဘဲ သံဆန်းသီချင်း ဖြစ်တယ်။ ဘာဖြစ်လို့လဲ"

ကျွန်တော့် အဖြေကို ရှေ့နေကြီးက ခေတ္တစဉ်းစားပြီးနောက် -

"လူသတ်မှုတစ်ခု လက်ခံထားတယ်။ အဲဒီလူသတ်မှုက ပိုးမင်းစိမ်းမြ ဆိုတဲ့ သီချင်းနှင့် ဆက်စပ်နေတယ်"

"ဘယ်လိုများ ... ပတ်သက်နေလို့လဲ"

ကျွန်တော်သည် ဂီတပညာကို စတင်လိုက်စားစဉ်ကပင် ပိုးမင်းစိမ်းမြ ဆိုတဲ့သီချင်းကို ရင်းနှီးမိခဲ့သည်။ ထိုသီချင်းကိုလည်း အတော်ပင် နှစ်မြို့က် သဖြင့် မကြာခဏ သီဆိုခဲ့ဖူးပါသည်။ ထိုသီချင်းနှင့် လူသတ်မှု မည်သို့ ပတ်သက်နေသည်ကို သိလိုသဖြင့် ထပ်၍ မေးလိုက်သည်။

"ပြောရရင်တော့ ဂမ္ဘီရဆန်နေတယ်"

ဂမ္ဘီရဆန်သည်ဟု ပြောလာသဖြင့် ကျွန်တော်ပို၍စိတ်ဝင်စားသွားပြီး -

"ဒါဆို - ပြောစမ်းပါဗျာ။ ကျွန်တော်က ဂမ္ဘီရ ဝတ္ထုတွေ ရေးချင်နေတာ"

"ဒါဆို - ပြောပြရတာပေါ့။ ဒါပေမဲ့ - အဲဒီသီချင်းတော့ ဆိုပြရလိမ့် မယ်"

ကျွန်တော်သည် ဇာတ်လမ်းကို စိတ်ဝင်စားနေပြီ ဖြစ်သဖြင့် -

"အေးဗျာ...နောက်တော့ဆိုပြရတာပေါ့။ ခင်ဗျားအမှုသည်ရဲ့အကြောင်း ကိုသာ အရင် ပြောစမ်းပါ"

ဒီတော့ ... ရှေ့နေကြီးက

"ကောင်းပြီဗျာ သီချင်းကိုတော့ ခင်ဗျားတို့အိမ်မှာပဲ အတီးနဲ့ နားထောင် တော့မယ်"

ရှေ့နေကြီးက မဟာဂီတစာအုပ်ကြီးကို စာအုပ်စင်ပေါ်မှ လှမ်းယူပြီး ပိုးမင်းစိမ်းမြသီချင်းကိုလှန်လှောရှာဖွေနေသည်။ ၎င်းနောက်ဂမ္ဘီရဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါတော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

ပိုးမင်းစိမ်းဖြူ × × × စံစခန်းလေးဖွေ့ × × × ပျံသန်းနမ်းရှော့မှ

ပိုးမင်းစိမ်းဖြူ × × × စံစီလေးလေလေစီးလေး × × × စီလေလေးစီးတော်မှ × × ×

မယ့်ကြင်သူ ဆုံစည်းတဲ့လမ်း (ပျံကာပျံကာလာရက်ကြာ)၂

မောင့် ဆီ မေ့ လက် ဝါး × × × အကျော့ သား × × × အသော့နား × × × လက်ဝါးပေါ်ထား × × × ရပ်လှည့်ပါတော့ခေါ်

- - - - - - - - - -

- - - - - - - - - -

မယ့်ကြင်သူဆွေလျှငယ်က × × × မှာပုံသောသံပါလို့ ဒီညမလာရင်)၂

ဖျို့မှုတာကင်းအောင်နော်ကွယ်၊ ပိုးမင်းလေး လင်းလှည့်ပါခေါ် × × ×

ဖျို့မောင်ကြီး သူရှိရာက လင်းလှည့်ပါခေါ် × × ×၊

မစိမ်းသူ၏ အဆိုသည် သာမောဖွယ် လွင့်ပျံလာသည်။ အဆိုကို ကိုမြင့်လွင်က မယ်ဒလင်ဖြင့် စိတ်ပါလက်ပါ လက်ကွက်ကောင်းကောင်းဖြင့် ပံ့ပိုးတီးခတ်ပေးလိုက်၏။ သီချင်းဆုံးသွားသောအခါ ကိုမြင့်လွင်က -

"စိမ်းက သည်သီချင်းကိုတော့ အပိုင်ရထားတာပဲ။ မြန်မာ့အသံမှာ အသံသွင်းဖို့ကောင်းတယ်"

မစိမ်းသူက ရှက်သွေးဖြာလျက် -

"မဟုတ်တာ - ကိုမြင့်လွင်ရယ်၊ စိမ်းက အဆိုနုပါသေးတယ်၊ သည်သီချင်းကိုကြိုက်လွန်းလို့ခဏ - ခဏဆိုနေတာပါ။ ကိုယ်ပိုင်သီချင်းလို့တောင် ပြောရမလား မသိဘူး"

"သီချင်းကို အပိုင်ရနေပြီမို့ တို့က ပြောတာပါ"

"စိမ်း ... စဉ်းစားပါ့မယ်၊ ကဲ - စိမ်းပြန်တော့မယ်နော်၊ နောက်တစ်ပတ်ကျမှပဲ ဆုံကြမယ်"

မစိမ်းသူက ကိုမြင့်လွင်ကိုနှစ်လိုဖွယ်အပြုံးကလေးများနှင့်နှုတ်ဆက်ပြီး ပြန်သွားသည်။

ကိုမြင့်လွင်၏နေအိမ်တွင် တနင်္ဂနွေနေ့တိုင်း သီချင်းတိုက်ကြ၏။ မစိမ်းသူတစ်ယောက်တနင်္ဂနွေနေ့တိုင်း အရောက်လာသည်။ သူနှင့်အတူ သီချင်းဆိုဖော် သုံးယောက်ရှိ၏။ မစိမ်းသူက နောက်ဆုံးမှ သီချင်းတိုက်ပြီး



နောက်ဆုံးမှ ပြန်တတ်သည်။ ပိုးမင်းစိမ်းဖြူ သီချင်းစာသားစာရွက်ကို ကိုယ်နှင့်မကွာ ဆောင်ထားလေ့ရှိသည်။

ကိုမြင့်လွင်သည် မယ်ဒလင်အတီးပညာကို ရှစ်နှစ်သားအရွယ်မှစ၍ သင်ကြားခဲ့ရာ ယခု အသက်(၄၁)နှစ်ရှိပြီဖြစ်သည်။ မယ်ဒလင်အတီးပညာကို အခြေခံကောင်းစွာဖြင့် ရထားသဖြင့် ခေတ်ဟောင်းတေး၊ ကာလပေါ်တေးနှင့် သီချင်းကြီးအားလုံးကို ပိုင်နိုင်စွာ တီးခတ်နိုင်၏။ တက္ကသိုလ်မှ ဘွဲ့ရထားပြီး မီးရထားဌာနတွင် စာရေးအဖြစ် လုပ်ကိုင်လျက်ရှိသည်။ လူမှာပု၍ စိတ်တိုတတ်သည်။ ဒေါသလည်းကြီးသေး၏။

မစိမ်းသူမှာ မူလတန်းပြဆရာမတစ်ဦး ဖြစ်သည်။ သီချင်းဆိုဝါသနာအထုံရှိသူ ဖြစ်သဖြင့် ကိုမြင့်လွင်ထံမှ ပညာသင်ရန် ရောက်လာသူဖြစ်၏။ အသက်မှာ (၃၀)နှစ်သာရှိသေး၏။ ကိုယ်လုံးကိုယ်ထည် သေးသွယ်ပြီး မျက်နှာမှာ သွယ်လျ၍ ကြည့်ရှုဖွယ် ကောင်းသော ရုပ်မျိုး ဖြစ်သည်။ မစိမ်းသူတွင်အသံအင်အားရှိသော်လည်း အဆိုပညာ၌ ဆိုဟန်အနည်းငယ်လိုနေသေး၍ ကိုမြင့်လွင်က စေတနာထား၍ ဂရုတစိုက် သင်ကြားပေး၏။

● ● ●

ကိုမြင့်လွင်၏မိခင်မှာ ကျန်းမာရေးမကောင်းခဲ့ပါ။ မိခင်အိုကြီးအား စောင့်ရှောက်နေရသဖြင့် ကိုမြင့်လွင် အိမ်ထောင်မပြုဘဲ လူပျိုကြီး ဖြစ်ခဲ့ရသည်။ လွန်ခဲ့သောနှစ်က မိခင်ကြီးကွယ်လွန်သွားသဖြင့် ကိုမြင့်လွင်တစ်ယောက်ဒီအိမ်ကြီးတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ အနုပညာကိုဝါသနာအလျှောက် ဖောက်ချ လုပ်လေတော့သည်။

နေအိမ်မှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်အိမ်ဖြစ်ပြီး ခြံဝင်းမှာ အနည်းငယ် ကျယ်သည်။ သီချင်းဆိုသီချင်းတိုက်သည်ကို ဘေးအိမ်များမှ ကြားရသော်လည်း ဆူဆူညံညံ မဖြစ်။ အားလုံးက နားလည်ခွင့်လွှတ်ထားသည်။ နောက်ဖေးဘက်တွင် မိခင်ကြီး ငယ်ငယ်က စိုက်ခဲ့သော ပုန်းညက်ပင်ကြီးရှိ၏။ ပိုးမင်းစိမ်းဖြူ သီချင်းဆိုတိုင်း ပုန်းညက်ပင်ကြီးတွင် ပိုးစုန်းကြူးကလေးများ ပျံသန်းဝဲပျံလျက် ရှိတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကာလကြာညောင်းလာသောအခါ လူပျိုကြီးကိုမြင့်လွင်မှာ မစိမ်းသူကို စွဲစွဲလမ်းလမ်းတစ်ဖက်သတ်ချစ်မိနေတော့သည်။ မစိမ်းသူက သင်ကြားပြသပေးသော ဆရာဖြစ်သဖြင့် အလိုက်သင့် ဆက်ဆံသည်။ ကြာတော့ အိုးချင်းထား၍ အိုးချင်းထိပြီး ချစ်မိသွားကြ၏။ ကိုမြင့်လွင်က မစိမ်းသူကို "ပိုးမင်းစိမ်းဖြူ" လို့ အမှတ်တရ နာမည်ပေးထားသည်။

"စိမ်းဖြူရယ် - ည - ညတွေမှာ ပုန်းညက်ပင်ကြီးဆီက ပိုးစုန်းကြူးလေးတွေ လာကြသလို မင်းလည်း ညစဉ်ညတိုင်း တို့ဆီကို ရောက်လာရင် ဘယ်လောက် ကောင်းမလဲဟင်"

"ကိုရယ် ... အချိန်ကျရင်တော့ ပိုးမင်းစိမ်းဖြူကလေးက ပိုးစုန်းကြူးလေးတွေလို ကိုယ့်ဆီပျံသန်းလာမှာပေါ့"

သူတို့၏ ယုယ ကြင်နာသော စကားလေးတွေဖြင့် ပျော်မဆုံး မော်မဆုံးဖြစ်ခဲ့ရသည်။ မြန်မာ့အသံတွင် အသံသွင်းပြီး ဆိုကြ၊ ပျော်ကြနှင့်ပေါ့။ ကိုမြင့်လွင်က လာမည့်နှစ်တွင် လက်ထပ်ရန် ရည်မှန်းထားသည်။ မစိမ်းဖြူနာမည်ရလာပြီး အနုပညာလောကတွင် ထင်ပေါ်ကျော်ကြားစေရန် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကူညီတော့သည်။

နှစ်ဝက်မျှကြာပြီးအခါ ကိုမြင့်လွင်က စန္ဒရားအတီးသမားတစ်ယောက်ကို ခေါ်လာသည်။ မစိမ်းဖြူအား သီချင်း တိုက်ပေးရန် ဖြစ်သည်။ စန္ဒရားအတီးသမားမှာ ကိုလှမိုင်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုဆို၊က၊ရေး၊တီးပြိုင်ပွဲတွင် ရွှေတံဆိပ် (၂)ခု ရထားသူဖြစ်သည်။ အသက် (၃၂)နှစ်ခန့်ရှိပြီး လူချောင့်တစ်ဦးဖြစ်၏။ ရုပ်ရည် သပ်ရပ် ချောမောသည်။

မစိမ်းဖြူ မြန်မာ့အသံတွင် အသံသွင်းရန်နှင့်စတိတ်ရှိုးများတွင် သွားဆိုရန်အတွက်ကိုလှမိုင်ကကီးဘုတ်နှင့်သီချင်းတိုက်ပေးရသည်။ မင်္ဂလာဆောင်နှင့်အလှူပွဲများကိုလည်း ကိုမြင့်လွင်က လက်ခံ၍ ဆောင်ရွက်ပေးရသဖြင့် မစိမ်းသူတို့အဖွဲ့မှာ ပွဲဆက်တွေများလာတော့သည်။

ကီးဘုတ်နှင့်သီချင်းတိုက်နေကျဖြစ်သဖြင့် မယ်ဒလင်နှင့်သီချင်းမတိုက်ဖြစ်တော့၊ ကိုမြင့်လွင်တစ်ယောက်ကိုယ့်အတတ်နှင့်ကိုယ်စူးပြီးလမ်းဘေးသို့ တဖြည်းဖြည်းရောက်သွားတော့သည်။ မယ်ဒလင်နှင့်သီချင်းမဆိုချင်ကြတော့ပါ။ မစိမ်းသူတစ်ယောက် ကီးဘုတ်နှင့်တိုက်ခါစက ဝမ်းသာကြည်



နူးဖြစ်ခဲ့သော ကိုမြင့်လွင် ယခုတော့ ငြိုငြင်လာပြီး သဝန်တိုစိတ်များ ဝင်လာခဲ့သည်။

● ● ●

ကိုလှမိုင်နှင့်မစိမ်းဖြူနှစ်ဦးသား ရယ်မောနေသည်ကို ကိုမြင့်လွင်က မကြိုက်၊ နှစ်ယောက်သား တတွဲတွဲနှင့် သွားလာနေသည်ကို ကိုမြင့်လွင် မကြည်ဖြူ၊ မနှစ်သက်ပါ။ တစ်နေ့တော့ ကိုလှမိုင်နှင့်မစိမ်းဖြူ ရောက်လာသည်။ ညနေ (၅း၀၀)နာရီ ထိုးနေပေပြီ။ မစိမ်းဖြူက -

"တစ်ယောက်မှ မလာကြဘူးလား" ဟု မေးသည်။ ကိုမြင့်လွင်က အတီးကိုရပ်ပြီး ...

"မလာကြတော့ဘူး၊ တို့က မျှော်နေတာ အခေါ်ပဲ။ စိမ်းဖြူ မယ်ဒလင်နဲ့ သီချင်းတစ်ပုဒ်လောက် ဆိုပါဦး"

"မယ်ဒလင်ကြီးနဲ့တော့ မဆိုပါရစေနဲ့ ကီးဘုတ်နဲ့ဆို တော်သေးတယ်"

ကိုမြင့်လွင် ဒေါသသည်
အထွတ်အထိပ်သို့
ရောက်သွားသည်။ လူ့ပုစိတ်ကို
ဒေါသကြီးသူ ဖြစ်သဖြင့်
စိတ်မထိန်းနိုင်တော့ပဲ
စားပွဲပေါ်တွင် တင်ထားသော
သံတူရွင်းကိုယူပြီး မစိမ်းဖြူခေါင်းကို
ရှေ့တည့်တည့်မှ ရိုက်ချလိုက်၏။



မစိမ်းဖြူမှာ နောက်ပြန်
လဲကျသွားပြီး အက်ရာမှ သွေးများ အိုင်ထွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

စိမ်းမြှုကမခံချင်အောင်ဆွပေးလိုက်သည်။ သူမမျက်နှာတွင်အပြုံးရိပ်ကပျောက်ကွယ်နေသည်။

"မင်းက ဘဝင်မြင့်သွားပြီပေါ့။ စုတော့ မေ့ပြီပေါ့ကွယ်။ အချိန်တန်ရင် ငါ့ကိုပါ ပစ်သွားဦးမှာလား"

ကိုမြင့်လွင်က ရင်ထဲတွင် တလှပ်လှပ်နှင့် ကြေကွဲစွာ ခံစားနေရသည်။ ဝမ်းနည်းမှုများ ရင်ထဲသို့ တရိပ်ရိပ် တိုးဝင်လာပြီး -

"မင်းက - ဘဝမေ့သွားပြီပဲ"

မစိမ်းမြှုက မခံချင်စိတ်နဲ့ ပြန်ပြော၏။

"ခေတ်ကာလက ပြောင်းလဲနေပြီး လူတွေကခေတ်နဲ့အမီလိုက်နေကြရတာ"။

"ဆိုက်ရေးတီးပြိုင်ပွဲ ကျင်းပနေလို့သာ မယ်ဒလင်အတီးသမားတွေရှိနေတာ။ နို့မဟုတ်ရင်တော့ အားလုံး မြောင်းထဲ ရောက်ကုန်ပြီ"

ကိုမြင့်လွင်သည် မိမိတတ်ကျွမ်းထားသော မယ်ဒလင်အတီးပညာကို အလွန် မြတ်နိုးပြီး တန်ဖိုးထားသည်။ အနုပညာ မာနရှိသည်။ ထိုသို့ပြောလာသဖြင့် ဒေါသထွက်ပြီး -

"မင်း - ငါ့တစ်ယောက်ထဲကို ပြောချင်ပြောပါ။ မယ်ဒလင်အတီးသမားအားလုံးကို မစော်ကားပါနဲ့"

"စိမ်းမြှု ... အမှန်ကိုပြောနေတာ။ အခုခေတ်က ကီးဘုတ်နဲ့ဂီတာခေတ်ရောက်နေပြီ။ တောရောမြို့မှာပါ တွင်ကျယ်နေကြပြီး တောမှာတောင်မယ်ဒလင် မသုံးတော့ဘူး။ ဒိတ်အောက်သွားပြီ"

ကိုမြင့်လွင် ဒေါသဖြင့် အသံကျယ်လောင်စွာ -

"မင်း ... တော်တော့"

မစိမ်းမြှုက အရှိန်မသတ် လှောင်ပြောင်သည့်အပြုံးဖြင့် ဆက်ပြောလိုက်သည်။

"မယ်ဒလင်သံကို အခုဆိုရထားပေါ်မှာပဲ နားထောင်လို့ရမယ်"

"ဘာပြောတယ် - မင်းကွာ။ ငါ့ကို သူတောင်းစားနဲ့ နှိုင်းတယ်ပေါ့ကဲကွာ"

ကိုမြင့်လွင် ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားသည်။ လူမှုစိတ်တို ဒေါသကြီးသူ ဖြစ်သဖြင့် စိတ်မထိန်းနိုင်တော့ပဲ စားပွဲပေါ်တွင် တင်



ထားသော သံတူရွင်းကိုယူပြီး မစိမ်းမြှု၏ခေါင်းကို ရှေ့တည့်တည့်မှ ရိုက်ချလိုက်၏။ မစိမ်းမြှုမှာ နောက်ပြန် လဲကျသွားပြီး ဒဏ်ရာမှ သွေးများ အိုင်ထွန်းနေသည်။ မစိမ်းမြှုက လေသံတိုးတိုးလေးနှင့် -

"စ ... တာပါ ... ကိုရယ်"

ပြောပြီးနောက် အသက် ကင်းမဲ့သွားတော့သည်။

ကိုမြင့်လွင်တစ်ယောက် ရင်ထဲဆို့နစ်သွားသည်။ ဘာလုပ်ရမှန်းမသိငိုင်နေစဉ် အဆို သမားတပည့် တစ်ယောက်ရောက်လာပြီး အဆို ပါမြင်ကွင်းကိုမြင်သွားသောအခါ အိမ်တံခါးများကိုပိတ်လိုက်သည်။ ၎င်းနောက်လောလောဆယ် အလောင်းကို တစ်နေရာမှာ ခဏဖျောက်ဖျက်ထားရန်အကြံဉာဏ်ပေး၏။

ကိုမြင့်လွင်သည် မှင်တက်မိနေရာမှ သတိတရား ပြန်လည်ဝင်လာပြီး တပည့်ဖြစ်သူ၏ ဦးဆောင်မှုဖြင့် အလောင်းကို ဖျောက်ဖျက်ရန် ကြံစည်ရတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်နေပြီး ညနေဆည်းဆာနေဝင်ချိန် ဖြစ်သဖြင့် ကျေးငှက်အော်သံများမှအပ ငြိမ်သက်နေသည်။

ကိုမြင့်လွင်နှင့်တပည့်နှစ်ဦးသည် မစိမ်းမြှုအလောင်းကို သယ်သွားပြီးနောက်ဖေးရှိပုန်းညက်ပင်ကြီးအနားတွင် ခေတ္တချထားလိုက်၏။ ၎င်းနောက်တွင်းတူးမနေတော့ပဲ အိမ်သာမစင်တွင်းထဲသို့ အလောင်းကို ထိုးထည့်လိုက်သည်။ အလောင်းတစ်ခုလုံး အိမ်သာမစင်တွင်းအတွင်း နစ်မြုပ်သွားသည်။ မစင်တွင်းအပေါ်တွင် ဝါးထရံဟောင်းများကို ထပ်၍ ဖုံးထားလိုက်ပြီး အိမ်တွင်းမှ သွေးများကို သန့်ရှင်းရေး ပြုလုပ်လိုက်၏။

အားလုံးပြီးစီးသွားသောအခါ ကိုမြင့်လွင်က ယူကျုံးမရ ဝမ်းနည်းအားလက်ဖြင့် ရှိုက်ကြီးတငင်ဖြင့် ငိုချလိုက်သည်။ တပည့်ဖြစ်သူက အားပေးစကားပြောနေရသည်။ ကိုမြင့်လွင်တစ်ယောက်ကျောက်ရုပ်ပမာ ထိုတစ်ညတာကို ကုန်လွန်သွားစေတော့သည်။ ရှူမတတ်လည်း ခံစားနေရသည်။

● ● ●

ထိတ်လန့် ကြောက်ရွံ့မှုနှင့် ဝမ်းနည်းမှုများ တဖြည်းဖြည်းလျော့နည်းသွားပြီး သုံးပတ်မျှကြာသောအခါ ကိုမြင့်လွင်သည်မစိမ်းမြှုကို သတိရသဖြင့် မစိမ်းမြှုသီချင်းကို မယ်ဒလင်နှင့်အမှတ်တရ တီးခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်နောက်ဖေးရှိ ပုန်းညက်ပင်မှ သီချင်းဆိုသံ သဲ့သဲ့ကြားလိုက်ရသည်။ ည (၈)နာရီလောက်အချိန်တွင် ပိုးစုန်းကြူတစ်ကောင်သည် ကိုမြင့်လွင်၏ နံဘေးတွင် လှည့်ပတ်ပျံသန်းနေ၏။

တနင်္ဂနွေညတိုင်း ပုန်းညက်ပင်ကြီးဆီမှ သီချင်းဆိုသံ့သဲ့ ကြားနေရသည်။ ပိုးစုန်းကြူးလေး တစ်ကောင်လည်း တဝီဝီနှင့် အိမ်ထဲသို့ ပျံသန်းလာတတ်သည်။ ကိုမြင့်လွင်သည် ဖြစ်ခဲ့သမျှတွေကို မေ့မရ ဖျောက်ဖျက်မရဘဲ ဖြစ်နေ၏။ စိတ်ဂနာအငြိမ်ဖြစ်ပြီး အိပ်၍ မပျော်သော ညတွေတများပါသည်။ ရာဇဝတ်မှုကြီးကို ကျူးလွန်မိ ပြီ မဟုတ်လား၊ တစ်နေ့မေးခနဲ အိပ်ပျော်သွားစဉ် အိပ်မက်မက်သည်။

မစိမ်းဖြူသည် ပုန်းညက်ပင်နံဘေးတွင် ထိုင်၍သီချင်းဆိုနေသည်။ သူ သီဆိုနေသော သီချင်းမှာ ပိုးမင်းစိမ်းဖြူ ဖြစ်သည်။ သီချင်းဆိုပြီးသောအခါ ကိုမြင့်လွင်အနားကို လာပြီး –

"ကိုရယ် ... စိမ်းဖြူကို သနားရင် လွှတ်ပေးပါ"

ဟုတောင်းပန်စကားပြောစဉ်လန့်နိုးလာသည်။ ကိုမြင့်လွင်တစ်ယောက် စိတ်မကောင်းဖြစ်မိသည်။ မစိမ်းဖြူ၏တောင်းပန်စကားများကိုထပ်တလဲလဲ ကြားယောင်နေမိ၏။ ပြီးတော့ ထိုက်သင့်သော ရာဇဝတ်မှု ပြစ်ဒဏ်ကို ခံရဦးမည်။

ကိုမြင့်လွင်သည်သံဃာတော်များကိုပင့်၍ဆွမ်းသွတ်အမျှပေးဝေလိုက်၏။ မိမိပြုသမျှကံ ကျူးလွန်သမျှပြစ်မှုကို မိမိခံမည်ဟု ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ပြီး ကိုယ်တိုင်ပြည်သူ့ရဲတပ်ဖွဲ့သို့ သွားရောက်ဖွင့်ဟဝန်ခံ၍အဖမ်းခံလိုက်သည်။ ရဲတပ်ဖွဲ့မှ အလောင်းကိုမစင်တွင်းထဲမှ ဖော်၍စစ်ဆေးကြသည်။ အလောင်း၏ခန္ဓာကိုယ်တွင် စိုရွှဲစုတ်ပြဲနေသော သီချင်းစာရွက်တစ်ရွက်ကို တွေ့ရသည်။ မဟာဂီတ စာအုပ်ထဲမှ ပိုးမင်းစိမ်းဖြူသီချင်း ဖြစ်၏။

ရက်တွေကြာညောင်းသွားသော်လည်း ပုန်းညက်ပင်မှ သီချင်းဆိုသံ သဲ့သဲ့သည် ပျောက်မသွားပါ။ ပုန်းညက်ပန်းခူးသူများ ပုန်းညက်ပင်နားသို့ မသွားရဲတော့၊ တစ်ခါတစ်ရံတွင် ပုန်းညက်ပင်နံဘေးတွင် အမျိုးသမီးတစ်ဦး ညှိုးငယ်စွာ ထိုင်နေသည်ကို တွေ့ရတတ်ကြောင်း ပြောကြသည်။

➡ တဏှာသိုလ်အမေး(



# ငါးစိမ်းသည် မပုကြွယ်

အေသင်တာသက်ဝေ

မပုကြွယ်ဆိုလို့ မူလတန်းဖတ်စာအုပ်ထဲမှာပါတဲ့ မပုကြွယ်နဲ့ ရောယှက်လို့ မထင်လိုက်ပါနှင့်၊ သည်ကမပုကြွယ်က ငါးစိမ်းသည် မပုကြွယ်သာဖြစ်ပါသည်။ ငါးစိမ်းသည်ဆိုတော့ သိတဲ့အတိုင်း အပြောအဆိုကြမ်းတမ်းသည်၊ ငါးရှ၊ ငါးကျည်းများဆိုရင်လည်း ကုတ်ချီးပေးရမလား၊ ခေါင်းထုပြီးရောင်းရမလား၊ ကြိုက်သလိုနိုင်း၊ ရောင်းရရင်ပြီးရော၊ ပိုက်ဆံရရင်ပြီးရော ဒီလိုမိန်းမမျိုး၊ မပုကြွယ် ငယ်ငယ်လေးကတည်းက သေစာ၊ ရှင်စာသာ ရေးတတ်၊ ဖတ်တတ်သည်။ ဒါပေမဲ့-တစ်ခုပြောစရာရှိတာက ဘယ်လောက် အပြောအဆို ကြမ်းတမ်းကြမ်းတမ်း၊ ငါးတွေအခံပေါ် ဘယ်လောက်ပဲ ရက်စက် ရက်စက်၊ မိခင် ဒေါ်ပုစီအပေါ်တော့ အလွန်ကောင်းသည်။ မိခင်ကြီးအား ရိုသေ၍ အမြဲဂရုစိုက်သည်။ သူမမှာ ပြောစရာရှိသည်က သူများ အသက်သတ်၍ အသက်မွေးခြင်းပင်တည်း။



မပုကြွယ်သည် မိခင်ဒေါ်ပုစီ နေမကောင်းလျှင် ပျာယာခတ်ပြီး ဘာလုပ်ရမှန်းမသိကာ စိတ်လည်းတိုနေတတ်၏။ သူမစိတ်တိုနေလျှင် သူ၏ယောကျ်ားကိုအုန်းလှနှင့် သားသမီးများ နေစရာမရှိတော့၊ ကိုအုန်းလှ လူရိုးလူအေး ဖြစ်သော်လည်း ထန်းရည်လေးတော့ တစ်ကျိုက်၊ နှစ်ကျိုက်မော့ တတ်သည်။ အလုပ်လက်ကြောမတင်း၊ ဒါကို မပုကြွယ်က ခွင့်လွှတ်သည်။ မူးလာရင် မရစ်နှင့် အိပ်တော့၊ မပုကြွယ်က ဒီလို မိန်းမမျိုး၊ သူကသာ သေစာရှင်စာ ရေးတတ်သော်လည်း သားနဲ့သမီးကျတော့ ပညာရေးကို ဂရုစိုက်သည်။ ပညာတတ်ဖြစ်ချင်သည်။ သားက (၄) တန်း၊ သမီးလေးက (၂)တန်း။ ကလေးများကလည်းမိခင်၏စိတ်ဓာတ်ထက်မြက်ပုံကိုသိသည်၊ ပညာကိုတော့ကြိုးစားကြသည်။

မပုကြွယ်သည် ကလေးများကို ကစားချိန်မှာ ကစား၊ စာကျက်ရန် ခေါ်လျှင်လည်း တစ်ခါ၊ နှစ်ခါ၊ အော်ခေါ်တုန်း လာလျှင်လာ၊ သုံးခါအော်ခေါ်ပြီဆိုရင် သေဖို့သာပြင်တော့၊ မပုကြွယ်၏ မိခင်ဒေါ်ပုစီကလေးများကို နှင်းလုံးဖို့သာ ပြင်ထား။ ဒီလို မိခင်မျိုး ဖြစ်သည်။ သားသမီးကို သူလိုဝဉာဏ်မဲ့ကာ အသက်သတ်၍ အသက်မွေးသူ မဖြစ်စေချင်၊ မိခင်စိတ် အပြည့်အဝရှိသူဟု ဆိုရမည်။

တစ်နေ့တွင် သူတို့၏မိသားစုထဲသို့ မထင်မှတ်သောအဖြစ်အပျက်တစ်ခု ဝင်ရောက်လာတော့သည်။ ထိုနေ့က ဖြစ်ချင်တော့မပုကြွယ် ငါးရောင်း မကောင်းသဖြင့် မပုကြွယ်လည်း အိမ်မှာ ချက်စားရန်နှင့် ရွာထဲတွင်အကြွေးလိုက်ရောင်းမည်ဆိုသည့် စိတ်ကူးနှင့် ငါးများကိုပြန်သယ်လာခဲ့လေသည်။ အိမ်ရောက်တော့ မပုကြွယ်၏ မိခင် ဒေါ်ပုစီ အိပ်အဝ၌ ဆီးကြိုနေသည်။ မပုကြွယ်က လှမ်း၍....

"ကိုအုန်းလှရော - အမေ"

"ညည်းလင်-အုန်းလှ ဘယ်တုံးက အိမ်ကပ်ဖူးလို့လဲ၊ ထုံးထုံးဆန်းဆန်းမေးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ကိုအုန်းလှတစ်ယောက်ကတော့ လည်ရာပြန်စားရေးပဲ၊ အိမ်မှာ ဝိုင်းလုပ်စရာရှိရင် သူမရှိတော့ဘူး၊ ဒီမှာ မကုန်တဲ့ငါးတွေချက်စရာရှိတာချက်၊ ရောင်းစရာရှိတာရောင်းရဦးမယ်အမေ"

"ညည်းယောက်ျား ထန်းတောထဲမှာ ရှိမှာပေါ့"

"လိုက်မရှာတော့ဘူး - အမေ၊ အဲဒီတောင်းထဲမှာ ငါးကျည်းတွေ ရှိတယ်၊ ယူကြော်ထားအမေ၊ ငါးခူနဲ့ ကျန်တဲ့ငါးတွေ ရွာထဲလိုက်ရောင်းလိုက်ဦးမယ်၊ ကလေးတွေ ကျောင်းက ပြန်လာရင် ထမင်းကျွေးပြီး စာကျက်ခိုင်းဦး၊ သမီး သွားတော့မယ်"

ပြောပြောဆိုဆို ငါးများ ထည့်ထားသော တောင်းကို ရွက်၍ မပုကြွယ် တစ်ယောက် ထွက်သွားသည်။

ရင်ထဲ၌လည်း အိမ်မှာ ငါ့မိခင်အိုကြီးရှိလို့သာပေါ့၊ နို့မို့မလွယ်ဘူးဟု တွေးရင်း မိခင်ကြီးအတွက် လိုအပ်သည့် အားဆေးနှင့် ဝပ်နွေးနွေးအနွေး ထည်လေးတစ်ထည် ဝယ်ပေးရန်ဟု စိတ်ကူးဖြင့် တွေးတောနေမိသည်။ မပုကြွယ်သည်သူ၏အစ်မဝမ်းကွဲနေထိုင်သောအရှေ့ရွာဘက်သို့ငါးရောင်း ရန် ထွက်လာလေသည်။ မပုကြွယ်တို့ ရွာနှင့် အရှေ့ရွာသည် ရွာသုသာန် တစ်ခုခြားသည်၊ ထိုသုသာန်သည်သရဲအလွန်ခြောက်သည်ဟုနာမည်ကြီး သည်၊ ကြောက်မနေအား၊ ဝမ်းစာရေးက အရေးကြီးသည်၊ ယောက်ျား ပျင်းကို အားကိုး၍ မဖြစ်၊ ထမင်းငတ်သေဖို့ ရှိသည်။

"ဟောဒီမှာ - ငါးခူ၊ ငါးကျည်း၊ ငါးရံ့ အစုံရမယ်နော်"

"မပုကြွယ်ရေ...လာဦးဟေ့"

"ဟုတ်ကဲ့အဒေါ်..."

"ကဲ...ပြပါဦး၊ ဘာ ငါးတွေပါလဲ"

"အဒေါ်ရယ် စုံနေတာပဲ၊ ငါးခူလေးတွေ လတ်ဆတ်လိုက်တာ"

"ငါးခူ (၁၀) ဆယ်သားပေး"



"ဟုတ်ကဲ့ (၁၀) သား ခုနစ်ရာပဲပေး"

"မနက်ဖြန် လာယူနော် မပုကြွယ်"

"ဟုတ်ကဲ့...ရပါတယ် အဒေါ်"

"ဟောဒီမှာ ငါး၊ ငါးတွေ အစုံရမယ်နော်"

"ဟေ့...လာဦး"

"ဟုတ်...လာပါပြီ အဘကျော်ဖိ"

"ငါးကျည်း အစိတ်သားပေး"

"ဟုတ်ကဲ့"

"ပိုက်ဆံ နက်ဖြန်လာယူ"

"ရပါတယ် - အဘ"

"အေး...အေး"

မပုကြွယ်သည် ငါးများကို လက်ငင်းရော၊ အကြွေးပါ ရောင်းပြီးသော အခါ သူ၏ ဆွေမျိုးတော်သူ အစ်မဝမ်းကွဲထံသို့ ဝင်လိုက်လေသည်၊ သူ၏ ဝမ်းကွဲအစ်မ တည်ခင်းကျွေးမွေးသော ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်း ပူပူလေးကို သောက်၍ အမောပြေ နားရိုရင်း ညီအစ်မနှစ်ယောက် ရောက် တတ်ရာရာ စကားပြောဆိုကြပြီး မပုကြွယ်လည်း ငါးတောင်းလေးရွက်၍ သူမ၏ ရွာရှိရာသို့ပြန်လာခဲ့လေသည်။

မပုကြွယ်အိမ်ပြန်ချိန်သည် နေအလင်းကုန်၍ မှောင်ရီပျိုးစပြုနေပေပြီ၊ မပုကြွယ် အိမ်သားများ စောင့်မျှော်နေလေပြီဟု တွေးရင်း ခပ်သုတ်သုတ် လျှောက်လာခဲ့လေသည်၊ သချိုင်းကုန်းနားအဖြတ်တွင် ရိပ်ခနဲ လှုပ်ရှားမှု နှင့်အတူ၊



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ်…ဒုတ်"

"အား…"

လူတစ်ယောက်က မပုကြွယ်၏ နောက်ကျောကို ဒုတ်ခနဲ ရိုက်ချလိုက်လေသည်၊ မပုကြွယ်လည်း "အား" ဟု တစ်ချက်သာ အော်နိုင်ပြီး လဲကျသွားလေတော့သည်၊ ငါးတောင်းတွေ၊ ပိုက်ဆံတွေ လွင့်စဉ်ကျကုန်သည်၊ မပုကြွယ်လုယက်ခံရလေပြီ၊ အမှောင်ထုထဲတွင် အားဖြင့် ရိုက်သူကို ကြည့်လိုက်သောအခါ အရပ်(၇)ပေ၊ (၈)ပေခန့်ရှိ ဧရာမလူထွားကြီးတွေ ဖြစ်နေသည်၊အကျီမပါ၊ ကျောပြောင်တွေဖြစ်ပြီး သည်အရပ်တွင် မတွေ့ဘူးသောလူတွေ၊ ဘုရား – ဘုရား လူတွေ မဖြစ်နိုင်၊ သရဲတစ္ဆေတွေလား…၊

မပုကြွယ် လဲကျသွားသောအခါ ထိုလူသည် မပုကြွယ်၏ နားထဲမှ နားကပ်ကို ချွတ်ယူလိုက်ပြီး ငါးရောင်းရငွေများကိုပါ ယူဆောင်၍ ထိုနေရာမှ ထွက်ခွာသွားလေသည်၊ ထွက်ခွာမသွားခင် မပုကြွယ်အား ဒုတ်ဝှတစ်ခုအနီးသို့ ဒရွတ်တိုက် ဆွဲခေါ်သွားပြီး လူမမြင်အောင် ဒုတ်ဝှနှင့် ကွယ်ခဲ့လေသည်၊

"အမလေး – သေပါပြီရှင့်"

ငါတစ်ခါမှ မရောက်ဘူးတဲ့နေရာပဲ၊ ဘယ်နေရာပါလိမ့်၊ ဒီအတိုင်းထိုင်နေလို့ မဖြစ်သေးပါဘူး၊ ငါ အိမ်ပြန်ရောက်မှ ဖြစ်မယ်ဟု မပုကြွယ်လည်း ပြောပြောဆိုဆို ထိုင်နေရာမှ ထလိုက်ပြီး ရှေ့တွင် မြင်နေရသည့် မြက်တောလေးဖြစ်နေသော လမ်းလိုလို ဖြစ်ပေါ်နေသည့်နေရာကို ဖြတ်ရန် ခြေလှမ်းလိုက်လေတော့သည်၊ နောက်ကျောပြင်တစ်ခုလုံးနာကျင်နေမိသည်၊ အရောတ်ကွာလုမတတ် ခံစားရခြင်းဖြစ်သည်၊ ထိုစဉ်…

"လိုက်ကြဟေ့ – လိုက်ကြ၊ ဖမ်းကြဟေ့ – ဖမ်းကြ"

လူတစ်စု၏အသံ၊ မပုကြွယ်ရှိရာသို့ လာသည့်အသံများအား မပုကြွယ်ကြားသောအခါ "ဒီအသံတွေကငါ့ဆီကိုလာနေတဲ့အသံတွေပဲ၊ဟုရှုံ့ပုတ်ထဲဝင်ပြီးနေမှ" မပုကြွယ်လည်း ကြောက်ကြောက်လန့်လန့်နှင့် နီးစပ်ရာ ချုံပုတ်ဆီသို့ ဝင်ပုန်းနေလိုက်ပြီး အသံကြားရာဆီသို့ စောင့်ကြည့်နေမိသည်၊ ရင်တွေခုန်ကာ တုန်လှုပ်ချောက်ချားနေမိသည်၊

ထိုစဉ်လူလေးငါးယောက်က မပုကြွယ်ရှိသည့်မြက်တောလမ်းလေးဆီသို့ လာနေကြသည်၊ သူတို့လက်ထဲတွင်လည်း ဓား၊ လှံနဲ့တကွ တင်းပုတ်သဏ္ဌာန်လက်နက်များလည်း ကိုင်ဆောင်၍ ထားကြလေသည်၊ ရုပ်ဆင်းသဏ္ဌာန်များမှာလည်း ဘီလူးလိုလို၊ တစ္ဆေလိုလို လူတွေ –၊ အကျီမပါ ကျောပြောင်ဖြင့်၊ သရဲတစ္ဆေပုံစံများဖြင့် ကြောက်မက်ဖွယ်ကောင်းလှသည်၊ မပုကြွယ်သည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားပြီး ဖောခွေးများပင် ပြန်လာကာ အပေါ်သွားနှင့် အောက်သွားများ၊ တထပ်ထပ် အချင်းချင်း ရိုက်ခတ်နေသည်၊ အသက်ကို ပြင်းပြင်းထန်ထန်ပင် မရှူရဲတော့၊ တုန်လှုပ်ချောက်ချားစွာ ငြိမ်သက်နေမိသည်၊ သူ့ရင်ထဲမှာ တစ်သက်လုံး သားငါးများကို သတ်ဖြတ်လာခဲ့ရာ ပထမဦးဆုံး အကြိမ်ဘုရားတမိပြန်သည်၊

"ဘုရား…ဘုရား…ဘုရား…ကယ်တော်မူပါဘုရား"

"ဘုရား…ဘုရား ကယ်တော်မူပါ၊ လူဘီလူးတွေဆိုတာ ဒါကို ခေါ်တာနဲ့တူတယ်၊ ငါတော့ ဒုက္ခရောက်ပြီနဲ့တူတယ်၊ ငါ – ငါးခေါင်းတွေ အရှင်လတ်လတ်ထုတောင်းသတ်ဖြတ်လာတာ၊ အခု ငါ – အရှင်လတ်လတ် ငါးခေါင်းအထုခံရသလိုအထုခံရပြီးအရှင်လတ်လတ်အသတ်ခံရမှာပါလား၊ဒီလူတွေလက်ထဲ ရောက်သွားရင် မလွယ်ဘူး၊ ငါ . . .ငါ . . . ဘုရားစာလည်းမရဘူး ဒုက္ခပဲ၊ အမေရေ . . . ကယ်ပါဦး – သမီးကို ကယ်ပါဦးအမေရယ်" ဟု မပုကြွယ်လည်း မိခင်ကို တမ်းတပိုကြွေးနေလေသည်၊ ကြောက်လန့်တကြား အော်သည်၊

ထိုအချိန်တွင် ထိုလူစုထဲမှ စကားပြောသံကြားရလေသည်၊





www.burmeseclassic.com

www.burmeseclassic.com

"အခုလေးတင် ဒီနားမှာ ပျောက်သွားတယ်၊ ငါတို့ရွာကို ရောက်လာရင် ဘယ်သူမှ မလွှတ်စေရဘူး၊ တို့တစ်တွေ ဟင်းစားဖွဲလုံပြီ၊ မတွေ့တွေ့အောင် ရှာဖွေကြ၊ တွေ့ရင်အကြောင်းကြား၊ ငါရွာထဲကောပြန်လိုက်ဦးမယ်၊ တွေ့ရင် မလွှတ်စေနဲ့" ဟုပြောပြီး အသားမည်းမည်း ကိုယ်လုံးတုတ်တုတ်၊ ဂင်တိုတို လူလိုလို၊ ဘီလူးပုံ မျက်လုံးနီနီနှင့် သဏ္ဌာန်ရှိသောလူသည် ပြောပြီး လှည့်ထွက်သွားလေသည်၊ ကျန်ရှိသောသူများ မပုကြွယ်ကို နေရာအနှံ့ ရှာဖွေကြသည်၊

မပုကြွယ်လည်း ကြောက်ရွံ့စွာနှင့် ဘုရားတလိုက်၊ မိခင်ကို တလိုက် ဖောရွှေးတွေ ပြန်နေရှာသည်၊ ထိုစဉ်...

"ဟာ - ဟိုမှာ...ဖွတ်တစ်ကောင်"

"ဟေ့....မိအောင်ဖမ်းကြ"

ထိုလူစုသည်သစ်ပင်တစ်ခုတွင်ကပ်နေသောဖွတ်ကြီးအားလှံနှင့်လှမ်း ပစ်လိုက်လေသည်၊ ဖွတ်ကြီး ပြုတ်ကျလာသောအခါ ဖွတ်ကြီး၏ ခေါင်းအား တင်းပုတ်နှင့် ထုလိုက်လေသည်၊ ဖွတ်ကြီး၏ ခေါင်းစဉ်တစ်ခုလုံး ကျေမွ၍ ဆန့်ငင်ဆန့်ငင် ငြိမ်သက်သွားသည်၊ ထိုအခါ မပုကြွယ် စဉ်းစားတွေးတောမိ လေသည်၊

သူမမှာ နောင်တတွေရင်ထဲမှာ ပြည့်လျှံနေပြီဖြစ်သည်၊

"အင်း...ငါလည်း ငါးခေါင်းတွေကို ထုသတ်လာတာ၊ ဝဋ်လည်ပြီထင်ပါ ရဲ့၊ ဒီလူစု လက်ထဲကို ငါရောက်သွားရင် ဒီဖွတ်ကြီးကို သတ်သလို ငါတို့ အသတ်ခံရမှာပဲ၊ ဒါ - ငရဲခံနေရတဲ့ အသူရကာယ်ရွာကို ငါရောက်သွားတာပဲ နေမှာ၊ ဒါပေမဲ့ ငါမသေနိုင်ပါဘူး၊ လူ့ဘုံမှာပဲ ရှိသေးတယ်၊ ငါမရှိရင် ငါ့မိခင် အိုကြီးနဲ့ ကလေးနှစ်ယောက်ကို ဘယ်သူတာဝန်ယူမှာလဲ၊ ကိုအုန်းလှုကလည်းလက်ကြောတင်းအောင်အလုပ်လုပ်တာမဟုတ်ဘူး၊လူပျင်း - ငါ့မိခင်



ကိုပြန်ပြီး ရှာဖွေကျွေးမွေးရဦးမှာ၊ အမေရယ် - သမီးဒီမှာအဖြစ်ဆိုးနေတယ် တယ်ပါဦး" ဟု ကျိတ်၍ အော်ဟစ်ငိုကြွေးနေလေသည်၊

မပုကြွယ်၏မိခင်ကြီးမှာလည်း ရွာသို့ပြန်မရောက်သေးသော မပုကြွယ် ကို မျှော်ပြီး မေတ္တာပို့နေလေသည်၊ သမက်အုန်းလှုလည်း ဘယ်နေရာမှာ မူး ပြီး လဲနေမှန်း မသိပေ၊ ကလေးနှစ်ယောက်ကတော့ အိပ်နေပြီ၊ အမေသည် အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ပြီး သမီးပြန်အလာကို မျှော်နေမိလေသည်၊ မပု ကြွယ် ပြန်မလာ၊ မိုးလင်း၍ မနက် (၆) နာရီပင် ထိုးနေပေပြီ၊ မပုကြွယ်၏ မိခင်လည်း မပုကြွယ်အား စောင့်ရင်းနှင့် မိုးချုပ်မှ ရုတ်တရက် အိပ်ပျော်သွား သဖြင့် မနက်မိုးလင်းမှ နိုးလေသည်၊ နိုးနိုးချင်း သမီး မပုကြွယ်ကို သတိရ သဖြင့်...

"ညက သမီးပြန်မှလာရဲ့လား မသိဘူး၊ အခန်းထဲ ဝင်ကြည့်မှ"

ကလေးတွေ အိပ်နေသော ခြင်ထောင်ကို လှန်ကြည့်ရာ သမီးကို မတွေ့ ပေ၊

ပို၍ စိတ်ပူပန်သွားမိသည်၊ ရင်ထဲမှာ တုန်ခါသွားသည်၊ ဘယ်လိုလုပ်ရ ပါ့၊

"ဟဲ့...အုန်းလှု၊ထ...ထ...နင် - ဘယ်အချိန်ကအိမ်ပြန်ရောက်လာသလဲ၊ အိမ်ရှေ့ ကွပ်ပျစ်ကြီးမှာ အိပ်နေလိုက်တာ၊ အမူအပင်မရှိဘူး၊ သူကတော့ အရက်လေးတမြမြနဲ့ ငါ့သမီးက ဘယ်ရောက်နေလဲ မသိဘူး၊ ကိုယ့်မိန်းမ ရှိလို့ မရှိမှန်း မသိ၊ ခြော် ... ဒီအမိုက်ကောင်တော့ တကယ်ပဲဟဲ့၊ အုန်းလှု ထပါဦး" ဟု ခေါ်ပုစီလည်း စိတ်ဆိုးမာန်ဆိုးနဲ့ သူ့သမက်အား အတင်းနိုးလ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဒေါ်သထွက်ကာ ကုန်းအော်သည် ထိုအခါမှ အုန်းလှသည် အိပ်ရာမှ တုန်ဖြင့် ပြူးတူးပြဲတဲ ထထိုင်လေသည်။

"ဟင်း...ဟင်း...ဘာဖြစ်လို့လဲ...မပုကြွယ်"

"မပုကြွယ် အိမ်ကိုပြန်မရောက်သေးဘူး၊ ရှာဖို့ ထဦး"

"ဟာဗျာ... အမေကလည်း အိပ်လို့ကောင်းနေတာ အတင်းလာနိုးနေတယ်၊ ပုကြွယ်က ကလေးမှမဟုတ်တာ၊ ငါးသွားယူပြီး ဈေးတောင်ထွက်လောက်ပြီ"

"ဟဲ့-နင့်မိန်းမ မပုကြွယ်က ညထဲကပြန်မလာတာ၊ ထရှာဦး - ဒါကလည်း ကလေးတွေနဲ့ မျက်စိကလည်း မကောင်းဘူး၊ ခြေထောက်ကလည်း မသန်ဘူး၊ ထပြီး ရှာပါဦးဟ"



ထိုလူစုသည် သစ်ပင်တစ်ခုတွင် ကပ်နေသော မြွေကြီးအား လှံနှင့်လှမ်းပစ်ထိုးလိုက်လေသည်။ မြွေကြီး မြူတက်ကျလာသောအခါ မြွေကြီး၏ ခေါင်းအား ထင်းပုတ်နှင့် ထုလိုက်လေသည်။ မြွေကြီး၏ ခေါင်းတစ်ခုလုံး ကြေမွ၍ ဆန့်ငင်ဆန့်ငင် ဖြစ်သက်သွားသည်။ ထိုအခါ မပုကြွယ် ခြင်းခြားတွေးတောမိလေသည်။



"ဟင်...အမေ ဟုတ်ရဲ့လားဗျာ၊ ပုကြွယ် ညထဲက ပြန်မလာဘူးဟုတ်လား၊ ဟာ... ဒီမိန်းမ မဟုတ်မှလွဲရော လင်ငယ်နောက်လိုက်သွားတာ ထင်တယ်အမေ"

"ဟဲ့ကောင်ရဲ့...မိုက်ရိုင်းလှချည်လား၊ နင်တို့ စားဖို့သောက်ဖို့ စီးပွားရှာနေတာလေ"

"ပေါက်ပေါက်ရှာရှာပါယ်၊ မနေ့က ငါးတွေ မကုန်လို့ ဟိုဘက်ရွာမှ သွားရောင်းတာဟဲ့"

"ဟင်...ဟုတ်လား၊ ဘာလို့သွားတာလဲ၊ အပြန်နေစောင်းရင် သချိုင်းကို ဖြတ်ပြန်ရမှာ၊ အန္တရာယ်ကြီးကကြီးနဲ့-ပုကြွယ်တစ်ယောက်တော့ ဒုက္ခရောက်ပြီနဲ့ တူတယ် အမေရယ်၊ ဒုက္ခပဲ - သား သွားရှာမယ်၊ ရွာထဲက ကိုဖိုးသားကြီးကို ဝင်ခေါ်လိုက်ဦးမယ်"

"အေ...အေး..."

သုတ်သုတ်ပျာပျာ ထွက်သွားသော သားမက်၏ နောက်ကျောပြင်ကြီးကို ကြည့်ပြီး ဒေါ်သထွက်ကာ သမီးပုကြွယ်ကို အန္တရာယ်မရှိဘဲ ပြန်ရှာတွေ့ရင်သာ ဆုတောင်းနေလေတော့သည်။ ထိုအချိန် အုန်းလှသည် ရွာထဲဝင်ကာ ကိုဖိုးသာအား ဝင်ခေါ်ပြီး အကျိုးအကြောင်း ရှင်းပြလေတော့သည်။

"ဟာ...အုန်းလှရာ အခုမှ သိလားကွာ၊ တယ်ပေါ့ဆတာပဲ၊ လာ...လာ အချိန်ရှိတုန်း အရှေ့ရွာကို လိုက်ရှာကြမယ်" ကိုအုန်းလှနှင့် ကိုဖိုးသားတို့ နှစ်ယောက် မပုကြွယ်ကို ရှာရန် အရှေ့ရွာသို့ ထွက်လာကြလေသည်။ အရှေ့ရွာသို့ ရောက်သောအခါ မပုကြွယ်တို့၏ အစ်မဝမ်းကွဲအိမ်သို့ ဝင်စုံစမ်းသောအခါ (၆)နာရီလောက်ကပင် ပြန်သွားကြောင်း၊ သူနှင့်အတူ ကောက်ညှင်းပေါင်းစား၍ ညနေ နေဝင်ရီတရောပြန်သွားကြောင်း သိရလေသည်။

သို့ဖြင့် အရှေ့ရွာသို့ သွားကာ ရွာသားများကို အကျိုးအကြောင်း ပြောပြလေသည်၊ ထိုရွာသားများက သချိုင်းသို့ ဝင်ရောက်ရှာဖွေသင့်ကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com

ပြလေသည်။ ထိုသချိုင်းသည်နေ့ခင်းမှာပင်တစ်ယောက်ထဲမဖြတ်ကြရာနာမည်ကြီးနေလေသည်။ မပုကြွယ် အန္တရာယ်တစ်ခုခုကြုံနေသည်မှာ သေချာသလောက်ပင် ဖြစ်ကြောင်း အကြောင်းသိ ရွာသားက ရှင်းပြပြီး ရွာသားနစ်ယောက်၊ သုံးယောက်သည် အုန်းလုနှင့် ဝိုင်းရှာဖွေရန် ဓား၊ တုတ် ဆွဲ၍ ထွက်လာခဲ့ကြသည်။

သချိုင်းသို့ရောက်သောအခါ မပုကြွယ်အား သတိမေ့မျောလျက် တွေ့ရှိကြလေသည်။ အုန်းလုနှင့် ရွာသားအချို့သည် မပုကြွယ်ကို ရွာသို့ပြန်ခေါ်လာကြပြီး ဆေးကုသလေသည်။ ထိုအချိန်ထိ မပုကြွယ်သည် မေ့မျောနေဆဲဖြစ်လေသည်။ ထိုအချိန်တွင် မပုကြွယ်သည် တခြားလောကသားများ၏ လက်မှ လွတ်ရန် အသက်လုနေသည်။ မပုကြွယ်လည်း ငိုကြွေးနေရာမှ ဘုရားစာများကို ရသလောက် ရွတ်ဖတ်၍ တောစောင့်နတ်၊ တောင်စောင့်နတ်များကို မေတ္တာပို့နေသည်။ မပုကြွယ်သည် ကြားဖူးနားဝဖြစ်သည့် သစ္စာဆိုလျှင် ပိုရောက်ထိရောက်ပြီး သစ္စာမှန်ကန်ပါက အန္တရာယ်အသွယ်သွယ်ကပင် လွတ်မြောက်သည်ဟု ယုံကြည်ကာ အောက်ပါအတိုင်း သစ္စာပြုလေသည်။

"ကျွန်မ မပုကြွယ်ငါးများကို ရက်စက်စွာ သတ်ဖြတ်၍ ငါးစိမ်းသည်အလုပ်ကို လုပ်ကိုင်စားသောက်သည်မှာ မှန်ကန်ပါသည်ဘုရား။ ထိုရလာသည့်အမြတ်ငွေဖြင့် တပည့်တော်မ၏ ဖခင် ဆုံးပါးသွားစဉ် ငယ်ရွယ်စဉ်အခါကပင်တပည့်တော်သည် ပင်ပန်းကြီးစွာ ရှာစဉ်လည်ကာ ငါးရောင်း၍ မိခင်အိုကြီးကို လုပ်ကိုင်ကျွေးမွေးပြုစုလာခဲ့သည်မှာ ယခုအချိန်ထိပင် ဖြစ်ပါသည်။ ထိုမှန်ကန်သော သစ္စာတရားကြောင့် ယခု ဘေးဘေးမှ လွတ်မြောက်ပါစေသား" ဟု သစ္စာပြုလေသည်။



ထိုအချိန်တွင် မပုကြွယ်ရှိရာသို့ လက်တွင် ဆေးမင်ကြောင်များကို ထိုးထားပြီး ပုဆိုးအနီကွက် ဝတ်ဆင်ထားသော အဖိုးအိုတစ်ဦးရောက် လာလေသည်။ ဆံပင်ကိုလည်း သျှောင်တစောင်း ထုံးထားသည်၊ ထိုအဘိုးအို၏ လက်ထဲတွင် ပလွေလေးတစ်ချောင်း ကိုင်ဆောင်ထားလေသည်။ ပလွေသည် ဝါးပလွေကလေးတစ်ချောင်းသာဖြစ်သည်၊

အဘိုးအိုက ...

"ထွက်ခဲ့သမီး ထွက်ခဲ့လေ" ဟု ခေါ်လေသည်၊

မပုကြွယ်လည်း ချုံပုတ်ထဲမှ ထွက်လာလေသည်၊ ကြောက်လွန်း၍ အဘိုးအိုအား သေချာပင် မော့မကြည့်ရဲပေ၊

"အဘိုး - သမီးကို မသတ်ပါနဲ့ - အဘိုးရယ်"

ထိုအခါ - အဘိုးအိုက ညင်သာသော အသံဖြင့် ...

"ဟဲ့ ... ညည်းကို ကယ်ဖို့ ငါလာတာ၊ ငါ့နောက်က လိုက်ခဲ့"

"ဟုတ် ... ဟုတ်ကဲ့အဘိုး"

မပုကြွယ်လည်း အဘိုးအို၏ နောက်မှ လိုက်သွားလေသည်၊ အဘိုးအိုသည် ရှေ့မှ ပုလွေကို မှုတ်ပြီး ဦးဆောင်၍ မပုကြွယ်ကို ခေါ်ဆောင်သွားလေသည်၊ ပလွေမှုတ်ရာ လမ်းတစ်လျှောက်တွင် မည်သည့်အန္တရာယ်မှ မတွေ့ရတော့ပေ၊ ဘီလူး၊ သရဲလို လူတွေကိုလည်း မတွေ့ရပေ၊ ထိုလူတွေ ဘယ်ရောက်သွားပါလိမ့် ...။

"တဲ ... သမီး၊ အဲဒီ - လမ်းတည့်တည့်သာ ပြန်သွား၊ ညည်းအိမ်ရောက်လိမ့်မယ်၊ စိတ်ချသွား ... ဘုရား၊ တရား မြဲပါ၊ မကောင်းမှုကို မလုပ်ပါနဲ့"

"ဟုတ်ကဲ့ ... အဘိုး"



www.burmeseclassic.com

www.burmeseclassic.com

မပုကြွယ်သည် အမည်မသိ အဘိုးအိုအား ကန်တော့၍ ထွက်လာခဲ့လေသည်။ နောက်မှ ပလွေမှုတ်သံသဲ့သဲ့ကို ကြားရလေသည်။ မပုကြွယ်၏ ခန္ဓာကိုယ်သည် သစ်ရွက်ကလေးကို လေထဲမှာ လွင့်မျော၍ လွင့်ပါသွားလေသည်။ ပလွေသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေပြီတကား။

⁂

"ဟင်း...ဟင်း...ဟင်း...ရေ...ရေပေးပါ"

ညည်းသံဖြင့် မပုကြွယ် သတိရလာလေသည်။

"ဟင် . . . သမီး သတိရလာပြီလား။ ပုကြွယ်ဟဲ့ - အုန်းလှ နင့်မိန်းမ နိုးလာပြီ၊ ရေပေးစမ်းပါ ရေတောင်းနေတယ်"

ကိုအုန်းလှလည်း...

"ဗျာ...ဟုတ်ကဲ့"

"အမေ...ကိုအုန်းလှ၊ ကျွန်မ မသေလို့ ပြန်ရောက်လာတာ"

မပုကြွယ်သည် မိခင်ကြီးကိုဖက်၍ ရှိုက်ကြီးတငင် ငိုလေသည်။ ထို့နောက် နစ်မြုပ်ကာ အိပ်ပျော်သွားပြန်သည်။ အိပ်ရာမှ နိုးလာသော အခါ...

"အမေနဲ့ ကိုအုန်းလှ - ကျွန်မ ဒီငါးရောင်းတဲ့အလုပ်ကို မလုပ်တော့ဘူး။ တခြားအလုပ်ပဲ ပြောင်းလုပ်တော့မယ်"

ထိုသို့ပြောပြီး မပုကြွယ်လည်း ကြုံတွေ့လာသော အဖြစ်အပျက်အနု ရာယ်များကို ရင်ဖွင့် ပြောပြလေသည်။

"ကောင်းတာပေါ့ သမီးရယ်၊ အမေ ဝမ်းသာတယ် ကွယ်လွန်သွားတဲ့ အဖေ သိရင် အရမ်းဝမ်းသာမှာ သမီးရယ်၊ သမီးအဖေက သတ္တဝါတွေရဲ့ အသက် သတ်တာမကြိုက်ဘူး၊ မွေးနေ့အခါကြီး ရက်ကြီးတို့ဆိုရင် ဥပုသ် စောင့်တယ်။ အသား၊ ငါး ရှောင်တယ်။ ဘုရား၊ တရား၊ အလွန် ရှိသေကိုင်းရှိုင်း တယ်၊ သမီး အခုလို အမြင်မှန်ရပြီး၊ အသား ငါးမရောင်းတော့တာသိရင် ရောက်ရာဘဝကနေပြီး သာဓုခေါ်နေမှာ - အမေလည်း အရမ်းဝမ်းသာတယ် သာဓုပါ...သမီးသာဓုပါ"

ဟု မပုကြွယ်၏ မိခင်သည် မျက်ရည်များ စီးကျလာပြီး သာဓုခေါ်လေသည်။ ထိုအချိန်တွင်ပင် မပုကြွယ်တို့၏ အိမ်ခေါင်းရင်း ဘုရားကျောင်းဆောင် ထားရှိရာ ဘုရားကျောင်းဆောင်၏ နေရာမှ အိမ်မြှောင်တစ်ကောင်၏ ကျယ် လောင်စွာ စုတ်ထိုးသံမြည်ဟိန်း ထွက်ပေါ်လာပြီး မပုကြွယ်တို့ အိမ်ထဲသို့ လေညင်းလေးနှင့်အတူ အမွှေးနံ့ သင်းသင်းလေးတစ်ခု ဝေ့ဝဲတိုက်ခတ်သွား လေသည်။

⁂

➔ အောင်ဇာသက်ဝေ



www.burmeseclassic.com

www.burmeseclassic.com




# ရေနံ့သာခြံက ဝိညာဉ်လိပ်ပြာ

ဖလွန်မောင်စိမ်းအောင်

"လာဗျာ ... စာရေးဆရာ"

ကိုကောင်းကျော်ဆိုင်ထဲ လှမ်းဝင်လိုက်သည်နှင့် စန်းဝင်းက လှမ်းခေါ်သည်။ ပြီးတော့ တင့်လွင်က ခုံဆွဲ၍ နေရာပေးသည်။ ဖိုးတုတ်က ပုလင်းထဲအရက် ငှဲ့၍ပေးသည်။ ကိုကောင်းကျော် သောက်သောအရက်ကို သိနေကြသူများမို့ အထွေအထူး ပြောစရာ မရှိပါ။

"ကဲ ... ဒါလောက်တောင် ဂါရဝတွေ လုပ်နေပုံထောက်တော့ သိချင်ရာတွေ ရှိနေပြီနဲ့ တူတယ်"

ကိုကောင်းကျော်က စတင်၍ ထောက်ပေးလိုက်မှပင် စန်းဝင်းဆိုသူက -

"ဒီလို ... စာရေးဆရာရဲ့ မြန်မာစကားမှာ တွဲသုံးတဲ့စကားလုံးတွေ အကြောင်း ဆွေးနွေးနေကြတာဗျ။ ဥပမာ ညှို့သည်စောင်သည်ဆိုတာမျိုး၊ ခွမ်းဟင်းသန်းဟင်းဆိုတာမျိုးပေါ့ဗျာ"

ကိုကောင်းကျော်က ချောင်းတစ်ချက် ရှင်းယင်းမှ -

"ဒါတွေက ... ဒီလိုဗျ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကောင်းကျော်က မပြောသေးဘဲ ဖိုးတုတ် ငှဲ့ပေးထားသော အရက်ကို ယူကျိုက်လိုက်သည်။ ပြီးမှ အမြည်းတစ်ဖတ်ကို ဆွဲစားလိုက်ပြန်ပါသည်။ ခဏနေမှ -

"မြန်မာစကားမှာ အဓိပ္ပာယ်မဲ့တွဲသုံးပြီးပြောတဲ့စကား မရှိဘူးဗျ။ ဥပမာ ကိုစန်းဝင်းက ပြောတဲ့ ညှို့သည်စောင်သည်ဆိုတဲ့ စကားကို ကြည့်ဗျာ။ ကိုဖိုးတုတ်ဆီကို ကျွန်တော်လာရင် ကျွန်တော်က ကိုဖိုးတုတ်ရဲ့ညှို့သည် ပေါ့။ ကိုဖိုးတုတ်နဲ့ မသိတဲ့ တခြားလူတစ်ယောက်ကို အပိုခေါ်လာရင် သူ့က ကိုဖိုးတုတ်နဲ့ စောင်သည် ဖြစ်သွားရောဗျ"

ကျန်လူများ ကျေနပ်သွားကြသည်။ ဒါကြောင့်လည်း ကိုကောင်းကျော် မျှော်နေကြခြင်းပင်ဖြစ်ပါ၏။ ကိုကောင်းကျော်ပါလျှင် ဗဟုသုတ ရစရာတွေ အများကြီးပါသည်။ ရာဇဝင်လောက၊ ဆေးလောက၊ ဘာသာရေးလောက၊ နိုင်ငံရေးလောက၊ ယုတ်စွအဆုံး ဂမ္ဘီရလောက၊ ပရလောကများအထိ နှံ့စပ်သည်။ ဒါတင်မကသေး သချ်ာ ညက်စမ်း ဗဟုသုတညက်စမ်းများလည်း သူ့ထံမှာ ရသေးသည်။ ပေါက်ကရတွေ မေးခြင်းမဟုတ်၊ အသိပညာ အတတ်ပညာတစ်ခုခု ပါစမြဲပင်။

သူ သောက်သောအရက်ကို ကျန်လူများက ဝိုင်း၍ ဒကာခံကြသည်။ သူ့က ဘယ်တော့မှ မူးအောင် မသောက်၊ အရက်တစ်ပိုင်းသာသာလောက် ဆိုလျှင် ခရရှိန်ကိုက်ပြီ ဖြစ်ပါသည်။

အချို့လူငယ်များကား ကိုကောင်းကျော်နှင့် ရင်းနှီးချင်လွန်း၊ စကားပြော ချင်လွန်း အားကြီး၍ ပုလင်းထောင်ကာ စောင့်ကြသည်။ ကိုကောင်းကျော် က ဖော်ရွေ၍ သဘောကောင်းသည်။ စည်းကမ်းတစ်ခုတော့ထားသည်။ မည်သည့်ဝိုင်းက သူ့ကို စောင့်ပါစေ ထိုဝိုင်းတွင် စန်းဝင်း (သို့) တင့်လွင် (သို့) ဖိုးတုတ်ဟူသော မိတ်ဆွေတစ်ယောက်ယောက်ပါမှသာ ဝင်ထိုင်လေ့ရှိ သည်။ သူ့မိတ်ဆွေများက "စာရေးဆရာ" ဟု ခေါ်ကြသော်လည်း နောက်မှ သိကျွမ်းရသောလူငယ်များကမူ ဆရာဟုခေါ်ကြသည်။

"ဆရာ ... ဆွမ်းဟင်းပန်းဟင်းဆိုတာ လုပ်ပါဦး"

မောင်စိုးနိုင်ဆိုသူက မေးပြန်၏။



ကိုကောင်းကျော်က ပြုံးပြုံးကလေးဖြင့် -

"မင်းက - ဆွမ်းနဲ့ဟင်းကို ဘုန်းကြီးကျောင်း လှူလိုက်တယ် ဆိုပါတော့ အဲဒါဆွမ်းဟင်းပဲ။ ငါးခြောက်ပြား ဒါမှမဟုတ် မမှည့်သေးတဲ့ ငှက်ပျောတစ်ဖီး ကို လှူလိုက်တယ်ဆိုကြပါစို့ ကျောင်းရောက်တော့ ချက်ချင်းစားလို့ မဖြစ်တဲ့ အတွက် နောက်တစ်နပ်စာ ပန်းပြီး သိမ်းထားရတာ ဖြစ်လို့ အဲဒါကို ပန်းဟင်း လို့ခေါ်တယ်။ ဝမ်းတပန်းစာဆိုတာလည်း ဒီအဓိပ္ပာယ်အတိုင်းပါပဲ"

ဟုတ်သည် မဟုတ်သည်မသိ။ ကိုကောင်းကျော်က ခပ်တည်တည်ပင် ရှင်းပြနေတော့သည်။ အရက်ဝိုင်းဆိုတာကလည်း ဒါမျိုးပင်ဖြစ်သည်။ ထွေရာ လေးပါး စကားဖွဲ့ရသည်မှာပင် အရသာတစ်မျိုး မဟုတ်ပါလား။ ကိုကောင်း ကျော်က ပြောပြောဆိုဆိုပင် ပုလင်းရှိရာသို့ လက်လှမ်းလိုက်သည်။ မောင်စိုး နိုင်ဆိုသူက ပျာပျာသလဲ တားရင်းမှ -

"နေပါဆရာ ... ကျွန်တော် ငှဲ့ပေးပါ့မယ်"

မောင်စိုးနိုင်က အရက်ငှဲ့ပေးရင်း -

"ဆရာ - ကျွန်တော် ပရလောကအကြောင်း နည်းနည်းမေးပါရစေ။ တစ္ဆေဆိုတာ တစ်ကယ်ရှိ မရှိနဲ့ တစ္ဆေခြောက်တယ်ဆိုတာလည်း ဖြစ်နိုင်ပါ့ မလား ဆရာ"

ကိုကောင်းကျော်က ငှဲ့ပေးထားသော အရက်ခွက်ကို ကိုင်၍ တစ်ကျိုက် တည်း မော့ချလိုက်ရင်းမှပင် -

"တစ္ဆေဆိုတာ" က "တဖ္ဖေတိ" ဆိုတဲ့ ပါဠိစကားကလာတာ ကြောက် လန့်အောင် ခြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်ကွ"

စိုးနိုင်က ကြားဖြတ်၍ မေးပြန်သည်။

"ဒါဆို ... တစ္ဆေဆိုတာ တကယ်ရှိတယ်ပေါ့နော်"

ကိုကောင်းကျော်မှ -

"ရှိတယ် မရှိဘူးဆိုတာတော့ ကိုယ်လည်း အသေအချာ မသိဘူး"

"အခြောက်အပြုလည်း မခံရဖူးဘူး။ ဒါပေမဲ့ - ကျမ်းဂန်တွေ အလိုအရ တော့ ပြိတ္တာ၊ တစ္ဆေ၊ သရဲတွေဆိုတာ ရှိတယ်လို့ ပြောရမယ်"

အားလုံးစိတ်ဝင်စားစွာ နားထောင်နေကြသည်။ ကိုကောင်းကျော်က ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအခြောက်ခံရတဲ့အကြောင်းရင်းတွေရှိတယ်။ ကံနိမ့်လို့အခြောက်ခံရတာ အမျှအတန်းလိုချင်လို့ ခြောက်တာ၊ အစားအစာစားချင်လို့ ခြောက်တာ၊ စွဲလမ်းမှုနဲ့ ခြောက်တာ၊ ဘုရား တရားသံကို ကြားလို့မရွတ်ဖတ်နိုင်အောင် ခြောက်တာ၊ ဥစ္စာပစ္စည်းပေးချင်လို့ ခြောက်တာ၊ နှုတ်ဆက်ချင်လို့ မှာစရာရှိလို့ ခြောက်တာ အမျိုးမျိုးရှိတာပေါ့ကွာ"

ကိုကောင်းကျော်က စကားရပ်ကာ အရက်လက်လေးလုံးလောက် ထည့်၍ သောက်လိုက်ပြန်ပါသည်။

"ပြိတ္တာတွေအမျှမရကြလို့ သူတို့ ဖြစ်ချင်တာကို လူတွေကို အသိပေးချင်တယ်။ အဲဒီအခါကျ ကိုယ်ထင်ပြကြရတယ်။ သူတို့ကိုယ်ထင်ပြကြတဲ့ အခါ မလုမပ ပုံပန်းမကျကြီးတွေကို မြင်ရတဲ့အခါ လူတွေ လန့်ကြတာပေါ့။ အဲဒါကိုပဲ တစ္ဆေခြောက်တယ် သရဲခြောက်တယ်လို့ ခေါ်ကြတာပဲ"

စည်ပင်သာယာမှ ကိုမြသိန်းဆိုသူက -

"တော်ပါတော့ ... ဆရာရယ် ကျွန်တော့်အိမ်နားမှာ အသုဘရှိတယ်ဗျ။ အဲဒါကြီးကိုဖြတ်ပြီး အိမ်ပြန်ရမှာတောင် လန့်နေပြီဗျို့"

ဦးမြသိန်းကလည်းဗျာ - ကြောက်စရာမရှိကြောက်နေပြန်ပါပြီ။ ခင်ဗျားမှာလည်း သရဲကြောက်ရ၊ မိန်းမကြောက်ရနဲ့"

အားလုံးသဘောကျ၍ ရယ်မောကြရသည်။

ကိုကောင်းကျော်က လက်စသိမ်းသည့်အနေဖြင့် သူတို့အခေါ် "Last cup" ကို သောက်လိုက်သည်။ ပြီးမှ -

"ကဲ ... အားလုံးပဲ ကျေးဇူးပါပဲဗျာ ပြန်လိုက်ဦးမယ်၊ အိမ်မှာ အမျိုးသမီးတ တစ်ယောက်ထဲမို့ပါ။ နည်းနည်းတောင် များသွားပြီ"

ကိုကောင်းကျော် ပြန်ရန် ထလိုက်သည်။ တစ်ချက်ယိုင်ချင်သလို ဖြစ်သွား၍ မနည်းမတ်လိုက်ရသည်။ သည်နေ့ညစကားပြော ကောင်းကောင်းနှင့် သောက်လိုက်သည်မှာ ရေချိန်ပင် ကျော်သွားပေပြီ။

ဒေါ်မိုးဝါအရက်ဆိုင်မှ အပြင်ထွက်လိုက်သည်နှင့် လေနအေး တစ်ချက်က ဝေ့ယမ်းကြည်စယ်လိုက်၏။ ကိုကောင်းကျော်အိမ်အပြန် လမ်းကား သိုင်းကွက်နှင့်သိုင်းချက်နှင့်ပါတည်း။



"ရေနံ့သာခြံ"

အိမ်ရှေ့ရောက်ပြီး "ရေနံ့သာခြံ" ဆိုင်းဘုတ်မြင်မှပင် ကိုကောင်းကျော် အရှိန်သတ်လိုက်သည်။ အိမ်ရောက်လျှင် ဇနီးသည်မဆွေက ဘာပြောဦးမည်မသိ၊ ခါတိုင်းထက် ပိုမူးလာသည် မဟုတ်ပါလား အရက်သမားတို့ ထုံးစံအတိုင်း အိမ်နားရောက်လေ၊ သတိပိုထားရလေဖြစ်သည်။ အိတ်ထဲတွင် ပါလာသောသော့နှင့် "ရေနံ့သာခြံ" တံခါးကြီးအား ကိုကောင်းကျော် ဖွင့်လိုက်ပါ၏။

"ကျွီ - အီး - အီး"

ဟူသော အသံကြီးက ညအမှောင်ကြားဝယ် ကြောက်မက်ဖွယ် ထွက်ပေါ်လာသည်။ သံချေးများ တက်၍ ဆီမထည့်ဘဲ ထားသည်မှာ ကြာပြီဖြစ်သောပတ္တာများက လေးလေးကန်ကန်ဖြင့် ဖွင့်၍ သွားတော့သည်။ ခေါင်းငိုက်စိုက်နှင့်အိမ်တံခါးရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့ရသည်။ နှစ်ပေါင်း (၆၀)ကျော်လောက်က အိမ်ကြီးဖြစ်ပြီး တစ်အိမ်လုံးမှာ ရေနံချေးသုတ်ထားသဖြင့်အိမ်က မည်းမည်းကြီး ဖြစ်နေသည်။ ညအမှောင်ထဲတွင် ထိုင်နေသော တစ္ဆေသရဲကြီးနှင့်ပင် တူလှသည်။ ရုတ်တရက် ဆီးသွားချင်စိတ်က ပေါ်လာပြန်သည်။ အိမ်တံခါးရှိရာ မသွားသေးဘဲ အိမ်ဘေးဖက် ပန်းချုံများရှိရာသို့ ထွက်ခဲ့မိသည်။ သောက်ထားသော အရက်နှင့်ရေတို့က အတော်နေရာယူထားကြသည် မဟုတ်ပါလား။

ခပ်ထွေထွေလေးဖြင့် ပုဆိုးနှစ်ဖက်ကို မကာလွှတ်လွှတ်လပ်လပ်ပင် ဆီးသွားရန် ထိုင်ချလိုက်သည်။ ဆီးသွားရင်းမှ နောက်ဖေးမီးဖိုချောင်မှ အိမ်သာဆီသို့ ကူးသောတံတားဆီသို့ အကြည့်က ရောက်သွားမိသည်။

ဘုရား ... ဘုရားမဖြစ်နိုင်၊ လုံးဝမဖြစ်နိုင်၊ မူးလာသည်ပင် ဘယ်ရောက်ကုန်ပြီ မသိ၊ တံတားပေါ်တွင် ဆံပင်တို့ဖွေးဖွေးဖြူလျက် ထိုင်နေသည်က ဒေါ်တင်တင်ကြီး (သို့) သူတို့ရပ်ကွက်က အခေါ် "ရေနံ့သာတင်တင်" ဖြစ်နေသည်။ သေချာစေရန် မျက်စေ့ကိုပွတ်သပ်၍ကြည့်မိသည်။ သေချာပါသည်။ အဘွားကြီးမှ အဘွားကြီးအစစ်၊ ဘယ်လိုများ ပြန်ရောက်လာသနည်း၊ ညအမှောင်ထဲ ဘာထိုင်လုပ်နေသနည်း၊ ခဏအတွင်းမှာပင် သူ့အမြင်



www.burmeseclassic.com

www.burmeseclassic.com

အာရုံထဲမှ ပျောက်သွားပြန်သည်၊ ကြာတော့ ကြက်သီးများထလာကာ အိမ်တံခါးကို လှုပ်၍ဖနီးသည်ကို ခေါ်ရသည်။

"မဆွေရေ… မဆွေ နောက်ဖေးမီးဖွင့်စမ်းပါကွ"

သုံးလေးခွန်း ဆက်တိုက်ခေါ်မှ ဖနီးသည်မဆွေထွက်လာသည်၊

"ရှင်ကလည်း အိမ်ရှေ့မီးဖွင့်ထားရက်သားနဲ့ နောက်ဖေးမီးဖွင့်ခိုင်းရသလား"

ပါးစပ်မှမြည်တွန်တောက်တီးရင်းတံခါးဖွင့်ပေးသည်၊ ကိုကောင်းကျော်က အိမ်နောက်ဖေးဘက် လက်ညှိုးထိုးရင်းမှ –

"ဒေါ်တင်ကြီး … ရောက်နေသလားဟင်"

"ဘာဖြစ်လို့လဲ"

မဆွေကမေးသည်၊

**သေပြီးတဲ့နောက်မှာ ဂတိ နိမိတ်ဆိုတာ ဖြစ်ပေါ်လာပြီး လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံတို့မှာ ဖြစ်ကြတယ်ကွဲ့၊ သေခါနီးနှလုံးသွင်းကောင်းဖို့လိုတယ်။**



**နှလုံးသွင်းမကောင်းဘဲ သားစွဲ၊ သမီးစွဲ၊ မယားစွဲ၊ ဥစ္စာစွဲတွေနဲ့ သေကြရင်တော့ ပြိတ္တာဘုံကို ရောက်မှာ မလွဲကောန်ပဲ**



"နောက်ဖေးတံတားမှာထိုင်နေတာတွေ့လို့"

"ဟား – ဟား – ဟား – ဟား"

ဖနီးသည်ကမဆွေက အူလှိုက်သည်းလှိုက် ရယ်သည်၊

"တော်စမ်းပါ ကိုကောင်းကျော်ရယ်၊ ရှင့်ဘာသာ မူးကြောင်ရူးကြောင်နဲ့ မြင်ချင်ရာမြင်၊ တွေ့ချင်ရာတွေ့နေတာတွေနဲ့ မိုင်လေးငါးရာဝေးတဲ့နေရာကနေ ဒီအသက်အရွယ်ကြီးက ဒီကိုလာမလားတော့ သည်မှာကြည့် ကျုပ်တစ်ယောက်တည်း အိမ်မှာ အိပ်တာ ဘာဖြစ်လဲ"

ကိုကောင်းကျော် စိတ်ထဲ ဘဝင်မကျ၊ အိမ်ထဲ လှမ်းဝင်ရင်းမှ နောက်ဖေးမီးဖွင့်ကာ အိမ်သာဘက် လှမ်းမျော်ကြည့်မိပြန်သည်၊ ဘာမျှမတွေ့၊ မဆွေ ပြောသလို ငါပဲ ရူးကြောင်မူးကြောင်လား၊ ခေါင်းရင်းရေစည်ချိုင့်ထဲမှ ရေတစ်ခွက်ယူ၍ အငမ်းမရ သောက်ချလိုက်မိသည်၊ မဆွေက အပေါ်ထပ်ပင် တက်သွားချေပြီ၊ သူတို့လင်မယားကားကလေး (၃)ယောက်လုံးအိမ်ထောင်ကျပြီးကတည်းက အိပ်ရာခွဲအိပ်ကြသည်၊ မဆွေက အရက်နံ့မခံနိုင်၍ ဖြစ်သလို ကိုကောင်းကျော်ကလည်း ဝ၍ဟောက်သော မဆွေအသံကို အိပ်မရ၍ ဖြစ်သည်၊ မိမိအိမ်ခန်းရှိရာသို့ ကိုကောင်းကျော်ဝင်၍ ခေါင်းအုံးပေါ်သို့ ခေါင်းချရင်းမှ ပြန်စဉ်းစားနေမိသည်၊ အိပ်၍ မပျော်တော့ပေ၊ မျက်လုံး ကြောင်ချေပြီတကား။

ဆို

ဤမှုံကြီးသို့မိမိတို့ဖနီးမောင်နှံရောက်စကဖြစ်သည်၊ ကိုကောင်းကျော်တို့ဖနီးမောင်နှံညားခါစဖြစ်၍ လွတ်လွတ်လပ်လပ် နေလိုသည်၊ ဒါ့ကြောင့် အိမ်ငှားလိုက်ရှာကြခြင်းဖြစ်ပေသည်၊ ဤတွင် စေတနာဖြင့်လား အရှုံးဖြင့် မခြင်းပေလား မပြောတတ်၊ သည်ရပ်ကွက်ထဲရောက်တော့ လင်မယားနှစ်ဦးက ပြောသည်၊

"ငါ့မောင်တို့ နေချင်တယ်ဆိုရင် မြဲကလည်း ကျယ်တယ်၊ နေတာကလည်း အဘွားကြီးတစ်ဦးတည်းရယ်၊ အိမ်လခလည်း သိပ်ပေးရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ... ညီလေးရနားအေးပါးအေးရှိပြီး စာရေးစာဖတ်လို့ အရမ်းကောင်းတဲ့နေရာပဲ ရေနွားဆက်သွားလိုက်"

"ရေနံ့သာခြံ" လို့ ရေးထားတယ်"

"ကျေးဇူးပါပဲ .... အစ်ကိုရယ်"

ကိုကောင်းကျော်တို့ ထွက်ခဲ့ကြသည်၊ ဆိုက်ဆိုက်မြိုက်မြိုက်ပင် "ရေနံ့သာခြံ" သို့ ရောက်ခဲ့ကြသည်၊

"အိမ်ရှင်တို့ ... ရှိပါသလားခင်ဗျာ"

ပြောပြောဆိုဆို အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်၊ အသားဖြူဖြူ၊ ဘီးစပတ်နှင့်ရုပ်ရည်က သားနားလှသည်၊ ကတ္တီပါအင်္ကျီရင်ဖုံးနှင့် ဖြစ်သည်၊

"ပြောပါမောင်ရင် ... ဘာကိစ္စရှိပါသလဲ"

"အိမ်ငှားချင်လို့ပါ ... အဒေါ်ရယ်"

"အိမ်ထဲကြွကြွပါ"

သဘောကောင်း၍ မဆိုးလှဟု ကိုကောင်းကျော် တက်တက်ကြွကြွပင် လင်မယားနှစ်ယောက်စလုံး အိမ်ထဲဝင်ထိုင်လိုက်ကြသည်၊ ပြီးမှပင် -

"အော် ... ဒါထက် ဘယ်လိုမှ မထင်ပါနဲ့ အဒေါ်ရယ်"

ဒီအိမ်ကြီးမှာ ဟို - ဟိုလေ သရဲခြောက်တယ်ပြောကြလို့"

အဖွားကြီးက ယဲ့ယဲ့ပြုံးရင်းမှ -

"သရဲခြောက်တာ မခြောက်တာတော့ မသိပါဘူးကွယ်၊ အဒေါ်တောင်မှ သေတာ (၁၀) နှစ်ရှိပြီ၊ အခုမှ ပြန်ရှင်လာတာ မကြာသေးပါဘူး"

မဆွေတော်တော်လန့်သွားသည်၊ ကိုကောင်းကျော်ကိုသေးမှတံတောင်ဖြင့် တွက်ရင်း ပြန်ရန်သာ ပြောတော့သည်၊ ကိုကောင်းကျော်လည်း သိပ်မဆိုင်းတော့၊ အဘွားကြီးကို နှုတ်ဆက်၍ တစ်ချိုးတည်း ပြန်လစ်ခဲ့ကြတော့သည်၊

နောက်မှအရပ်ထဲက ပြောကြသည်၊ အဘွားကြီးမှာ ယဉ်ယဉ်ကလေး စိတ္တဇဖြစ်နေကြောင်း၊ သူ့အရင်က အိမ်ထောင်နှစ်ဆက်မှာလည်း သေဆုံးသွားကြကြောင်း၊ အဖော်အဖြစ် လာနေသော ညီမဖြစ်သူ ဒေါ်ခင်ခင်ကြီးမှာလည်း ဘာ့ကြောင့်ရယ်မသိ၊ ဆွဲကြိုးချသေသွားကြောင်း၊ သရဲခြောက်မည်ထင်ကြောင်း၊ ဒေါ်တင်တင်ကြီး၏ နှုတ်မှ ငါ့အိမ်မှာနေတဲ့ ယောကျ်ားတွေ အားလုံး သေစေရမယ်ဟု အမြဲ ပြောကြောင်း စသည်ဖြင့် စုံစမ်းသိရှိခဲ့ရပါသည်၊

မတတ်နိုင်၊ ကိုကောင်းကျော်ရော မဆွေပါ ကြောက်တတ်သူများမဟုတ်၊ ကိုကောင်းကျော်အတွက်လည်း အေးဆေးဆိပ်ငြိမ်စွာ စာရေး၍ ရသည်၊ ထို့ကြောင့် ထိုခေတ်က ရပ်ကွက်ကောင်စီ အစီအစဉ်ဖြင့် အိမ်လခမပေးရပဲ အဘွားကြီးအားထမင်းကျွေး၍ စောင့်ရှောက်စေရန် စီစဉ်ပေးခဲ့ကြသည်၊

ကိုကောင်းကျော်တို့နေပြီး တစ်နှစ်ခန့်အကြာတွင်ပင် အဘွားကြီး၏ ညီမအငယ်ဆုံးဖြစ်သူ ဒေါ်ကျင်မှ လာရောက်၍ ဒေါ်တင်ကြီးအား ၎င်းတို့ နေထိုင်ရာ အညာဒေသသို့ ခေါ်ဆောင်သွားပါသည်၊ အိမ်ကိုမူ ကိုကောင်းကျော်တို့အား လျှော့ပေါ့၍ ရောင်းခဲ့ကြသည်၊ သတင်းမကြား ဘာမကြားဖြင့် ခေါ်ဆောင်သွားသည်မှာ (၃) နှစ်ကျော်ခန့်ပင် ရှိပေပြီ၊ ယနေ့ကျမှ ထူးထူးခြားခြား အရပ်အခေါ်ရေနံ့သာတင်တင် (ခေါ်) ဒေါ်တင်တင်ကြီးအား မြင်တွေ့၍ အံ့အားသင့်ကာ တွေးမိနေခြင်းပင် ဖြစ်ပါတော့သည်၊

ကိုကောင်းကျော်မည်မျှ အိပ်ပျော်သွားသည် မသိ၊

"ဒုန်း - ဒုန်း - ဝေါ"

ဟူသည့်လဲပြိုသံ ထွက်ကျသံ အပိုဆန်ထည့်ထားတဲ့ အစိတ်ဝင်အိုးသံတျတာပါလား၊ ဆန်တွေ ပြန့်ကျဲကုန်တဲ့အသံ၊ အခန်းအပြင်ဘက်ထွက်ပြီး မီးဖွင့်ကြည့်ရသည်၊ မြတ်စွာဘုရားဆန်အိုးက ဒီတိုင်းပါလား၊ ဘာတွေဖြစ်ကုန်ပြီလဲ၊

ကိုကောင်းကျော် ရွှေးပြန်နေမိသည်၊ ဇနီးသည်မဆွေကို နှိုးပြီး ပြောရင်ကောင်းမလား၊ တော်ပါပြီလေ - ကိုယ့်ကို ရူးကြောင်မူးကြောင် ထင်နေဦးမယ်၊





www.burmeseclassic.com

www.burmeseclassic.com

ကိုကောင်းကျော် နာရီကြည့်မိတော့ နာရီပြန် (၁)ချက်တီးနေပေပြီ၊ ညဦးပိုင်းက တော်တော်နှင့်အိပ်မပျော်ရသည့်အထဲ သောက်ထားသော အရက်ရှိန်ကြောင့် ခေါင်းတွေအုံနေသည်၊ မဖြစ်ပါဘူး ပြန်ပြီး တုံးလုံးလှဲနေမှပါပဲဟုစိတ်ကူးနေမိသည်၊ စိတ်ကူးအတိုင်းပင် အိပ်ရာဆီသို့ ပြန်ကာ အိပ်မိတော့သည်၊

"ဝုန်း - ဝေါ - ဝေါ"

အိပ်ပျော်မယ်မှ မကြဲသေး ဖြစ်ပြန်ပြီ၊ သည်တစ်ခါတော့ခြေရင်းမှ ရေထည့်ထားသော စဉ့်အိုးကြီးလဲသံပင် ဖြစ်ပါ၏၊ ကိုကောင်းကျော် ကပျာကသီထ၍ ခြေရင်းမီးကို ဖွင့်ကာ ကြည့်ရပြန်ပါ၏၊ ရာဝင်အိုးများကား သည်အတိုင်းပင် ရှိနေပါသည်၊ ခက်တော့ နေပေပြီ၊ အရက်ကြောင်ကြောင်သည် ဆိုရအောင်ကလည်း ညနေက သောက်ထားသည်မှာ တစ်ပုလင်းလောက် ရှိပေမည်၊

အိပ်မပျော်ခါမှ ပဲ့ကိုတစ်နေ့က "ကဗျာဆရာလွမ်းသျှင်နောင်" ပေးထားသော ဝီစကီတစ်ပြားကို သတိရမိသည်၊ ဝီစကီအပြားကို အခန်းထဲယူ၍တစ်ယောက်တည်းထိုင်သောက်နေမိသည်၊အချိန်ကားည(၂)ချက်ကျော်ပေပြီ၊ ညနေကတင် "ပရလောက" အကြောင်း ပြောဖြစ်ကြသေးသည်၊ ၎င်းအကြောင်း တွေးမိမှပင် ညဦးပိုင်းက ဒေါ်တင်တင်ကြီးအိမ်သာ တံခါးတွင် ထိုင်နေပုံကိုပြန်၍မြင်ယောင်မိသည်၊ ဘုရား - ဘုရား ဒေါ်တင်တင်ကြီးများ တစ်ခုခုဖြစ်လေသလား ဘာမှ မဖြစ်ပါစေနှင့်၊

တစ်ရေးနိုးအရက်ထသောက်ရသည်မှာ အရသာရှိလှပါ၏၊ ဘာအမြည်းမှ မရှိ၍ အိမ်ရှိ မရန်းချဉ်လေးနှင့်မြည်းကာမှ ပို၍ သောက်ကောင်းနေပြန်သည်၊ တွေးလိုက်သောက်လိုက်နှင့် နာရီလက်တံ ကြည့်လိုက်တော့(၃)နာရီခွဲပေပြီ၊ (၂)ပက်ပြားလည်းကုန်ပေပြီ၊ကိုကောင်းကျော်လည်း ခေါင်းသွားချေပြီ၊

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက်"

အခန်းတံခါးခေါက်သံပေါ်လာမှ ကိုကောင်းကျော်လူးလဲ၍ ထလိုက်သည်၊ ရောင်ခြည်ပင် လာနေပြီဖြစ်ပါ၏၊ ဇနီးသည် မဆွေ သူ့ကို နိုးပြီးမှပြ



တက်သွားသည်အထင်နှင့် အပေါ်ထပ်သို့ တက်လိုက်သွားမိသည်၊ ထိုစဉ်မှာပင် အိမ်ပေါ်ထပ်မှ ဆင်းလာသောဇနီးသည်မဆွေနှင့် တွေ့တော့သည်၊

"ကိုကောင်းကျော် ... ဘာလိုချင်လို့ လာနိုးတာလဲ၊ တံခါးခေါက်လိုက်တာလည်း မပြီးတော့ဘူး"

ကိုကောင်းကျော် နှုတ်မှ ထအော်လိုက်မိသည်၊

"ဟုတ်နေပြီ ... မဆွေရေ"

"ဘာဟုတ်တာလည်း ... ကိုကောင်းကျော်ရဲ့"

ပြောသင့် မပြောသင့် ကိုကောင်းကျော်စဉ်းစားနေမိသည်၊ ပြောလိုက်လို့ မယုံလျှင် ကိစ္စမရှိ၊ ရူးကြောင်မူးကြောင်ဟုပင် ထင်ပေမည်၊ သို့မဟုတ်ပါက မိမိပင် အပြင်ထွက်ဖို့ ခက်နေပေတော့မည်၊ သည်တော့ -

"အော် ... ညက အိမ်သာတံတားမှာ ဆံပင်ဖြူဖြူနဲ့ဒေါ်တင်တင်ကြီးထိုင်နေတယ်ဆိုတာလေ၊ အစုလင်းခါနီး ဆီးထသွားတော့မှ ကြောင်ဖြူကြီးတစ်ကောင် လွှားခနဲ ဆင်းသွားတာ တွေ့လိုက်တယ်၊ ဒါကြောင့် ဟုတ်ပြီလို့ပြောတာ မိန်းမရေ့"

"ရှင့်ကို ညကထဲက ကျုပ် ပြောသားပဲ၊ အရက်ကြောင်ပြီး တွေ့ချင်ရာ တွေ့တာပါလို့၊ ဒါနဲ့ ကျုပ်တံခါးကို လာခေါက်တာက -"

"အော် ... အဲဒါ ပြောမလို့ပါကွာ"

ကိုကောင်းကျော် မဆွေကို ညာလိုက်နေပါ၏၊ သို့မဟုတ် အမှန်အတိုင်း ပြောလိုက်ပါက သူ့နေရဲတော့မည် မဟုတ်ပေ၊

ယနေ့ည ဇနီးသည်မဆွေကို စိတ်မချသည်က တစ်ကြောင်း၊ ကိုယ်တိုင်လည်း အပြင်ထွက်ချင်စိတ် မရှိသည်ကတစ်ကြောင်းတို့ကြောင့် ကိုကောင်းကျော် အိမ်မှာပင် သောက်ဖြစ်သည်၊ မနေ့ညကလို ဖြစ်မှာစိုး၍ ဘီယာ (၂)လုံးနှင့်အမြည်းစုံအောင် စီစဉ်ထားရသည်၊ ညဘက်ကျမှ သောက်စရာလိုနေမှာစိုး၍ဖြစ်သည်၊

အဖော်အပေါင်းနှင့် သောက်နေကျဖြစ်၍တစ်ယောက်တည်းသောက်ရတော့ ပျင်းသလိုပင် ဖြစ်မိသည်၊ မတတ်နိုင်၊ မဆွေကို စည်းရုံးရသည်၊

"ဆွေရေ - အိပ်လည်းကောင်း ကျန်းမာရေးလည်း ဖြစ်၊ ဘီယာလေး သောက်ရင်း ကိုယ်နဲ့စကားပြောရအောင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကောင်းကျော်က ဇနီးသည်ကို ချော့လိုသည့်အခါ "ဆွေ" ဟု ခေါ်၍ မဆွေကလည်း စိတ်လိုလျှင် "ကိုယ်" ဟုသာ ခေါ်၏။ လင်မယားနှစ်ယောက် စကားပြောရင်းမှ အေးအေးဆေးဆေး ထိုင်သောက်ဖြစ်ရာည (၈)နာရီ ကျော်မှပင် ပြီးတော့သည်။ ပြီးမှ ထမင်းစားဖြစ်သည်။

ညစာစားပြီးတော့ ပန်းကန်တွေကို စုထပ်လျက် ဆေးရန်မဆွေ နောက်ဖေးဘက် ထွက်သွားတော့သည်။ ခဏအကြာတွင် -

"ကိုယ်ရေ ... ခဏလာပါဦး"

"ဘာဖြစ်တာလဲ .... ဆွေ"

"ဟို ... ကိုယ်ဟိုနေ့ညက မြင်သလို ဆွေလည်းမြင်ရတယ်၊ ခေါင်းကြီးလေ အိမ်သာတံတားပေါ်မှာထိုင်လို့"

မဆွေအကြောက်ပြေစေရန်အတွက် ရယ်ကာမောကာဖြင့် -

"မင်းဘီယာမူးနေလို့ ... နေမှာပါကွာ"

"မဖြစ်နိုင်ပါဘူး ... ကိုယ်ရယ် သေသေချာချာမြင်တာပါ"

"ကဲ - ဒီလိုဆိုလည်း ဒီညကိုယ်နဲ့အတူ အောက်ထပ်မှာပဲ အိပ်လိုက်နော်"

လင်မယားနှစ်ယောက် စောစီးစွာပင် အိပ်ရာဝင်ခဲ့ကြပါ၏။

ထိုညက မဆွေမှာ ဘီယာအရှိန်ကြောင့် ထင်၏။ စောစောပင် အိပ်ပျော်သွားရှေပြီ၊ စောစော အိပ်ပျော်သူတာကိစ္စမရှိ၊ အိပ်မပျော်သူကိုကောင်းကျော် အဖို့မှာမူ ဇနီးသည်မဆွေ၏ ဟောက်သံကြောင့် ပို၍ပင် မျက်စေ့ကြောင်ရတော့သည်။

အပြင်ဘက်မှ ရှပ်ရှပ်ရှပ်ရှပ်ဖြင့် လမ်းလျှောက်သံများ၊ တံခါးပုတ်ခေါ်သံများ၊ ရေအိုးစင်မှရေခွက် ပြုတ်ကျသံများ ကြားနေရသည်။ မျက်စေ့ပိုကြောင်မှာစိုး၍ ထမကြည့်ဖြစ်ခဲ့။ စိတ်ကပဲ စွဲနေ၍လား၊တစ်ခါတစ်ရံ အမွှေးတိုင်နံ့လိုလို ပုပ်အက်အက်အနံ့လိုလိုလည်း ရတက်သေးသည်။ မကြောက်တတ်သော ကိုကောင်းကျော်ပင် ခြေဖျားလက်ဖျားများ အေးစက်ချင်နေပြီ၊ မဆွေ ဘေးမှာရှိ၍သာ တော်သေးသည်။



ဘာသံကြားကြားထ၍ မကြည့်ပဲ ဖွတ်မှိတ်၍ ပေခံ၍သာ နေမိသည်။ ကြာတော့ သောက်ထားသည့်အရက်အရှိန်ကြောင့်ပင် ကိုကောင်းကျော် အိပ်ပျော်သွားပါတော့သည်။

၃၉

"ကိုယ်ရေ ... ထကြည့်စမ်းပါဦး - အခန်းဝမှာ လှလိုက်တဲ့ ဆင်လိပ်ပြာကြီး"

ဇနီးသည်မဆွေအသံကြား၍နာရီကိုကြည့်မိတော့နံနက် (၈)နာရီကျော်နေပေပြီ၊ အိပ်ရာမှထလျက် မဆွေ ညွှန်ပြရာ ကြည့်လိုက်တော့ လှလိုက်သည့် ဆင်လိပ်ပြာကြီးကို ကောင်းကျော်အခန်းဝမှာ နားလျက်။

"အိပ်လိုက်တာလွန်ရော မျက်နှာသွားသစ် ထမင်းကြော်ကြော်ထားတယ်။ ပြီးမှ လက်ဖက်ရည်သောက်"

မျက်နှာသစ်ပြီးနောက် မဆွေနှင့်အတူ လက်ဖက်ရည်ဆိုင်တွင် စကားပြောဖြစ်သည်။

"မင်းညက ... ဘာမှ မကြားဘူးလား"

"ကျုပ်လည်း ... ရှင်ပြောသလို ဘီယာအရှိန်နဲ့ဆိုတော့ ဘာမှ မသိတော့ဘူး"

ကိုကောင်းကျော်မှ ပထမညက အဖြစ်အပျက်နှင့်ညက ကြားရသော အသံများကို အကုန် ပြောပြလိုက်သည်။ မဆွေက မျက်လုံးအပြူးသားလေးနှင့် နားထောင်ရှာသည်၊ ဘာမျှတော့ မှတ်ချက်မပေး။

တိုက်တိုက်ဆိုင်ဆိုင်ပင် နေ့လယ်လောက်တွင် သံကြိုးစာရောက်လာသည်။ ခေါင်တင်တင်ကြီး သေဆုံးကြောင်း၊ ဝေး၍မလာပါက ကိစ္စမရှိကြောင်း ပါဝင်သည်၊ သည်တော့မှပင် မဆွေမှာ နေစရာမရှိတော့ -

ချက်ချင်းပင် မြို့ထဲရှိ ဘုန်းကြီးကျောင်းသို့ လင်မယားနှစ်ယောက်သွားတာ အဖြစ်အပျက် အစုံအလင်ကို လျှောက်ထားကြရသည်။ ဆရာတော်မှ မိန့်ကြားရာတွင် -



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... လူမှာ သေခြင်းတရားလေးမျိုးရှိတယ်။ အဲဒီသေခြင်းတရားလေးမျိုးအနက်က တစ်မျိုးမျိုးနဲ့ သေကြရတယ်၊ သေပြီးတဲ့နောက်မှာ ဂတိ နိမိတ်ဆိုတာ ဖြစ်ပေါ်လာပြီး လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံတို့မှာ ဖြစ်ကြတယ်ကွဲ့၊ သေခါနီးနလုံးသွင်းကောင်းဖို့လိုတယ်။ နလုံးသွင်းမကောင်းဘဲ သားစွဲ၊ သမီးစွဲ၊ မယားစွဲ၊ ဥစ္စာစွဲတွေနဲ့ သေကြရင်တော့ ပြိတ္တာဘုံကိုရောက်မှာ မလွဲကောန်ပဲ"

ဆရာတော်က ဆက်၍ မမိန့်ကြားသေးပဲ ကွမ်းအစ်မှ ကွမ်းသီးများ ညှပ်ကာ ကွမ်းတစ်ရာဝါးရင်းမှ -

"အရှုပ်ကတော့ သေပြီးပြီးချင်း ဒကာကြီးတို့ဆီ ရောက်လာတယ်ဆိုတာ ပြောရရင် ဝိညာဉ်ပဲလို့ ပြောရမယ်"

"မှန်ပါ့ဘုရား ... သူသေတာကည (၁၁) နာရီလို့ပြောတယ်။ တပည့်တော်တို့ဆီ ရောက်လာတာလည်း အဲဒီညပဲ၊ တပည့်တော်တို့ ဘယ်လို ဆက်လုပ်ရမလဲဘုရား"

"သူ့အတွက် ရည်စူးပြီး ဆွမ်းသွတ်အမျှအတန်းပေးဝေလိုက်ကြပေါ့ကွယ်ဒါမှ သူလည်း အမျှအတန်းရပြီးသာစုခေါ်နိုင်းမှ ပိုကောင်းမယ်၊ ဒကာတို့ကို ကိုယ်ထင်ပြတယ်ဆိုတာကလည်း အမျှအတန်းလိုချင်လို့ပဲ ဖြစ်မယ်"

❧

နောက်တစ်နေ့မနက်တွင်ပင် သံဃာတော် (၅) ပါးပင့်ဖိတ်၍ ဆွမ်းကပ်ကာ အမျှအတန်း ပေးဝေခဲ့ပါသည်၊ ယခုမှပင် မဆွေရော၊ ကိုကောင်းကျော်ပါ စိတ်ရှင်းသွားကြတော့သည်၊

ကိုကောင်းကျော်တစ်ခု စဉ်းစားမိပြန်ပါသည်။ ဒေါ်တင်တင်ကြီး (ခေါ်) ရေနံ့သာတင်တင်ပြောသလို "ငါ့အိမ်မှာနေတဲ့ ယောကျ်ားတွေ အကုန်သေရမယ်" ဟူသော စကားပင် ဖြစ်ပါ၏၊ စိတ်ပါလက်ပါ ကျိန်စာပင် တိုက်လေသလား၊ စိတ်မနှံ့သဖြင့် ပြောမိပြောရာ ပြောချလိုက်သလားမသိ၊ ယခုတော့ အိမ်ရှင်ဖြစ်သူ ဒေါ်တင်တင်ကြီး သေရှာပေပြီ၊ တော်ရုံသတ္တိမျိုး၊ အယူသီး



သူမျိုးဆိုလျှင် "ရေနံ့သာခြံ" ကြီးကားဝယ်ဖို့ ဝေးစွ၊ ငှားနေဖို့ပင် စိတ်ကူးကြည် မဟုတ်ပေ၊

ကိုကောင်းကျော်တစ်သက်တွင် ဂမ္ဘီရဆန်ဆန် ဝတ္ထုတစ်ပုဒ်နှယ် ထူးဆန်း တွေ့ကြုံရခြင်းပင် ဖြစ်ပါ၏၊ ထို့ထက်ပို၍ ထူးဆန်းသည်က ဆွမ်းသွတ်ပြီးသောနေ့မှာပင် ကိုကောင်းကျော်အခန်းဝမှာ လာနားနေသော ဆင်လိပ်ပြာကြီးလည်း မရှိတော့ခြင်းပင် ဖြစ်ပါသည်၊

ထိုနေ့ညမှာပင် ဒေါ်တင်တင်ကြီးမှ ကိုကောင်းကျော်တို့လင်မယားနှစ်ယောက်စလုံးကို ဝတ်ကောင်းစားလှများ ဝတ်ဆင်ပြီး အိပ်မက်ထဲမှာ လာရောက် နှုတ်ဆက်သွားသေးသည်ဟုဆိုပါသည်၊

မည်သို့ဆိုစေ ဒေါ်တင်တင်ကြီးကိစ္စပြီးဆုံးသည့်နောက် ကိုကောင်းကျော်အမြတ်တစ်ခုရလိုက်ပါ၏၊ အခြားမဟုတ်ပါ၊ အရက်စော်နံလှသည်ဟုဆိုကာလင်မယားချင်း အိပ်ရာခွဲအိပ်သော ဖနီးသည်မဆွေတစ်ယောက် ကိုကောင်းကျော်နှင့်အတူ တစ်အိမ်ရာတည်းအတူ ပြန်အိပ်ခြင်းပင် ဖြစ်ပါသတည်း။

➜ ဂလွန်မောင်စိမ်းအောင်

www.burmeseclassic.com

www.burmeseclassic.com





ဘဝခြားက

# ကျိုက်မရောမြို့

ဒေါ်ရှုမြီးသိန်းဝင်း

၁၉၈၇ ခုနှစ်ခန့်က ဖြစ်သည်။ ကျွန်တော်က ရိက္ခာနှင့် မွေးမြူရေး တာဝန်ခံ ထောင်မှူးကြီးဖြစ်သည်။ ထောင်ပိုင်ကြီးက နွတ်ခမ်းမွေး ဦးသိန်းမြင့်၊ အလွန်အလုပ်လုပ်ရာတွင် သေချာပြီး ကွက်ကျော်မြင် တတ်သည်။ သဘောလည်းကောင်းသည်။ ထိုအချိန်က တောင်ငူ ထောင်မှာ နယ်ထောင်ဖြစ်၍ အလွန်အေးချမ်းသည်။ အကျဉ်းသား အကျဉ်းသူ အင်အားကလည်း စုစုပေါင်း (၁၀၀၀) ကောင် မပြည့်၊ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးမှ ပြောင်းရွှေ့လာရသော ကျွန်တော်မှာ လက်အောက်ခံဝန်ထမ်းများ ကောင်းမှုကြောင့် အေးချမ်းစွာ နေထိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မွေးမြူရေးလုပ်ငန်းမှာလည်း ဇဟိုထောင်ကြီးများလို အကြီးအကျယ် မဟုတ်ပါ။ အကျဉ်းသားလုပ်အားဖြင့် ဝက်အကောင် (၂၀၀)ခန့် နှင့် ကြက် အကောင် (၅၀၀)ခန့် (အသားစားကြက်) မွေးမြူထားပါသည်။ ထို့ကြောင့် လိုအပ်သော ကြက်ဥကို အပြင်ကမှာရသည်။ ကြက်ဥကိုလည်း ထောင် ဆေးရုံတက် လူနာများအတွက်သာ ကျွေးခြင်းဖြစ်သည်။ ယခင်က ဆေးရုံ တက် လူနာ (၁၀) ယောက်ကျော်ခန့်သာရှိသော်လည်း ယခုတော့ ရှေ့တန်း စခန်းပြန်များကြောင့် လူနာအင်အားက (၁၀၀) ခန့် ရှိနေသည်။ တစ်ဦး (၂) လုံး နှုန်းဖြစ်သဖြင့် နေ့စဉ် ကြက်ဥလုံးရေ (၂၀၀) ကျော်ခန့် လိုအပ်သည်။ ထောင်ဆေးရုံ၌ နေ့စဉ် အသားမဟုတ်လျှင် ကြက်ဥကျွေးရသည်။ ဆရာ ဝန်၏ ညွှန်ကြားချက်အရ အာဟာရ ဖြစ်စေရန် ကြက်ဥကျွေးရသည်က များသည်။ ထို့ကြောင့် သံတောင်ပျားစခန်းမှ တစ်ပတ်စာ ကြက်ဥလုံးရေ (၁၅၀၀)ခန့် အပတ်စဉ်မှာရသည်။ ကြက်မွေးမြူရေးတာဝန်ခံမှာ ကျွန်တော် ၏ တပည့်ဟောင်း ဝန်ထမ်းထွက် ခင်မောင်ကြည်ဖြစ်သဖြင့် လွန်စွာ အဆင် ပြေသည်။

သူက ပျားဂေဟာ မွေးမြူရေးကေဒါဆင်း၊ ကျွန်တော်နှင့် အပတ်စဉ် တွေ့ သဖြင့် ညီအစ်ကိုအရင်းလို ခင်မင်ကြသည်။ ထို့ကြောင့် သူက ယခုအပတ် စနေနေ့တွင် ရိက္ခာလာသွင်းရင်း ကျွန်တော့်အား သံတောင်မြို့သစ်သို့ တစ် ညအိပ် အလည်လိုက်ရန် ဖိတ်ခေါ်သည်။ သူအလည်ဖိတ်နေသည်မှာ ကြာ ပါပြီ။ ကျွန်တော် မအားလပ်၍ မလိုက်ဖြစ်ခဲ့ပါ။

ယခုအပတ်တော့ တောင်ပူထောင်ရောက်သည်မှာ ကြာပြီဖြစ်ပြီး မလည်ပတ်ရသေး၊ အားလည်းအားလပ်နေသောကြောင့် ထောင်ပိုင်ကြီး ထံ ခွင့်တောင်းရတော့သည်။

"ဆရာ ကျွန်တော် တောင်ပူထောင်ရောက်တာ (၆)လ ကျော်ပါပြီ ဘယ်မှလည်း မလည်ပတ်ရသေးလို့ သံတောင်မြို့ သစ်ဘက်၊ တစ်ညအိပ်



အလည်သွားချင်တယ်၊ ပျားစခန်းက ကြက်ဥသွင်းတဲ့၊ ခင်မောင်ကြည်က လည်း ကျွန်တော့်တပည့်ရင်း ဝန်ထမ်းဟောင်းပါ"

"သွားပါ ထောင်မှူးကြီး၊ ဒါပေမဲ့ - အဲဒီဘက်က ကာရင်သောင်းကျန်းသူ တွေရှိတော့ သတိထားပါ။ ဒီနေ့ည တစ်ညအိပ်ပြီး မနက်ဖြန်မနက်စောစော ပြန်ခဲ့ပါ။ ထောင်ဆိုတာ ခင်ဗျားသိတဲ့အတိုင်း ပြဿနာဆိုတာ အချိန်မရွေး ထဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ပါ ထောင်ပိုင်ကြီး၊ ကျွန်တော့် လက်ထောက် ဝန်ထမ်းနဲ့ စာ ရေးတွေ စိတ်ချရပါတယ်။ ရိက္ခာပစ္စည်းလည်း လုံလောက်အောင် စုဆောင်း ထားပါတယ်၊ စိတ်ချရပါတယ် ခင်ဗျား"

"ဟုတ်ပါပြီ... သွားနိုင်ပါပြီ ထောင်မှူးကြီး"

ကျွန်တော်တို့အိမ်တွင် နေ့လယ်စာ ထမင်းစောစောစားကြပြီး တပည့် ခင်မောင်ကြည်နှင့် သံတောင်ကားဂိတ်သို့ ဆိုက်ကားဖြင့် ဆင်းခဲ့ကြသည်။ သံတောင်မြို့သစ်သွား ကားလေးများမှာ DATSUN ကားအိုကလေးများ ဖြစ်ကြပြီး၊ တစ်နာရီတစ်စီးထွက်သည်။ ကျွန်တော်တို့ ကားဂိတ်ရောက် တော့ ပထမကားထွက်သွားသဖြင့် ဒုတိယကားလေးပေါ်သို့ တက်ထိုင်ရင်း ကားအထွက်ကိုစောင့်ရသည်။ ကားကျဲသလိုစီးသူကလည်းနည်းလှသည်။ သို့သော် တစ်နာရီခန့်အကြာ ကားထွက်ခါနီးတွင် ဈေးပြန်များ အထုပ် အပိုးဖြင့်လည်းကောင်း၊ ခြင်းကြားကြီးများဖြင့်လည်းကောင်း ရောက်လာ ကြရာ ကားပြည့်သည်သာမက ကားခေါင်းမိုးအပေါ်၌ပင် လူများ၊ ပစ္စည်းများ ဖြင့် ပြည့်သွားသည်။ သံတောင်ဘက်က ဒူးရင်းသီး၊ ကြက်မောက်သီး၊ ဆည်းသီး၊ သရက်သီးနှင့် တောစာ၊ တောင်စာများ ထွက်သည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကားစထွက်တော့ ကားမှာ ပဒေသာပင် သီးသလို အပြည့်အညပ် ကျွန်တော်တို့လည်းကိုယ်ကိုကြုံ့၍လိုက်ရသည်၊ တောသူတောင်သားများ ပီပီ ကွမ်းအနံ့၊ ဆေးလိပ်အနံ့၊ ချွေးနံ့များကြောင့် အသက်ရှုလို့ပင်မဝချင်။ တောတောင်ထဲ စ,ဝင်မှ သစ်ပင်၊ သစ်တော ရနံ့ကြောင့် အသက်ရှု၍ ကောင်းလာသည်။ သို့သော် ကားက သေးသေး၊ လူက အပြည့်အလျှံ တောင်ဆင်း၊ တောင်တက်လမ်းကြောင်း ကားတိမ်းမှောက်မည်ကို စိုးရိမ် လာရပြန်သည်။သံတောင် လမ်းဝင်သည်နှင့် အတက်အဆင်း၊ အကွေ့အ ကောက်က အလွန်များသည်၊ လမ်းဘေးနှစ်ဖက်၌ လျှိုများ၊ ချောက်များက အပြည့်၊ ကံကောင်းထောက်မစွာ ညနေ (၃) နာရီခန့်တွင် ခင်မောင်ကြည်တို့၏ သံတောင်ပျား စခန်းသို့ ချောမောစွာရောက်သည်။

ခင်မောင်ကြည်နေထိုင်ရာ တောတွင်းကြက်မွေးမြူရေးစခန်းသို့ မိုင် ဝက်ခန့် လမ်းလျှောက်ရသေးသည်၊ တစ်ကယ့် တောတောင်ထဲမှ စခန်း ဖြစ်ပါသည်၊ ခင်မောင်ကြည် နေထိုင်သော တဲစခန်းအား ကြက်ခြံဖြင့် တွဲဆောက်ထားခြင်း ဖြစ်သည်၊ ကြက်နံ့နှင့် ကြက်ချေးစော်က အလွန်နံ သည်၊ ကားပေါ်၌ ခံစားခဲ့ရသည့် အနံ့အသက်ထက် ပိုပြီး ဆိုးဝါးပါသည်။

"ခင်မောင်ကြည် ငါတို့ ဒီမှာ အိပ်ရမှာလား"

"ဒါ – ကျွန်တော့် အိမ်လေ ဆရာရဲ့၊ လွတ်လပ်ပါတယ်၊ ဒီမှာပဲ အိပ်ရမှာ ပေါ့၊ ဆရာ့ကို ကြက်ဥနဲ့ ကြက်သားဟင်း၊ စပါယ်ရှယ် ချက်ကျွေးပါ့မယ်"

"မဖြစ်ဘူး – ဟေ့ကောင်ရေ၊ ငါ ဒီက အနံ့တွေ မခံနိုင်ဘူး၊ တောင်ထဲမှာ တောင် ဒီလို အနံ့မျိုး မရှိဘူး၊ အိပ်စရာတခြား နေရာမရှိတော့ဘူးလား"

"ရှိတော့ ရှိတယ် ဆရာရဲ့၊ သံတောင်မြို့သစ်မှာ ကျွန်တော့်သူငယ်ချင်း ဆိုင်နဲ့ အိမ်ရှိတယ်၊ အတော်လှမ်းသေးတယ်၊ ဒီမှာကလည်း ကျွန်တော် တစ်



ဆတ်ဝံဘက်က ချွမ်စမ်တတ်အားလေး
စက်ရုံ နောက်ကျော ဝါးချောင်း
စက်သိမ်းနှင်းဆီ ပျော်မြိုင်နေပြီဆိုတော့
ငုတ်ထဲအဖြစ် ဝါးချောင်းမှာ
လျှို့ဝှက်တကဝဲ့ ဝါးချောင်းရေက
ချိုရင် အသက်ရှည်တယ်၊
အနာမဲ့တယ်လို့
ဖြူ ခင်ဇော ယုံကြည်ကြတယ်အစ

# ၉



ဦးတည်း၊ကြက်စာကျွေး၊သောက်ရေလဲ၊ကြက်ဥကောက်လုပ်ရသေးတယ်၊ အစာကျွေးချိန် မမှန်ရင်၊ ကြက်ဥက အထွက်ကျဲကရော၊ အဲ – တစ်ခုတော့ ရှိတယ်၊ အခု ကျွန်တော် ညနေပိုင်း သန့်ရှင်းရေးလုပ်ပြီး၊ အစာကျွေးမယ်၊ မနက်တော့ (၄) နာရီလောက် ထပြန်လာမှရမယ်"

"အေး ... အဲဒီလို လုပ်ကွာ၊ ငါ အနံ့မခံနိုင်ဘူး ဖြစ်နေတယ်"

"ကဲ ... ဒါဆို ဆရာ ရေချိုးပြီးစောင့်နေပါ၊ ကျွန်တော့် အလုပ်ဝင်လိုက် ဦးမယ်"

"ကောင်းပြီကွာ"

ကျွန်တော် အုတ်ရေကန်တွင် ရေချိုးပြီး အဝတ်အစားလဲသည်၊ တော တွင်းစခန်းဖြစ်သဖြင့် ညနေစောင်းသည်နှင့် အေး၍ စိမ့်လာသည်။ ငှက်များ နိမ့်မည့်အသွင်ဖြစ်၍ ကြိုတင်ဆောင်လာခဲ့သော ငှက်များကာကွယ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

(၂)လုံးအား ရေနွေးဖြင့် မျှောချရသည်။ ကော်ဇီမရှိ၊ လက်ဖက်ရည်မရှိ။ ထို့ကြောင့် ဆေးဒဏ်ခံနိုင်စေရန် အနီးတွင်ရှိသော ကြက်ဥဝန်းထဲမှ ကြက်ဥအစိမ်းတစ်လုံးကို ဖောက်၍ သောက်လိုက်ရသည်။ မှောင်စပြုမှ ခင်မောင်ကြည် အလုပ်သိမ်းပြီး ရေချိုးသည်။ တောတွင်းစခန်းဖြစ်သဖြင့် ညနေ (၅) နာရီခန့်သာ ရှိသေးသော်လည်း မှောင်ချေပြီ။

"ကဲ ... ဆရာ ဗိုက်ဆာပြီလား၊ သွားကြစို့"

"ဘာနဲ့သွားမှာလဲ"

"ကျွန်တော့်မှာ စက်ဘီးတစ်စီးရှိတယ်၊ ရုံးက ဘီးတစ်ဘီးဆွဲပြီး ဆရာနင်းပေါ့။ တောင်ဆင်းတောင်တက် လမ်းရှည်းဆိုတော့ ပင်ပန်းမယ်၊ မှောင်နေတော့ သတိထားရမယ်"

ရုံးက စက်ဘီးကလေးက ခပ်စုတ်စုတ်၊ ဘာအမျိုးမှန်းပင် မသိနိုင်၊ မီးမပါ၊ ဘရိတ်မကောင်း၊ ကျွန်တော်မစီးရဲ၊ ထို့ကြောင့်ခင်မောင်ကြည်ကသူ့ပန်းကန်ပြား စက်ဘီးကလေးဖြင့် လဲ၍ စီးစေသည်။ သူကတော့ စက်ဘီးစုတ်ကလေးကိုလက်နှိပ်ဓာတ်မီးထိုး၍ရှေ့က နင်းသည်၊ နည်းနည်းသာ လှမ်းသည်ဟု ဆိုသော ခရီးက နှစ်မိုင်ကျော်ခန့် နင်းရသည်။ ညပိုင်းဖြစ်၍ထင့်၊ ကားအသွားအလာမရှိ၍ လမ်းရှင်းသည်။ အညိုရောင်နယ်မြေဖြစ်သဖြင့် ညပိုင်းခရီးမသွားကြသည်လည်း ဖြစ်ပါလိမ့်မည်။ နာရီဝက်ခန့် နင်းတော့ ရှေ့တွင် မီးထိန်လင်းနေသော တောတွင်းမြို့ကလေးတစ်မြို့ကို တွေ့ရသည်၊ သံတောင်မြို့သစ်ဖြစ်ပါသည်။

"ဆရာလာ ... ဟော့ဟိုရှေ့က တောင်စောင်းမှာ ဆောက်ထားတဲ့ "သံတောင်မြို့သစ်" စားသောက်ဆိုင်က ကျွန်တော့်သူငယ်ချင်းဆိုင်ပဲ၊ ဟို ... လက်ဝဲဘက်က လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ နောက်မှာက ပသီချောင်းစက်ဘီးနင်းလို့ ရွှေးပုံနေပြီဆိုတော့ ဒုတိယအကြိမ် ပသီချောင်းမှာ ရေချိုးကြတာပေါ့။ ပသီချောင်းရေက ချိုးရင် အသက်ရှည်တယ်၊ အနာမဲ့တယ်လို့ မြို့ခံတွေ ယုံကြည်ကြတယ်ဆရာ"

"အေး ... ကောင်းပါတယ်၊ အတော်တော့ ဗားသွားပြီ"

ကျွန်တော်တို့ ကျောက်တုံးကြီးအနီးမှ ကွက်လပ်ကို ဖြတ်ကျော်ပြီး တောင်စောင်းရှိစားသောက်ဆိုင်များဘက်ဝင်လာသည်။ သံတောင်မြို့သစ်စားသောက်ဆိုင်အဝရောက်တော့ အသက် (၃၀)ခန့် တရုတ်ကလေးတစ်ယောက် ထွက်လာပြီး ...

"ဟာ ... သူငယ်ချင်း ခင်မောင်ကြည်၊ လာဟော့ အတော်ပဲ - မင်းအကြောင်း ပြောနေတာ။ အော် ... ဧည့်သည်လည်းပါလာတာကိုး၊ ကြွပါဆရာ"

ဆိုင်ထဲ၌ လူရှင်းနေသည်။ အမျိုးသမီးနှစ်ယောက်ကလည်း လိုက်လံ၍ ကြိုဆိုပါသည်။

"ကြွပါရှင့်"

"ဟ ... ဘယ်လိုလဲ ဟုတ်စိန်၊ စောစောစီးစီး လူရှင်းလှချည့်လား"

"မင်းသိတဲ့အတိုင်းပဲ၊ ခင်မောင်ကြည်ရေ ၊ ဒီနယ်မြေက မအေးချမ်းတော့ ဧည့်သည်တွေက စောစောစား၊ စောစောပြန်ကြတာ၊ နောက်ပြီး မိုးရာသီဆိုတော့ မြို့က ဧည့်သည်တွေ အလာနည်းတယ်လေကွာ၊ ဒေသခံ လောက်ဘဲ အလာများတာ၊ ကဲ ...ထမင်း အရင်စားမလား၊ ရေ အရင်ချိုးမလား"

"ကဲ ... ရမ်နှစ်ပက်စီလောက် အရင်တိုက်ကွာ၊ ပြီးမှ ရေချိုးပြီး ထမင်းစားမယ်"





www.burmeseclassic.com

www.burmeseclassic.com

"အိုကေ . . . သူငယ်ချင်း၊ ကိုယ်လည်း ထမင်းမစားရသေးဘူး။ ဆရာ ညွှန်ပြသည့်ပါလာတော့ ရေချိုးပြီး ဝိုင်းကြတာပေါ့၊ အမြည်းပါ အဆင်သင့် လုပ်ထားလိုက်မယ်"

***

ကျွန်တော်တို့ လမ်းတစ်ဖက်ရှိ ပသီချောင်းသို့ ရေချိုးဆင်းခဲ့ကြပါသည်၊ ရာသီဥတုအေးသော်လည်း စက်ဘီးနင်းခဲ့ကြပြီး ရမ်အရက်နှစ်ပက် စီဝင်သွားသဖြင့် နွေးနေသည်၊ ပသီချောင်းမှာ (၁၀)ပေခန့်သာ ကျယ်မည်။ ချောင်းတွင်း၌ ကျောက်တုံးကြီးများက အပြည့်၊ ရေချိုးရန် ကျယ်ဝန်းခြင်းမရှိ၊ ကျောက်တုံးများအကြားက ရေကို ကျောက်တုံးပေါ်ထိုင်၍ ရေခွက်ဖြင့် ခပ် ချိုးရခြင်းဖြစ်သည်။ ကျောက်တုံးအကြိုအကြားက ဖြတ်သန်းစီးဆင်းလာ သောရေဖြစ်သဖြင့်အေးစိမ့်နေသည်။ရေချိုးလိုက်တော့နွေးနေသောကိုယ် မှာ ချက်ချက်းအေးစိမ့်လာသဖြင့် ဆပ်ပြာကိုတော်ရုံတိုက်ပြီး အလျင်အမြန် ရေချိုး၍ ကမ်းပေါ်တက် အဝတ်လဲရသည်၊

ကျွန်တော်တို့ ဆိုင်ပြန်ရောက်တော့ ဟုတ်စိန်က စားပွဲခင်းပြီး အဆင် သင့် စောင့်ကြိုနေသည်။ ကျွန်တော်တို့ ဝိုင်းထိုင်ပြီတော့ ညီအစ်မနှစ် ယောက်လည်း ရောက်လာကြသည်၊

"ဟုတ်စိန် . . . ဒါက ငါ့ဆရာ ထောင်မှူးကြီးဦးသိန်းဝင်း၊ တောင်ငူ ထောင်မှာ တာဝန်ကျနေတာ၊ ဟုတ်စိန်ကတော့ ကျွန်တော့်သူငယ်ချင်းပါ။ သူက နော်မာ၊ ဟုတ်စိန်ဇနီး၊ သူကတော့ နော်ဖာ၊ ဟုတ်စိန်ခယ်မ"

"ဆက်ပြောဦးလေကွာ"



ဟုတ်စိန်က ထောက်တော့ ခင်မောင်ကြည်က . . .

"မင်းကလည်းကွာ"

အားလုံး သဘောပေါက်ကြ၍ ဝိုင်းရယ်ကြသည်၊ ကျွန်တော်တို့ ထိုည က တောမြို့ ဖြစ်သော်လည်း တရုတ်ဟင်းလျာ ကောင်းကောင်းဖြင့် စား ကောင်း၊ သောက်ကောင်းကြသည်၊ တစ်ထိုင်တည်းလည်း ဟုတ်စိန်တို့ မိသားစုဖြင့် ခင်မင်ရင်းနှီးသွားသည်၊ ညစာ စားပြီးတော့ အသီးအနှံများ စားရင်း စကားပြောကြသေးသည်၊ အိပ်ခါနီးတော့ ဟုတ်စိန်က ဦးဆောင်ပြီး အိမ်အနောက်ဘက် တောင်ခါးပန်းပေါ်သို့တက်ရသည်၊ တောင်ခါးပန်းတွင် သစ်သားအိမ်အိုကြီးရှိသည်၊ ဟုတ်စိန်တို့ မိဘအိမ်ဟု သိရသည်၊ အဘိုး ကြီး၊ အဘွားကြီးက ဆုံးပါးသွားပြီဖြစ်သည်၊ လူမရှိသော်လည်း လျှပ်စစ်မီး ထွန်းထားသည်၊ အိပ်ရာများလည်း ပြင်ဆင်ထားသည်၊

"ဆရာရေ- စောစောအိပ်ကြစို့၊ မနက်ကျတော့ ကျွန်တော်က မနက် (၄) နာရီလောက် စောစောထပြီး ကြက်ခြံကို ပြေးရမယ်၊ ကြက်ဥကောက်၊ သန့်ရှင်းရေးလုပ်၊ အစာကျွေးပေါ့ဆရာရယ်၊ မနက် (၇) နာရီလောက်ပြန်လာ မယ်၊ ကျွန်တော် ပြန်လာမှ မနက်စာ စားပြီး ကားဂိတ်ဆင်းကြတာပေါ့"

"အေး...အဲဒီအစီအစဉ်ကောင်းပါတယ်၊ ငါလည်းမနက်ဖြန် (၁၀) နာရီ လောက် ထောင်အရောက်ပြန်ချင်တယ်"

"အဆင်ပြေပါတယ်ဆရာ၊ ကားလေးတွေကဒီမြို့သစ်ဈေးနားကထွက် တော့ နေရာလည်း ရပါတယ်၊ ဂိတ်စ၊ ဂိတ်ဆုံးပေါ့ဆရာရယ်"

ကျွန်တော်အိပ်ရာဝင်တော့ (၉) နာရီ ကျော်ခန့်သာ ရှိသေးသည်၊ အိပ် ရာ ပြောင်းသဖြင့် အတော်နှင့်အိပ်မရ၊ (၁) နာရီခန့်မှ မှေးခနဲ အိပ်ပျော် သွားသည်။ အိပ်ပျော်သည်နှင့် အိပ်မက်က မက်လေတော့သည်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့် အိပ်ရာခြေရင်းတွင် သရက်ထည်လုံချည်ပွင့်ရိုက် အညိုရောင်နှင့် ရှုံသား ရင်ဖုံးအင်္ကျီလက်ရှည်ဝတ်ထားသော အဘွားကြီးက ပြောင်းဖူးဖက် ဆေးလိပ်ကြီးသောက်နေသည်။ ဘောင်းဘီရှည်၊ အနက်ရောင်၊ တရုတ်ရင် ဖုံးအင်္ကျီလက်ရှည် ဝါကျင်ကျင် အရောင်ဝတ်ထားသော အသက် (၇၀)ခန့် အဘိုးကြီးက လမ်းလျှောက်နေသည်။ သူတို့နှစ်ဦးအသက်က သိပ်ကွာမည် မထင်။ ဆံပင်များက အကုန်ဖြူပြီး ပါးနေသည်။

ကျွန်တော်ကတော့ အိပ်လျက်အနေအထား၊ တရုတ်အဖိုးကြီးက စကားပြောသည်၊

"ငါ့တူရယ် - မင်းလိုလူမျိုးကို အဘတို့ မျှော်နေတာ ကြာလှပေါ့။ ဧည့်သည်တွေ လာအိပ်ကြပါတယ်။ ဒါပေမဲ့ - သမာဓိမရှိဘူး၊ ပဌာန်းဆက်လည်း မဟုတ်၊ အဘတို့နဲ့ မအပ်စပ်တော့၊ စိတ်မချရဘူး၊ အခုမှ စိတ်ချရတဲ့ ငါ့တူကို တွေ့ရတာ၊ တစ်ခု တောင်းပန်ချင်ပါတယ်။ အဘတို့ကို ကူညီပါ၊ သားသမီး တွေကိုလည်း ကူညီဆောင်ရွက်ပေးပါ၊ အဘတို့မှာ ဒီပစ္စည်းတွေကြောင့် မကျွတ်မလွတ် ဖြစ်နေကြရတာပါ"

"ဟုတ်ပါတယ် မောင်ရင်ရယ်၊ အစွဲအလမ်းဆိုတာ စိတ်မဖြောင့်တော့ ဘဝကူးတာတောင် သံယောဇဉ်က မဖြတ်နိုင်ဘူး"

အဘွားကြီးက ဝင်ပြောပြီးတော့ အဖိုးကြီးက ဆက်ပြောသည်မှာ ...

"အဖိုးတို့မှာ သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်၊ သမီးက တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာပါပြီ၊ သားနှစ်ယောက်မှာ ဟုတ်စိန်က အကြီးကောင်ပေါ့၊ အငယ်ကောင်က ရန်ကုန်တက္ကသိုလ်မှာ တက်နေတယ် လိမ္မာပါတယ်၊ အကြီးကောင်ဟုတ်စိန်က ၁၀ တန်းတောင် မအောင်ဘူး၊ အလွန်မိုက်တဲ့အကောင် - အခုမှ အိမ်ထောင်ကျပြီး ကလေးမက



တော်လို့ ခြေငြိမ်သွားတာ၊ ဒါကြောင့် အဘတို့က ပစ္စည်းဥစ္စာ ပေးချိန်ကျ လာပြီ၊ ဆက်သွယ်ပေးမယ့် သမာဓိရှိတဲ့လူကို စောင့်နေရတာ၊ အခုမှ မောင်ရင်ကို တွေ့တာပဲ"

"ဟုတ်ကဲ့အဘ - ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"ဒီလိုပါ မောင်ရင်ရယ် ... ဦးက အရင်က ဓားပြဗိုလ်ကြီးပါ၊ တောင်ငူ နယ်တစ်ဝိုက်အဖွဲ့နဲ့ တိုက်ခိုက်လာခဲ့ပြီး စုဆောင်းရသမျှ ပစ္စည်းဥစ္စာတွေ နဲ့ ဒီဘက်ကို ရောင်လာပြီး ဖတ်မြှုပ်နေတာ၊ သံတောင် စားသောက်ဆိုင် က အဘတို့ လင်မယားဖွင့်ခဲ့တာ၊ အဖွားကြီးက တရုတ်လက်ရာ အချက် အပြုတ်ကောင်းတော့ နာမည်ရပါတယ်၊ အဲဒါနဲ့ ကလေးတွေကို မကြောင့် မကြ ကျောင်းထားနိုင်ခဲ့တာ"

"မောင်ရင် ကူညီရမှာကတော့ သားကြီးနဲ့ သူ့မိသားစုရှေ့မှာ ပြောပြပါ၊ သားကြီးနဲ့သားငယ် ဥစ္စာပစ္စည်း ထက်ဝက်စီ ခွဲဝေပေးပါ၊ သားကြီးကို လောင်းကစားမလုပ်တော့ပါဘူးဆိုတဲ့ ကတိတောင်းပြီးမှ ပြောပြပါ၊ ပစ္စည်း တွေရရင်လည်း အဘတို့ကို အမျှဝေပြီး ကုသိုလ်ဒါနပြုဖို့လည်း မမေ့ပါစေ နဲ့လို့ အကြိမ်ကြိမ်အထပ်ထပ် သတိပေးပါ"

"ဥစ္စာပစ္စည်းတွေကို မြို့အဝင်၊ နတ်ရုပ်ခြေရင်းမှာ မြေအိုးနဲ့ မြှုပ်ထား တယ်၊ တူးရင်လည်း ညီအစ်ကိုနှစ်ယောက်စုံမှ တူးပါ၊ တူးခါနီး မြို့တော်ရှင်၊ မြေတော်ရှင်ကို ခွင့်တောင်းပြီးမှ တူးပါ"

ထိုအချိန် တပည့်ခင်မောင်ကြည် ကျွန်တော့်ခြေရင်းတွင် အိပ်နေရာမှ နိုးထလာပြီး ကျွန်တော့်အား နှိုးသဖြင့် ကျွန်တော် အိပ်မက်က လန့်နိုးသည်။

"ဆရာ ... ဆရာ ဘာဖြစ်တာလဲ၊ တအင်းအင်းနဲ့ ညည်းနေတယ်၊ ဒီမှာ ငှက်ဖျားရှိတယ်၊ အဖျားဝင်ပြီလားမသိ၊ မှန်းစမ်းပါဦး၊ ဟင် ... ကိုယ် လည်း မပူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အိပ်မက် မက်နေတာပါကွာ၊ အထင်အရှားပဲ-မနက်လူစုံတော့မှ ပြောပြတော့မယ်"

ကျွန်တော် အပေါ့အပါး ထသွားသည်၊ ရေသောက်ပြီး ပြန်အိပ်မည် အလုပ် ခင်မောင်ကြည်က…

"ဆရာ (၃) နာရီခွဲပဲရှိသေးတယ်၊ ကျွန်တော်ပြန်အိပ်ရင် (၄) နာရီနီးမှာ မဟုတ်တော့ဘူး၊ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီး ကြက်မြဲကိုသွားတော့မယ်။ မနက် (၇) နာရီ ပြန်လာမယ်နော်၊ ဆရာတစ်ယောက်တည်း အိပ်ရဲတယ် မဟုတ်လား"






"ရှေ့တန်းစခန်း၊ တောထဲတောင်ထဲက ပြန်လာတာပါကွာ၊ အတွေ့အကြုံလည်း စုံနေပါပြီ၊ မပူပါနဲ့ ခင်မောင်ကြည်ရယ်"

ကျွန်တော် အိပ်ရာပြန်ဝင်ပြီး မကြာမီ အိပ်ပျော်သွားသဖြင့် ခင်မောင်ကြည် ဘယ်အချိန် ထပြန်သွားမှန်းပင် မသိလိုက်ပါ၊ အစောက အိပ်မက်က ဆက်မက်ပြန်သည်၊ အိပ်မက်ထဲတွင်ကျွန်တော်ကအိပ်လျက်အဘိုးကြီးက မတ်တတ်ရပ်နေပြီး အဘွားကြီးက ကျွန်တော့်ခြေရင်းတွင် ထိုင်နေမြဲ၊ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို မီးတံရဲရဲဖွာလျက်ပင်၊ အနေအထားက မပြောင်းပါ၊

"အဘတို့ စကားမဆုံးသေးဘူးကွဲ၊ မောင်ရင်လေး တပည့်ဝင်နှောက်ယှက်တာနဲ့ စကားပြတ်သွားတယ်၊ ရလာတဲ့ ရတနာကို နှစ်ပုံမဟုတ်ဘဲ၊ သုံးပုံခွဲပါ၊ ညီအစ်ကိုနှစ်ယောက် တစ်ပုံစီခွဲယူပြီး ကျန်တစ်ပုံကို အဘတို့အတွက် အလှူအတန်းလုပ်၊ အမျှဝေပြီး ဒီအိမ်ဟောင်းကြီးကို ဖျက်၊ ခြည့်ဇေတာဆောက်ပါ၊ မကြာခင် ဒီမြို့ကလေးက စည်ကားလာလိမ့်မယ်၊ အဲဒီအခါကျတော့ ဝင်ငွေပိုရလာတာပေါ့၊ အကြီးကောင်က လောဘကြီးတော့ မောင်ရင်က အသေအချာမှာပေးပါ"

"ဟုတ်ကဲ့ပါ အဘ"

ထိုစဉ် အဘွားက "မောင်ရင်လေးကို အားကိုးလို့ တာဝန်လွှဲတာပါ၊ အကျိုးဆောင်ပေးပါ၊ ကုသိုလ်ရပါတယ်၊ ကိုယ်တိုင် ကြည့်ကြပ်နိုင်ရင်တော့ မောင်ရင်လေးအတွက်လည်း အဘွားတို့ အပုံထဲက လေးပုံတစ်ပုံ ယူပါ၊ ရတနာတွေက တစ်ပြည်သားလောက်ရှိတော့ ပိုလျှံမှာပါ"

အဘိုးကြီးက…



www.burmeseclassic.com

www.burmeseclassic.com

"ကဲ…မောင်ရင်လည်း အိပ်ရာက ထချိန်တန်ပြီ၊ မနက် (၆) နာရီ ထိုးတော့မယ်။ ဘုရားဝတ်ပြုပြီး အဘတို့ကိုလည်း မေတ္တာပို့ပါ။ အဘနာမည် ဦးခင်စိန်၊ အဘွားကြီးနာမည်က ဒေါ်မယ်စိန်၊ စိန်မျိုးတွေပေါ့"

ကျွန်တော် အိပ်ရာကနိုးတော့ မနက် (၆) နာရီတိတိ၊ မျက်နှာသစ်၊ အပေါ့အပါးသွားပြီး ကျွန်တော်၏ နိစ္စဓူဝကျင့်စဉ်အတိုင်း ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ အမျှအတန်းဝေပြီး တရားထိုင်သည်။ ကိစ္စများပြီးတော့ ကျွန်တော် မေတ္တာပို့သည်။

"သာဓု…သာဓု…သာဓု" ဟူသော သာဓု ခေါ်သံနှင့်အတူ ခင်မောင်ကြည် အိမ်ပေါ်သို့ တက်လာပါသည်။ နာရီကြည့်လိုက်တော့ မနက် (၇) နာရီ တိတိ အချိန်မအလွန်တိကျသော တပည့်ဖြစ်ပါသည်။

"ဆရာ–အောက်ဆင်းကြရအောင်၊ ဟုတ်စိန်တို့ မိသားစု မနက်စာ စားကြဖို့ ပြင်ဆင်ပြီး စောင့်နေကြတယ်"

"အေး…အေး…လာပါပြီ"

ကျွန်တော်တို့ အိမ်ကြီးပေါ်မှ တောင်အောက်ဆင်းလာကြပါသည်။ ဆိုင်ရှေ့ရောက်တော့ ဟုတ်စိန်တို့ မိသားစုက လှိုက်လှဲစွာ ကြိုဆိုနေရာ ပေးရင်း…

"ဆရာ ညက အိပ်လို့ ပျော်ရဲ့လား"

"ပျော်ပါ့ဗျာ…အိပ်မက်တွေတောင် မက်သေး"

"ဘာအိပ်မက်တွေလဲ ဆရာ၊ အိမ်ကြီးပေါ်မှာ လူစိမ်းအိပ်ရင် အိပ်မပျော်ကြတာများတယ်၊ အပါးနဲ့အမားက မကျွတ်ဘူးလေ"

"အေး…ငါကတော့ အိပ်လို့ကောင်းပါကွာ၊ အိပ်မက်ကလည်း မင်္ဂလာရှိလိုက်တာ၊ မင်းတို့ ကောင်းကျိုးအတွက်ပါ"



"ဘာတွေများတုံး ဆရာရယ်"

"ငါ မနေ့ညတာမှ ဒီကိုရောက်တာနော်၊ မင်းတို့ အကြောင်းလည်း ငါမသိဘူး၊ မင်းတို့ မိဘတွေ အကြောင်းလည်း ငါမသိပါဘူး။ အေး–အခု ပြောပြမယ်၊ မင်းက (၁၀)တန်းတောင် မအောင်ဘူး၊ လောင်းကစားလုပ်တယ် ဆို၊ မိန်းမရမှ ခြေငြိမ်သွားတာတဲ့၊ မင်းညီက ရန်ကုန်တက္ကသိုလ် တက်နေတယ်၊ အလတ်မက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးတယ်၊ မင်းတို့ အရင် တောင်ငူမြို့မှာ နေကြပြီးမှ သံတောင်မြို့သစ်ကို ပြောင်းလာတာဆို"

"ဟုတ်လိုက်လေ ဆရာရယ်"

"မင်းမိဘတွေအမည်က ဦးခင်စိန်နဲ့ ဒေါ်မယ်စိန်–ဟုတ်တယ်နော်၊ အဘိုးကြီးက မျက်မှန်ထူကြီးနဲ့ တရုတ်လက်ရှည်ရင်ဖုံး အကျီ၊ ဘောင်းဘီရှည် ဝတ်တယ်၊ အဘွားကြီးက သရက်ထည်ပွင့်ရိုက် လုံချည်နဲ့ ရင်ဖုံးအကျီ လက်ရှည်ဝတ်တယ်။ ပြောင်းဖူးဖက် ဆေးလိပ်သောက်တယ်၊ နှစ်ယောက်စလုံး ဝိန်ဝိန်ပါးပါးပဲ"

"ဟုတ်ပါတယ် ဆရာ"

"အေး–ဟုတ်ရင်–ငါ့ကို ကတိပေး၊ နောင်ကို လောင်းကစား မလုပ်တော့ပါဘူးလို့၊ အဲဒါမှ မင်းမိဘတွေ ချန်ထားခဲ့တဲ့ ရတနာပစ္စည်းတွေ၊ ဘယ်မှာ ရှိသလဲပြောပြမယ်"

"ကတိပေးပါတယ် ဆရာ"

"ဒီလို ပေါ့ပေါ့ဆဆလုပ်လို့ မရဘူး။ ဟိုညီအစ်မတွေ သောက်ရေသန့် သန့် တစ်ခွက်ခပ်ခဲ့၊ သစ္စာရေသောက်ရမယ်၊ ငါ့ကို မင်းမိဘတွေ ယုံကြည်လို့ ကိုယ်စားလှယ် လွှဲထားတာ၊ ငါကျေနပ်မှ မင်းတို့ အမွေရမယ်"

ကျွန်တော်က သောက်ရေရသည်နှင့် ဟုတ်စိန်အား လက်နှစ်ဖက်ဖြင့် စုံကိုင်စေပြီး…



www.burmeseclassic.com

www.burmeseclassic.com

"ကဲ...လိုက်ဆို"

"ကျွန်တော် မောင်ဟုတ်စိန်သည် ယနေ့မှစ၍ လောင်းကစားမလုပ်တော့ပါ၊ မိဘများမှာကြားသည့်စကားကို တိကျသေချာစွာ လိုက်နာပါမယ်၊ လွဲချော်ပျက်ယွင်းခဲ့သော် အသေဆိုးဖြင့် သေပါစေ၊ လိုက်နာ ဆောင်ရွက်နိုင်ခဲ့သော် ဘေးရန်ကင်း၍ ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်ပါစေ"

ဟုတ်စိန်က လိုက်ဆိုပြီး သစ္စာရေကို သောက်သည်၊ ထိုစဉ် ဟုတ်စိန်ဖနီးက အံဆွဲတစ်ခုထဲမှ ဓာတ်ပုံတစ်ခုကို ယူလာသည်၊ အဘိုးကြီး၊ အဘွားကြီးတို့ နှစ်ယောက်တွဲ ဓာတ်ပုံဖြစ်သည်၊ တိုက်ဆိုင်အံ့ဩစရာက ကျွန်တော့်အိပ်မက်ထဲကအတိုင်း တစ်သဝေမတိမ်း တူညီနေပါသည်၊

"ကဲ...ဟုတ်စိန် ငါဆက်ပြောမယ်၊ ရန်ကုန်က မင်းညီကို အမြန်ပြန်ခေါ်ပါ၊ ပစ္စည်းတွေရရင် သုံးပုံ၊ ပုံရမယ်၊ မင်းတို့ ညီအစ်ကိုက တစ်ပုံစီ၊ ကျန်တစ်ပုံကို တောင်ကုန်းပေါ်က မင်းမိဘတွေ နေခဲ့တဲ့ အိမ်ကြီးကို ဖျက်ပြီး ညှိဝေဟာ အသစ်ဆောက်ရမယ်၊ ကိစ္စတွေပြီးတာနဲ့ ကျန်တစ်ပုံထဲက ပိုငွေနဲ့ မိဘတွေအတွက် အလှူလုပ်၊ ရေစက်ချပြီး အမျှအတန်းဝေရမယ်၊ မှတ်မိသလား၊ လုပ်ဆောင်နိုင်ရင်ကတိပေးပါ၊ ကတိပေးမှရတာနာတူးရမယ့်နေရာကို ပြောပြမယ်"

"အသေအချာ လုပ်ပါ့မယ်လို့ ကတိပေးပါတယ် ဆရာ"

"ကျွန်မတို့ကလည်း ဝိုင်းဝန်းထိမ်းပါ့မယ် ဆရာ"

"ဟုတ်ပြီ ... မင်းအဖေက အရင်က ဓားပြဗိုလ်ကြီး၊ တိုက်ရာပါ ဝေရရတဲ့ တစ်ပြည်သားလောက်ကို မြို့အဝင် နတ်ရုပ်ခြေရင်းမှာ မြှုပ်ထားတယ်၊ မြို့တော်ရှင်၊ ရွာတော် ရှင်ဆီက ခွင့်တောင်းပြီး တူးပေတော့၊ ကတိအတိုင်းလိုက်နာပါ၊ ကတိပျက်ရင်တော့ မင်းဘဝပျက်ပြီသာမှတ်"



"စိတ်ချပါဆရာ၊ ကျွန်တော် မမိုက်တော့ပါဘူး၊ အတိအကျ ကတိအတိုင်း လိုက်နာပါ့မယ်"

ကျွန်တော် မနက် (၉) နာရီထွက်သည့် DATSUN ကားကလေးဖြင့် ပြန်တော့ သူတို့ မိသားစုက လက်ဆောင်ပေးလိုက်ကြသည်မှာ ရှေသား၊ ဆတ်သားခြောက်၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ နာနတ်သီး၊ တညင်းသီး၊ သရက်သီး၊ တင်းတောင်းကြီးဖြင့် အပြည့်၊ ကျွန်တော် မနိုင်၍ တပည့်ဖြစ်သူ ခင်မောင်ကြည်ကတောင်ငူတောင်အထိ လိုက်ပို့ရသေးသည်၊ ဘဝပေါင်းက မိဘများ၏ သံယောဇဉ်မှာ အံ့ဩစရာပင်၊

* * *

● ➞ ထောင်ပုံဥတြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




# တစ္ဆေထမင်းလုံး

မောင်ဉာဏ်လင်း(တောင်ကုတ်)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်အဝင်အပါ တောင်ကုတ်မြို့နယ်၊ အတွင်းက ပဒါကျေးရွာကလေးသည် ထိုစဉ်က အိမ်ခြေတစ်ရာ့ငါးဆယ်လောက်သာ ရှိ၏၊ အရှေ့နှင့်အနောက် ဖြောင့်တန်းနေသော ရွာလမ်းမကြီး (၃)လမ်းရှိပါသည်၊ ရွာတောင်ဘက်က တောင်ကုန်းပေါ်တွင် ရွာသူရွာသားတို့ကိုးကွယ်အားထားသည့် ဗုဒ္ဓဘာသာ၊ သာသနိက အဆောက်အအုံ ဘုန်းတော်ကြီးကျောင်းတည်ရှိပါသည်၊ ဘုန်းဇတော်ကြီးကျောင်းနှင့် ကပ်လျက်ရှိသော ကျောင်းတောင်ခြေရင်းက လမ်းကို ကျောင်းနားလမ်းဟု သမုတ်ခေါ်ဝေါ်ကြ၏၊ ရွာမြောက်ဘက်တွင် မြေတစ်ကောင်အသွင် ရစ်ခွေစီးဆင်းနေသော တောင်ကျချောင်းကလေး ရှိပါသည်၊ ပဒါချောင်းဟုပင်ခေါ်ကြ၏၊ ချောင်းနားကပ်လျက်လမ်းကိုချောင်းနားတမ်း(ကမ်းနား)လမ်းဟုခေါ်ကြ၏၊ ကျောင်းနားလမ်းနှင့်ကမ်းနားလမ်းကြားရှိ လမ်းမကြီးကိုမူ ရွာလယ်လမ်းဟု ခေါ်ပါသည်၊ အချို့က ကျောင်းနားတန်း၊ ကမ်းနားတန်း၊



www.burmeseclassic.com

www.burmeseclassic.com

အလယ်တန်းဆိုပြီး အလွယ်ခေါ်ကြ၏။ ရွာအရှေ့ဘက် ရွာဦးကုန်းတမူလေးပေါ်တွင် အစိုးရကျေးရွာမူလတန်းကျောင်း (အ.မ.က) ရှိပါသည်။

အ.မ.က ကျောင်းအုပ်ဆရာကြီးမှာ ဦးမောင်ရွှေ ဖြစ်ပါသည်။ လက်ထောက်ဆရာက ဦးခင်မောင်ဝင်း ဖြစ်ပါသည်။ ဦးတပ်ပြောသော်လည်း လူပျိုလေးပင်ဖြစ်၍ ရွာသူ၊ ရွာသားများက ဒေသဝေါဟာရဖြင့် ဆရာချေခင်မောင်ဝင်းဟု ချစ်စနိုး ခေါ်ကြ၏။ ဆရာလေးခင်မောင်ဝင်းလို့ ခေါ်ခြင်းပင် ဖြစ်ပါသည်။ မောင်စိုးသန့်တို့ တတိယတန်းကို ဆရာချေက အတန်းပိုင်ဆရာအဖြစ် တာဝန်ယူထား၏။ စာသင်ပြကောင်းသလို စိတ်ထားလည်း ကောင်း၏။ တစ်ရွာလုံးလိုလို ဆရာချေခင်မောင်ဝင်းအပေါ် မေတ္တာရှိကြ၏။ ဆရာကြီးဦးမောင်ရွှေကား အရက်မူးပြီး ကျောင်းလာလိုက်၊ မဖြစ်စလောက်သင်ပြီး မခံနိုင်အောင် ရိုက်လိုက်နှင့် ဆရာကြီးဂုဏ်နှင့်မထိုက်တန်လောက်အောင် ဆိုးမိုက်၏။ တတိယတန်းအောင်ပြီး စတုတ္ထတန်းတက်လျှင် ဆရာမောင်ရွှေနှင့်စာသင်ရမှာကို မောင်စိုးသန့် တွေးကြောက်နေ၏။ ဆရာကြီးခင်မောင်ဝင်းနှင့်စာသင်ရသည်မှာ ပျော်စရာကောင်းပြီး စာလည်းရလွယ်၏။ မောင်စိုးသန့် ကျောင်း ပျက်လေ့မရှိ၊ အတန်းထဲတွင် စာတော်၍ ဆရာက မကြာခဏ ချီးမွမ်းပြောဆို၏။ ကျောင်းပျက်ဖို့နေနေသာသာ ကျောင်းနောက်ကျသည်ဟူ၍ မရှိခဲ့ပေ။

❋

သည်နေ့ ထမင်းမကျက်နိုင်၍ မောင်စိုးသန့် ကျောင်းနောက်ကျ၏။ ထင်းက ရေစိုနေလို့ မောင်လေးရယ်ဆိုတဲ့ အစ်မကြီးရဲ့ လေပြေနော့နေတဲ့ အယူခံသံကိုပင် မောင်စိုးသန့် ဘဝမကျချင်၊ လွယ်အိတ်ဆွဲပြီး ဖနောင့်တို့ ကြမ်းပြင်ပေါ် ဆောင့်ဆောင့်အောင့်အောင့်နင်းရင်း မကျေမနပ် မျက်စောင်း



ထိုးကာ ကျောင်းသွား၏။ ထမင်းမစားခဲ့ရဘဲ ကျောင်းတက်သွားတဲ့သားကို မိခင်ဖြစ်သူဒေါ်မပုက မုန့်ဖိုးအထူးပေးပြီး "နောက်တစ်ခါ ထမင်းချက်နောက်ကျရင် နင် အသေသာမှတ်၊ ငါ့သား ထမင်းမစားဘဲ ကျောင်းသွားရတယ်။ နင်တို့ သေမယ်နော်" လို့ လှမ်းပြောလိုက်တဲ့ မိခင်စကားကို သဘောကျသွားသလား၊ မုန့်ဖိုးပိုရ၍လားမပြောတတ်၊ မောင်စိုးသန့်မျက်နှာပြုံးယောင်သမ်းသွား၏။ ကျောင်းရောက်တော့ အတန်းပိုင်ဆရာ ဆရာချေခင်မောင်ဝင်း စာတောင် စသင်နေလေပြီ။ မောင်စိုးသန့်တံခါးပေါက်ကရပ်ကာ ဆရာအား ဦးညွှတ်လျက် ဝင်ခွင့်တောင်းလိုက်၏။ ဆရာခေါင်းညိတ်တော့မှ အတန်းထဲသို့ ကုပ်ကုပ်ကလေး ဝင်လာပြီး ကမန်းကတန်း စာအုပ်ဆွဲထုတ်ကာ ဆရာသင်သမျှ ကူး၊ ရေး၊ တွက်နေရတော့၏။ စာသင်ဖော် ကျောင်းတက်ဖက် သူငယ်ချင်းများကိုပင် ဝေ့ဝိုက်ကြည့်ဖို့ မရလိုက်ပေ။ ဆရာကြီး ကျောင်းဆင်းခေါင်းလောင်းထိုးလိုက်၍ထုံးစံအတိုင်းမတ်တတ်ရပ်၊ လက်ပိုက်ပြီး "မင်္ဂလာပါဆရာ" လို့ပြိုင်တူနှုတ်ဆက်ကာ ကိုယ်စီကိုယ်စီ အိမ်ပြန်ခဲ့ကြ၏။

မောင်စိုးသန့် အိမ်ရောက်တော့ ထမင်းစားပြီး မုန့်ဖိုးပိုက်ဆံကိုမှ သားရေကွင်းပစ်ရန် စုထားလိုက်၏။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များမှာ သရေကွင်းပစ်တမ်း ကစားရသည်ကို မောင်စိုးသန့် နှစ်သက်၏။ မိခင်ဖြစ်သူဒေါ်မပုကား သူ့သားကိုအလွန်ချစ်၏။ သို့သော် ထိုကိစ္စအတွက် အလိုမလိုက်ပေ။ အကြောင်းမှာ သားရေကွင်းပစ်တမ်းကစားရာတွင် ခဏခဏရန်ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။ အစ်ကိုမရှိ၊ ညီမရှိ တစ်ယောက်တည်းမို့ သူများနှိုက်မှာကို ဒေါ်မပု စိုးရိမ်၏။ ညီအစ်ကိုမရှိလျှင် သူများ အနိုင်ကျင့်ခံရတတ်၍ သူများနှင့် ရန်မဖြစ်ရန် ခဏခဏ သွန်သင် ဆုံးမထား၏။ သို့သော် လူငယ်သဘာဝ ကစားရမှ ကျေနပ်တတ်သည်မို့ မောင်စိုးသန့် သူ့မိခင် မသိစဉ် ခိုးပြီး ကစားတတ်၏။ ယခုလည်း မုန့်ဖိုးပိုက်ဆံရထား၍ ကျောင်းပြန်မတက်ရခင် သားရေကွင်း ကစားချင်နေ၏။ သို့သော် မောင်စိုးသန့် ဆန္ဒ မပြည့်ဝလိုက်၊



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ် ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားလိုက်ရ၍ ကပျာကယာ လွယ်အိတ်ဆွဲပြီး ပြေးသွားလိုက်၏။

❊

"မင်္ဂလာပါ ... ဆရာ"

"မင်္ဂလာပါ ... တပည့်တို့ ... ကဲ - ထိုင် - ထိုင်"

မင်္ဂလာနှုတ်ဆက်စကား တာဝန်အရပြီးဆုံးသွား၍ကျောင်းသားစာရင်း စာအုပ်ကြီးကို လှန်ရင်း နေ့လယ်ပိုင်း စာသင်ချိန် ကျောင်းခေါ်စာရင်းကို ဆရာချေ စတင် ဖတ်ကြား၏။

"မောင်ဝင်း"

"ရောက်ပါတယ် ... ခင်ဗျာ"

"မောင်ကျော်သိန်း"

"ရောက်ပါတယ်ခင်ဗျာ"

"မောင် ဘခင်နု"

"ရောက်ပါတယ် ... ခင်ဗျာ"

"မောင်ညို"

"..........."

ဆရာချေခင်မောင်ဝင်း ခေါင်းညှိပြီး အတန်းထဲ ဝဲ့ဝေ့ကြည့်လိုက်၏။ ညို ကျောင်းမတက်၊ မနက်ကလည်း ညိုကျောင်းမတက်။ ခွင့်တိုင်စာလည်း မရောက်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ ခါတိုင်းကျောင်းပျက်လျှင် ခွင့်တိုင်စာရောက် ၏။ မိဘတွေများ လယ်ထဲ ခေါ်သွားသလား။ မဖြစ်နိုင်။ ညိုမိဘများက စည်း ကမ်း ရှိကြ၏။ အသိတရားလည်း ပြည့်ဝ၏။ ပညာရေးကို အမြဲအလေးထား တတ်၏။ မခေါ်မဖြစ် ခေါ်သွားရသည့်တိုင် ကိုယ်တိုင်လာပြီး ခွင့်တောင်းမှာ



သေချာ၏။ ညိုပဲ ကိုယ့်သဘောနှင့်ကိုယ် ကျောင်းပြေးတာလား သည်သို့ လည်းမဖြစ်နိုင်။ ညို အတန်းထဲတွင် စာတော်သည့်စာရင်းမဝင်သော်လည်း ကျောင်းမှန်စာရင်းတော့ ဝင်၏။ ကျောင်းပျက် သည်ဟူ၍ မရှိခဲ့ဖူး။ အတန်းပိုင်ဆရာပီပီ ကျောင်းသားရဲ့စရိုက်လက္ခဏာ၊ မိဘတို့၏ အခြေအနေ အားလုံးထည့်တွက်ပြီး ဆင်ခြင်သုံးသပ်ကြည့်၏။ သို့သော် ပေါ်မလာ၍ ဆရာချေခင်မောင်ဝင်း မောင်စိုးသန့်ဘက် မျက်နှာ လှည့်ပြီးလှမ်း မေးလိုက်၏။



သည်နေ့ ထမင်းမကျက်နိုင်၍ မောင်စိုးသန့် ကျောင်းနောက်ကျ၏။ ထင်းက ရေစိုနေလို့ မောင်လေးရယ်ဆိုတဲ့ အစ်မကြီးရဲ့ လေပြေနှောနေတဲ့အပူခံသံကိုပင် မောင်စိုးသန့် ဘဝမကျချင်။ လွယ်အိတ်ဆွဲပြီး ပနောင့်ကို ကြမ်းပြင်ပေါ် ဆောင့်ဆောင့်အောင့်အောင့်နင်းရင်း မကျေမနပ် မျက် စောင်းထိုးကာ ကျောင်းသွား၏။ ထမင်းမစားခဲ့ရဘဲ ကျောင်းတက်သွားတဲ့သားကို ဝိတ်ဖြစ်သူ အေါမပုက မုန့်ဖိုးအထူးပေးပြီး 'နောက်တစ်ခါထမင်းချက် နောက်ကျရင် နင့်အသေသာမှတ်၊ ငါ့သား ထမင်းမစားဘဲ ကျောင်းသွားရတယ်။ နင်တို့ သေမယ် နော်



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ ... မောင်စိုးသန့် ညို ဘာလို့ ကျောင်းမလာတာလဲ"

"ကျွန်တော် ... မသိပါ ဆရာ"

ညိုနှင့် မောင်စိုးသန့်တို့ တွဲသွားတွဲလာများ၍ သိနိုင်တန်ရဲ့ဟူသော အတွေးကြောင့် လှမ်းမေးလိုက်ခြင်းပင်ဖြစ်၏။ သို့သော် ညိုနှင့်မောင်စိုးသန့်တို့က အိမ်ချင်း အတော်ဝေး၏။ မောင်စိုးသန့်တို့အိမ်က ရွာအထက်ပိုင်း အလယ်လမ်းတွင် ရှိပြီး ညိုတို့အိမ်က ရွာအောက်ပိုင်း ကျောင်းနားတန်းတွင်ရှိပါသည်။ ညို ကျောင်းတက်လျှင် ကျောင်းနားတန်းလမ်းအတိုင်းပင် အထက်ပိုင်းသို့ စုန်ပြီး အဆန်တက်လာရ၏။ အပိုင်းရော၊ လမ်းရော၊ လမ်းကြောင်းပါ တခြားစီဖြစ်၍ မောင်စိုးသန့် အမှန်တကယ် မသိနိုင်ချေ။ ထို့ကြောင့် မသိပါဟု ဖြေလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့သော် ဆရာချေကား လက်မလျှော့သေးပေ။ တာဝန်အရလား ၊ စေတနာအရလား မပြောတတ်။ စိုးရိမ်စိတ်ဝင်နေသည်ကို မျက်နှာတွင် တွေ့ရ၏။ အခြား သိနိုင်သူတစ်ဦးကား လှမ်းမေးလိုက်ပြန်သည်။

"ဟေ့ ... အောင်သိန်းဖြူ ညို ဘာလို့ ကျောင်းမလာတာလဲ"

"ကျွန်တော်လည်း ... မသိပါဆရာ"

ဆရာ့စိုးရိမ်စိတ် အထွတ်အထိပ်သို့ ရောက်သွားဟန်တူ၏။ ဟယ် ဟူသော အာမေဋိတ်သံ ရှည်လျားစွာ ထွက်ပေါ်သွားပါသည်။ အောင်သိန်းဖြူနှင့်ညိုတို့အိမ်က အပိုင်းလည်းတူ၊ လမ်းလည်းတူ နီးလည်းနီးသမို့ သိနိုင်ကောင်းရဲ့ဆိုသည့်အတွေးနှင့် ဆရာချေ မေးလိုက်ခြင်းဖြစ်ပါသည်။ သို့သော် မှန်းချက်နှင့် နမ်းထွက်ကလွဲသွား၍ ဟယ် ... ဟု ဖြစ်သွား၏။ အခြားအတန်းဖော်ကျောင်းသား၊ကျောင်းသူများလည်း ထူးထူးခြားခြားမဝေဖန်မစဉ်းတတ်သည့်တိုင် ဆရာ့မျက်နှာ မှိုင်သွားသည်ကိုကြည့်ပြီး ကလေးသဘာဝ စိတ်မကောင်းနိုင်တဲ့ အခြေအနေ ရောက်သွားကြ၏။ သောကဟုကား မဆိုသာချေ။ ဘာဖြစ်လို့ပါလိမ့်စသည့် မရေမရာ အတွေးဟု ဆိုလိုက ဆိုနိုင်မည်



ထင်ပါသည်။ ထိုအထဲတွင် မောင်စိုးသန့်နှင့် အောင်သိန်းဖြူတို့နှစ်ယောက်တ ပို၏။ မောင်စိုးသန့်ရော အောင်သိန်းဖြူပါခေါင်းထောင်ပြီး ဆရာ့မျက်နှာကို အားစိုက်ပြီး ကြည့်နေမိ၏။ သို့သော် ဆရာရော ကျောင်းသားပါမည်သို့မျှ ခြွင်းခဝဲနိုင်စွမ်းမရှိ။ ညိုကျောင်းမရောက်သည်ကလွဲလို့အဖြေမည်မည်ရရ မထုတ်နိုင်ချေ။ အားလုံး မှိုင်လျက်ပင် သင်စရာရှိသည်ကို သင်ယူကြရ၏။

အချိန်တန်လျှင် ဆရာကြီးကျောင်းဆင်းခေါင်းလောင်း ထိုးလိုက်၍ အားလုံး မတ်တတ်ရပ်ကာ "မင်္ဂလာပါဆရာ" ဆိုပြီး ငြိုင်တူနှုတ်ဆက်ရင်း မိခင်ကျောင်းကြီးအား ကျောခိုင်းခဲ့ကြ၏။ ကျောင်းလွှတ်ပြီး ဆရာချေခင်မောင်ဝင်း ဆရာကြီးအနားသွားပြီး နှစ်ယောက်သား မတ်တတ်ရပ်ရင်း ပြောနေကြသည်ကို မောင်စိုးသန့် သတိထားမိ၏။ အိမ်အပြန်တွင် တစ်ယောက်တည်း စဉ်းစားဖြစ်၏။ ညို ဘာလို့ ကျောင်းမတက်တာလည်း နေများမကောင်းလို့လားအတွေးပင် မဆုံးလိုက် ဘခင်နု လည်ပင်းလာဖက်ပြီး သူ့အိမ်သို့ သားရေကွင်းလိုက်ယူရန် ခေါ်လာ၍ အထက်ပိုင်းအဆုံးက ဘခင်နုတို့အိမ်သို့ သားရေကွင်း လိုက်ယူ၏။ မောင်စိုးသန့်အိမ်ပြန်ရောက်တော့မိခင်ဖြစ်သူ ဒေါ်မပုက လက်ဝါးဖြန့်ပြီး ကြိုနေတော့၏။ ခေါင်းပေါ် လက်ဝါးမိုးထားပြီးမှ "အိမ်တန်းမလာဘဲ ဘယ်သွားနေတာလဲ" ဟု မေးလာ၍ အရိုက်ခံ မထိခင် အလျှင်အမြန် ဖြေလိုက်ရ၏။ သို့တစေ၊ မောင်စိုးသန့်အဖြေနောက်ကျနေ၏။ အဆုံးသို့ မရောက်ခဲ့ပေ၊ ဘခင်နု လောက်ပဲ ပြောရသေး၏။ ဒေါ်မပု ဆက်မေးလိုက်သည့် မေးခွန်းကြောင့် မင်တက်သွား၏။

"သား ... ဒီနေ့ ညိုကျောင်းမရောက်ဘူးဆို"

ညိုကျောင်းတစ်ရက် မရောက်တာ ဒီလောက်တောင် အရေးကြီးနေသလား၊ အမေ ဘယ်တုန်း ဘယ်လိုများ သိလာခဲ့သလဲ၊ စသည့် အတွေးများကြောင့် မောင်စိုးသန့် ငေးကြောင်သွား၏။ နေ့လယ်ပိုင်း ကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com

တုန်းက သည်မျှလောက် မစိုးရိမ်တတ်သေး၊ ခုတော့ အရေးတကြီး ပြောလာတဲ့ မိခင်ရဲ့ရေးကြီးသုတ်ပျာ အမူအရာက မစိုးရိမ်လို့ မရတော့တဲ့ အခြေအနေကို ဖော်ပြနေ၏။ သိလိုစိတ်ကလည်း အထွတ်အထိပ် ရောက်လာ၍ မိခင်လက်ကို မသိမသာ ဆောင့်ဆွဲရင်း မေးကြည့်လိုက်၏။

"အမေ … ညီကြီး ဘာဖြစ်လို့လည်းဟင်"

"ဘယ်သိမလဲလေ … ဘယ်သူမှ ဘာဖြစ်တယ်ဆိုတာ မသိသေးဘူး။ ကျောင်းလည်းမရောက်၊ အိမ်မှာလည်းမရှိဆိုတော့ ပျောက်ပြီပေါ့။ ဒါ လောက်ပဲသိတယ်။ အခု သူ့မိဘတွေ ခေါင်းတောက်အောင် ရှာနေတာပေါ့။ နောက် မှတ်ထား - သားလည်းပဲ အမေမသိဘဲ ဘယ်မှ မသွားရဘူးနော်"

"ဟုတ်ကဲ့ပါ … အမေ"

အိမ်ဘေးနားက လူကြီးသူမများနှင့် စကားလှည့်ပြောနေ၍ နားထောင်နေရင်း မောင်စိုးသန့် ဆန္ဒကို မျှသိပ်အောင့်အည်းကာ အခွင့်အခါကို စောင့်နေ၏။ အနည်းငယ် စကားပြတ်သွားသည်နှင့် မိခင်လက်ဆွဲပြီး ပူပူဆာဆာ ချွဲချွဲနွဲ့နွဲ့ ပြောလိုက်၏။

"အမေ့ … သားတို့လည်း သွားကူရှာပေးရအောင်နော်၊ အမေ့ … လာလေ သွားမယ်ဆို"

ပြောပြောဆိုဆိုပင် ရှေ့ကနေ ထွက်သွား၍ ဒေါ်မပုကပျာကယာ ဆတ်ခနဲ လက်လိုက်ဆွဲပြီး ကျောကို ဖွဖွလေး တစ်ချက် ရိုက်လိုက်၏။ ထမင်း မစားတော့ဘူးလားလို့ ကရုဏာဒေါသဖြင့် ဆောင့်မေးရင်း ထမင်းစားဖို့ ဆွဲခေါ်သွား၏။ ဗိုက်မဆာတော့ဘူး အမေ့ဟုသော မောင်စိုးသန့်ရဲ့ဆင်ခြေကိုမနက်ကပင် ထမင်းစားမသွားရတဲ့ သားအဖြစ်ကို စိတ်ထဲစွဲနေတဲ့ မိခင်ရဲ့ တစ်ချက်လွှတ်အာဏာ လက်ဝါးက ခေါင်းပေါ်မှာဝဲလာ၍ မောင်စိုးသန့် ထမင်းစားဖို့ လိုက်သွား၏။

❋



ညီကြီးတို့အိမ် မရောက်ခင် လေးအိမ်ကွာလောက်ကပင် ငိုသံအော်သံ ဆူဆူညံညံ ကြားနေရ၍ နဂိုက သွက်နေသော မောင်စိုးသန့် ခြေထောက်များ တုံ့ဆိုင်းသွား၏။ ညီကြီး သေများ သေသွားပလားဟူသော အတွေးကြောင့် ဝမ်းနည်းစိတ်၊ ကြောက်ရွံ့စိတ်များ ရောထွေးသွားပြီး မိခင်နှင့်ဘေးတိုက် လျှောက်ကာ မိခင်လက်ကို ဆွဲလျက် လိုက်နေရာမှ မသိမသာ မိခင်ရှေ့တိုးလာပြီးမိခင်ကိုနောက်ကျောပြုလျက် လက်နှစ်ဖက်လုံးကို ဆွဲဖက်ထားလျက်သား ဖြစ်သွား၏။ ညီကြီးတို့အိမ်ရှေ့ရောက်တော့ ညီကြီးအစ်ကိုကိုမောင်စိုးမြင့် အိမ်ရှေ့လမ်းမပေါ်ထွက်ပြီး မျက်ရည်ဖြိုင်ဖြိုင်စီးကာ ရှိုက်ကြီးတငင် ငိုနေသည်ကို တွေ့ရတော့၏။ ရှေ့ဆက်မလျှောက်ရဲတော့၍ မိခင်ဘက် မျက်နှာလှည့်ကာ မမီတမီ ခါးကို လှမ်းဖက်လိုက်၏။ ဒေါ်မပုကား သားကြောက်စိတ်ပြေစေရန်၊ ခေါင်းကို အသာအယာပွတ်ရင်း ရှေ့တိုးသွား၏။ ညီကြီးအမေ ဒေါ်ပုတင်တစ်ယောက် လေ့ကွဲထဲ ရေစိမ့်ဝင် သောကပရိဒေဝများ စိမ့်ဝင်ကာ လူးလိမ့်လျက် ကွဲလုမတတ် ရင်ဘတ်စည်းတီးလျက် ရှိတော့၏။

မြင်ကွင်းဟူသမျှ မောင်စိုးသန့်အတွက်တော့ အံ့သြတုန်လှုပ်စရာ၊ ကြောက်ရွံ့ထိတ်လန့်စရာ၊ ဝမ်းနည်းကြေကွဲဖွယ်ရာတွေချည်း ဖြစ်လို့နေတော့၏။ ဒေါ်မပုပင် ဒေါ်ပုတင်ကြည့်ပြီး စိတ်မသက်သာနိုင်၍ မျက်ရည်သုတ်လိုက်ရ၏။ တစ်ပေါက်နှစ်ပေါက်သော မျက်ရည်တို့သည် အလိုအလျောက် ခုန်ပေါက် ကျဆင်းလာ၏။ မျက်ရည်ကျနေရုံနှင့် ကူညီခွင့်မသာနိုင်သည်ကို ဒေါ်မပု နားလည်၏။ ထို့ကြောင့် တစ်ယောက်တစ်မျိုး ထင်ကြေးပေးကာ တိုင်ပင် ဆွေးနေကြတဲ့ လူကြီးသူမများရှိရာသို့ ဒေါ်မပု ခြေလှမ်းဦးတည်လိုက်၏။ တစ်ယောက်က "ညီကြီး" ကိုင်းတံတစ်ချောင်း ကိုင်သွားတာတွေ့လိုက်တယ်။ ငါးများ သွားမျှားသလား မသိဘူးဆို၍ "ဒါဆိုရင် ရေများနစ်သွားသလား" ဆိုသည့် အတွေးကိုယ်စီဖြင့် ဖြစ်နိုင်ခြေရှိတဲ့ နေရာများကို



www.burmeseclassic.com

www.burmeseclassic.com

အနံ့ငုပ်ပြီး ရှာရန် လှူစုပြီး တာဝန်ခွဲလိုက်ကြ၏။ အချိန်ကား ည (၈) နာရီကျော်ကြီး (၉) နာရီ နီးလေပြီ။

လူပျိုကြီးများ၊ မင်းကျွန်ပြောင်များ ဦးဆောင်ပြီး ပဒါရွာနံဘေးက ရစ်ခွေစီးဆင်းနေတဲ့ တောင်ကျချောင်းကလေး အနံ့ရေများ နောက်ကိုသွားသည်ကို ငုပ်စမ်းရှာဖွေကြ၏။ ချောင်းရိုးတစ်လျှောက် ရေနောက်သွားရုံကလွဲလို့ ညြို့ကို မတွေ့ရ၊ အစအန အရိပ်အယောင်မျှပင် မတွေ့ရပေ။ ခဲလေသမျှ သဲရေကျပြီမို့ လက်ပန်းကျကာ ပြန်လာကြ၏။ သတင်းအရ မတွေ့ခဲ့ကြသည်ကို သိလေလေ ညြိုဝတ္ထိမိသားစု သောကက ရင့်လေလေပင်။ ဟင် ... ဘယ်လိုလုပ်ပါ့မလဲဟု သောကစိုးရိမ်အတွေးက ဒေါ်ပုတင်အား ထိန်းမနိုင်သိမ်းမရဖြစ်စေ၏။ နောက်တစ်ယောက်က မဟုတ်သေးဘူးထင်တယ်၊ ကျွန်တော်မြင်လိုက်တာကတော့ ညြိုလေးဂွတစ်လက်နဲ့ ငှက်ပစ်သွားသလားလို့ဟု ဆိုလာပြန်၏။ မှန်သည် မှားသည်ကို ဏောဘေးဖယ်ထား၊ စိတ်သံသယကင်းသွားဖို့က အဓိက။ ထို့ကြောင့် ဒါဆိုရင် တောင်ပေါ်တက်ပြီး ရှာကြည့်ကြရအောင်ဆိုပြီး လူပျိုကြီးကိုသောင်းညွှန့် ဦးဆောင်ကာ အုပ်စု (၃) စုလောက်ဖွဲ့ပြီး ရွာနီးဝန်းကျင်က တောင်ဟူသမျှကို အနံ့လိုက်ရှာကြပြန်၏။ မီးရှူးမီးထုပ်များ၊ ဓာတ်မီးများ၊ အလင်းရောင်ကြောင့် တောကောင်တိရစ္ဆာန်များပင် အိပ်စက်ခွင့်မရနိုင်တော့၍ ထထပြီး အလန့်တကြား ပြေးကြလွှားကြပျံကြသန်းကြ၏။ ရှဥ့်များပင် တတွတ်တွတ်အော်၍ တစ်ပင်မှ တစ်ပင်သို့ အလျင်အမြန် ကူးပြေးကြ၏။

ညြို့ရှာပုံတော်အဖွဲ့သားတို့ကား ကြောက်အားထက် ရယ်အားပိုကာ ပျော်စရာလိုလိုပင် ဖြစ်နေကြ၏။ သည်ဘက်တောင်တက်အဖွဲ့က "ဗူး" ဟု အသံပေးလိုက်၊ ဟိုဘက်တောင်တက်အဖွဲ့က "ဗူး" ဟု အသံပြုလိုက်၊ ဓာတ်မီးထိုးပြလိုက်၊ မီးရှူးထောင်ပြလိုက်နှင့် ပျော်စရာ ဖြစ်နေ၏။ သို့သော် ခဏတာမျှသာ ပျော်နိုင်ကြ၏။ ရှာပုံတော် ခရီးပြီးဆုံး၍ အားလုံး စုဆုံလိုက်



သောအခါ အပျော်များ ပျောက်ကွယ်သွား၏။ ဘယ်လိုလည်း တွေ့လားဆိုသည့် သဘောဖြင့် အချင်းချင်း မေးထိုးမေးပြီးသည်နှင့် ဖြစ်သင့်သောအဖြေကို ရှာဖွေနိုင်ရန် စဥ်းစားရင်း အားလုံး ရင်မောသွားကြ၏။ အခြေအနေအရ ကိုယ့်ဘက်မှာ (၂၀) ရာခိုင်နှုန်းမျှပင် မရှိနိုင်တော့ကြောင်း သိနှင့်နေကြ၍ ဘဝတွင် မကြုံဘူးသောပြဿနာအတွက် ရတက်မအေးနိုင်ကြတော့ချေ။ အချိန်ကား ည (၁၀) နာရီ ကျော်နေလေပြီ။ ခါတိုင်းဆို မောင်စိုးသန့်တို့ တစ်ရေးပင် နိုးလေပြီ။ ခုတော့ အိပ်မောပင် မကျနိုင်သေး။

❋

"ခဲအို ... ကျွန်မ အတွေ့အကြုံကို ပြောပြမယ်နော်၊ ယုံယုံ၊ မယုံယုံငွေကုန်တာလည်း မဟုတ်၊ လုပ်ကြည့်စေချင်ပါတယ်"

"ဘယ်လို ... လုပ်ရမလည်း ပြောပါဦး"

"ဒီလိုပါ – ကျွန်မ အိမ်ထောင် မကျခင် လယ်ဖားရွာက မင်းသမီးကတဲ့ ခင်မြိုင်ကို တဲရဲ့လှေကားဘေးမှာဘဲ ဖွက်ထားတာ ဘယ်လိုမှ ရှာမရလို့ နောက်ဆုံး မောင်းထုမှ အဲဒီ လှေကားဘေးမှာပဲ တွေ့တာ ခဲအိုရေ။ ဒါ့ကြောင့် ဟုတ်သော်ရှိ ဟုတ်သော်ရှိ လုပ်ကြည့်ရင် မကောင်းဘူးလားလို့။ အဲဒီခင်မြိုင်လိုပဲ တစ္ဆေလိမ်ခေါ်ထားတာ မှန်ရင် မောင်းထုမှ အဲဒီ လှေကားဘေးမှာပဲ တွေ့တာ ခဲအိုရေ၊ မောင်းထုလိုက်တာနဲ့ ဖွက်ထားလို့ မရတော့ဘူး။ ပြန်ကို ချွတာပဲ"

"အေး ... ဟုတ်တယ်ကွ၊ စိုးထွန်းအောင် ငါ မေ့နေတာကွ။ မပု ပြောတာ ဖြစ်နိုင်တယ်ကွ၊ ရှေးလူကြီးသူမတွေက ပြောတယ်၊ မောင်းသံကို တစ္ဆေ နားမခံနိုင်ဘူး။ မောင်းကို မြင်ရင် တစ္ဆေကြောက်တယ်တဲ့၊ အဲဒါကြောင့် ကလေးလေးတွေ လည်ပင်းမှာ ငွေမောင်းကလေး ဝတ်ပေးထားကွ"



www.burmeseclassic.com

www.burmeseclassic.com

အဘိုးမောင်မြ ဒေါ်မပုစကားကို ထောက်ခံပေးလိုက်၍ အားလုံး စိတ်ဝင်စား ဖြစ်သွားကြ၏။ ဦးစိုးထွန်းအောင်၊ ဒေါ်ပုတင်တို့ကတော့ ပြောစရာမလိုပေ။ ရပ်ရွာအရေးရေးကာပြေးနေသည့် လူပျိုကြီးများ၊ မင်းကျွန်းပြောင်များလည်း စိတ်ဝင်စားကြ၏။ လူပျိုကြီးကိုသောင်းညွန့်ရဲ့ "ကဲ - ဒါဆိုစမယ်၊ အချိန်မရှိတော့ဘူး" ဆိုစကားအတိုင်းပင် ရွာဦးကျောင်းဆရာတော်ထံ လျှောက်ထားပြီး လူပျိုအပျိုစုတဲ့အခါ ထုလေ့ရှိတဲ့ မောင်းကြီးကို ကျောင်းတောင်ကပင် စ၍ ထုလာခဲ့ကြ၏။ ညီညိုတို့အိမ်နောက်ဖေးက တောင်သည် ရွာဦးကျောင်းတောင်နှင့်တစ်ဆက်တည်းပင် ဖြစ်၏။ အုပ်ဖွဲ့၍ မောင်းထုလာကြရာ ညီညိုတို့အိမ်နောင်ဖေးက တောင်ပေါ်ရောက်သည်နှင့် "ဗုန်း - ဗုန်း" ဆိုတဲ့ အသံကျယ်ကြီးတစ်ခုကို အားလုံး သတိပြုမိသွားကြ၏။

"ဟော့...ခဏနေဦးခုနက ဗုန်းဗုန်းဆိုတဲ့အသံတစ်သံကြားလိုက်သလားလို့"

"ဟုတ်တယ် ... ကျွန်တော်လည်း ကြားလိုက်တယ်"

"ဟုတ်လား ... မင်းကော ကြားလိုက်သေးလား"

"ဟာ .. ကြားလိုက်တာပေါ့ ကျွန်တော်ထင်တာ အိမ်နောက်ဖေးတောင်ပေါ်ကပဲ"

"ဟယ် ... ဟုတ်လား ကဲ ... သွားကြည့်ရအောင်"

"ညီညို ... ဟော့ ညီညို"

စတင်တွေ့တဲ့ ကိုငမဲအောင် ညီညိုကို လှမ်းခေါ်လိုက်၏။ ညီညိုကား ခွန်းတုံ့မပြန်ချေ။ မြင်တွေ့သူကိုယ်တိုင်က ငါမြင်တာ မှားများ မှားသလားဆိုပြီး ဓာတ်မီးထိုးလိုက်ရာ ညီညိုမှ ညီညိုအစစ်၊ အခြားလူများလည်း မြင်တွေ့လို့ပင် "ဟော့ ညီညို" ဆိုပြီး အော်ခေါ်လိုက်ကြ၏။ ညီညို တုတ်တုတ်မျှ မလှုပ်၊ ခွန်းတုံ့မပြန်၊ ငှက်ပစ်သမားငှက်ကို ချိန်နေသည့် ဟန်အတိုင်းလေးခွကို ဆွဲလိုက်ချိန်လိုက် လုပ်နေ၏။ ကိုငမဲအောင် နောက်တစ်ကြိမ် အသံမြှင့်ပြီး သုံးလေးခွန်း ဆက်တိုက်ခေါ်လိုက်၏။



"ညီညို ... ဟော့ညီညို ... ဟော့ညီညို"

ညီညိုကား ငှက်ပစ်မည့်အလား ချိန်ရွယ်လျက်ပင် ရှိ၏။ ခေါ်သံမျှသာ ကြားရပြီး ညီညိုထူးသံ မကြားရသေးသဖြင့် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသူများ တောင်ပေါ် ပြေးတက်လာကြ၏။ ကိုငမဲအောင် အသံထပ်မြှင့်ပြီး "ညီညို" လို့အော်ခေါ်ရင်း ပွေ့ဖက်လိုက်ရာ "အင့်" ဟူသော သံပျော့သံရှည်ကြီး ထွက်လာရုံကလွဲလို့ ညီညိုဘာကိုမှ သတိမရ ပျော့ခွေကျသွား၏။ အသားအရေများ ရေခဲစိမ်ထားသည့်အလား အေးစက်နေ၏။ သောကအဆင့်လွန် ပရိဒေဝနယ်ကျွံနေသော ညီညိုမိခင်ဒေါ်ပုတင်မှာမူ သလဲနှင့်သားတို့ပွေ့မလိုဖက်မလို ရှိုက်မလို မ,မလို ဖြစ်နေ၏။ ပွေ့လို့ မရနိုင်ကြောင်း ပုံမှန်အခြေအနေမဟုတ်ကြောင်း ကိုငမဲအောင် လက်ဟန်ခြေဟန် ပြလိုက်၏။ ထိုအခါ ဒေါ်ပုတင်တစ်စုံတစ်ခုကိုသတိရလာသလိုပင်အလျင်စလိုအိမ်ပေါ်ပြေးတက်သွား၏။ သားအတွက် အိပ်ရာ ပြင်ရမည်ကို သတိဝင်သွားခြင်း ဖြစ်ပါသည်။ ဓာတ်မီး၊ မီးရှူးအလင်းအောက်တွင် မောင်းကြီးတွင် ကိုင်လို့ တချို့တုတ်၊ ဓားတွေ ကိုင်လို့ တစ်စုံ၊ ငိုယိုသူက တစ်မျိုး၊ ရယ်မောသူက တစ်မျိုး၊ ထင်ရာပြောနေသူက တစ်စုနှင့် ရွာဇာတ်ပွဲလား မှတ်ထင်ရ၏။

အိမ်ပေါ်ရောက်လည်း ညီညို သတိ မရသေးပေ။ လူကြီးများ ဝိုင်းနေကြ၏။ ရွာလူကြီးအချို့ဆရာတော် သွားပင့်နေကြ၏။ ဒေါ်ပုတင် မျက်ရည်သုတ်ပြီး နံ့သာရည်များ ပက်ဖျန်း ပေးနေ၏။ ခြေဖျားလက်ဖျားကိုင်လှုပ်ရင်း "သားညီညိုသားလေးညီညို" ဟု တစာစာ ခေါ်ကြည့်နေ၏။ ဒေါ်မပုညီနားထိုးသွား၍ မောင်စိုးသန့်လည်း လိုက်ပါသွား၏။ ညီညိုအား သနားစိတ်နှင့် စိုက်ကြည့်နေ၏။ ဒေါ်ပုတင်တစ်ယောက် သောကပရိဒေဝ သက်သာခွင့်ရသွား၍ ဒေါ်မပု အား ကျေးဇူးတင်စကားဆို၏။ မမပု ကယ်လို့ တွေ့ရတာမဟုတ်ရင်တော့ ကျွန်မသား ခုလောက်ဆို -

"အမေ့ ... ညီညို ထမင်းစားလာပြီ အမေ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပုတင် စကားပင် မဆုံးလိုက်၊ မောင်စိုးသန့် စကားကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားပြီး ရပ်သွား၏၊ လူကြီးတွေ စကားပြောနေတုန်း ဝင်မပြောရလို့ အကြိမ်ကြိမ်အခါခါ သွန်သင် ဆုံးမထားပါလျက် ဝင်ပြောရမလားဆိုပြီး မိခင်ဖြစ်သူ ဒေါ်မပုက မောင်စိုးသန့် ခေါင်းကို မောင်းထုသလို ထုတော့မလို ရွယ်လိုက်၏၊ ပါးစပ်ကလည်း "ဘာတွေလျှောက်ပြောနေတာလည်းငါလေ လုပ်လိုက်ရလို့" ဆိုပြီး ကြိမ်းလိုက်၏၊ သို့သော် မောင်စိုးသန့် မရပ်ဘဲဆက်ပြောနေ၏၊

"ဟိုမှာလေ ... အမေ မမြင်ဘူးမဟုတ်လား၊ အောက်မေးမှာရော ပါးပြင်မှာပါ ထမင်းလုံးတွေ ကပ်နေတယ်လေ မတွေ့ဘူးလား"

သည်တော့မှ ဒေါ်ပုတင်ရော ဒေါ်မပုပါ အားယူပြီး ကြည့်လိုက်ကြ၏၊ အားပါးပါး ဟုတ်ပါ့ သားရေ လူကြီးလက်သန်းလောက်ကိုကြီးပါလားဟေ့ဆိုကာ နှစ်ယောက်လုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏၊ ဟုတ်သည်ရောမထမင်းစေ့ကြီးတွေ၊ ဘာကြောင့်ရယ်တော့ မသိ၊ ဒေါ်ပုတင် မျက်ရည်လည်လျက် ဝဲကာဝဲကာနှင့် တစ်စက်နှစ်စက် ကျသွား၏၊ ညီကြားအိပ်မောကျနေဆဲပင်၊

❊

ရှာဦးကျောင်းက ဆရာတော်ကြီး ကြွလာ၏၊ ပရိတ်ချည်များ ဝိုင်းပတ်ရှည်နောင်ကာ သမ္ဗုဒ္ဓေစ၍ ပရိတ်ကြီး (၁၁) သုတ်၊ ပဋ္ဌာနဒေသနာအမည်တို့ကိုရွတ်ဖတ်သရဇ္ဈာယ်ပေး၊ ရွတ်ရင်းရွတ်ရင်း ပရိတ်ရည်၊ နံ့သာရည်များကိုညီ့ခေါင်းကနေ ခြေဖျားထိ ပက်ဖျန်းပေး၏၊ ညီ့ လူးလွန့်ခြင်းအလျဉ်းမရှိသစ်တုံးချထားသကဲ့သို့ ငြိမ်ချက်သားကောင်းနေ၏၊ အခြေအနေကို ကြည့်ပြီး ဆရာတော်က "မနက်လင်းမှဘဲ သတိရလိမ့်မယ် ထင်တယ်လို့ ခန့်မှန်းစကားဆိုပြီး ညီ့ခေါင်းကို ပွတ်ကာသပ်ကာ ရွတ်ဖတ်သရဇ္ဈာယ်ပေးပြန်၏၊ ပြန်ကြွတော့မလို့ဟန်ပြင်ရင်း တစ်စုံတစ်ခုကိုသတိရလာဟန်ဖြင့် "ဟေ့- သာပွင့်တို့၊ မောင်မြတို့၊ ယဉ်ဘောင်ဦးတို့ ရှာလူကြီးတွေ မပြန်ကြနဲ့နော်၊ ဒီညဒီမှာ စောင့်အိပ်နေကျကြားလား၊ သန်းခေါင်ကျော်နေပြီပဲ၊ အိပ်စရာတောင်မလိုတော့ဘူး၊ ထိုင် စကားပြောရင်း နှင့် ဘာမှ စိတ်မပူနဲ့တော့ မနက်ကျကောင်းသွားမှာပဲ၊ စသည်ဖြင့် အမှာစကား အားပေးစကား အစုံအစေ့ပြောကြားပြီး ဆရာတော်ပြန်ကြွသွား၏၊

ဆရာတော် ပြန်ကြွပြီး အချို့အချို့လည်း ထပြန်ကြ၏၊ ဒေါ်မပုလည်း ညီ့မိဘနှစ်ပါးကို အားပေးစကားပြောကာ ထပြန်လာခဲ့၏၊ မောင်စိုးသန့် မိခင်လက်ဆွဲရင်း လိုက်ပါလာ၏၊ အိပ်ချင်စိတ်ကို ကြောက်စိတ်က ဖျောက်ပေးထားသလား မသိ၊ မောင်စိုးသန့် အိပ်ခြင်းငိုက်ခြင်း မရှိ၊ အိမ်ရောက်တော့ မိခင်ဘေးကကပ်လျက် အိပ်၏၊ ခါတိုင်း အစ်မတွေကြား အိပ်နေတဲ့မောင်စိုးသန့် ယနေ့ ညီ့ကိုကြည့်ပြီး တစ္ဆေကြောက်လို့ အစ်မတွေရဲ့ ရင်ခွင်ကမလုံခြုံနိုင်၊ အမေ့ရင်ခွင်မှ လုံခြုံသည်ဟု မောင်စိုးသန့် တွေးမိဟန် တူ၏၊ အိပ်၍မှ မကြာသေး "အမေ့ - အမေ့" နှင့် လန့်လန့်ထအော်နေ၍ မိခင်ဖြစ်သူ ဒေါ်မပု ခဏခဏ ကျောပွတ်ပြီး သိပ်ရ၏၊ အိပ်မက်ထဲတွင် 'ညီ့ကိုရော တစ္ဆေမကြီးပါ မောင်စိုးသန့် တွေ့နေလေမလားမပြောတတ်၊ လန့်နိုးလာလိုက် ပြန်အိပ်လိုက်ပါပဲ၊ လုံးဝ မအိပ်ရသူကား မိခင်ဖြစ်သူ ဒေါ်မပုပင်တည်း။

❊

မနေ့က ကျောင်းနောက်ကျခဲ့တဲ့ မောင်စိုးသန့် ယနေ့ စောစော ရောက်လာ၏၊ ညီ့နှင့်အလျင်အမြန် တွေ့ချင်လို့ ထင်ရ၏၊ သို့သော် တစ်ပတ်ဆိတ် ကျောင်းမတက်နိုင်သေး၊ ညီ့ စကားသိပ်မပြော၊ ပြောတော့လည်း



www.burmeseclassic.com

www.burmeseclassic.com

ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတယ်ဆိုတဲ့သတင်း ကြားနေရ၏။ မောင်စိုးသန့် အမှန်တကယ် ရင်ထဲက စိတ်မကောင်း ဖြစ်နေမိ၏။ နောက်တစ်ပတ်က တနင်္လာနေ့ကျမှ ညို ကျောင်းတက်နိုင်မည်ဟု ဆရာချေအား မိဘများ လာ ပြောထားဟန်တူ၏။ ဆရာချေ ခင်မောင်ဝင်းက "နောက်အပတ်မှ ညို ကို အင်တာဗျူးရမယ်ကွာ" လို့ဆို၍ ကျောင်းသူကျောင်းသားများအားလုံး စိတ်ဝင်စားနေကြ၏။ အင်တာဗျူးတာ၊ မဗျူးတာကိုနားလည်လို့တော့မဟုတ်၊ ညိုလာရင် ဆရာမေးတော့မယ်" လို့ အလွယ်သိနေသောကြောင့် စိတ်ဝင်စားနေကြခြင်းပင်။

❋

နောက်အပတ် တနင်္လာနေ့ရောက်တော့ ညို လွယ်အိတ်ကလေး လွယ်ပြီး ကျောင်းတက်လာ၏။ ကျောင်းခေါ်စာရင်းခေါ်ပြီးတာနှင့် ဆရာချေ ခင်မောင်ဝင်း ပြောထားတဲ့အတိုင်း ညို အင်တာဗျူး စတော့၏။

"ညို"

"ခင် ...ခင်ဗျာ"

"ဒီရှေ့နား လာပါဦးကွ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ"

"ကဲ ... ထိုင် - ဟုတ်ပြီ - ပြီးခဲ့တဲ့ တနင်္လာနေ့က ညို ကျောင်းမတက်ဘဲ ဘယ်ကို သွားတာလဲ"

"ကျ ... ကျနော် ... ငှက် ... ငှက်ပစ်ဖို့ သွား - သွားပါတယ် ဆရာ"

"ဘယ်သူနဲ့ ... သွားတာလဲ - ညိုတစ်ယောက်တည်းလား"

"အောင် ... အောင်သိန်းဖြူနဲ့ နှစ် - နှစ်ယောက်တည်းသွားတာပါ"

ညိုစကားကြောင့် ကျောင်းသားများရော ဆရာပါ အံ့သြသွားကြ၏။ ကိုယ်တကယ် မဟုတ်မှန်း သိနေ၍ အောင်သိန်းဖြူ ပြုံးစိစိ လုပ်နေ၏။ တဲ-



ဘယ်လိုလည်းတကယ်ပဲလားဆိုသည့်အတွေးများစွာခြယ်သထားတဲ့မျက်နှာများ ကိုယ့်ထံ စုပြုံ ရောက်လာတော့မှ "ငါ့ကိုများ တကယ်ထင်နေရင် ခက္ကာ" လို့တွေးပြီး အနေရခက်သလိုဖြစ်သွား၏။ အသက်ရှူပင် မဖြောင့်ချင်တော့ပေ။

"အဲဒီနေ့က ... အောင်သိန်းဖြူကျောင်းတက်သားပဲ၊ ညိုပဲမရောက်တာ ဘယ်ဖြစ်နိုင်မလဲ"

"ကျ ...ကျွန်တော် ပြန် - ပြန်လာပါတယ် ဆ - ဆရာ အိမ် - အိမ်ရောက်လို့ အိပ် - အိပ်တော့မလို့ပါ"

"ဟုတ်လောက်တယ် ... ဆရာ အဲဒီညက ညိုပြန်လာတဲ့အခါ မေးစေ့မှာရော ပါးမှာပါ ရေမတစ္ဆေထမင်းလုံးကြီး ကပ်ပါလာတာ ကျွန်တော်တွေ့တယ်၊ ကျွန်တော်ပြတော့ သူ့အမေကတောင် "ဟုတ်သားပဲ လူကြီးလက်သန်းလောက်ကို ရှိပါလား" လို့ ပြောသေးတယ်၊ ထမင်းစားပြီး အိပ်မလို့ လုပ်နေပြီနေမှာပေါ့"

လက်ဟန်ခြေဟန်နဲ့ မျက်လုံးမျက်နှာကအစ ဟန်ပါပါ ပြောလိုက်တဲ့ မောင်စိုးသန့်စကားကြောင့်တံခါးပေါက်နားက ကျောင်းသူများကျောင်းသောနားက ညောင်ပင်ကြီးကို တစ်ချက်လှည့်ကြည့်ပြီး ဆရာ့ရှေ့တိုးဝေ့ထိုင်ကြ၏။ ညိုကား သူကိုယ်တိုင် မသိလိုက်တဲ့ တစ္ဆေထမင်းလုံးအကြောင်း စဉ်းစားရင်း ပုံဖော်ကြည့်နေဟန်တူ၏။

"ညို ... မောင်စိုးသန့် ပြောတာ တကယ်လား"

"အဲ ... အဲဒါကျ ... ကျွန်တော် မ - မသိပါ ဆရာ"

"ဟယ် ... ခုနက ညိုပြောတော့ အိမ်ရောက်လို့ အိပ်တောင် အိပ်တော့မလို့ဆို၊ တကယ် အိမ်ပြန်ရောက်ရင် မိဘတွေနဲ့ တွေ့မှာပေါ့"

"တွေ့ ... တွေ့တယ်လေ ဆရာ၊ အ - အမေ အ - အမေ အ - အစ်ကို အားလုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ညီ၊ ဘယ်လိုပြန်ရောက်လာလည်းဆိုတာ မှတ်မိလား"

"ဒူ – ဆိုတဲ့အသံရယ်ပေါ့ – နပ် – နင့်ကိုခေါ်ခေါ်နေပြီးပြန်ပြန်လိုက်တော့ ဆိုပြီး တွန်းတွန်းလိုက်တာရယ်ပဲ မှတ် – မှတ်မိပါတယ် ဆရာ"

"အေးကွာ ... မယုံနိုင်စရာပဲ၊ တကယ်လို့သာ ညများအိပ်ခဲ့ရင်ဟူသော အတွေးကြောင့်ညီမြေးစေ့ကဇရာမတာဝေ့ထမင်းလုံးမြင်လိုက်ရစဉ်ကထက် ပိုကြီးသွားသယောင် မောင်စိုးသန့် စိတ်ထဲပြန်မြင်ယောင်လာ၏။ ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထသွားပြီး ခေါင်းနားပန်းကြီးသွား၏။ မောင်စိုးသန့်လည်ပင်းက ငွေမောင်းလေးကို ညီ၊ လှမ်းကြည့်မိသလို မောင်စိုးသန့်ကိုယ်တိုင်လည်း ငွေမောင်းလေးကို အားကိုးတကြီး ဆုပ်ကိုင်လျက်ထား ဖြစ်သွားပေသည်။

ခင်မင်လေးစားလျက် ...

➡ **မောင်ဉာဏ်လင်း** (တောင်ကုတ်)




www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာကို လိပ်ပြာသိပ်မယ်တဲ့လား

ဓာတ်ဝုဏ် မျိုးမြင့်အောင်

လောက၌ မည်သည့်အတတ်ပညာမဆို ပြည့်စုံပြီးမြောက် ဆုံးခန်းတိုင်သို့ ရောက်သွားသည်ဟူ၍ မရှိနိုင်ကြပါ။ အစဉ်အမြဲသာလျှင် ဆက်လက်လေ့လာရန် လိုနေဦးမည်ဟုပြောရပါလိမ့်မည်။ အတတ်ပညာတစ်ရပ်တွင် အဘယ်မျှတော်သူပင်ဖြစ်ပါစေ၊ တစ်ခါတစ်ရံတွင်ကား ချွတ်ချော်ယွင်းမှားမှုမျိုးကို ကြုံတွေ့စေနိုင်ပါသည်။ ထိုအခါတွင်လည်း ထိုသူအား ညံ့ဖျင်းသူဟု မဆိုသာပါချေ။

လူ့ဘဝတွင် တစ်ခါမှားခြင်း၏ အကျိုးဆက်ကား မည်သည့် အတိုင်းအတာအထိ ဆိုးရွားစေနိုင်သည်ဟု ခန့်မှန်း၍မရနိုင်ပါ။ မည်သည့်ကိစ္စတွင်မဆို၊ ဆိုခဲ့ပြီးသည့်အတိုင်းသာ ဖြစ်နေပါလိမ့်မည်။ ဤအရာကား မှားသည်ဟု သိရှိပါလျက်၊ မည်သည့်ပုဂ္ဂိုလ်မှ ပြုလုပ်အံ့မထင်ပါ။ အများအားဖြင့် သင့်သည်၊ မှန်သည်ဟု ယူဆပြီးကြမှသာ ပြုလုပ်ကြမည်ဖြစ်ပါသည်။ သို့ပါသော်ငြားလည်း လူသားတို့သည် "အမှား" ဆိုသည့်အရာကို ရှောင်လွှဲသွားနိုင်သူဟူ၍ကား ရှိခဲ့မည်မထင်ပါ။



ဤအရာတွင် အလွန်တော်သူတစ်ယောက်ဟု သတ်မှတ်ထားခြင်းခံရသူတစ်ယောက်သည် ဤအရာမှာပင် တစ်ရံတစ်ခါ၌ အမှားတစ်ခုကို ကြုံတွေ့ရ၏။ ထိုသို့ဆိုပါလျှင် "မြင်းကောင်းနွားလိပ်"၊ "မြွေပွေးပိုးထိ" သည့်အဖြစ်မျိုး ကြုံတွေ့ရသည်ဟုသာ ဆိုရမည်ဖြစ်၏။ ထိုအဖြစ်မျိုးကိုလည်း တွေ့ကြုံဖြတ်သန်းခဲ့ကြရသူများ ရှိနေလိမ့်မည်ဟု ထင်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုအဖြစ်မျိုးကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ကြုံဖြတ်သန်းခဲ့ရဖူးပါသည်။

❑❑❑

အချိန်ကာလကား ၁၉၇၀ ဝန်းကျင်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် အလယ်တန်းပညာသင်ယူနေချိန်မျှသာရှိသေး၏။ ကျွန်ုပ်၏ မိဘနှစ်ပါးမှာ ဦးလူနှင့် ဒေါ်သိန်းဖြစ်ကြ၏။ အဖေ၏အလုပ်မှာ မြင်းလှည်းမောင်းခြင်း၊ မြင်းများကို အလဲအလှယ်၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ မြင်းများရောဂါရလျှင် ဆေးကုသပေးခြင်းနှင့် မြင်းအရိုင်းများကို အလုပ်ခွင်တွင် အသုံးပြုနိုင်သည်အထိ သင့်လျော်သောအခကြေးငွေကိုယူ၍ လေ့ကျင့်ပေးခြင်းတို့ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အိမ်တွင် မြင်းလှည်း ၁စီး၊ မြင်း ၂ကောင် နှင့် မိသားစု ၃ယောက်ရှိကြ၏။ မကွေးမြို့၊ သီဟိုဠ်ရိုရပ်ကွက်၊ သုခလမ်း၏ မြောက်ဘက်အတန်း အနောက်ဖျားဆုံးတွင် တည်ရှိပါသည်။ ကျွန်ုပ်၏အိမ်သည် ထိုစဉ်က သီဟိုဠ်ရိုရပ်ကွက်၏ အနောက်ဖျားဆုံးလည်းဖြစ်၏။ အိမ်၏ အနောက်ဘက်တွင် တောင်နှင့်မြောက် လမ်းရှိပြီး လမ်းကို ကျော်လိုက်ပါက "မြင်းမြို့ရှင်" နတ်ကွန်းရှိနေပါသည်။ ထိုနတ်ကွန်းသည် မြို့ဟောင်းရပ်ကွက်၏ အရှေ့ဖျားပင်ဖြစ်၏။ ထိုစဉ်က မြင်းမြို့ရှင်နတ်ကွန်းသည် တိုင် (၄) တိုင်မျှဖြင့်သာ ပြုလုပ်ထားပြီး အမြင့်မှာ လက်ခုပ်တစ်ဖောင်ခန့်ရှိ၏။ မကြွေး



www.burmeseclassic.com

www.burmeseclassic.com

မြို့ရှိ ကားနှင့်မြင်းလှည်းတို့သည် ထိုနတ်ကွန်းတွင် နတ်ပြုလာကြရ၏။ ထိုစဉ်ကမြင်းလှည်းအစီးရေမှာ၈၀ကျော်ရှိသော်လည်းကားမှာ၁၀စီးဝန်းကျင်မျှသာ ရှိခဲ့၏။ သို့ဖြစ်၍ ထိုကာလသည် မကွေးမြို့တွင် မြင်းလှည်းခေတ်စားနေချိန်ဟု ဆိုရပါမည်။

မြင်းနှင့်ပတ်သက်သော အကြောင်းအရာများ၌ အစစအရာရာတွင် တတ်သိ၊ နားလည်မှုအရှိဆုံးဟု သတ်မှတ်ထားသော ပုဂ္ဂိုလ်များမှာ မကွေးမြို့တွင် ၃ ဦးသာ ရှိပါသည်။ ထိုသူများမှာ ဦးဖန်၊ ဦးမောင်ဟန်နှင့် ဦးလူတို့ပင် ဖြစ်ကြပါသည်။ ဦးဖန်မှာအဖေ့ထက်၅နှစ်ခန့်ကြီးပြီးကျွန်ုပ်တို့နှင့်တစ်လမ်းကျော်တွင်နေပါသည်။ ဦးမောင်ဟန်မှာ အဖေ့ထက် ၃ နှစ်ခန့်ကြီးပြီး၊ မြို့ဟောင်းရပ်ကွက်တွင်နေပါသည်။ သို့သော်လမ်းတစ်ဖြောင့်တည်းဖြစ်နေ၍ မဝေးလှပါ။ ကျွန်ုပ်တို့အိမ်တွင် မြင်းအမတစ်ကောင်နှင့် မြင်းအထီးတစ်ကောင်ရှိ၏။ မြင်းထီးသည်အုန်းနွဲ့ရောင်ဖြစ်ပြီး "သိန်းကျော်" ဟုခေါ်၍မြင်းမမှာ အဖြူရောင်ဖြစ်လျက် "ဖီးကွက်မ" ဟု အမည်ပေးထားသည်။ အဖေ၏ အလုပ်သဘောအရ ကျွန်ုပ်တို့၏အိမ်တွင် မြင်းများအပြောင်းအလဲ ဖြစ်လေ့ရှိပါသည်။ လေ့ကျင့်ပေးရန် အပ်နှံထားသော မြင်းများလည်း ရောက်လာတတ်၏။ ကျွန်ုပ်တို့၏ အညာဒေသအရ ကြက်ဝါသနာရှိသူများကို ကြက်သမား၊ နွားဝါသနာရှိသူများကို နွားသမား၊ မြင်းဝါသနာရှိသူများကို မြင်းသမား စသဖြင့် ခေါ်ဝေါ်လေ့ရှိကြ၏။

ဦးဖန်သည်မြင်းတို့၏ကြန်အင်လက္ခဏာအရာတွင်အလွန်ကျွမ်းကျင်သူဟု ဆိုစမှတ်ပြုကြ၏။ အဖေသည် မြင်းတို့၏ ကြန်အင်လက္ခဏာ အရာတွင် ဦးဖန်လောက်နီးနီး တတ်ကျွမ်းရုံမျှမက မြင်းအရောင်းအဝယ်၊ အလဲအလှယ် အရာတွင် ၎င်းမြင်းများကို ဆေးကုသရာတွင်လည်းကောင်း၊ မြင်းရိုင်းများကို လိမ္မာယဉ်ကျေးလာအောင် လေ့ကျင့်ပေးရာတွင်လည်းကောင်း ကျွမ်းကျင်သူဟု သတ်မှတ်ကြ၏။ ဦးမောင်ဟန်သည် မြင်းပညာနှင့် ပတ်သတ်လာလျှင် အတော်ပင် နှံ့စပ်သော်လည်း မည်သည့်ပညာကိုမျှ ထွန်း



ပေါက်သည်ဟူ၍မရှိ။ သို့သော်မြင်းလောကနှင့်ပတ်သက်သောသတင်းမှန်သမျှကိုတော့ ဦးစွာသိရှိအောင် အားထုတ်သူဟု ဆိုစမှတ်ပြုကြ၏၊ ထို့ကြောင့် မကွေးမြို့ရှိ မြင်းသမားများသည် ဦးမောင်ဟန်ကို ကိုဦးဟန်ဟု ခေါ်ကြ၏။ ဦးဖန်ကိုတော့ မြင်းလက္ခဏာ ကြန်အင်တို့ကို အရေးနားလည်တတ်ကျွမ်းသူဖြစ်၍ ဆရာဖန်ဟု ခေါ်ကြ၏။ အဖေ့ကိုကား မြင်းပညာတွင် ဘက်စုံထူးချွန်ကျော်ကြားသူဖြစ်သောကြောင့် ဝိဇ္ဇာလှ ဟုသာ ခေါ်ကြလေ၏။ ထိုသုံးဦးသည် တစ်ဦးနှင့်တစ်ဦး လွန်စွာ ရင်းနှီးကြပြီး ကူညီရိုင်းပင်းလေ့ ရှိကြပါသည်။

□□□

ထိုနှစ်က ဆောင်းကာလတွင် ဖြစ်ပါသည်၊ တစ်နေ့ နံနက်ပိုင်းတွင် အဖေသည် အိမ်မှ "ဖီးကွက်မ" အား မြင်းဇောင်းထဲမှထုတ်၍ ဆွဲခေါ်သွားပါသည်၊ ညနေ ၄ နာရီအချိန်ခန့်တွင် မန်ကျည်းစေ့အရောင်ရှိပြီး၊ လှပတောင့်တင်းလှသည့် မြင်းထီးကြီးတစ်ကောင်ကိုဆွဲ၍ပြန်လာပါသည်၊ မြင်းကြီးမှာ ဝဝ၊ ဖီးဖီးကြီးဖြစ်၍ လှပကျော့ရှင်းတောက်ပြောင်နေပါသည်၊ ကျွန်ုပ်မှာ ထိုမြင်းကြီးအားကြည့်၍ အလွန်သဘောကျလျက်ရှိပါသည်။ အမေကလည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်နေပြီး ကျေနပ်နေပါသည်။ ထိုနေ့ညက ည ၈ နာရီခန့်တွင် ဦးမောင်ဟန်သည် ကျွန်ုပ်တို့အိမ်သို့ ထုံးစံအတိုင်း အလည်ရောက်လာပါသည်၊ အဖေနှင့် ရေနွေးကြမ်းသောက်ကြရင်း စကားဝိုင်းဖွဲ့၍ ပြောနေကြဖြစ်၏၊ စကားပြောကောင်းသည့် အခါမျိုးတွင် ည (၁၂) နာရီကျော်မှ ပြန်လေ့ရှိ၏။ ယခုလည်း မြင်းများကို အစာကျွေးရင်းဖြင့် ရေနွေးကြမ်းသောက်နေသော အဖေနှင့်အတူ ဝင်ထိုင်လိုက်ပါသည်၊ ၎င်းနောက် အသစ်ရောက်ရှိလာသော မြင်းကြီးအား စူးစူးစိုက်စိုက်ကြည့်ရှု၍ အကဲခတ်နေလှလာနေပါသည်၊ ခွေ့ကြာသော် မြင်းကြီးအနီးနားသို့ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

လျက် "သူ၏လက်ထဲမှ ဓာတ်မီးကိုအသုံးပြု၍ သေသေချာချာ လှေ့လာ ကြည့်ရှုလေ့လာသည်။ ၎င်းနောက် ရေနွေးကြမ်းပိုင်းတွင် ပြန်၍ထိုင်လိုက်ပြီး အဖေ့အား...

"ဝိဇ္ဇာလူ...ဒီကောင်ကြီးက...ဇီးကွက်မနဲ့ လဲလာခဲ့တာလား"

"ဟုတ်တယ်...ကိုဦးဟန်"

"အင်း...မင်းက...ပိုက်ဆံမရှိဘူး...မရှိဘူးနဲ့၊ ဒါကျတော့ ဘယ်တနေ ထွက်လာရတာလဲ။ တော်တော်များများ အလိုက်ပေးခဲ့ရမယ်ထင်တယ်။ ကဲ...ဘယ်လောက်တောင်ပေးပြီး လဲခဲ့ရတာလဲ၊ ပြောစမ်းပါဦး"

ထိုအခါ အဖေက ပြုံးစိစိ အနေအထားဖြင့် ဦးမောင်ဟန်ကို ကြည့်၍...

"ကိုဦးဟန်ရေ...ခင်ဗျား ယုံချင်မှယုံ၊ မယုံချင်ရင်လည်း နေပေတော့။ ဘာအလိုက်မှ မပေးခဲ့ရဘူး၊ တစ်ကောင်ချင်းထပ်ပြီး လဲလာခဲ့တာဗျ"

"ဟာ...မဖြစ်နိုင်တာ၊ ဝိဇ္ဇာလူရယ်...ဒါသာ...အဲဒီမြင်းပိုင်ရှင်ဆိုရင် ဟိုကောင်သိန်းကျော်ကြီးပါ။ ပေဦးတော့...စဉ်းစားရဦးမှာ မဖြစ်နိုင်ပါဘူး ကွာ"

"ဟုတ်ပါတယ်ဆိုဗျာ...ကျုပ်ပြောသားပဲ၊ ခင်ဗျား ယုံမှာ မဟုတ်ပါဘူး လို့"

"ဒီလိုမှ အမှန်ဆိုရင် အကြောင်းတစ်ခုတော့ ရှိကို ရှိရမယ်၊ မင်းလည်း မြင်းဝိဇ္ဇာပဲကွာ...ရန်သူမျိုးငါးပါးရော လွတ်ကင်းရဲ့လား"

"လွတ်ပါ့ဗျာ... သိပ်လွတ်တာပေါ့၊ သေသေချာချာကို အထပ်ထပ် ကြည့်ခဲ့တာပါ၊ ကျွန်တော်သိသမျှတော့ တစ်ခုမှ မကျန်အောင် ရှာခဲ့တာပဲ တကယ့်ကို ဘာဆို...ဘာတစ်ခုမှ...အပြစ်မရှိဘူးဗျ"

"ဟုတ်လို့လား...ဝိဇ္ဇာလူရယ်"

ဦးမောင်ဟန်သည် ခေတ္တမျှ စကားပြောခြင်းကို ရပ်တန့်လျက် သူ၏ ဦးခေါင်းအား တဆတ်ဆတ်ညိတ်လိုက်၊ တစ်ဖန်ငြိမ်သက်စွာ စဉ်းစားလိုက် ပြုလုပ်နေပါတော့သည်။ ဦးမောင်ဟန်ပြောသော ရန်သူမျိုး ငါးပါးဆိုသည်



မှာ တင်စား၍ ပြောခြင်းဖြစ်ပါသည်။ မြင်းတို့၏ ကြန်အင်လက္ခဏာများထဲ တွင် မကောင်းကျိုးတို့ကို ဆိုးဆိုးရွားရွား ဖြစ်ပေါ်စေတတ်သော အဓိက ဖွေဆိုး၅မျိုးကိုပြောခြင်းဖြစ်ပါသည်၊ ၎င်းဖွေ၅မျိုးကိုမြင်းသမားတိုင်းအထူး ရှောင်ကျဉ်ကြ၏။ ၎င်းတို့မှာ နလုံးခွံဖွေ၊ ငိုသံကြားဖွေ၊ ခွေးဆွဲဖွေ၊ အလောင်း တင်ဖွေနှင့် မုန်လျှောဖွေ တို့ပင် ဖြစ်ကြ၏။ အခြားသော ဖွေဆိုးများလည်း များစွာပင် ရှိသေး၏။ သို့သော် ထိုဖွေ ၅မျိုးလောက် မဆိုးကြပေ။

မြင်း၏ လက်နှစ်ဖက်အကြားရှိ ရင်ပုံသား၏ အလယ်တည့်တည့်၌ ရှိသော ဖွေကို "နလုံးခွံ"ဟု ခေါ် ကြ၏။ ရုတ်တရက် လူသေခြင်း၊ စီးပွား ပျက်ခြင်းများကို ဖြစ်စေတတ်သည်ဟု သတ်မှတ်ကြ၏။ နားရွက်နှစ်ခု တို့၏ နောက်ဘက် အောက်ခြေတွင် ဖွေနှစ်လုံးရှိနေပြီး တစ်ဖက်နှင့် တစ်ဖက် မညီညာပါက "ငိုသံကြား" ဟုခေါ်ဆို၍ သခင်၏ငိုသံကိုသာ အမြဲ နားထောင်သည်ဟု သတ်မှတ်ကြ၏။ ထိုဖွေနှစ်လုံး ညီညာစွာ ရှိနေပြန်ပါက "ဖွေရှိန်ခွင်" ဟုခေါ်ပြီး၊ စီးပွားတက်သည်ဟု သတ်မှတ်ကြ၏။ ခြေထောက် ၏ ဒူးထောက်ကွေးနေရာရှိ အချိုင့်ထဲတွင် နှစ်ဖက်စလုံး၌ ဖွေရှိပါက "ခွေးဆွဲ" ဖွေဟု ခေါ်ဆို၏။ ထိုဖွေသည် ရန်သူများစွာကို ခေါ်ယူသည်ဟု သတ်မှတ်ကြ၏။ မြင်း၏ ကျောကုန်းအပေါ်ဘက် အလယ်တည့်တည့်တွင် ဖွေတစ်လုံးတည်ရှိပါက "ထီးဖြူ"ဖွေဟု ခေါ်ဆိုကြပြီး ထိုဖွေမှာရာ ထူးတက် ခြင်း၊ ဘုန်းကြီးခြင်း၊ စီးပွားတက်ခြင်း၊ မြောက်မြားစွာ ကောင်းကျိုးပေး ခြင်းဟု သတ်မှတ်ကြ၏။ ထိုမြင်းမျိုးကို ဝယ်ယူသူသည် တန်ဖိုးပေးချေပြီး သည့်အပြင် ထပ်မံ၍ အပိုဆောင်းပြီး (သဒ္ဒါကြေး) တင်၍ ဝယ်ယူလေ့ရှိ ကြသည်။

ထိုဖွေသည် ကျောကုန်းပေါ်တွင် တည်ရှိခဲ့သော်လည်း အောက်ဘက် အမြီးပိုင်းသို့ လျှောနေပါက "အလောင်းတင်" ဟု ခေါ်ဆိုကြ၏။ နည်းနည်း လျှောလျှင် နေးနေးခိုက်၍ များများလျှောလျှင် မြန်မြန်ခိုက်သည်ဟု သတ် မှတ်ကြပါသည်။ မြင်း၏ မျက်လုံးနှစ်ဖက်အကြား နဖူး၏ အလယ်တည့်



www.burmeseclassic.com

www.burmeseclassic.com

တည့်တွင် ဖွေတစ်လုံး တည်ရှိပါက "ကြာပွင့်"ဟု ခေါ်ဆိုကြပြီး အလွန် တန်ဖိုးထားကြပါသည်။ လာဘ်လာဘအရာ၌ အလွန်ပွင့်လန်းသည်ဟု ဆို၏။ ထိုဖွေသည် နှာခေါင်းဘက်အောက်သို့ လျှောကျနေပါက "မှန်လျှော" ဟု ခေါ်ဆို၏။ ထိုဖွေသည်လည်း "အလောင်းတင်" ဖွေကဲ့သို့ပင် လျှောလေ နိုက်လေဖြစ်သည်ဟု ဆိုကြ၏။

ဦးမောင်ဟန်သည် တစ်စုံစုကို စဉ်းစားမိဟန်ဖြင့် စကားဆက်ပါတော့ သည်။

"ဝိဇ္ဇာလှ...ဒီကိစ္စက စဉ်းစားစရာပဲနော်၊ မြင်းကောင်းစွာလိပ်၊ မြွေဖွေး ပိုးထိဆိုတာမျိုး ဖြစ်နေဦးမယ်၊ ငါက မင်းအတွက် ပြောတာပါ"

"ကိုဦးဟန်နယ်ဗျာ တစ်ကောင်ချင်းလဲမယ်လို့ ပြောကတည်းက ကျုပ် လည်း မစဉ်းစားဘဲ နေပ့ါမလား၊ နောက်ဆုံးအဖြေရှာမရတော့ သူတို့ကိုရှင်း ရှင်းပဲမေးလိုက်တယ်၊ ဒီလောက်ကြီးကွာနေတာကို ဘာဖြစ်လို့တည့်လဲရင် ရတာလဲလို့မေးတော့ သူတို့ကလည်း ရိုးရိုးသားသားပဲ ပြန်ဖြေပါတယ်"

အဖေသည် ငါးရံ့ခြောက်ဖုတ်တစ်ချောင်းကိုယူ၍ ဖါးရင်းခေတ္တမျှ စကားဖြတ်၍ ရေနွေးကြမ်းတစ်ခွက်ပါ သောက်လိုက်ပါသည်။ ဦးမောင်ဟန် က အဖေ့အား သရော်ပြုံးပြုံး၍ ကြည့်လိုက်ပြီး...

"ရိုးရိုးတဲ့လား၊ ကဲ...ပြောစမ်းပါအုံး ဝိဇ္ဇာကြီးရယ်"

"တကယ်ကို ရိုးရိုးပြောတာပါ၊ ဒီမြင်းက အစတုန်းက ကျွန်းညိုမြင်းတဲ့၊ (ကျွန်းညိုဆိုသည်မှာ ဆင်ဖြူကျွန်းမြို့၏ ရေဝတီမြစ်ကမ်းဘေး၌ ရှိသော ရွာငယ်လေးဖြစ်၏) ပိုင်ရှင်သေသွားလို့ လယ်ကိုင်း(ကျောင်းတော်ရာ)တို့ ရောင်းလိုက်တာတဲ့၊ အခု လဲလိုက်တဲ့လူတွေက လယ်ကိုင်းကပဲ၊ သူတို့ လည်း ဒီမြင်းရောက်လာမှ သူတို့အဖေ သေတယ်လို့ ယူဆပြီး ကြောက်နေ ကြသတဲ့ဗျာ၊ နောက်ဆုံး ရသလောက်နဲ့ပဲရောင်းမယ်၊ ဒါမှမဟုတ်ရင်လည်း ဖြစ်သလိုလဲမယ်ဆိုပြီး မကွေးဘက်ကို ကူးလာတာတဲ့ဗျ၊ ကျုပ်နဲ့လည်း တွေ့ရော လဲဖြစ်သွားတာပေါ့ဗျာ"



"မင်းကတော့...မြင်းဝိဇ္ဇာပဲလေ၊ လဲရဲမှာပေါ့၊ ဒါပေမဲ့...ငါ စဉ်းစားမိ တာတစ်ခုက ဆရာစန်ကိုခေါ်ပြီး တိုင်ပင်ရရင် ကောင်းမလားလို့"

"ဟာ...သိပ်ကောင်းတာပေါ့ဗျာ...ကျုပ်တို့ မသိနိုင်တာဆိုရင် သူ တစ်ယောက်ပဲ သိနိုင်စရာရှိတယ်၊ အဲဒီ အကြံကောင်းတယ်ဗျာ"

"ဒီလိုဆိုရင်...မနက်ဖြန်မနက် (နံနက်) ဆရာစန်ကို ငါသွားခေါ်လိုက် မယ်"

"ကောင်းတယ်ဗျာ...မနက်စာကို ဒီမှာပဲ စားကြရမယ်နော်"

"အေးပါ...ငါ့မြင်းမကြီးလည်း အစာကုန်လောက်ပြီ၊ ပြန်လိုက်ဦးမယ်"

ဦးမောင်ဟန်ပြန်သွားချိန်မှာ ည ၁၁ နာရီပင် ကျော်ပေပြီ။ သူတို့ သုံးဦး သည် အကြောင်းရှိက စုပေါင်းတိုင်ပင် ဖြေရှင်းလေ့ရှိ၏။ နောက်နေ့ နံနက်



ကျွန်ုပ်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် အကြီးအကျယ် ကြောက်လန့် သွားရပါတော့သည်။ မြင်းကြီးသည် သူ၏ ခြေထောက်နှစ်ချောင်းကို လူများ ဆောင့်ကြောင့် ထိုင်သည့် ပုံသဏ္ဌာန်ပြုလုပ်၍ ထိုင်နေပါသည်။ ၎င်းနောက် သူ၏ခေါင်းကို အပေါ်ဘက်သို့ တည့်မတ်စွာထား လျက် လက်နှစ်ဖက်မှာ ရှေ့သို့ တစ်ဆစ်ချိုး ကွေး၍ ပုံသဏ္ဌာန် ထုတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းတွင် ဦးဖန်နှင့် ဦးမောင်ဟန်တို့သည် အဖေ့ထံ ရောက်လာကြပါသည်။ ဦးဖန်က အိမ်သို့ ရောက်သည်နှင့် အဖေ့အား…၊

"ဝိဇ္ဇာလှ…မင်းကတော့ မယားဆိုးမြင်းကပ်၊ လူတတ်လုပ်လာသလား မသိဘူး၊ မင်းက…ဒီမြင်းရဲ့ညာဉ်ကိုရော သိလို့လား၊ အတော်ကြာ…ရထားခွင်ထဲ ရောက်ခါကျမှ ဟိုကပ်၊ ဒီကပ်နဲ့ဆိုရင် နိုင်းစားမရဘဲ နေဦးမယ်"

"ဟာ…ဆရာဖန်ကလည်းဗျာ ဝိဇ္ဇာလှပါဗျ၊ မြင်းရှင်းမလဲခင်ကတည်းက မောင်ချိန်မြင်းလှည်းက မြင်းကို ခကာဖြုတ်ပြီး ဒီမြင်းနဲ့မြို့တစ်ပတ်တောင် မောင်းကြည့်ပြီးခဲ့ပါပြီ၊ ကောင်းလိုက်တဲ့ စကျဗျာ၊ မှတ်ညက်နေတာပဲ" (စကျဆိုသည်မှာ ကဆုန်ပေါက်ပြေးခြင်းမျိုးမဟုတ်ဘဲ ခြေလက် (၄) ဖက် စည်းချက်မှန်မှန်ကျ၍ အမြန်ပြေးနိုင်ခြင်း ဖြစ်ပါသည်။)

"ဒီလိုဆိုရင်တော့ အတော့်ကို…အံ့ဩစရာကောင်းနေပြီ"

ဦးဖန်၊ ဦးမောင်ဟန်နှင့် အဖေတို့သည် ရေနွေးကြမ်းသောက်ကြရင်းဖြင့် မြင်းကြီးအား ထပ်မံအကဲခတ်ကြပြန်ပါသည်။ ခကာအကြာတွင် အဖေက…

"ဆရာဖန်လည်း ဒီမြင်းကို သေချာကြည့်ပေးပါဦး…"

"ငါကိုယ်တိုင်ကလည်း စိတ်ဝင်စားစရာဖြစ်နေလို့…ကြည့်ချင်နေတာပါကွာ၊ လာဟေ့…မောင်ဦးဟန်…အနီးကပ်သွားကြည့်ရအောင်"

အဖေပါ လိုက်ပါသွားပြီးနောက် – နာရီဝက်ခန့် အပြန်ပြန် အလှန်လှန် ကြည့်ကြပါတော့သည်။ စိတ်ကျေနပ်လောက်အောင် ကြည့်ပြီးနောက် ဦးဖန်က…

"ဆန်းတော့…အဆန်းသားကွ၊ ဘယ်လိုအဖြစ်မျိုးမှ ရှာလို့မတွေ့ဘူး"

ထိုအခါ အဖေသည် အားရွှင်လန်းသော အမူအရာဖြင့်…

"ဆရာဖန်ကမှ ဒီလိုပြောရင် မှားစရာမရှိနိုင်တော့ဘူး ထင်ပါတယ်"

ဦးမောင်ဟန်ကလည်း ဝင်ရောက် ထောက်ခံပါသည်။

"မြင်းဝိဇ္ဇာသုံးယောက် စစ်ဆေးတာတောင် ဘာပြစ်မှ မရှိဘူးဆိုတော့ စိတ်ချရလောက်ပါတယ်၊ ဒါပေမဲ့ – သတိနဲ့တော့ စောင့်ကြည့်ဖို့လိုမယ်"



"ကိုဦးဟန်ရယ်…ဆိုးမေ့ဆိုတဲ့မြင်း၊ ကပ်မေ့ဆိုတဲ့မြင်း၊ နိုက်မေ့ဆိုတဲ့ မြင်းတွေကို အနိုင်ယူလာခဲ့တဲ့ ဝိဇ္ဇာလှပါဗျာ၊ ခင်ဗျား သိပါတယ်"

"ဒါတော့…ဒါပေါ့ကွာ၊ သတိဆိုတာ…ပိုတယ်မှ မရှိပဲ"

ဦးဖန်ကိုယ်တိုင်ကပင်လျှင် ထိုမြင်းကြီးအား သဘောကျနေပုံရ၏။

"ဝိဇ္ဇာလှ…ဒီကောင်ကြီးကို ရောင်းသည်ဖြစ်စေ၊ လဲသည်ဖြစ်စေ ငါ့ကို အရင်ဆုံးပြောကွာ၊ ငါလည်း ကြိုက်တယ်ကွ၊ ငါ့အိမ်က မင်းကြိုက်တဲ့ မြင်းတစ်ကောင်နဲ့ သားပေါက်ကလေး တစ်ကောင်ပေးမယ်ကွာ…လဲမလား"

"ကျွန်တော် အခြေအနေကို စောင့်ကြည့်လိုက်ပါဦးမယ်၊ တကယ်လို့ သူ့ကို ထုတ်တော့မယ်ဆိုရင် ဆရာဖန်ကို ပြောပါမယ်၊ ကဲ…ထမင်းပွဲတွေ ပြင်ပြီပြီ၊ စားသောက်ပြီး အေးအေးဆေးဆေးမှ ပြန်ကြတာပေါ့"

အဖေတို့ သုံးယောက်သည် စကားတပြောပြောဖြင့် ထမင်းစားကြပါသည်၊ ထမင်းစားပြီး ခေတ္တအကြာတွင် အဖေသည် ထိုမြင်းကြီးအား မြင်းလှည်းတွင် တပ်ဆင်၍ မြို့တစ်ပတ်မောင်းပြရင်း ဆရာဖန်တို့အား လိုက်ပို့ပေးလိုက်ပါသည်။ ❑ ❑ ❑

ထိုမြင်းကြီးအိမ်သို့ရောက်ရှိလာပြီးနောက် တစ်ပတ်ခန့်အကြာတွင် ဖြစ်၏။ ညသန်းခေါင်ကျော်အချိန်တွင် မြင်းဇောင်းထဲမှ မြင်းများသည် တိုးဝေ့ကန်ကျောက်ကြခြင်း၊ ပတာစ်ရုပ်၍ ဟီ (မြင်းအောင်သည်) သံပြုခြင်းတို့ကြောင့် မြင်းဇောင်းကို ကာရံထားသော ဝါးတစ်ချို့ ပြုတ်ထွက်ကုန်ကြသဖြင့်ပြန်၍ရှုည်နောင်ရ၏။ အဖေသည်ကြာပွတ်သံတရှိုးရှိုးပေး၍အော်ဟစ်ခေါက်ငမ်းလိုက်မှသာ ငြိမ်သက်သွားကြတော့၏။ ယခင် ယခင်က ထိုကဲ့သို့သော အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှပင် မဖြစ်ခဲ့ဘူးပေ။ ဦးမောင်ဟန် အလည်လာသောညများတွင် အဖေက ထိုကိစ္စအား ပြောပြ၏။ ဦးမောင်ဟန်က



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုကဲ့သို့သောအဖြစ်မျိုး မတွေ့ဘူးကြောင်း၊ သတိနှင့်နေဖို့ အကြောင်းများကိုသာ တစ်ပတ်တစ်ခါဆိုသလို ကြုံတွေ့နေရ၏။ ဖြစ်ချိန်မှာလည်း ညဥ့်သန်းခေါင်ကျော်ပြီးနောက် နံနက် (၄) နာရီ ကြားတွင်သာ ဖြစ်လေ့ရှိ၏၊ မကွေးမြို့ရှိ အခြားမြင်းသမားများကို လေ့လာကြည့်သော်လည်း မည်သူမျှ ဤကဲ့သို့သော အဖြစ်မျိုး မကြုံဘူးကြဟု ဆိုကြပါသည်။

အဖေသည် အခြားနတ်များကို ယုံကြည်မှုမရှိသော်လည်း လမ်းမျှသာ ခြား၍ အနောက်ဘက်၌ရှိသော "အဘမြင်းဖြူရှင်" နတ်ကိုတော့ လွန်စွာ ယုံကြည်သူဖြစ်သည်။ သူ့အတွေ့အကြုံအရ "မြင်းဖြူရှင်" နတ်ကို ယုံကြည်ခြင်း ဖြစ်သည်ဟု ပြောပြဖူးသော်လည်း ကျွန်ုပ်အနေဖြင့် နားမလည်နိုင်ခဲ့ပါ။ ထိုစဉ်က ငယ်ရွယ်သူဖြစ်ပြီး အလေးအနက် မထားခဲ့၍ပင် ဖြစ်မည်ထင်ပါသည်။ အဖေသည် တစ်လတွင် တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို ပန်းများဖြင့် ထိုနတ်ကွန်းသို့ သွား၍ လှူဒါန်းလေ့ရှိပါသည်။

ထိုမြင်းကြီးရောက်လာပြီး နောက်နေ့တွင်လည်း နတ်ကွန်းသို့သွား၍ "နတ်ပြ" ခြင်းကိစ္စကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြင့် နှစ်လခန့်မျှ အကြာတွင် အဖေသည် ကျန်းမာရေးညှိုးချုံးစပြုပါတော့သည်။ အဖေသည် ဆေးလိပ်အလွန်သောက်သူဖြစ်၏။

ရေနံချောင်းမြို့မှ ထုတ်လုပ်သော မလှရှင်ဆေးလိပ် အလတ်စားမှ တစ်ပါးအခြားမည်သည့်ဆေးလိပ်ကိုမှမသောက်ပေ။ မြင်းလှည်းအမိုးတွင် သီးသန့် အိတ်တစ်လုံး ကပ်ချုပ်ထားပြီး ထိုအိတ်ထဲတွင် ဆေးလိပ် (၁၀) လိပ်ထက် မနည်း ထည့်ထား၍ မြင်းလှည်းမောင်းသူဖြစ်၏။ မီးခြစ်မဆောင်ပါ။ တစ်လိပ်ပြီးတစ်လိပ် မီးကူး၍ သောက်လေ့ရှိ၏။

တစ်ခါတစ်ရံမျှသာ တစ်နေရာမှ မီးညှိလေ့ရှိ၏။ ဆေးလိပ်ကြောင့် ရောဂါရပြီး ဆေးရုံသို့ (၂) ကြိမ်တိုင်တိုင် တက်ရောက်ကုသခြင်း ခံယူခဲ့ဖူးပါသည်။ ဆရာဝန်က ဆေးလိပ်ဖြတ်ရန် အတန်တန် ပြောခဲ့သော်လည်း အဖေသည်ဆေးလိပ်ကို မဖြတ်ခဲ့ပါ။ သူအလွန်နှစ်သက်သော ရုပ်ရှင်ကြည့်



ခြင်းကိုပင် ဖြတ်ခဲ့၏။ ထိုစဉ်က ရုပ်ရှင်ကြည့်ရန် တစ်မတ်မျှသာ ကုန်ပေ၏။ ရုပ်ရှင်ရုံအတွင်း ဆေးလိပ်မသောက်ရဟူသော အမိန့်ထွက်လာပြီး သည့်နောက် ဘယ်သောအခါမျှ ရုပ်ရှင်မကြည့်တော့ပေ။ ဆေးလိပ်အတွက် ရောဂါရသည်ကို သိလျက်နှင့်ပင် မဖြတ်နိုင်ပါ။ ယခုလည်း ရောဂါဟောင်း ပြန်ထလာ၍လား၊ အိပ်ရေးပျက်ခြင်းများလာ၍လားမသိ၊ အိပ်ရာထဲတွင် လဲလျောင်းနေရသည့် အခြေအနေအထိ ရောက်ရှိသွားပါသည်။ ဦးမောင်ဟန် အလည်လာသော အခါမျိုးတွင် အိပ်ရာထက်မှ စကားဧည့်ခံပြောရတော့၏။

တစ်ခါတစ်ခါဆိုသလို မြင်းဇောင်းထဲမှ ဆူညံသံများ ဖြစ်ပေါ်လေ့ရှိသဖြင့် အဖေ့အတွက် အနှောင်အယှက်ဖြစ်ရပါသည်။ ထိုရက်အတွင်း လေ့ကျင့်ပေးရန် ရောက်ရှိလာသော "မိချော" ဆိုသည့် မြင်းမတစ်ကောင်လည်း ရောက်ရှိနေပါသည်။ မြင်းများ ဆူညံမည့်ရက်နီးလာလျှင် ကျွန်ုပ်သည် ထိုမြင်းကြီးအား ဆွဲခေါ်၍ ကပ်လျက်ရှိသော မြင်းဖြူရှင်နတ်ကွန်းသို့ သွားရပါသည်။ ည ၁၀ နာရီခန့်တွင် ပုံမှန် သွားရစမြဲ ဖြစ်၏။

နတ်ကွန်းအောက်တွင် မြင်းကြီးကို ချည်၍ ကျွန်ုပ်မှာကား နတ်ကွန်းပေါ်သို့တက်၍အိပ်ရ၏။ ထိုသို့ပြုလုပ်မှသာလျှင် အိမ်၌ရှိသော "မိချော" နှင့် "သိန်းကျော်" တို့မှာ ဆူညံခြင်း မပြုတော့၊ အဖေလည်း ကောင်းမွန်စွာ အိပ်ရတော့၏။ တစ်နေ့တွင် အဖေ၏ အနီးတွင် အနားကပ်နေရန် ပြောပါသည်၊ နောက်ဖေးဘက်တွင် မြင်းဇောင်းတစ်ခု ထပ်မံပြုလုပ်၍ နောက်မှ ရောက်လာသော မြင်းကြီးအား ထားလိုက်ပါသည်။ ထိုသို့ ခွဲခြား၍ ထားလိုက်သောအခါတွင် မြင်းများ ဆူညံခြင်းမပြုတော့သည်ကို တွေ့ရ၏။

သို့နှင့်တစ်နေ့သောည သန်းခေါင်ကျော်အချိန်တွင်ဖြစ်ပါသည်။ အဖေ့အနီးတွင် အိပ်ပျော်နေသော ကျွန်ုပ်သည် အခင်းကြီး သွားလိုလှသောကြောင့် အိပ်ပျော်ရာမှ ရုတ်တရက် နိုးလာရပါသည်။ အဖေ့အားကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ နစ်နစ်မြှုက်မြှုက် အိပ်ပျော်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်လည်း နောက်ဖေး တံခါးကို ညင်သာစွာဖွင့်ရန် ကြိုးစားရ၏။ တံခါးမင်းတုပ်ကို ကိုင်၍ အသံမထွက်စေရန် မည်သို့ဖွင့်ရမည်ကို စဉ်းစားရင်းမှ နောက်ဖေးဘက်ရှိ မြင်းဇောင်းဆီသို့ ကြည့်လိုက်မိပါသည်။

ကျွန်ုပ်သည် မင်းတုပ်အား ကိုင်လျှက်နှင့်ပင် ရုတ်တရက် ကျောက်ရုပ်ကြီးကဲ့သို့ တောင့်တောင့်တင်းတင်းကြီး ဖြစ်သွားရပါသည်။ အသက်ရှူရမည်ကိုပင် မေ့သွားသလို ခံစားရပါသည်။ မည်သည့်အခါကမှ ကြောက်လန့်ခြင်းမရှိခဲ့ဘူးသော ကျွန်ုပ်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် အကြီးအကျယ် ကြောက်လန့်သွားရပါတော့သည်။ မြင်းကြီးသည် သူ၏ ခြေထောက်နှစ်ချောင်းကိုလူများ ဆောင့်ကြောင့်ထိုင်သည့် ပုံသဏ္ဍာန် ပြုလုပ်၍ ထိုင်နေပါသည်။

၎င်းနောက် သူ၏ခါးကို အပေါ်ဘက်သို့ တည့်မတ်စွာထားလျက် လက်နှစ်ဖက်မှာ ရှေ့သို့ တစ်ဆစ်ချိုးကွေး ပုံသဏ္ဍာန် ထုတ်ထားပါသည်။ ဦးခေါင်းမှာ အဖေ့ဘက်သို့ တည့်တည့်ကြီး လှည့်၍ထား၏။ စိုက်ကြည့်နေသော မျက်လုံးကြီးနှစ်လုံးမှာ ပြူးကျယ်ဝိုင်းစက်၍ ရှေ့သို့ပင် ထွက်ပြူနေသယောင်ရှိပြီး အစိမ်းရောင်မျက်ဝန်းကြီးများ ဖြစ်နေ၏။ အောက်သို့ တွဲလွဲကျ၍နေသော လျှာမှာရှေ့တွင် ကွေးထားသော လက်နှစ်ဖက်ထက် ပင်ရှည်နေသေး၏။ ထိုလျှာကြီးတွင် သွားရည်များ ရွှဲရွှဲစို စီးဆင်းနေပါသည်။ မြင်းကြီး၏ ဦးခေါင်းမှာ ဘယ်နှင့်ညာ မပြတ်တမ်း လွှဲယမ်းနေသဖြင့် ထိုလျှာကြီးသည် ကွေးထားသော လက်နစ်ဖက်အား တစ်လှည့်စီ ရိုက်ခတ်နေသောကြောင့် တဖတ်ဖတ် အသံများပင် ထွက်ပေါ်နေပါသည်။ ခေတ္တအကြာတွင် ကျွန်ုပ်သည် သတိပြန်လည်ဝင်ရောက်လာပြီး...

"အဖေရေ... အဖေရေ... လုပ်ပါဦး။ ကြောက်စရာကြီးဗျ။ သား... ကြောက်တယ်"

ကျွန်ုပ်လည်း အိပ်ရာထဲတွင် လဲလျောင်းနေသော အဖေ့အနီးသို့ တုန်တုန်ယင်ယင်ဖြင့် ပြေးကပ်၍ ထိုင်လိုက်ပါသည်။ အကြောက်လွန်ပြီး အသံ



များသာမက အသားများပင် တုန်၍နေပါသည်။ ကျွန်ုပ်၏ဘဝတွင် ထိုကဲ့သို့ ကြောက်လန့်ခြင်းမျိုးကို ယခု စာရေးနေသည့်အချိန်အထိ မကြုံခဲ့ရဘူးပါ။ အဖေသည် ကိုယ်တိုင်မထနိုင်သဖြင့် အမေ့အားခေါ်ယူ၍ တွဲထူစေပြီး ထိုင်လျက်အနေအထားတွင် ထိန်းထားစေပါသည်။ ၎င်းနောက် ကျွန်ုပ်အား...

"လူကလေး...မင်းဘာကိုတွေ့ခဲ့ရလို့ဒီလောက်တောင်ကြောက်နေရတာလဲ။ မင်းက ဘယ်တုံးကမှ မကြောက်ခဲ့ဘဲနဲ့ အခုမှ ဘာဖြစ်လာရတာလဲ။ ပြောစမ်း..."

ကျွန်ုပ်သည် နောက်တစ်ကြိမ်လှည့်၍ မကြည့်ဝံ့တော့သောကြောင့် မြင်းဇောင်းရှိရာဘက်သို့ လက်ညှိုးဖြင့် ထိုးပြလျက်...

"အဖေ...မြင်းကြီးဗျ...မြင်းကြီး"

"ဘာ...မြင်းကြီး...ဟုတ်လား၊ မြင်းကြီးက ဘာပြုလို့လဲ၊ ကြောက်စရာမှ မဟုတ်တာ။ တစ်သက်လုံး မြင်းနဲ့နေလာခဲ့ပြီး ဘယ်လိုဖြစ်လို့ ကြောက်တာလဲ"

"မ...မဟုတ်ဘူး...အဖေ သား အိမ်သာသွားချင်လို့ တံခါးသွားလုပ်တာ၊ မလုပ်ရသေးဘူး၊ မြင်းဇောင်းထဲကိုကြည့်လိုက်တော့ မြင်းကြီး...အဲဒီမြင်းကြီးကလေ လူတွေထိုင်သလို ဇုတ်ဇုတ်ကြီးထိုင်နေတာ၊ နောက်ပြီး အဖေ့ဘက်ကို တည့်တည့်ကြီး လှည့်ထိုင်တာ၊ လျှာကြီးကလည်း အပြင်ကို ထွက်ပြီး အောက်ကို တွဲလောင်းကျနေတာ၊ အရှည်ကြီးပဲ နောက်...နောက်ပြီးတော့ ခေါင်းရော၊ လျှာကြီးရော ယမ်းနေတာ...မနားဘူး။ လျှာမှာလည်း သွားရေတွေ စီးကျနေတာ ရွှဲနေတာပဲ။ မျက်လုံးတွေကလည်း ပြူးပြီး ရှေ့ထွက်နေတယ်၊ ဝိုင်းစက်စက်ကြီး၊ အစိမ်းရောင်တွေလည်း မျက်လုံးတွေက ထွက်နေတယ် ကြောက်စရာကြီး"

ကျွန်ုပ်တွေ့မြင်ခဲ့ရသော မြင်းကြီး၏ ပုံသဏ္ဍာန်ကို အဖေ့အား သေချာစွာ ပြန်လည်ပြောကြားလိုက်ပါသည်။ အသံများကား တုန်ယင်နေဆဲပင်ဖြစ်၏။ ထိုအခါ အဖေသည် ခေါင်းတဆတ်ဆတ် ညိတ်လျက် အမေ့အား...



www.burmeseclassic.com

www.burmeseclassic.com

"မအေကြီး…သားကို ရေတစ်ခွက်တိုက်လိုက်၊ ဘုရားကျောင်းဆောင်ထဲက ပရိတ်ရေကိုလည်း တိုက်လိုက်၊ မနက်ဖြန် မိုးလင်းတာနဲ့ ကိုဦးဟန်ကို သွားခေါ်၊ ဆရာဖန်ကိုလည်းသွားခေါ်လိုက်၊ ဘာအလုပ်ပဲရှိရှိအလုပ်ပျက်ပြီး လိုက်ခဲ့ဖို့လို့ ငါက မှာလိုက်တယ်လို့ပြော ကြားလား . . .လူကလေး . . . မင်းက မြင်းကြီးကို တစ်ခါ သွားကြည့်လိုက်ဦး"

"ဟင့်အင်း…သား…သား မကြည့်ရဲတော့ဘူး"

"ကဲ…မအေကြီး၊ မြင်းဇောင်းကို သွားကြည့်လိုက်စမ်းပါ"

အမေသည် နောက်ဖေးတံခါးကိုလှပ်၍ သွားကြည့်ပြီးနောက်…

"တော့်သား . . . အိပ်မက်မက်နေတာကနေ ထသွားတာ ဖြစ်မှာပါ မြင်းကြီးက သူပြောသလို မဟုတ်ပါဘူး။ ကောင်းကောင်းမွန်မွန် အစာစားလို့ပါ၊ ဒီကလေး အိပ်မက်ကို တကယ်ထင်ပြီး ပြောနေတာဖြစ်မှာပါ"

"မဟုတ်ဘူး အဖေ၊ သား အိပ်မက် မက်တာမဟုတ်ဘူး၊ တကယ်ကို မြင်ရတာပါ၊ စောစောက အဲဒီမြင်းကြီးလေ သားပြောသလို လုပ်နေတာပါ"

"ကဲ…ကဲ…ဘာပဲဖြစ်ဖြစ် ထားလိုက်ကြတော့…မနက်ဖြန်ကြရင်သာ ငါပြောသလို သွားခေါ်ကြ၊ ကျွတ် . . . ကျွတ် . . . ငါ တုံးလုံးလဲတော့မယ်"

❑❑❑

အမေသည် အဖေ့အား တုံးလုံးလှဲ၍ ပေးလိုက်ပါသည်၊ ကျွန်ုပ်လည်း အိမ်သာတက်လိုစိတ်ပင် လုံးဝမရှိတော့ပဲ အဖေ့နားတွင် အိပ်ပျော်သွားပါသည်။ နောက်နေ့ နံနက်ပိုင်းတွင် အမေသွားခေါ်သဖြင့် ဦးဖန်နှင့်ဦးမောင်ဟန်တို့အိမ်သို့ရောက်လာကြပါသည်။ အမေကဦးဖန်တို့အားအကြောင်းစုံ ပြောပြခဲ့ပြီး ဖြစ်၏။ ဦးဖန်သည် အိမ်သို့ ရောက်လျှင်ရောက်ခြင်း တုံ့ဆိုင်းမနေဘဲ ကျွန်ုပ်အား သေသေချာချာ မေးပါတော့သည်၊ ကျွန်ုပ်ကလည်း တွေ့ မြင်ခဲ့ရသမျှကို တစ်ခုမကျန် ကုန်စင်အောင် ပြောပြလိုက်ပါသည်။



ကျွန်ုပ်၏ စကားပြီးဆုံးသည်နှင့် ဦးဖန်သည် ခေါင်းတညိတ်ညိတ်ပြုလျက် လေးနက်စွာ စဉ်းစားနေပုံရပါသည်၊ ခေတ္တမျှကြာမှ အဖေ့ဘက်သို့ လှည့်၍ စကားပြောပါတော့သည်။

"အင်း…ဝိဇ္ဇာလူ…ဝိဇ္ဇာလူ…မင်း ကံကြီးပေလို့သာပေါ့၊ ဒါမှမဟုတ်လည်း နတ်မတော်ရင်ဖြစ်မယ်၊ ဝိဇ္ဇာကို လိပ်ပြာ သိပ်တော့မလို့ပါလား"

"ဘာပြောတာလဲ…ဆရာဖန် …ကျွန်တော့်ကို ရှင်းအောင် ပြောပြပါလား"

"ဒါမျိုးက…ထူးဆန်းသလောက်အလွန်ဖြစ်ခဲလွန်းလှတဲ့အဖြစ်မျိုးကွ၊ ငါတို့ အဖိုးခေတ်ကတောင် ဒါမျိုး၊ တစ်ခါပဲ တွေ့ ခဲ့ရဖူးတယ်တဲ့၊ ငါတောင် ငါ့အဖေ ပြောပြခဲ့လို့ သိရတာ၊ ဒီလိုမြင်းမျိုးဆိုတာကလည်း အကောင်တစ်ထောင်မှာတောင်တစ်ကောင်ရှိဖို့ခဲယဉ်းတယ်တဲ့၊ ငါ့အဖေတစ်သက်လည်း မတွေ့ခဲ့ဖူးဘူးတဲ့၊ အခု…ငါ့လက်ထက်ကျမှပဲ တွေ့ဖူးရတော့တယ်"

"ဟုတ်လား . . . ဆရာဖန်၊ ဒါဖြင့် ဒီမြင်းက ဘယ်လို မြင်းမျိုးဖြစ်နေလို့လဲ"

"အဲဒါမျိုးကို မြင်းဘီလူးလို့ ခေါ်တယ်"

❑❑❑

"ဗျာ…ကျွန်တော်ဖြင့် အခုမှကို ကြားဖူးတော့တယ်၊ အဲဒီမြင်းဘီလူးက ဘယ်လိုနိုက်တတ်တာတဲ့လဲ။ ကျွန်တော့်သားပြောတာ ဟုတ်နေပြီ ထင်တယ်"

"ဟုတ်တာပေါ့ကွာ – ဒီလိုမြင်းမျိုးက သခင်ကို တစ်လအတွင်း စားပစ်တယ်တဲ့၊ အလွန်ခံလှမှ နှစ်လပဲလို့ ငါ့အဖေက ပြောခဲ့တယ်၊ အခု မင်းက သုံးလရှိပြီဆိုတော့ မင်းကံကပဲ မြင့်နေလို့လား၊ နတ်တွေကပဲ မစနေတာလားလို့ ငါပြောခဲ့တာပေါ့၊ ဒီကောင်တွေက စားပြီဆိုရင် သန်းခေါင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com

နေ မိုးမလင်းခင် စားတာတဲ့၊ သူစားနေတုန်း အသံတစ်သံသံ ကြားလိုက်ရရင် ဘီလူး ဆောင့်ကြောင့်ထိုင်နေပုံ မလုပ်တော့ဘဲ နဂိုမြင်းပုံစံ ပြန်ပြီးနေလိုက်သတဲ့၊ သူ ဘီလူးစိတ်ဝင်လာတဲ့အခါ အနီးနားက မြင်းတွေရှိရင် လန့်ကုန်ကြသတဲ့၊ ဒါ အလွန်တွေ့ရခဲတဲ့ မြင်းဘီလူးဆိုတာ သေချာနေပါပြီ"

"ဒါဆိုရင် ကျွန်တော် ဘာဆက်လုပ်ရမလဲ . . . ဆရာဖန်"

"တန်ပြန်လုပ်ရမှာပေါ့ကွာ၊ အဖေက ပြောခဲ့တယ်၊ မြင်းဘီလူးကို တွေ့ခဲ့ရင် အဲဒီမြင်းကိုသတ်ပြီး သူ့ရဲ့အသည်းတစ်ခုလုံးကို ကုန်အောင် တစ်ယောက်တည်း စားမှ သူစားထားလို့ ခံစားနေရတဲ့ ရောဂါတွေ ယူပစ်သလို ပျောက်ကင်းသွားသတဲ့၊ တခြားနေရာတွေကို ပို့ပစ်ရင်လည်း သူနဲ့ ပတ်သက်တဲ့လူတွေ ဆက်တိုက် သေတတ်တာဆိုတော့ မထူးပါဘူးကွာ၊ ခွေးရူးလိုမျိုး ပါပဲ"

"ကျွန်တော်တို့က မြင်းသားမစားတဲ့ သူတွေဆိုတော့ ခက်ခက်ခဲခဲ လုပ်ရမှာဘဲ"

"ဒါတော့ . . . ဘယ်တတ်နိုင်မလဲကွာ၊ ဝိဇ္ဇာလူရေ . . . မင်းသဘောပဲ"

"ဟာ . . . လုပ်ရမှာပါဗျာ၊ မနက်ဖြန်ပဲ လုပ်မယ်၊ စီစဉ်စရာရှိတာတွေကို ဦးဟန်ကြီးကပဲ ကူညီပေးပါ။ တစ်ခုတော့ ရှိတယ်ဗျာ . . . ကျွန်တော်နဲ့ ဝေးတဲ့ နေရာမှာ သွားလုပ်ပါ၊ အသည်းလေးပဲ ယူခဲ့ပေါ့၊ ကျန်တဲ့ကိစ္စတွေကို ခင်ဗျား သဘောကျစီစဉ်ပါဗျာ၊ ကဲ...လူကလေးသိန်းကျော်ကိုကောက် (မြင်းလှည်းတွင် တပ်ဆင်သည်) ပြီး ဆရာဖန်တို့ကို လိုက်ပို့လိုက်ကွာ"

"ဟုတ်ကဲ့ . . . အဖေ"

နောက်တစ်နေ့တွင် အစီအစဉ်အတိုင်း ပြုလုပ်ကြပြီးနောက် အဖေသည် ဖိုမြင်းဘီလူး၏ အသည်းကို ကြော်၍ ကုန်အောင်စားမည်ဟု ကြုံးဝါးကာဖွတ်မိုတ်၍ စားပါတော့သည်။ ည ၁၁ နာရီခန့်တွင် ကုန်သွားပါသည်။ သိပ်မကြာမီ အိပ်လိုက်သည်ကို တွေ့ရပါသည်၊ ကျွန်ုပ်လည်း အဖေ့ အနီးတွင် အိပ်ပျော်သွားပါသည်၊ နောက်နေ့နံနက် ကျွန်ုပ်အိပ်ရာမှ နိုးလာ



ပြီးနောက် မျက်နှာသစ်ရင်းဖြင့် အဖေ့အား ကြည့်လိုက်ရာ၊ အဖေ့၏ မျက်နှာမှာ ကြည်ကြည်လင်လင်ဖြစ်နေသည့်အပြင် သူ့ ဘာသာသူ ထထိုင်နေသည်ကို တွေ့ရ၏။ သို့နှင့် ၅ ရက်ခန့်အကြာတွင် အဖေသည် လုံးဝ နေကောင်းသွားပြီး၊ လမ်းလျှောက်နိုင်သည့်အဆင့်သို့ပင် ရောက်ရှိသွားပါတော့သည်၊

"မသိ"၍ "တစ်ခါ" မှားခြင်းသည် ကြောက်မက်ဖွယ်ရာ ကောင်းပေစွ၊ "ကံ" ကောင်း၍လား "နတ်မ"၍လားတော့ မသိပါ။ အဖေသည် အသက်ဘေးမှ သီသီလေးလွတ်ခဲ့ရပါသည်။ မည်သည့် ဗဟုသုတမဆို ကုန်ဆုံးခြင်း မရှိနိုင်သည်မှာ လူသားများအတွက် အမှန်ပင်ဖြစ်သည်ဟု ဆိုပါရစေ၊ မည်သို့ပင်ဆိုစေ၊ ခုနစ်ရက်သားသမီးတို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဗဟုသုတအဖြစ် တင်ပြခြင်း ဖြစ်ပါသည်၊ လောက၌ ဂန္ဓာရီဆန်သော ဖြစ်ရပ်များရှိသည်ဟု ယုံကြည်လေ့လာလိုသူများအတွက် ကိုယ်တိုင် ကိုယ်တွေ့ တကယ့်ဖြစ်ရပ်မှန်တစ်ခုအား ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

"လူသားအားလုံး ပြည့်စုံသော ဗဟုသုတဖြင့် အောင်မြင်ကြပါစေ"

❑ ❑ ❑


➡ ဇာတိဂုဏ် မျိုးမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

ကိုးကြိုးချုင်

# ပေဖော်ရှိတောက်ဖျား





ဘာ့ရိပ်တောင်ရိပ်များကြောင့် အအေးဓာတ်က သိသိသာသာကြီး
ပျက်ရှိသည်။ ပိုးသာဒေါင်းသည် သူယခုရောက်ရှိနေသော နေရာအား
သည့်အရပ်ဒေသမှန်းလည်း မသိ။ မြင်မြင်သမျှ အရာအားလုံးတို့မှာ
အုံသြဖွယ်ရာများနှင့် ပြည့်နှက်နေပေသည်။ တောင်ခိုးများ ဝေနေသော
ခဲ့အထပ်ထပ် မှိုင်းညို့နေသော သစ်တောကြီးများအား စားချင့်သပွယ်
ခဲ့တို့မှာလည်း အဆင်သင့် လှမ်းဆွတ်ခူးစာရုံ မှည့်ရွှမ်းပြည့်ပြီး ရှောက်
ပင်လုံးညွှတ်သီးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တရားထိုင် တရားကျင့်နေသော သူတော်စင်များ၊ ဒေါက်ခြာဆောင်းထားသောရသေ့များ ဝိဇ္ဇာဇော်ဂျီ၊ တပသီများကိုလည်း ထူးထူးခြားခြား မြင်တွေ့နေရသည်။ မဟာဂန္ဓာရီ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းကို အထပ်ထပ်ပွားများအားထုတ်နေကြသူများဖြစ်သည်၊ ဆရာတော်ဦးနန္ဒမာလာ နောက်တွင်လိုက်ပါရင်း လျှောက်တင်လိုက်သည်။

"တပည့်တော်တို့ ဘယ်အရပ်ဘယ်ဒေသကို ရောက်တာလဲဘုရား"

"ဟောဒါက... ကေသာလတောင် ဣသိဂူဟာလို့လည်းခေါ်တယ်"

ငွေရောင်တလက်လက်တောက်ပနေသော ကျောက်ဂူကြီးအား လက်ညှိုးညွှန်ကြရင်း ပြောလိုက်သည်၊ ဖိုးသာအောင်ကိုယ်တိုင် မည်သို့မည်ပုံရောက်ရှိလာသည်ကိုလည်း စဉ်းစားမရပေ၊ မြင်ဝါးတောင်တွင် ဝါးခုတ်နေစဉ်အတွင်း ကျားဆွဲမည့်အန္တရာယ်မှ လွတ်မြောက်ရန် အချိန်မီကယ်တင်လာခြင်းဖြစ်သည်။

"မြင်ဝါးတောင် ဝါးတောထဲမှာ ဝါးခုတ်နေရင်း မင်းကို ကျားဆွဲတော့မယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့်မို့လို့ ဒီကေသာလတောင်ကို ခေါ်လာရတာပဲ"

ဆရာတော် ဦးနန္ဒမာလာမှာ ဖိုးသာအောင်တို့ နေထိုင်သော မြင်ဝါးတောင်ရွာတောင်ပေါ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်သည်၊ လွန်ခဲ့သော ငါးနှစ်ခန့်က ပျံလွန်တော်မူသွားပြီဟု ထင်မှတ်ထားခဲ့ပြီး ရွာမှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည့်ဆရာတော်ဖြစ်သည်။

"တပည့်တော်ကို ခေါ်လာတာ ဘာအကြောင်းကိစ္စတွေ ရှိနေလို့ပါလဲဘုရား"

"မင်းကစိတ်ရင်းစေတနာကောင်းတယ်၊ မဟုတ်တာလည်းမလုပ်ဘူး၊ မိခင်အိုကြီးကို လုပ်ကျွေးနေတာ ... မင်းကို ပညာသင်ပေးဖို့ ဒီကိုခေါ်လာတာပဲ၊ နက်နဲတဲ့ဆေးပညာတွေသင်ရမယ်၊ မြန်မာဆေးပညာမှာက အဘိဓမ္မာဆေး၊ ဗိန္ဒောဆေး၊ နက္ခတ်ဆေး၊ ဝိဇ္ဇာဓာတ်ဆေး၊ ပယောဂဆေးဆိုပြီး ငါးမျိုးရှိတယ်၊ ကေသာလတောင်ပေါ်မှာ ငါနဲ့အတူနေပြီး ဆေးပညာတွေသင်ရမယ်၊ ပြီးမှ တတ်မြောက်ပြီးမှမြင်ဝါးတောင်ကိုပြန်သွားလို့ရပြီ၊ ဟိုပြန်ရောက်ရင် တတ်မြောက်ထားတဲ့ဆေးပညာနဲ့ လူသတ္တဝါတွေရဲ့အသက်တွေကို ဇိဝိတဒါနပြုပြီး ကယ်တင်ရမယ်၊ ဘယ်လိုလည်း မင်းသင်မယ်မဟုတ်လား"



"တပည့်တော် ကျွမ်းကျင်တတ်မြောက်အောင် သင်ပါ့မယ်ဘုရား"

"အေးကွယ်... သာဓု...သာဓု...သာဓု..."

ဖိုးသာအောင်သည် ဆရာတော်၏ ကြည်လင်ဝင်းပသော မျက်နှာတော်အား ရိုကျိုးစွာ ဦးခိုက်ပူဇော်ရင်း မိန့်ကြားသည်များကို ဂရုတစိုက်နားထောင်နေမိသည်၊ ဆရာတော်နှင့် အတူနေထိုင်ရင်း ဆေးပညာများသင်ယူရမည် ဆိုသောကြောင့် ရွာတွင်ကျန်ခဲ့သည့် အမေအိုကြီးအား ပြန်သတိရလိုက်သည်။ မိခင်ဖြစ်သူ ဒေါ်အေးညိုမှာ အသက်ရာကျော် အိုကြီးအိုမနှင့် လုပ်ကိုင်ရှာဖွေ စားသောက်နိုင်သူမဟုတ်၊ မိခင်ကြီးအား မိမိကပင် ရှာဖွေလုပ်ကိုင် ကျွေးမွေးပြုစုခဲ့ရသည်၊ မိခင်အတွက် စိုးရိမ်ပူပန်မိသည်၊ ဆရာတော်သည် သူ့စိတ်ထဲခံစားမှုကို သိရှိပုံရသည်၊

"မင်း - ဘာမှ ပူပင်သောက ရောက်နေစရာ မလိုဘူး၊ ဒကာမကြီး ဒေါ်အေးညိုအတွက် ငွေပွှားငါးမူးစေ့လေး တစ်စေ့လောက်ရှိရင် စားသောက်စရာ လုံလောက်ပါတယ်"

"ငွေပွှားငါးမူးစေ့ဆိုတာက ဘယ်လိုပါလဲဘုရား..."

"မင်းအမေလက်ထဲမှာ အဲဒီငွေပွှားငါးမူးစေ့လေးရှိနေလို့ရှိရင် ဘယ်တော့မှ သုံးမကုန်တော့ဘူး၊ဘာပစ္စည်းပဲဝယ်ဝယ်၊အဲဒီငွေပွှားငါးမူးစေ့လေး က သူ့အလိုလို ပြန်ရောက်လာတာပဲ"

ဖိုးသာအောင်သည် ဆရာတော်ပြောပြသည့် ငွေပွှားငါးမူးစေ့ အကြောင်းကို တွေးမိရင်း သူ့ထံတွင်ပါလာသော ကတ္တီပါအိတ်လေးထဲတွင် ထည့်ထားသည့် ထူးဆန်းသည့် ဇော်ဂျီရုပ်လေးကို အမှတ်ရသွားသည်၊ ဇော်ဂျီရုပ်လေးမှာလည်း သူနှင့်မခွဲမခွာ ပါရှိလာသည်။

"ငွေပွှား ငါးမူးစေ့လေးက ပြန်ပြန်ရောက်လာတယ်ဆိုတော့ ရောင်းတဲ့သူ ဆီက ခိုးရာမကျဘူးလားဘုရား"

"ခိုးရာမရောက်ပါဘူး၊ ရောင်းတဲ့သူဆီမှာလည်း အဲဒီငွေပွှားစေ့လေးက ပျောက်မပျက်ရှိနေတာပဲ၊ ဘယ်လိုလုပ် ခိုးဝှက်ယူရာရောက်မလဲ၊ မင်းအမေဆီမှာလည်း ရှိနေတာပဲ၊ ရောင်းတဲ့သူဆီမှာလည်း ရှိနေတာပဲ၊ ဒါကြောင့်မို့ ငွေပွှား ငါးမူးစေ့လို့ ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အမေ့အတွက် နေထိုင်စားသောက်ရေး ပူပင်စရာမရှိတော့လည်း တပည့်တော် စိတ်အေးရပါပြီဘုရား၊ ဒီကောသလတောင်မှာ ဆရာတော် သင်ပေးမယ့်ဆေးပညာတွေကိုတတ်မြောက်အောင်သင်ယူပါ့မယ်ဘုရား"

"အိမ်း…ကောင်းပါပေတယ်ကွယ်… သာဓု…သာဓု…သာဓု"

ဆရာတော်ထံမှနောက်ထပ်စကားသံမကြားရတော့ပေ၊ အရောင်များ တလက်လက်တောက်ပနေသော ဂူထဲသို့ ဝင်လိုက်ကြသည်၊ ဂူထဲတွင် တိတ်ဆိတ်နေပေသည်၊ ဖိုးသာအောင် ရွာကိုသတိပြန်ရနေမိသည်၊ မိခင်ဖြစ်သူ ဒေါ်အေးညို၊ သူတစ်ဖက်သတ် ကြိုက်နေသော မြလေးငုံနှင့် သူ့ထံသို့ ထူးဆန်းစွာ ရောက်ရှိလာသော ဖေဖော်ဂျီအကြောင်းကို ပြန်လည်အမှတ်ရမိလိုက်သည်၊

ဂ ဂ ဂ

မြင်ဝါးတောင်ရွာသည် ရခိုင်ရိုးမအရှေ့ဘက် တောင်နာမောင်းတစ်ခုကို မြှောင်ကပ်၍ တောင်ကုန်းတစ်ခုပေါ်တွင် တည်ထားသော ရွာလေးဖြစ်သည်၊ တောရိပ်တောင်ရိပ်များနှင့် အေးချမ်းသာယာသော ရွာလေးဖြစ်သည်၊ ရိုးမတောကြီးထဲသို့ မရောက်ခင် တောင်စွယ်များဖြစ်သော ငွေတောင်၊ ပဒေါင်းတောင်၊ စပါးပုံတောင်၊ ချဘုတောင်များနှင့် အလုံချောင်း၊ ကျွန်းချောင်း၊ ပတောချောင်းများသည် တောင်ခြေများတွင် ပတ်ခွေစီးဆင်းလျက်ရှိသည်၊

ရွာသူရွာသားများမှာလည်း တောတက်ထင်းခုတ်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရင်း အသက်မွေးဝမ်းကြောင်းပြုကြသည်၊ ထိုရွာတွင်ဖိုးသာအောင်ဟုအမည်ရှိသောအသက်(၂၀)ခန့်လူငယ်တစ်ယောက်သည် မုဆိုးမမိခင်ကြီး ဒေါ်အေးညိုအား တောတက်၊ ဝါးခုတ်လုပ် ကျွေးပြုစုလျက်ရှိသည်၊ ဒေါ်အေးညိုတို့ သားအမိနှစ်ဦးစလုံးမှာ ရိုးသားခြင်း၊ စိတ်ရင်းကောင်းခြင်း၊ ဖော်ရွေခြင်းတို့ကြောင့် ရွာသူရွာသားများက အားလုံးချစ်ခင်ကြသည်၊ ထိုနေ့က ဖိုးသာအောင်သည် မြင်ဝါးတောင်ပေါ်တက်ပြီး ဝါးခုတ်ရန်အတွက် အဖွဲ့ခေါင်းဆောင် ကိုညိုမောင်အိမ်မှ လုပ်ငန်းကိစ္စများ ပြောဆိုပြီး အိမ်ပြန်လာခဲ့သည်၊



အပြန်လမ်းတွင် လမ်းဘေးတစ်နေရာရှိ ကပ်စေးနဲပင်များကြားတွင် လက်တစ်ဝါးခန့်ရှိသော နီနီအရာဝတ္ထုတစ်ခုကို အမှတ်မထင် လှမ်းမြင်တွေ့လိုက်ရသည်၊ အနီးသို့ တိုးကပ်လျှောက်သွားပြီး ကောက်ယူကြည့်လိုက်သည်၊ ကတ္တီပါပိုးသားအိတ်ရှုံ့လေး တစ်ခုဖြစ်နေသည်၊ အိတ်ဝထိပ်တွင် ဖွင့်ပိတ်နိုင်ရန် ပိုးကြိုးအနက်ကလေးနှင့် တွဲချည်ထားသည်၊ အတွင်းဘက်သို့ စမ်းကြည့်လိုက်သောအခါ မာမာတောင့်တောင့် အရာဝတ္ထုတစ်ခုဖြစ်နေပေသည်၊

ဖိုးသာအောင်သည် အိတ်ရှုံ့လေးအား ဆွဲဆန့်ပြီးအထဲမှ မာမာအရာဝတ္ထုအား ထုတ်ကြည့်လိုက်သည်၊ တွေ့လိုက်ရသောပစ္စည်းမှာ ထူးဆန်းသော အရုပ်ကလေးဖြစ်နေ၍ စိတ်ဝင်တစားလှည့်ပတ်ပြီး သေချာကြည့်မိလိုက်သည်၊ အရုပ်ကလေးမှာ (၃) လက်မခန့် အမြင့်ရှိ ဖေဖော်ဂျီရုပ်လေး တစ်ရုပ်ဖြစ်နေပေသည်၊

ထူးဆန်းသော ဖေဖော်ဂျီရုပ်လေးအား ပြန်ထည့်လိုက်ပြီး ထိပ်ဝမှ ကြိုးစအား တင်းတင်းဆွဲချည်ထားလိုက်သည်၊ ထိုစဉ်မှာပင် သူ့တစ်ကိုယ်လုံးသည် ကြက်သီးမွေးညင်းများတဖျန်းဖျန်းထောင်ထလာသည် ထူးတော့အတော့်ကိုပင် ထူးဆန်းနေသည်၊ ဒီလို အတွေ့အကြုံမျိုး တစ်ခါဘူးမှ တွေ့ကြုံခဲ့ခြင်းမရှိပေ၊ ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်သော်လည်း သူ့အနီးအနားတွင် တစ်ဦးတစ်ယောက်မှမရှိပေ၊ ခပ်လှမ်းလှမ်းတွင် နွားကျောင်းနေသော နွားကျောင်းသားလေးများနှင့် နွားတစ်အုပ်ကိုသာ မြင်တွေ့ရသည်၊

ဖေဖော်ဂျီရုပ်လေးထည့်ထားသော ကတ္တီပါပိုးသားရှုံ့ အိတ်လေးအား အကျႌအတွင်းရင်ဘတ်ထဲသို့ထိုးသွင်းလိုက်ပြီး ခပ်သုတ်သုတ်လျှောက်ကာ အိမ်သို့ပြန်လာခဲ့သည်၊ ဒေါ်အေးညိုက ခြေသံကြား၍လှမ်းမေးလိုက်သည်၊

"ဖိုးသာအောင် . . . သား . . ပြန်လာပြီလား၊ ကိုညိုမောင်တို့က ဘယ်ရက်လောက် တောတက်မယ် ပြောလိုက်လဲ"

"ဝါးဖောင်ဝယ်မယ့်ကုန်သည်တွေစောင့်ရဦးမယ်လို့ပြောတယ် အမေ၊ နောက်ရက်တွေမှပဲ တောတက်ရမယ် ထင်တယ်"

"အေး…အေး…ဒါဖြင့်လည်း သား အိပ်တော့…"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာအောင်သည် အိပ်ရာထဲသို့ ဝင်လိုက်ပြီး လဲလျောင်းလိုက်သည်။ ကတ္တီပါ ပိုးသားနီရှဲ့ အိတ်လေးထဲမှ ဖေဖော်ဂျီရုပ်ကလေးကို ထုတ်ယူပြီး သေချာစွာ ကြည့်လိုက်သည်။ လူတစ်ယောက်ကဲ့သို့ပင် နား၊ နှာခေါင်း၊ မျက်လုံး၊ ကိုယ်လုံးကိုယ်ထည် ဖော်ဂျီဦးထုပ်၊ ဖော်ဂျီအဝတ်အစား၊ ဖော်ဂျီတောင်ဝှေးတို့နှင့် အချိုးစားနားကျနစွာ ထုလုပ်ထားသည်။

(၃) လက်မခန့် မြင့်သော ဖော်ဂျီရုပ်လေးမှာ ပိုးဖော်ဂျီသွေး ပုဆိုးကို ခါးထက်တွင် ဝတ်ဆင်လျက် အောက်ပိုးကျိုက်ထားသည်။ ဒူးခေါင်းရင်း အထက်တွင် လူတစ်ယောက်ကဲ့သို့ ထိုးကွင်းမင်သေ့များ ထိုးထားသည်ကို တွေ့ရသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင်လည်း ပိုးဖော်ဂျီသွေး ကိုယ်ကျပ်အင်္ကျီကို ကျကျနန ဝတ်ဆင်ထားသည်။ ဖော်ဂျီဦးထုပ်ကို ဆောင်းထားသည်။ တည်ကြည်ခန့်ညားသော မျက်နှာ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ၊ နီကြောင်ကြောင်ဆံပင်မွေးများနှင့် အရုပ်ပင် ဖြစ်လင့်ကစား သက်ရှိဖော်ဂျီ တစ်ဦးကဲ့သို့ အသက်ဝင်မာန့်ပါသည်။ လက်ထဲတွင်လည်း အပ်ရောင်းတောက်သာရှိသော ဖော်ဂျီတောင်ဝှေးအား မြင်းကြိမ်ကိုင်သလို ရှိုးရှိုးပင် ဆုပ်ကိုင်ထားသည်။

ဖိုးသာအောင်သည် အသက်ဝင်နေသလို အင်္ဂါစုံထုလုပ်ထားသည့် ဖော်ဂျီရုပ်ကလေးအား မမျှော်လင့်ပဲ ကောက်ရခဲ့သည့်အတွက် ကျေနပ်ပျော်ရွှင်သွားသည်။ ကြက်တွန်သံများ ကြားလိုက်ရသည်။ ညဉ့်နက်လာပြီ ဖြစ်၍ ဖော်ဂျီရုပ်ထည့်ထားသော ကတ္တီပါအိတ်နီလေးအား သူ့အိပ်သည့် ခေါင်းအုံးအောက်သို့ ထိုးသွင်းထားလိုက်သည်။

တဖြည်းဖြည်းနှင့် ဖိုးသာအောင် အိပ်မောကျသွားသည်။

ညသန်းခေါင်ချိန်လောက်တွင် တစ်စုံတစ်ယောက်က သူ့ခါးအား တုတ်နှင့်ထိုးလိုက်သကဲ့သို့ထင်မှတ်ပြီး ဖဝေဖဝါဖြစ်ကာ လန့်နိုးသွားသည်။ အိပ်မက် မက်နေခြင်းလား၊ အမှန်တကယ်ပင် တုတ်နှင့် ထိုးခံလိုက်ရခြင်းလား ဝေခွဲမရဖြစ်နေမိသည်။ ထိုစဉ် သူ့ခါးအား သုံးလေးချက်လောက် ခတ်ဆတ်ဆတ်လေး အထိုးခံလိုက်ရပြီး မီးစနှင့် ထိုးလိုက်သကဲ့သို့ ပူခနဲ ဖြစ်သွားသောကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

အိပ်မက်မဟုတ်ပေ...။



သူ့အိပ်ရာဘေးတွင် ၅ ပေခန့်ရှိသော မှုန်ဝါဝါး သဏ္ဍာန်တစ်ခု ရပ်နေသည်ကို တွေ့ရသည်။ မှုန်တီမှုန်ဝါး လရောင်အောက်တွင် ထူးဆန်းသော ပုံသဏ္ဍာန်အား သေချာကြည့်လိုက်သည်။ အလို ... သူကောက်ရသော ဖေဖော်ဂျီနှင့် တစ်ပုံစံတည်း တူညီသော အသက်ဝင်လာသည့် ဖေဖော်ဂျီ တစ်ဦးကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည်။ ဖေဖော်ဂျီ ခန္ဓာကိုယ်မှလည်း အလင်းရောင်များ တဖျတ်ဖျတ် တောက်ပလျက်ရှိသည်။

ဖိုးသာအောင်သည် သူမအိပ်ခင် ခေါင်းအုံးအောက်တွင် ထိုးထည့်ထားသော ကတ္တီပါပိုးသားရှဲ့အိတ်နီလေးကို စမ်းကြည့်လိုက်သည်။ ဖေဖော်ဂျီရုပ်လေးမှာ မရှိတော့ပေ၊ လွှန်စွာမှ အံ့အားသင့်နေစဉ် ဖေဖော်ဂျီမှ တောင်ဝှေးနှင့် ထိုး၍မတ်တတ်ထရန် ပြလိုက်သဖြင့် ထရပ်လိုက်သည်။

ဖေဖော်ဂျီက ခြေလှမ်းပြင်ကာ ဖိုးသာအောင်အား သူ့နောက်သို့ လိုက်ခဲ့ဟန် လက်ဟန်ခြေဟန်နှင့်ပြသည်။ စကားပြောဆိုခြင်းတော့မရှိပေ၊ ထူးဆန်းသော အတွေ့အကြုံများကြောင့် ဖိုးသာအောင် အံ့ဩတုန်လှုပ် နေပါသည်။ ဖေဖော်ဂျီက ရှေ့ကနေ ထွက်ခွာသွားသည်။ ဖိုးသာအောင်သည်လည်း အကြောင်းထူးကို သိလိုသောကြောင့် နောက်မှလိုက်ပါလာခဲ့သည်။ သူ့စိတ်ထဲတွင် စိတ်ညှို့ခံထားရသူတစ်ဦးကဲ့သို့ ဖေဖော်ဂျီဆန္ဒကို ငြင်းဆန်ခြင်း မပြုခဲ့ပေ။

အိမ်ပေါ်မှ ဖေဖော်ဂျီ ဆင်းသွားပြီးနောက် ရွာထဲသို့ ဝင်သည့်လမ်းပေါ်သို့ ရောက်လာသည်။ ဖေဖော်ဂျီသည် နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး ဖိုးသာအောင် လိုက်ပါလာသောကြောင့် သူ့မျက်နှာပေါ်တွင် အပြုံးရိပ်ထင်သွားသည်။ ဖိုးသာအောင်အား သူ့နောက်သို့ ဆက်လိုက်လာရန် အမူအရာနှင့် ပြသောကြောင့် ဖေဖော်ဂျီ သွားရာနောက်သို့ တကောက်ကောက် လိုက်ပါလာခဲ့သည်။

ညနက်ချိန်ဖြစ်၍ မြင်ဝါးတောင်တစ်ရွာလုံး အိပ်မောကျ တိတ်ဆိတ်နေလေသည်။ တစ်ခါတစ်ရံ ဝူးဝူးဝါးဝါးထိုးဟောင်လိုက်သော ခွေးဟောင်သံများကိုကြားလိုက်ရသည်။ ညနက်အချိန်မတော် ဖေဖော်ဂျီ ဘာလုပ်မည်ကို သိလို၍သာ လိုက်လာခဲ့ရသည်။ စိတ်ထဲတွင် ကြောက်ရွံ့တုန်လှုပ်လာသည်။ ဖေဖော်ဂျီ ခိုင်းသည့်အတိုင်း မလုပ်ပါက အန္တရာယ်တစ်ခုခု ပေးလိုက်မည်လားဟု တွေးမိပြီး ပို၍ပင် ထိတ်လန့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဂျီက ခြံဝန်းကျယ်ကျယ်ကြီး ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ ဖိုးသာအောင်သိလိုက်သည်။ အဆိုပါအိမ်ကြီးမှာ သုံးပင်လေးခန်းတွဲ ဆောက်ထားသော ပွဲစားကြီးဦးဖိုးလူ အိမ်ဖြစ်သည်။ စပါးကျီများတွင် စပါးများ သိုလှောင်ထားပြီး စျေးကောင်းရမှ ထုတ်ရောင်းသော ကုန်သည်ပွဲစား လူချမ်းသာတစ်ဦးဖြစ်သည်။

ဦးဖိုးလူ ခြံဝန်းမှာ လူတိုင်းဝင်ရဲသော ခြံမဟုတ်၊ ကြောက်မယ်ဖွယ် ကောင်းသည့် ခွေးကြီးနှစ်ကောင်ကိုလည်း မွေးမြူထားသည်။ နေ့ဘက်တွင် သံကြိုးနှင့် ချည်နှောင်ထားပြီး ညဘက်ရောက်မှ သံကြိုးဖြေ ခြံဝန်းထဲသို့ လွှတ်ထားသည်။ လူဆိုးဓားပြသူခိုးရန်မှ ကာကွယ်ရန် အစောင့်ထားသော ခြံလုံသည့် ခွေးကြီးများ ဖြစ်ကြသည်။ သန်မာထွားကြိုင်းပြီး အစွယ်ထက်လှသော ခွေးကြီးနှစ်ကောင်မှာ ကျားတစ်ကောင်ကဲ့သို့ ဆိုးသွမ်းလှသည်။ ညဘက်ရောက်လျှင် ဦးဖိုးလူ ခြံဝန်းထဲသို့ ဝင်ဖို့ရန်မဆိုထားနှင့် ကြောက်လန့်၍ ခြံဝန်းကျင်နားသို့ပင် မည်သူမျှ မကပ်ရဲကြပေ။

ယနေ့ညအဖို့ ထူးခြားသည်မှာ ခြံစောင့်ခွေးဆိုးကြီး နှစ်ကောင်၏ ဟောင်သံများ ပျောက်ကွယ်တိတ်ဆိတ်လျက်ရှိသည်၊ အရိပ်အယောင်မျှပင် မတွေ့ရပေ၊ ဖေဖော်ဂျီသည် ခြံဝန်းတံခါးရှေ့တွင် ရပ်လိုက်သည်။ ဝင်းတံခါးမှာ ပျဉ်ထူများကို စပ်၍ ထုထူသောတံခါးကြီးဖြစ်ပြီး အတွင်းမှ မင်းတုပ် ချပိတ်ထားသည်၊ အတွင်းမှ လူတစ်ယောက် ဖွင့်ပေးမှ ဝင်နိုင်ထွက်နိုင်သော တံခါးဖြစ်သည်၊ ဖေဖော်ဂျီသည် သူ့တွင်ပါလာသော တောင်ဝှေးနှင့် တံခါးမကြီးအား ထောက်လိုက်ရာ တံခါးနှစ်ချပ်မှာ အလိုလို ပွင့်ဟသွားသည်။

ဖိုးသာအောင်သည် သူ့မျက်စိကိုပင် မယုံကြည်လောက်အောင် ဖြစ်ရသည်။ ဖေဖော်ဂျီ၏ တောင်ဝှေးအစွမ်းထက်သည်မှာ သေချာလှသည်၊ သူ့မျက်စိ ရှေ့မှောက်မှာပင် အလုံပိတ် သစ်သားတံခါးကြီးအား တောင်ဝှေးနှင့် ထောက်လိုက်ရုံနှင့်အလိုလိုပွင့်သွားသည်မှာထူးဆန်းလှပေသည်။ ခွေးဆိုးကြီးနှစ်ကောင်ကို ကြောက်သောကြောင့် မဝင်ရဲသော ဖိုးသာအောင်အား တောင် ဝှေးနှင့် လာခဲ့ဟူသော အမှုအရာကြောင့် လိုက်ပါလာခဲ့ရသည်။

အိမ်မကြီးတောင်ဘက်တွင်စပါးကျီများကိုသီးသန့်ဆောက်လုပ်ထားသည်၊ ဖေဖော်ဂျီသည် စပါးကျီများရှိရာသို့ ဦးတည်လျှောက်သွားသည်။



စပါးကျီရှေ့သို့ ရောက်လျှင် ကြီးမားသော ကြေးသော့ခလောက်ကြီးအား တောင်ဝှေးနှင့် ထောက်လိုက်ရာ သော့ခလောက်မှာ အသံမကြားရဘဲ အောက်သို့ ပြုတ်ကျသွားသည်၊ အလိုအလျောက် ပွင့်သွားသော တံခါးမကြီးအား ကျော်ဖြတ်၍ ဝင်လာခဲ့ကြသည်၊ ဖေဖော်ဂျီလုပ်ဆောင်နေသမျှသည် တောင်ဝှေးတစ်ချောင်းကို အသုံးပြု၍ အပိတ်အဆို့များကို ညင်သာစွာနှင့် ပွင့်ဟသွားစေသည်မှာ ထူးဆန်းလှသည်၊ လွန်စွာမှပင် အစွမ်းသိဒ္ဓိရှိသော ဖော်ဂျီကိုင်ထားသည့် သိဒ္ဓိမြောက် တောင်ဝှေးဖြစ်ရမည်ဟု ဖိုးသာအောင် တွေးနေမိသည်။

စပါးကျီထဲတွင်ရွှေဝါရောင်စပါးများမြင့်မားစွာပုံထားရာတောင်ဝှေးနှင့် ရှယ်လိုက်သည်နှင့် စပါးစေ့များသည် လူအများလက်နှင့် ယက်ဖယ်လိုက်သကဲ့သို့ ဘေးဘက်သို့ ပြန့်ကြဲပြုဆင်းလာသည်၊ ဖေဖော်ဂျီ၏ ခန္ဓာကိုယ်ပေါ်မှ ထွက်ပေါ်လာသော အလင်းရောင်ဖြင့် စပါးပုံထဲတွင် ကွန်ရာအိတ်များကို တွေ့ရသည်၊ ဖေဖော်ဂျီသည် ကွန်ရာ အိတ်ထိပ်အစအား တောင်ဝှေးနှင့် ထိုးလိုက်ရာ အိတ်ပွင့်သွားပြီး ငွေရောင်တလက်လက် တောက်ပြောင်နေသော ငွေဒင်္ဂါးများကို တွေ့ရသည်၊ ပွဲစားကြီး ဦးဖိုးလူ ပိုင်ဆိုင်သော ငွေဒင်္ဂါးများအား သူခိုးဓားပြရန်ကြောက်၍ စပါးပုံထဲတွင် ဝှက်ထားခြင်းဖြစ်သည်။

စပါးပုံထဲတွင် ပွဲစားကြီး ဦးဖိုးလူဝှက်ထားသော ငွေဒင်္ဂါးအိတ်များ ရှိနေသည်ကို ဖေဖော်ဂျီ ကြိုတင်သိရှိထားပုံရသည်၊ ဖိုးသာအောင်အား ခေါ်ဆောင်လာ၍ ငွေဒင်္ဂါးများယူရန် စေခိုင်းခြင်းဖြစ်သည်၊ အိတ်တစ်အိတ်လျှင် ငွေသား (၂၀၀၀) ခန့် ရှိလိမ့်မည်ဟု ဖိုးသာအောင် ခန့်မှန်းမိသည်၊ ဖေဖော်ဂျီက သူ့အား သူခိုးဖြစ်ရန် မစခြင်းဖြစ်တာပဲဟု တဒင်္ဂတွေးမိပြီး ပျော်ရွှင်ဝမ်းမြောက်သွား သည်။

သို့သော် ထိုငွေဒင်္ဂါးပြားမှာ ပိုင်ရှင်မရှိသော ငွေမဟုတ် ပွဲစားကြီး ဦးဖိုးလူ ပိုင်ဆိုင်သည့်ငွေဖြစ်သည်၊ ပိုင်ရှင်ရှိသော ငွေအား ပိုင်ရှင်မသိအောင် ယူဆောင်သွားမိပါက မိမိသည် သူခိုးတစ်ယောက်သာ ဖြစ်ပေလိမ့်မည်၊ အဒိန္နာဒါန ကျူးလွန်ရာရောက်သည်၊ သူခိုးအဖြစ်တော့ အဖြစ်မခံနိုင်၊ ငွေဒင်္ဂါးအိတ်များကို စိတ်ဝင်စားခြင်းမရှိ၊ လက်ဖျားနှင့်ပင် မထိဘဲ ရပ်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဂျီကထိုသို့မဟုတ်ငွေဒင်္ဂါးအိတ်ကိုသယ်ယူရန်တောင်ဝှေးနှင့်ထောက်၍ လက်ဟန်ပြသည့် ဖေဖော်ဂျီအမိန့်ကို မနာခံလျှင် မည်သို့ ဖြစ်မည်မသိ၊ ကိုယ်ရောင်ကိုယ်ဝါ ပေါက်ပနေသော ဖေဖော်ဂျီနှင့် သိမ္မြောက်သော တောင်ဝှေးသည် သူ့ရှေ့မှာပင် အံ့သြဖွယ်ရာ ထူးဆန်းမှုအား မြင်တွေ့ခဲ့ရပြီးဖြစ်သည်၊

ဖိုးသာအောင် အနေနှင့် သူတစ်ပါးပစ္စည်းကို ခိုးယူရန်မပြောနှင့် စိတ်မှ ပင်ကူးဝံ့သူမဟုတ်ပေ၊ ရိုးသားဖြောင့်မတ်၍ အဒိန္နာဒါနကို မကျူးမိရန် တစ်သက်လုံး ထိန်းသိမ်းစောင့်ရှောက်လာခဲ့သူဖြစ်သည်၊ လွန်စွာမှ စက်ဆုပ်ဖွယ်ကောင်းသော သူခိုးတစ်ယောက် ဖြစ်ရမည်ကိုလည်း သူမလိုလားပေ၊ ဖိုးသာအောင် တွေဝေနေစဉ်မှာပင် ဖေဖော်ဂျီသည်တောင်ဝှေးနှင့် ဖိုးသာအောင် ဝမ်းဗိုက်အား ခပ်ဆတ်ဆတ်လေး ထိုးထည့်လိုက်သည်၊

ရင်ဝတွင် မီးစနှင့်ထိုးလိုက်သလို ပူလောင်သွားပြီး တစ်ကိုယ်လုံး ထုံကျင်သွားသဖြင့် နောက်ဘက်သို့ ဆုတ်မိသွားသည်၊ ဖေဖော်ဂျီ၏ တောင်ဝှေးကား လွန်စွာမှ ကြောက်စရာကောင်းလှပေသည်၊ နောက်တစ်ကြိမ် တောင်ဝှေးနှင့် ထိုးရန် ဟန်ပြင်လိုက်စဉ်မှာပင် လွန်စွာမှ ကြောက်လန့်ပြီး (၁၅) ပိဿာခန့်အလေးချိန်ရှိသည့်ငွေဒင်္ဂါးထည့်ထားသောကွန်ရာအိတ်ကြီးအား ဆွဲဖော်မယူပြီး ပခုံးပေါ်သို့ ကမ်းတင်လိုက်သည်၊

သူ့ဆန္ဒအတိုင်း ဖိုးသာအောင် လိုက်နာဆောင်ရွက်သည်ကိုမြင်လိုက်သောကြောင့် ဖေဖော်ဂျီ မျက်နှာမှာ ပြုံးရွှင်သွားသည်၊ ရှေ့က ထွက်သွားသော ဖေဖော်ဂျီနောက်သို့ ငွေဒင်္ဂါးအိတ်ကြီး ထမ်းပြီးလိုက်ပါလာခဲ့သည်၊ စပါးကျီရှေ့ အဝင်တံခါးဝရောက်လျှင် တံခါးမကြီးအနီး ပြုတ်ကျနေသော ကြေးခလောက်အား တောင်ဝှေးနှင့် ထောက်၍ နေသားတကျ ဖြစ်ရန် နဂိုမူလပိတ်ထားသည့်အတိုင်း ပိတ်သွားစေသည်၊

ခြံဝန်းထဲသို့ ရောက်လာကြသည့် အလွန်ဆိုးဝါးသော ခွေးကြီးနှစ်ကောင်မှာ ယနေ့ညအဖို့ ထူးခြားစွာ တိတ်ဆိတ်လျက်ရှိပြီး အရိပ်အယောင်ပင်မမြင် တွေ့ရပေ၊ ခြံဝသို့ ရောက်ရှိလာသည်၊ ဖေဖော်ဂျီသည် ခြံအပြင်သို့ ထွက်လိုက်ပြီး ခြံဝန်းတံခါးကိုလည်း တောင်ဝှေးနှင့်ပင် အသေအချာ ပြန်ပိတ်လိုက်သည်ကို မြင်တွေ့ရသည်၊



ရွာလယ်လမ်းမကြီးအတိုင်း ဖိုးသာအောင်အိမ်ရှိရာ ရွာအစွန်ပိုင်းသို့ လျှောက်လာခဲ့ကြသည်၊ ညအမှောင်ထဲတွင် ဖေဖော်ဂျီ ကိုယ်မှ ကိုယ်ရောင်ကိုယ်ဝါများ တလက်လက်ထွက်ပေါ်လျက်ရှိသည်၊ ဖေဖော်ဂျီမှာ ငွေအိတ်ရလာ၍ လေကလေး တချွန်ချွန်နှင့် မြူးကြွနေပုံရသည်၊ ဖိုးသာအောင် အိမ်ခန်းတွင်းသို့ ဝင်ရောက်သွားပြီး ပျောက်ကွယ်သွားသည်၊ ငွေဒင်္ဂါးအိတ်ကြီးကို ထမ်းလာ သော ဖိုးသာအောင်မှာ သူ့အိပ်ရာဘေးတွင် အသံမကြားရအောင် အသာလေး ချထားလိုက်သည်၊

သတိရ၍ ခေါင်းအုံးအောက်ရှိ ကဗ္ဗီပါ ပိုးသား၍ အိတ်နီလေးအား စမ်းကြည့်လိုက်သည်၊ အိတ်ကလေးထဲတွင်မာမာတောင့်တောင့် (၃) လက်မခန့် အရာဝတ္ထုတစ်ခုကို စမ်းမိ၍ ဖေဖော်ဂျီ မောင်မင်းကြီးသား ပြန်ရောက်နေမှလို့ဟု ဟင်းချမိတော့သည်၊ သူ့ဘဝတစ်လျှောက်လုံး မိခင်ကြီးနှင့် အတူနေထိုင်၍ တောတက်ဝါးခုတ် လုပ်ကိုင်ရှာဖွေစားသောက် လာခဲ့သည်၊ ယခုကဲ့သို့ ထူးဆန်းသည့် အတွေ့အကြုံမျိုးကို တစ်သက်နှင့်တစ်ကိုယ် ကြုံတွေ့ဖူးခြင်းမရှိပေ၊ ယနေ့ည အဖြစ်အပျက်များသည် အိပ်မက်များ ဖြစ်နေသလား၊ အိပ်မက်လည်း မဟုတ်ပေ၊ သူကိုယ်တိုင် ထမ်းယူလာသော ငွေအိတ်ကြီးက သူ့အိပ်ရာဘေးတွင် အထင်အရှား ရှိနေသည်၊

ဖေဖော်ဂျီနှင့် ဆေးတောင်ဝှေးကို ကြောက်၍သာ ယူလာခဲ့ခြင်းဖြစ်သည်၊ ထိုကိစ္စအား မည်ကဲ့သို့ လုပ်ရပါမည်နည်း။ ပွဲစားကြီး ဦးဖိုးလူကိုပဲ ပြန်ပေးရကောင်းမလား ပြန်ပေးလျှင် သူခိုးကြောင်းသိရှိ၍ အမှုပတ်ပေတော့မည်၊ ဖေဖော်ဂျီကို မည်သို့ လုပ်ရပါမည်နည်း။ ပြန်မပေးပဲထားပါက ခိုးခြင်းတံထိုက်၍ ငရဲကျပေတော့မည်၊ ဖိုးသာအောင်သည် အမျိုးမျိုး တွေးတောရင်း စဉ်းစားရခက်၊ တွေးရခက် ဆုံးဖြတ်ချက် ချမရဖြစ်ရသည်၊

ထိုညက နည်းမျိုးစုံ စဉ်းစားရင်း အကြံပေါ်လာသည်၊ အမေအိပ်ပျော်နေစဉ်မှာပင် ပေါက်တူးတစ်လက်နှင့် အတူငွေအိတ်အားထမ်းပြီး အိမ်မှ ထွက် လာခဲ့သည်၊ ရွာမြောက်ဘက်သို့ လျှောက်လာခဲ့သည်၊ ရှေ့နားတွင် သစ်တော ကြီးဝိုင်းရှိသည့် ကြီးဝိုင်းအစပ်နားရှိ မယ်ဇလီပင်ကြီး အောက်တွင် သုံးတောင် ခန့် တူးပြီးနောက် မြှုပ်နှံထားလိုက်သည်၊ အပေါ်ယံတွင်



www.burmeseclassic.com

www.burmeseclassic.com

သစ်ရွက်ခြောက်များ ဖုံးလျက် အရာမထင်အောင် လုပ်ထားပြီး ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်၍ ရေနံမီးခွက်ထွန်းလိုက်သည်။ ခေါင်းအုံးအောက်တွင် ထိုးထည့်ထားသော ကတ္တီပါ ပိုးသားနီရဲ့ အိတ်လေးအား ထုတ်ယူလိုက်သည်။ မယ်ဇလီပင်ကြီးအောက်တွင် ဖေဖော်ဂျီမသိအောင် ငွေဒင်္ဂါးအိတ်အား မြှုပ်နှံထားခဲ့သောကြောင့် ဖေဖော်ဂျီ စိတ်ဆိုးပြီး သူ့အား တစ်မျိုးတစ်မည် လုပ်မည်ကို စိုးရိမ်မိ၍ ထုတ်ကြည့်ခြင်း ဖြစ်သည်။

ဖေဖော်ဂျီရုပ်မှာ ထူးခြားမှု မတွေ့ရပေ။ ဖိုးသာအောင်သည် စိတ်အေးသွားပြီး ငွေဒင်္ဂါးအိတ်ကြီး သူ့ထံတွင်မရှိခြင်းကြောင့် စိုးရိမ်ပူပန်ခြင်းမှ သက်သာရာရ သွားသည်။ ထိုညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး ဖေဖော်ဂျီမှ ဒုက္ခပေးခြင်း မရှိတော့ပေ။

ႇ ႇ ႇ

နောက်တစ်နေ့မနက်တွင် ဖိုးသာအောင်သည် ပွဲစားကြီး ဦးဖိုးလှ အိမ်ဘက်သို့ ထွက်လာခဲ့သည်။ ခြံဝင်းတံခါးရှေ့တွင် အသံပြု လှမ်းခေါ်လိုက်သည်။

"ဦးဖိုးလှ ... ကျွန်တော် ဖိုးသာအောင်ပါ ... ကိစ္စလေးရှိလို့"

ဖိုးသာအောင် အသံကြားလိုက်သည်နှင့် ခွေးဆိုးကြီးနှစ်ကောင်မှာ ချည်နှောင်ထားသည့် သံကြိုးများနှင့် တဝုန်းဝုန်း ဖြစ်နေပေသည်။ ဖေဖော်ဂျီနှင့်အတူ ငွေဒင်္ဂါးအိတ်လာခိုးသည့် ညက ခွေးဆိုးကြီးနှစ်ကောင်မှာ ပျောက်ကွယ်လျက်ရှိပြီး ယခုလို သောင်းကျန်းမနေကြပေ။ အဖြစ်အပျက်များကား ထူးခြားလှ သည်။ တံခါးကြီးပွင့်သွားသည်။

"ဟဲ ... ထိုင် ... ရေနွေးကြမ်းသောက်၊ ဖိုးသာအောင် ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါ ... ကျွန်တော် ညက ထူးထူးဆန်းဆန်း အိပ်မက် မက်ပါတယ်၊ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတစ်ယောက်ပေါ်လာပြီး ဦးရဲ့ ငွေဒင်္ဂါးတွေ သူခိုး ခိုးသွားကြောင်း၊ သူခိုးက ရွာမြောက်ဘက် သစ်တောကြီးဝိုင်းအစပ်နားက မယ်ဇလီပင်ကြီးအောက်မှာ မြှုပ်ထားတယ်လို့ ပြောတယ်၊ အဲဒါ-ဦးနဲ့ ပတ်သက်နေလို့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ လာပြီး ပြောပြတာပါ"



"ဟေ ... မင်းအိပ်မက်က တယ်လည်း ထူးဆန်းပါလား။ ဒါ-ငွေအိတ်တွေဝှက်ထားတာကို ဘယ်သူမှမသိဘူး။ ဒီသူခိုးက ဘယ်လိုလုပ်ပြီးသိသွားတယ် မသိဘူး"

ပြောပြောဆိုဆို ဦးဖိုးလှသည် သူတပည့်များနှင့်အတူ စပါးကျီထဲရှိ ငွေအိတ်များကို စစ်ဆေးကြည့်သည်။ ဖိုးသာအောင် အိပ်မက် မက်သည့်အတိုင်း ငွေအိတ်တစ်အိတ် ပျောက်နေကြောင်း သိလိုက်ရ၍ လွန်စွာမှ တုန်လှုပ်သွားသည်။ ချက်ချင်းဆိုသလိုပင် ရွာမြောက်ဘက်သို့ လူစုလူဝေးနှင့် ထွက်လာကြပြီး အိပ်မက်အတိုင်း ရှာဖွေကြည့်ကြသည်။ ဖိုးသာအောင် ကိုယ်တိုင် မြှုပ်ထားသောနေရာကို သိနေ၍ ခက်ခက်ခဲခဲ မရှာရပေ။

"အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ် အဘိုးကြီး ပြသွားတာ ဒီနေရာပဲ"

ဖိုးသာအောင် ညွှန်ပြသည့် နေရာသို့ တူးဖော်ကြသည်။ မကြာမီ ငွေအိတ် ပေါ်လာသည်။ အားလုံးမှာလည်း တအံ့တဩဖြစ်နေကြသည်။ သူခိုး ခိုးပြီး မယ်ဇလီပင်ကြီးအောက်တွင် ငွေအိတ်ပြန်ရသဖြင့် ဦးဖိုးလှမှာ ဝမ်းသာအားရ ဖြစ်ရသည်။ ဖိုးသာအောင်သာ အိပ်မက် မမက်လျှင် သူ့ငွေဒင်္ဂါးများ ဆုံးရှုံးသွားမည်မှာ အသေအချာဖြစ်သည်။

ရိုးသားဖြောင့်မတ်သော ဖိုးသာအောင်ဖြစ်သည်။ ဖိုးသာအောင် မရိုးသားလျှင် ဦးဖိုးလှအား ပြောမပြဘဲ သူ့ဘာသာ တူးဖော်ရယူနိုင်ပါလျက်နှင့် ဦးဖိုးလှကို ပြောပြသည်မှာ ရိုးသားသည့်စိတ်ဓာတ်ကြောင့်သာဖြစ်သည်ဟု ရွာသားများက ထင်မှတ်ကြသည်။ ဦးဖိုးလှက ကျေးဇူးဆပ်သည့်အနေနှင့် ငွေ (၂၀၀) ကျပ်အတင်းပေးရာ ဖိုးသာအောင်က ငြင်းဆန်နေသည်။ ရွာသားများက ဝိုင်းဝန်းပြော၍သာ နောက်ဆုံး လက်ခံလိုက်သည်။ ဦးဖိုးလှမှာ ဖိုးသာအောင်အား ကျေးဇူးတင်မဆုံး ဖြစ်ရလေသည်။

ႇ ႇ ႇ

ပွဲစားကြီး ဦးဖိုးလှ၏ ငွေဒင်္ဂါးအိတ်ကို အိပ်မက်အရ ဖန်တီးပြီး ပြန်လည် ပေးအပ်ခဲ့သည်။ သူ့စိတ်ထဲတွင်လည်း လွတ်လပ်ပေါ့ပါးသွားသည်။ ဖေဖော်ဂျီ သာသိလျှင် သူ့တောင်ရေးနှင့် ထိုးမည်လား မသိပေ။ ဖေဖော်ဂျီ ကျေနပ်ခြင်း ရှိမရှိ သူမသိပေ၊ ထိုညက စိတ်လက်ပေါ့ပါးစွာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ည (၁၂) နာရီခန့်တွင် ဖိုးသာအောင် တင်ပါးအား တောင်ဝှေးနှင့် ထိုးလိုက်၍ ပုခနဲ ဖြစ်သွားသည်။ ဖိုးသာအောင် မအံ့ဩတော့ပေ။ ဖေဖော်ကျိ တစ်စခန်း ထလာခြင်းဖြစ်သည်။ အိပ်ရာမှ ဝေါက်ခနဲ ထထိုင်လိုက်ပြီး အိပ်ရာဘေးသို့ လှမ်းကြည့်လိုက်သည်။ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပနေသော ဖေဖော်ကျိသည် လုပ်မြဲအလုပ်ကို လုပ်ရန်အတွက် သွားကြစို့ဟု ခေါ်နေသယောင် အသွင်ကိုဆောင်လျက် သူ့နောက်လိုက်ရန် လက်ဟန်ပြလိုက်သည်။ ဖိုးသာအောင် မငြင်းဆန်ဝံ့ပေ။ ဘယ်အရပ်၊ ဘယ်ဒေသသို့ သွားမည်မသိ။ သူတစ်ပါး မသိအောင် ဘယ်ပစ္စည်းအား နိုးပေးရမလဲဟု တွေးရင် ဖိုးသာအောင် စိတ်ညစ်သွားသည်။

သစ်ရိပ်ဝါးရိပ်နှင့် အုံ့ဆိုင်းလျက် ညအမှောင်ထုများအကြားတွင် ဖေဖော်ကျိ ခန္ဓာကိုယ်မှအလင်းရောင်များထွက်နေသဖြင့် ဘယ်နေရာရောက်နေသည်ကို ဖိုးသာအောင် သိလိုက်ရသည်။ စိတ်ထဲတွင်လည်း စိုးထိတ်သွားသည်။ ယခု အိမ်မှာ သူ့တိတ်တခိုး ချစ်မြတ်နိုးနေရသော မြတ်လေးငုံ အိမ်ဖြစ်နေသည်။

အိမ်မကြီး တံခါးမှလည်း တံခါးကျည်သုံးဆင့် ပိတ်ထားသော်လည်း တောင်ဝှေးတန်ခိုးနှင့် အလွယ်တကူ ပွင့်သွားသည်။ အိမ်မကြီးအတွင်းသို့ ဝင်လာပြီး အခန်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။ အတွင်းဘက်မှ ပိတ်ထားသော တံခါးဖြစ်သော်လည်း တောင်ဝှေးနှင့် ထောက်လိုက်ရာ ပွင့်သွားပြန်သည်။ ဖေဖော်ကျိ ကိုယ်ရောင်ကိုယ်ဝါများနှင့်အတူ အတွင်းခန်းတစ်ခုလုံးကိုလည်း ထင်ထင်ရှားရှား မြင်တွေ့မြင်တွေ့နေရသည်။

ဖိုးသာအောင်ရင်ထဲတွင်တဒိန်းဒိန်းခုန်လျက်နားထင်နားရင်းများထူပူလာသည်။ အာခေါင်များခြောက်ကပ်လာပြီး တံတွေးကိုမကြာခဏ မျိုချနေရသည်။ သူ့တွေ့လိုက်ရသောမြင်ကွင်းကားသည်တစ်သက်တွင်တစ်ခါမြင်ဖူးရုံနှင့် တစ်သက်လုံး စွဲလမ်းသွားစေမည့် မြင်ကွင်းဖြစ်သည်။ မြတ်လေးငုံသည် သင်ဖြူးဖျာလေးပေါ်တွင် ပက်လက်လှန်ကာ နစ်နစ်မြိုက်မြိုက်ကြီး အိပ်ပျော်နေသည်။ အသက်ရှူသံများကြောင့်သူမရင်အုံလေးများကိုလည်း နိမ့်ချည်မြင့်ချည် မြင်တွေ့ရသည်။

ဖေဖော်ကျိသည် မြတ်လေးငုံခေါင်းရင်းဘက်တွင် မတ်တတ်ရပ်လျက်ရှိသည်။ တောင်ဝှေးဖြင့်လည်းမြတ်လေးငုံ ခေါင်းအုံးအား ထောက်ပြသည်။



ဖေဖော်ကျိစေခိုင်းသည့်အတိုင်းဖိုးသာအောင်မလုပ်နိုင်သေးပေ။ မြတ်လေးငုံ၏ နုပျိုစိုပြေဝင်းနေသော ပကတိအလှကို တမေ့တမော ငေးကြည့်နေမိသည်။ ပူလောင်အိုက်စပ်သော ညဖြစ်၍ မြတ်လေးငုံသည် စောစောက ထမီရင်လျားနှင့် အိပ်ရာဝင်ခဲ့ပုံရသည်။

ပူအိုက်သည့်ဒဏ်ကြောင့်လူးလိမ့်ရင်းအိပ်ပျော်သွားရာမှလုံချည်စမှာ အောက်ဘက်သို့ လျှောကျလျက်ရှိပြီး ခန္ဓာကိုယ်အပေါ်ပိုင်းအား အထင်းသား မြင်တွေ့နေရသည်။ ဖွံ့ထွားစိုပြေသော အလှတို့အား အစွမ်းကုန် ပွင့်ဖူးနေသကဲ့သို့ ရှိသည်။ ပေါ်လွင်သော နှာတံ၊ သနပ်ခါး ပါးကွက်ကွက်ထားသော ပါးပြင်မို့မို့ မှိတ်ထားသော မျက်လုံးပေါ်မှ ကော့ညွတ်ကွေးနေသော မျက်တောင်မွေးများ ဝင်းမို့သော ပခုံးသားမို့မို့ပေါ်တွင် ဖရိုဖရဲ ဝဲကျနေသော နက်မှောင်သည့်ဆံကေသာများကပိုကရို၊ဖရိုဖရဲနှင့်ဖိုးသာအောင်စိတ်များ ဗလောင်ဆူဝေလျက်ရှိသည်။

အစွမ်းသိဒ္ဓိရှိသော တောင်ဝှေးကို ကိုင်ဆောင်ထားသည့် ဖေဖော်ကျိတို့လည်း အထူးပင် ကျေးဇူးတင်နေမိသည်။ သူတစ်ဖက်သတ် မြတ်နိုးသော

ထူးဆန်းဖွယ်ကောင်းသည်မှာ
ဖေဖော်ကျိ၏ နှုတ်ခမ်းဖျား
တမွှမွှ လှုပ်လာပြီး
ဆရာတော့်အား ပြန်လည်လျှောက်ထား
နေသကဲ့သို့ ဖြစ်သည်။ အသံကိုတော့
မကြားရပေ။ အတန်ကြာသောအခါ
ဖေဖော်ကျိ ရုပ်လေးသည်
လူတစ်ယောက်
လမ်းလျှောက်
သွားသကဲ့သို့ ဂူပေါက်ဝဆီသို့
လမ်းလျှောက်သွားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

မြတ်လေးငုံ အိပ်ခန်းထဲအရောက် ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်လာပေးသော ဖေဖော်ဂျီအား ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ ယခင်ရက်က ပွဲစားကြီးဦးဘိုးလူ့အိမ်မှ ငွေဒင်္ဂါးများကို ခိုးယူပြီးငွေရှာပေးသည်။ အဒီနောက်ကျကြောက်ပြီး ဥစ္စာရှင်ထံ အိပ်မက်အရ သိလိုက်ရသလို ညာကာဆင်ပြီး ပြန်ပေးခဲ့သည်။

ယနေ့ညအဖို့ အပျိုစင်အချောအလှ မြတ်လေးငုံ အတွင်းအိပ်ခန်းသို့ ရောက်အောင်ပို့ဆောင်ပေးသည်။ ဖေဖော်ဂျီသည်တောင်ဝှေးနှင့်မြတ်လေးငုံ အိပ်နေသော ခေါင်းအုံးအား ထောက်ပြမြဲ ထောက်ပြလျက်ရှိသည်။ ဖိုးသာအောင်သည် ခေါင်းအုံးအောက်သို့ ညင်သာစွာ လက်နှိုက်ပြီး စမ်းလိုက်ရာ လက်ကိုင်ပဝါနှင့် စုချည်ထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်ရသည်။

ဖေဖော်ဂျီက ပြန်ရန်ဟန်ပြင်လိုက်ပြီး အပေါ်ဘက်သို့ လျှောက်သွားသည်။ ဖိုးသာအောင်သည် အိပ်ပျော်နေသော မြတ်လေးငုံ၏ ခန္ဓာကိုယ်အလှအား မချင့်မရဲ ကြည့်လိုက်ပြီး ဖေဖော်ဂျီနောက်သို့ လိုက်ခဲ့သည်။ ဖေဖော်ဂျီသည် အခါတိုင်း ပြုမူနေကြအတိုင်း တံခါးပေါက်များ ပြူတင်းတံခါးများကို တောင်ဝှေးအစွမ်းနှင့် ပြန်ပိတ်လိုက်ပြီး ရွာလယ်လမ်းအတိုင်း အိမ်သို့ပြန်လာခဲ့ကြသည်။ အိမ်ထဲသို့ဝင်လိုက်သည်နှင့် ဖေဖော်ဂျီမှာ အုံ့ဩစွာ ပျောက်ကွယ်သွားသည်။ ကတ္တီပါ ပိုးသားရှုံ့ အိတ်နီလေးအား စမ်းကြည့်ရာ ဖော်ဂျီရုပ်လေး ပြန် လည်ရောက်ရှိနေမှန်း သိသွားသည်။

လက်ကိုင်ပဝါထုပ်လေးအား ပြန်ကြည့်လိုက်သည်။ ရွှေရောင်တဝင်းဝင်းတောက်ပနေသော မြတ်လေးငုံ ဝတ်ဆင်သည့် နော်ဖာကုံးတစ်ကုံး၊ စတီလက်ကောက်တစ်ရံ၊ ရွှေခြေကျင်းတစ်စုံတို့ကို တွေ့ရသည်။ ရွှေထည်ပစ္စည်းများ တန်ဖိုးသင့်လျှင် မနည်းလှပေ။ ဖေဖော်ဂျီကြောင့် လွန်စွာမှ အခက်တွေ့နေရပြီဖြစ်သည်။ ထိုကဲ့သို့ ညစဉ်ညတိုင်း တစ်အိမ်တက် တစ်အိမ်ဆင်း ရွှေ၊ ငွေ လက်ဝတ်ရတနာ မစ္စည်းများကို ခိုးဝှက်ယူဆောင်နိုင်းပါက တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခရောက်ရပေတော့မည်။ ဖိုးသာအောင်သည် မြတ်လေးငုံအား တစ်ဖက်သတ် မေတ္တာရှိနေသော်လည်း သူမ ပစ္စည်းများကို မက်မောသူ မဟုတ်ပေ။ ဖေဖော်ဂျီသည် ပစ္စည်းခိုးရန် သက်သတ်သာ အစွမ်းရှိသော ဖေဖော်ဂျီဖြစ်သည်။

ᛉ ᛉ ᛉ



"ဖိုးသာအောင်...ဖိုးသာအောင်..."

အိမ်ရှေ့မှ သူနာမည်ကို ခေါ်နေသောကြောင့် ထွက်ကြည့်လိုက်မိသည်။ သူနှင့်အတူ တောင်ပေါ်ဘက် ဝါးခုတ်နေကျ ဖိုးထောင်ဖြစ်နေသည်။

"စောစောစီးစီးပါလား...ကိုဖိုးထောင်"

ဖိုးထောင်က အိမ်ပေါ်တက်လာရင်း ခရီးရောက်မဆိုက် ပြောလိုက်သည်။

"ဟုတ်တယ်...ရွာထဲမှာ သတင်းတစ်ခု ကြားရလို့..."

"ဘာတွေ သတင်းထူးလို့လဲ..."

"တစ်ရွာလုံးက လူတွေက ပြောနေကြတာပဲ။ ညက မြတ်လေးငုံ အိပ်ခန်းထဲက ရွှေထည်ပစ္စည်းတွေကို သူ့ မောင်သံလုံးက ယူပြီး ဖဲရိုက်လိုက်တယ်ပြောတယ်။ သံလုံးအဖေက ဒေါသထွက်ပြီး သံလုံးကို အိမ်ပေါ်က နှင်ချလိုက်တယ်"

"သံလုံးခိုးတာ ဟုတ်ပါ့မလားကွာ..."

အကြောင်းသိဖြစ်နေသော ဖိုးသာအောင်က မလုံ့မလဲနှင့် မေးလိုက်သည်။

"မင်းလဲ သိသားပဲကွာ။ ဒီကောင်က ကောင်းတာမဟုတ်ဘူး။ ရွာစဉ် လျှောက်ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်၊ တစ်ရွာလုံး သိတာပဲ၊ ဒီတစ်ချီတော့ အနိုင်ကြီးမသွားဘူး၊ မြတ်လေးငုံ ရှိသမျှ ပစ္စည်းတွေအကုန်ပဲ၊ ကောင်မလေးလည်း သနားပါတယ်။ သူ့ပစ္စည်းတွေ ပျောက်သွားတော့ တရှုံ့ရှုံ့ငိုနေတာပဲ"

ဖိုးသာအောင်သည် သံလုံးအတွက် စိတ်မကောင်းဖြစ်ရသလို မြတ်လေးငုံအတွက် ဝမ်းနည်းကြေကွဲရသည်ကို မကြည့်ရက်နိုင်။ ဖေဖော်ဂျီ လုပ်ပုံကြောင့် သံလုံးမှာ မပြေးသော်လည်း ကန်ရာရှိဆိုသလို သံသယဝင်ခြင်းခံရ သည်။

"အိမ်တံခါးတွေကိုလည်း လုံလုံခြုံခြုံပိတ်ထားတာ အပြင်လူ ခိုးဝင်ဖို့ဆိုတာမလွယ်ဘူး။ ဝင်ခိုးတယ်ထားဦးတော့ ခြေရာ၊ လက်ရာပျက်မှာပဲ။ ပြီးတော့ မြတ်လေးငုံ ခေါင်းအုံးအောက်မှာ ရွှေထုပ်ထားတယ်ဆိုတာ ဘယ်သူသိမလဲ။ အတွင်းလူဖြစ် လို့သာ ပျောက်သွားတာပေါ့။ သံလုံးက တော်တော်ဆိုးတဲ့ ကောင်ပဲ။ သူ့အဖေက ရိုက်နှက်ပြီး အိမ်ပေါ်က နှင်ချလိုက်တာ နည်းတောင် နည်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"သံလုံး ဘယ်ရောက်သွားလဲ"

"မြတ်သူတို့ အရက်ချက်တဲ့ တဲရောက်နေမှာပေါ့ကွာ"

သံလုံးအပြစ်မှလွတ်မြောက်ရန်နှင့်မြတ်လေးငုံပစ္စည်းအားပြန်ပေးရန်နှင့် နည်းလမ်းရှာရပေမည်၊ ပွဲစားကြီး ဦးဖိုးလူ၊ ငွေဒင်္ဂါးအိတ်ပြန်ပေးသကဲ့သို့ပင် ပြန်ပေးရန် စဉ်းစားမိသည်၊

"ကိုညိုမောင်က ရှေ့အပတ်ဝါးခုတ်တက်ရမယ်လို့ ပြောတယ်၊ အဆင်သင့် ပြင်ထားဦး၊ ငါ သွားမယ်"

ဖိုးထောင်က နှုတ်ဆက်ပြီးပြန်သွားသည်၊ နေ့လယ်တွင် ဖိုးသာအောင်သည် မြတ်လေးငုံ ရွှေထည်များယူပြီး မလှမ်းမကမ်းတွင် အရိပ်အာဝါသကောင်းသည့် ညောင်ပင်ကြီးရှိရာသို့ ရောက်လာခဲ့သည် ညောင်ပင်ကြီးအောက်တွင် ကိုးမြို့ရှင် နတ်ကျွန်းရှိသည်၊

ဖိုးသာအောင်သည် ကိုးမြို့ရှင် နတ်ကျွန်းစင်တိုင်အောက်တွင် မြေတူးပြီး မြှုပ်နှံထားလိုက်သည်၊ ရွာဦးစေတီအား ဘုရားဝတ်ပြု ဦးချကန်တော့လိုက်သည်၊ မြတ်လေးငုံ မေတ္တာပန်းအိုးကို ဆင်မြန်းပြီး အတူတကွ ပေါင်းဖက်နိုင်ရပါစေသားဟု ဆုတောင်းပြီး ရွာထဲသို့ပြန်လာခဲ့သည်၊ သူ့ခြေလှမ်းများကား မြတ် လေးငုံအိမ်ရှိရာသို့ ဦးတည်လိုက်သည်၊

အတန်ကြာအောင် လျှောက်လာပြီး နောက်အိမ်ရှေ့သို့ ရောက်လာသည်၊ မြတ်လေးငုံအဖေက ခြံဝင်းထဲသို့ ဝင်လာသော ဖိုးသာအောင်ကို မြင်တွေ့လိုက်သောကြောင့် လှမ်းမေးလိုက်သည်၊

"ဖိုးသာအောင်ပါလား . . . ဘယ်က လှည့်လာတာလဲ . . ."

"ဒီကိုပဲ တမင်လာခဲ့တာပဲ . . . ဦး . . . အရေးတကြီး ပြောစရာကိစ္စရှိလို့ပါ"

"ဘာများ အရေးကြီးလာလို့လဲ"

"ညက ကျွန်တော် ထူးထူးဆန်းဆန်း အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ရွာထိပ်မှာရှိတဲ့ ရွာဦးစေတီကို ခေါ်သွားတယ်၊ တောင်ပေါ်ရောက်တော့ ညောင်ပင်ကြီးအောက်မှာရှိတဲ့ ကိုးမြို့ရှင်နတ်ကွန်းကို လက်ညှိုးထိုးပြတယ်၊ မင်းချမ်းသာဖို့ငါမ.စတာပဲ၊အဲဒီနတ်ကွန်းစင်တိုင်အောက်ကိုတူးလိုက်ရင်ရွှေထုပ်ရလိမ့်မယ်လို့ အိပ်မက်လာ ပေးပါတယ်၊ ဦးတို့ ပစ္စည်းပျောက်တာနဲ့များ ပတ်သက်နေမလားလို့ပါ"

"အေးကွာ ထူးထူးဆန်းဆန်းပဲ ငါတို့က သံလုံးခိုးသွားပြီး ဖဲရိုက်ပစ်လိုက်တယ်လို့ ထင်နေတာ၊ သွားရှာကြည့်တာပေါ့ကွာ"

မြတ်လေးငုံတို့မိသားစုနှင့်အတူ ရွာထိပ်ရှိ ရွာဦးစေတီလေးရှိရာ ရောက်ခဲ့ကြသည်၊ ဖိုးသာအောင် ညွှန်ပြသည့်အတိုင်း တူးကြည့်ရာ မြတ်လေးငုံ၏ ရွှေထည်ပစ္စည်းများ ထုပ်ထားသည့် လက်ကိုင်ပဝါအထုပ်ကို ပြန်တွေ့လိုက်ကြသည်၊ မြတ်လေးငုံမှာ ဝမ်းသာလွန်း၍ မျက်ရည်များနှင့် ဝဲကျလာသည်၊ ဖိုးသာအောင်ကိုလည်း ကျေးဇူးတင်မဆုံးတော့ပေ၊ မျက်ရည်စများ ဝေ့သီနေသော ညိုမျက်ဝန်းများနှင့် ဖိုးသာအောင်အား စိုက်ကြည့်လိုက်သည်၊

"ကျေးဇူးတင်ပါတယ် ကိုဖိုးသာအောင်ရယ်၊ မြတ်လေး ဒီပစ္စည်းတွေ ပြန်ရလိမ့်မယ်လို့ လုံးဝထင်မထားဘူး၊ အစ်ကို သံလုံးကြောင့် ဆုံးရှုံးသွားပြီလို့ ထင်ထားတာ၊ ကိုဖိုးသာအောင်ကို ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး"

"ဘာမှ ကျေးဇူးဆပ်စရာမလိုပါဘူး မြတ်လေးငုံရယ်၊ ထူးဆန်းတဲ့ အိပ်မက်ကြောင့်သာ ပြန်ရတယ်လို့ပဲ သဘောထားလိုက်ပါ"

"ဘယ်ဟုတ်ပါ့မလဲ ကိုဖိုးသာအောင်ရယ်၊ အိပ်မက်ကလည်း မြလေးနဲ့ ပတ်သက်နေတယ်လေ"

"ဟုတ်ပါတယ် မြတ်လေးငုံရယ်၊ မြတ်လေးငုံကို ချစ်မြတ်နိုးတဲ့ စိတ်နဲ့ အိပ်မက်တွေ အများကြီးမက်နေတာကိုတော့ မြတ်လေးငုံ ဘယ်သိပါ့မလဲ"

သည်စကားကိုတော့ ဖိုးသာအောင် ရင်ထဲတွင်သာ ပြောလိုက်သည်၊ မြတ်လေးငုံ အဖေက ဖိုးသာအောင်၏ ရိုးသားမှုကို ချီးမွမ်းပြောဆိုပြီး ငွေ (၁၀၀) ကျပ် ထုတ်ပေးသည်၊ ဖိုးသာအောင်က လက်မခံ၊ အတန်တန် ငြင်းဆယ်သည်၊ ထိုအခါ မြတ်လေးငုံက ဝင်ပြောလိုက်သည်၊

"ယူလိုက်ပါ ကိုဖိုးသာအောင်ရယ် . . . ပစ္စည်းတွေ တန်ဖိုးနဲ့စာရင် ဒီငွေကြေးက ဘယ်လောက်မှ တန်ဖိုးမရှိပါဘူး၊ မြတ်လေးငုံရဲ့ စေတနာ





www.burmeseclassic.com

www.burmeseclassic.com

ကိုမငြင်းပါနဲ့။ မြတ်လေးကိုယ်ခင်ရင် ယူလိုက်ပါ။ မယူရင်တော့ ကိုဖိုးသာအောင်ကို မြတ်လေး ဘယ်တော့မှ မခေါ်တော့ဘူး"

မြတ်လေးငုံ မခေါ်မပြော သူ့စိမ်းပြင်းပြင်းနေမည်ကိုတော့ ဖိုးသာအောင် မလိုလားပေ။ ထို့ကြောင့်လည်း ကျေးဇူးဆပ်သော ငွေကို လက်ခံလိုက်သည်။ မြတ်လေးငုံ၏ နက်မှောင်စိုရွှန်းသော မျက်ဝန်းနှင့် အဓိပ္ပာယ်ရှိသော အကြည့်များက ရင်ခုန်နွေးထွေးစွာစိုက်ကြည့်လျက်ရှိသည်ကိုတော့ ဖိုးသာအောင် နားလည်လိုက်သည်။ ပျော်ရွှင်ကြည်နူးစွာပင် ရွာထဲသို့ ပြန်လာခဲ့ကြသည်။

ယနေ့ညအဖို့ ဖဖော်ကျီ နိုးသည့်အချိန်ရောက်သည်အထိ ဖိုးသာအောင် စောင့်ကြည့်သည်။ အိပ်ချင်သည့် စိတ်ကို တင်းထားသည်။ မှေးစင်းလာသော မျက်တောင်များကို အတင်းဖြဲထားသည်။ ဖဖော်ကျီ ရုပ်ထည့်ထားသော ကတ္တီပါ အိတ်နီလေးအား ဖွဲ့နပ်ကြိုးစွာ ဆုပ်ကိုင်ထားသည်။ တင်းကြပ်စွာ ဆုပ်ကိုင်ထားသောကြောင့် ဖဖော်ကျီထွက်မလာတော့ပေ။ ထိုညအဖို့ ဖဖော်ကျီသည် သူ့အား သိဒ္ဓိမြောက်သော ဆေးတောင်ဝှေးနှင့် ထောက်လျက်မခိုင်းစေနိုင်တော့ဘဲမိုးစင်စင်လင်းသွားသည်။ သူခိုးအလုပ်ကို မလုပ်ရတော့ပေ။

ထိုအချိန်မှစ၍ ဖဖော်ကျီအား ထိန်းချုပ်ထားနိုင်သည့် နည်းလမ်းကို ဖိုးသာအောင် တွေ့ရှိသွားသည်။ ရွာထဲမှ ရွာသားများကလည်း နွားပျောက် ပစ္စည်းပျောက်လျှင် ဖိုးသာအောင်အား လာမေးကြသည်။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီး အိပ်မက်လာမပေးကြောင်း ပြောရသည်မှာ အမောပင်ဖြစ်သည်။ ညတိုင်းလည်း ဖဖော်ကျီအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး အိပ်ရသည်မှာ လွယ်ကူသည်တော့မဟုတ်ပေ။

ညတိုင်းပင် အလုပ်ပိုတစ်ခုလုပ်နေရသကဲ့သို့ စိတ်ညစ်လာသည်။ ဖဖော်ကျီရုပ်လေး ထည့်ထားသော ကတ္တီပါ ပိုးသား၍ အိတ်နီလေးအား ဓားတစ် ရှဉ်းချောင်းထဲသို့ မျှောလိုက်ရင် ကောင်းမလားဟု စိတ်ကူးမိသည်။ ထိုသို့ လုပ်ရန်လည်း စနောင့်စနင်း ဖြစ်ရသည်။ ဖဖော်ကျီသည် သူ့အား



ထိန်းသိမ်းမစောင့်ရှောက်ပဲ ချောင်းရေထဲ မျှောရပါ့မလားဟု ဒေါသထွက်ပြီး ဒုက္ခပေးလျှင် အခက်တွေ့ပေဦးမည်။

ဖဖော်ကျီ၏ အစွမ်းသိဒ္ဓိများကို သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပြီးဖြစ်၍ ကြောက်လည်း ကြောက်သည်။ နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ် သွားလေရာတွင် ကိုယ်နှင့်မကွာ ဆောင်ယူပြီး ထိန်းသိမ်းထားခဲ့သည်။

X X X

"နိုးလာပြီလား . . . ဖိုးသာအောင် . . ."

ဆရာတော် ဦးနန္ဒမာလာက လှမ်းမေးလိုက်သဖြင့် ဖိုးသာအောင် ကိုယ်တိုင် ယခုရောက်ရှိနေသော ကေသာလတောင်ကြီး၏ အတွင်းဂူများအား ပြန်လည် သတိထားမိသည်။

"မှန်လှပါ . . . ရွာမှာနေတုန်းက တပည့်တော် ထူးဆန်းတဲ့ ဖဖော်ကျီ ရုပ်လေးတစ်ရုပ် ကောက်ရခဲ့ပါတယ်၊ အဲဒီဖော်ကျီအကြောင်းကို တွေးမိပါသေးတယ်ဘုရား"

"ညနက်လာရင် တောင်ဝှေးနဲ့ထောက်ပြီး ပစ္စည်းတွေခိုးတဲ့ ဖော်ကျီ မဟုတ်လား"

ဆရာတော်က ဖိုးသာအောင် စိတ်အတွေးအကြံအစည်များကို သိနေပုံရသည်။ ဆရာတော်နှင့် အတူနေလာခဲ့သည့် အချိန်ကြာလာသည့် အလျောက် ဆရာတော်၏ ထူးခြားဆန်းကြယ်မှုများကို မအံ့သြမိတော့ပေ။ ဖိုးသာအောင်သည် ကတ္တီပါ ပိုးသား၍ အိတ်နီလေးထဲမှ ဖဖော်ကျီအား ထုတ်ယူ၍ ဆရာတော်ထံ ဆက်သလိုက်သည်။ ဆရာတော်က လက်ဝါးပေါ် တင်၍ ဖဖော်ကျီကို သေချာ ကြည့်သည်။

"လက်စသတ်တော့ ဖော်ကျီတောက်ဖျားပါလား"

"ဆရာတော်က ဒီဖဖော်ကျီကို သိပါသလား ဘုရား"

"သိတာပေါ့ကွာ၊ ဝါတို့ဂိုဏ်းထဲကလူပဲ၊ သစ္စာဖောက်တာနဲ့ အပြစ်ဒဏ် ခံနေရတာ"

"တပည့်တော် နားမလည်နိုင်အောင် ဖြစ်ရပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ငါတို့လေ့လာလိုက်စားတဲ့ ထွက်ရပ်ပေါက် ဝိဇ္ဇာပညာရပ်တွေက လူသာမန်တွေ နားလည်ဖို့ ခဲယဉ်းတယ်။ စစ်မှန်တဲ့ပညာ၊ စစ်မှန်တဲ့အကျင့် ဝိဇ္ဇာ အစစ်အမှန်ဆိုတာကလည်း တွေ့မြင်နိုင်ဖို့ မလွယ်ဘူး။ တချို့က အတု အယောင်တွေကို အစစ်ထင်ပြီး ကိုးကွယ်နေကြတယ်။ အမှား ၃ မျိုး ရှိတယ်။ သတိအမှတ်လွဲရင် ဆရာ ဆည်းကပ်မှု ဆရာအတင်မှားရင် နောက်ကျင့်ကြံ အားထုတ်မှု မမှန်ရင် တစ်ဘဝလုံး တစ်သံသရာလုံး မှောက်တော့တာပဲ။ ဇော်ဂျီတောက်ဖျားအဖြစ်က ပန်းပုထုတဲ့သူနဲ့ အသက်သွင်းတဲ့သူ ပုံစံမျိုးဖြစ်ခဲ့တာ"

"တပည့်တော် မရှင်းလို့ သေချာရှင်းပြပါဘုရား"

"ဟို . . . ရှေးတုန်းက ပန်းပုအရာမှာ လက်ရာမြောက်စွာ ထုနိုင်တဲ့ ပန်းပုဆရာ အကျော်အမော်တစ်ယောက် ရှိတယ်။ တကယ့် သက်ရှိမိန်းမ ပျိုလေး တစ်ယောက်နဲ့ ချွတ်စွပ်တူအောင် မိန်းမပျိုအရုပ်လေးတစ်ရုပ် ထု ထားတယ်။ အဲဒီမှာ ဝိဇ္ဇာဥ်အသက်သွင်း ပညာတတ်တဲ့ဆရာတစ်ယောက် ကတွေ့တော့ မိန်းမပျို ပန်းပုရုပ်လေးကို အသက်သွင်းပေးတယ်။ အရုပ်က နေ မိန်းကလေးတစ်ယောက်ကို သူ့ပကတိအတိုင်း သက်ဝင်လှုပ်ရှားလာ တယ်၊ လွန်စွာမှချောမောလှပတယ်။ အဲဒီတော့ပန်းပုဆရာနဲ့အသက်သွင်း ဆရာတို့ သူရထိုက်တယ်၊ ငါရထိုက်တယ်ဆိုပြီး အငြင်းအခုံ ဖြစ်ကြရော နှံရုံးရောက်တော့ ရုံးတော်က အမိန့် ချမှတ်လိုက်တယ်"

"ဘယ်လို အမိန့်ချပါလဲ . . . ဘုရား"

"ပန်းပုထုတဲ့ ဆရာက ပန်းပုထုတဲ့ အကြောင်းဝေသာရစေ၊ အသက် သွင်းတဲ့ဆရာကြောင့်သာ အသက်ဝင်လာတာကြောင့် အသက်သွင်းဆရာ ကသာ ပိုင်ဆိုင်စေလို့ အမိန့်ချလိုက်တယ်။ ဒီလိုပဲ ဇော်ဂျီ တောက်ဖျား ဟာ အင်္ဂါရုပ်လုပ်ရုပ်၊ ဆေးမြစ်ဆေးဝါးတွေနဲ့ အတော်ပေါက်ရောက်ခဲ့ အဆင့်ကို ရောက်နေပြီး ငါတို့ရည်မှန်းထားတာက အသက်ရှည်ရှည်နေ အရိမတွေ့ယျဘုရားပွင့်တဲ့အခါမှာ ရှေ့ဦးစွာ ဖူးမြော်ပြီး ကျွတ်တန်းဝင်ဖို့ ဇော်ဂျီတောက်ဖျားက ဒီလိုမဟုတ်ဘူး။ နေသိဒ္ဓိဘက်မှာ သစ္စာဖောက်လိုက် တယ်။ ဒါကြောင့်မို့လို့ အထက်ဆရာကြီးတွေက ခုလို သုံးလက်မအရွယ် သစ်သားရုပ်ဖြစ်အောင် ဒဏ်ခတ်ထားတာ"



"ဘယ်လို ဒဏ်ခတ်တာပါလဲ ဘုရား"

"ဇော်ဂျီတောက်ဖျား အရုပ်လေးကို တစ်စုံတစ်ယောက်ကတွေ့ရှိပြီး သိမ်းယူအံ့၊ သိမ်းယူသူအား ညသန်းခေါင်ယံအချိန်တွင် ရွှေငွေရှိသူများ အိမ်သို့ ခေါ်ဆောင်ပြီး သိမ်းယူစေလို့ အမိန့်ချလိုက်တာပဲ။ မင်းအရင် တစ်ဦး တစ်ယောက် လက်ထဲရောက်သွားပုံရတယ်၊ အဲဒီလူက ကြောက်ပြီး ဇော်ဂျီ တောက်ဖျား ဒဏ်မခံနိုင်တာနဲ့ လွှင့်ပစ်ထားတာ ဖြစ်ရမယ်၊ ဒါကို မင်းကတွေ့ ပြီး ကောက်ယူမိတော့ ညသန်းခေါင်မှာ ရွှေငွေရှိတဲ့ အိမ်တွေကို ခိုးခိုင်းတာ ပေါ့"

"ဒါဖြင့် . . . သူ့ကိုအရုပ်ကနေအသက်ပြန်ဝင်လာပြီးညနက်သန်းခေါင်မှ ထလာတဲ့ ဇော်ဂျီအစစ်ပြန်ဖြစ်အောင် လုပ်လို့မရဘူးလားဘုရား"

"ရတာပေါ့ကွယ်၊ ဒါပေမဲ့ - အထက်က ဆရာကြီးတွေ ခွင့်ပြုမိန့်နဲ့ ဒီ ကောင် နောင်တရမရ သေချာ စစ်မေးရဦးမယ်"

ဆရာတော် ဦးနန္ဒမာလာသည် ဇော်ဇော်ဂျီအား လက်ထဲတွင် ဆုပ်ကိုင် ထားရင်း နာရီဝက်ခန့် ဂါထာရွတ်လိုက်သည်၊ ဂါထာရွတ်ပြီးနောက် အသံ တိုးတိုးဖြင့် စစ်ဆေးမေးမြန်းနေပုံရသည်၊ ထို့နောက်တွင် ကျောက်သားပေါ် သို့ ချထားလိုက်သည်၊ ထူးဆန်းသည်မှာ ဇော်ဇော်ဂျီရုပ်လေးသည် ဆရာ တော်ရှေ့တွင် မတ်တတ်ရပ်လျက် ထောင်မတ်နေလေသည်၊ ဖိုးသာအောင် လက်ထဲတွင် ရှိစဉ်က မည်သို့မျှ ထောင်မတ်မရခဲ့ပေ။

ပို၍ ထူးဆန်းဖွယ်ကောင်းသည်မှာ ဇော်ဇော်ဂျီ၏နှုတ်ခမ်းများ တဖွဖွ လှုပ်လာပြီး ဆရာတော့်အား ပြန်လည်လျှောက်ထားနေသကဲ့သို့ ဖြစ်သည်၊ အသံကိုတော့ မကြားရပေ၊ အတန်ကြာသောအခါ ဇော်ဇော်ဂျီရုပ်လေးသည် လူတစ်ယောက်လမ်းလျှောက်သွားသကဲ့သို့ ဂူပေါက်ဝဆီသို့ လမ်းလျှောက် သွားတော့သည်။

"မင်းရဲ့ဇော်ဇော်ဂျီက သူမှားကြောင်းနောက်နောင်မှာ မကောင်းတဲ့စိတ် တွေ မမွေးတော့ပါဘူးလို့ ကတိပေးတာကြောင့် သူ့ဆရာတွေရှိတဲ့ အာယုံ ဒီသတောင်ကို ပြန်သွားဖို့ လွှတ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာအောင်သည် ဆရာတော်၏ ပြုမူဆောင်ရွက်ပုံများကို တအံ့တသြဖြစ်နေမိသည်။ ဖေဖော်ဂျီ ရုပ်လေး ထွက်ခွာသွားသဖြင့် စိတ်ထဲတွင် ဝမ်းနည်းသလို ဖြစ်သွားသည်။ ထူးဆန်းသော ဖော်ဂျီများအကြောင်းနှင့် ဆရာတော်အကြောင်းကို သိချင်လာမိသည်။

"တပည့်တော် သိခွင့်ရရင် သိပါရစေဘုရား။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ရွာကနေ ဆရာတော် ဘယ်လိုလုပ်ပြီး ပျောက်သွားတာလဲ ဘုရား"

"ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကို လိုက်စားတဲ့သူတွေအတွက် အံ့သြဖွယ်ရာတွေ အများကြီးပဲ၊ တချို့ကိစ္စတွေကြတော့ လူတိုင်းနားမလည်နိုင်သလို အသိပေးလို့လဲ မဖြစ်ဘူး၊ မင်္ဂလိုဂ်နီဗွာန်ကို အလိုရှိကြတဲ့ သူတော်စင်တွေဟာ ဗုဒ္ဓဘုရားခွင့်ပြုထားတဲ့ သမထကို ပွားများပြီးမှ ဝိပဿနာ ဘာဝနာကို ကူးကြတယ်၊ တချို့ကြတော့လည်း သမထကို မသုံးဘဲ ဝိပဿနာကို အစအဆုံးပွားများကြတယ်၊ သမထရဖို့ သိဒ္ဓိတွေရဖို့ဆိုတာ မလွယ်ဘူး၊ ဖိုးသာအောင်ရွာမှာနေတုန်းကဖိုထိုးရင်းတစ်နေ့မှာငါ့ခါတ်လုံးကထူးခြားတဲ့သိဒ္ဓိတွေပြပြီး ဖော်ဂျီတစ်ပါးရောက်လာတယ်၊ အဲဒီဖော်ဂျီက ဟိုးအရင်ဘဝဟောင်းက ငါနဲ့ ညီအစ်ကို တော်စပ်ခဲ့ဖူးတယ်၊ ဖော်ဂျီက သူ့ဗိုဝင်ဖို့ ငါ့ဆီမှာ အကူအညီတောင်းတယ်၊ အဲဒီနေ့ကနေ ဒီလို ဖြစ်ခဲ့တာပဲ"

ဆရာတော် ဦးနန္ဒိယသည် ဖော်ဂျီသိဒ္ဓိနှင့် တွေ့ဆုံရပုံများကို ပြန်လည်ပြောပြသည်။

ᛟ ᛟ ᛟ

မြင်ဝါးတောင် ရွာတောင်ပိုင်းရှိတောင်ကုန်းပေါ်တွင် တောင်ပေါ်ကျောင်းဟုခေါ်သည့် ဘုန်းတော်ကြီးကျောင်း ရှိသည်၊ ကျောင်းဝင်းထဲရှိ အဆောက်အအုံ တစ်ခုအတွင်းမှ မီးရောင်များ တလက်လက်ထွက်ပေါ်လျက်ရှိသည်။ ညနက်ချိန်ထိ မီးရောင်များ တလက်လက် ထွက်ပေါ်နေသည်မှာ တခြားမဟုတ်ပေ၊ ဆရာတော် ဦးနန္ဒိယ ဖိုထိုးနေခြင်းသာ ဖြစ်သည်၊ ဖားဖိုမှ တရှူးရှူးတရှဲရှဲ မြည်သံများ ပုံမှန်ထွက်ပေါ်လျက်ရှိသည်၊ ဆရာတော်မှာ မီးညှပ်ကိုကိုင်ရင်း လုံးကိုဖုံးအုပ်ထားသော မီးခဲစများအား ဖွပေးလိုက်သည်။

မီးသွေးမှုန်များသည် တဖျစ်ဖျစ် မြည်ပေါက်ကွဲလျက် မီးမှုန်မီးစလေးများသည် ပိုးစုန်းကြူးများ ထွက်ပေါ်လာသကဲ့သို့ တဖျတ်ဖျတ် လွင့်ပျံတက်လာကြသည်။ ဖိုထိုးသည့် သက်တမ်းမှာကြာခဲ့ပြီ။ ဆရာတော်ထံတွင် ရသာယနဓာတ်ပြာ၊ နဝါးပြဒါးပြာ၊ သွပ်ပြဒါးလုံး စသည်ဖြင့် တန်ဖိုးရှိသော ပစ္စည်းများ စမ်းသပ်ဆဲကိစ္စများ ခရီးမပေါက်သေးသော လုပ်ရပ်ကိစ္စများရှိသည်၊ တစ်နေ့ နေ့တွင် ဖြစ်ရမည်ဟုလည်း ယုံကြည်ထားသည်။

ထိုစဉ် မထင်မှတ်သော ကိစ္စရပ်များက အံ့သြဖွယ်ထူးခြားစွာ ဖြစ်ပေါ်လာခဲ့သည်၊ ဖားဖိုထဲရှိ မီးခဲများနှင့် အုံထားသော လုံသည်အပေါ်သို့ မြောက်တက်သွားပြီး ဝုန်းခနဲ ပေါက်ကွဲသွားသည်။ လုံမှာလည်း အစိတ်စိတ် အမြွာမြွာ ပေါက်ကွဲလွင့်စဉ်သွားသည်။

"ဟ ... ဘယ်လိုဖြစ်တာပါလိမ့်"

ဆရာတော်သည် ထူးဆန်းသော ဖြစ်ရပ်ကြောင့် အံ့သြတုန်လှုပ်သွားသည်၊ ဘေးဘီသို့ စူးစမ်းကြည့်လိုက်သောအခါ အနီရောင် အဝတ်အစားများနှင့် တောင်ဝေးကို ထောက်လျက်ရပ်နေသော ဖော်ဂျီတစ်ပါးကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။ ဖော်ဂျီသည် ဆရာတော်ရှေ့တွင် ရှိသေစွာ ဝတ်ဖြည့်ပြီး ...

"ဆရာတော်ဘုရား ... တပည့်တော် ပါရမီကို ကူညီဖြည့်ဆည်းတော်မူပါက အရှင်ဘုရားရဲ့ပါရမီကိုလည်း တပည့်တော် ကူညီပါ့မယ်ဘုရား"

ဆရာတော်သည် ဖော်ဂျီအား အကဲခတ်ကြည့်လိုက်သည်၊ လောကီကိစ္စ လောကနယ်ပယ်တွင် ဝိဇ္ဇာလုည့်၊ နတ်အလုည့်၊ သိုက်အလုည့်၊ ဆရာအလုည့်ဟူ၍အလိမ်အကောက်၊ အလုည့်အပတ်များရှိတတ်လေရာ ဖော်ဂျီဆိုတိုင်းလည်း ယုံကြည်၍မရပေ၊ ဖော်ဂျီ၊ ဝိဇ္ဇာသုံးပါးရှိသည့်အနက် မန္တန်ဆေးစုတ် ဖော်ဂျီ၊ ဆေးမျက်လုည့်ဖော်ဂျီ၊ သုတပြာစားဖော်ဂျီ၊ ဘယ်လိုဖော်ဂျီ အမျိုးအစား ဖြစ်မည်ကို ကွဲပြားသေချာစွာ လေ့လာနေပုံရသည်၊

"အရှင်ဘုရားက တပည့်တော်ကို သံသယရှိနေပုံရတယ်၊ စိုးစဉ်းမျှ သံသယ ရှိတော်မမူပါနဲ့လို့ တပည့်တော် တောင်းပန်လျှောက်ထားပါရစေ"





www.burmeseclassic.com

www.burmeseclassic.com

"အသင်ဇော်ဂျီ၊ သင့်ကိစ္စက ဘုန်းကြီးတို့ သိက္ခာပုဒ်တော်နဲ့ လွတ်ကင်းကြောင်း၊ သင် အာမခံနိုင်ပါ့မလား"

"လွတ်ကင်းပါတယ်ဘုရား"

"သိက္ခာပုဒ်တော်နဲ့ ငြိစွန်းမှုမရှိရင် ကူညီနိုင်ပါတယ်"

ဇော်ဂျီမျက်နှာမှာ ကျေနပ်အားရစွာနှင့် ပြုံးရွှင်သွားသည်။

"ဘယ်လိုကိစ္စမျိုးလဲ ... ဇော်ဂျီ"

"တပည့်တော်နဲ့အတူ ခေတ္တလိုက်ပါကြွစေလိုပါတယ်ဘုရား"

ဆရာတော်သည် ဇော်ဂျီ၏ အသွင်အပြင်ကိုကြည့်၍ ယုံကြည်စိတ်ရသောကြောင့် နှစ်ဦးသား လွန်စွာမှ ဝေးလံသော တောအုပ်ကြီးထဲသို့ ဝင်ရောက်လာကြသည်။ လမ်းခရီးတွင် ဇော်ဂျီသည် ဆေးဖော်စပ်ရန်အတွက် လိုအပ်သော ဆေးပေါင်း၊ ပန်းပေါင်း၊ အစွမ်းထက် ဂမုန်းပေါင်းများစွာကို ရှာဖွေစုဆောင်းလာခဲ့သည်။

တောအုပ်တစ်နေရာရှိ အခင်းအကျင်းသင့်သောနေရာတွင် နေရာယူလိုက်သည်။ ထင်းများကို စုဆောင်းပြီး အလွန်ကြီးမားသော ထင်းပုံကြီးအား မီးဖိုလိုက်သည်။ မီးပုံဘေးရှိ မြေသားပေါ်တွင် ထင်းချောင်းတစ်ချောင်းနှင့် မီးပုံအား ဝိုင်းပတ်ပြီး စက်ဝိုင်းပုံ စည်းထားလိုက်သည်။ အချိန်ရလာပြီးဖြစ်သော မီးပုံကြီးမှ မီးညွန့်များသည် တဟုန်းဟုန်းတောက်လောင်နေပြီဖြစ်သည်။

"တပည့်တော်ဗိုဝင်ရန်အတွက် အရှင်ဘုရား အကူအညီပေးစေလိုပါတယ်"

"ဘယ်လို ကူညီရမှာလဲ"

"ဒီလိုပါဘုရား ..."

ဇော်ဂျီသည် ဆေးအိတ်ထဲမှ ဆေးသုံးလုံးကို ထုတ်ယူပြီး ဆရာတော်အား ဆက်ကပ်လိုက်သည်။

"တပည့်တော် မီးပုံထဲ ခုန်ဆင်းတဲ့အခါမှာ တစ်ဖောလုံး ပြင်းထန်စွာ တုန်ဟည်းပြီးလျှပ်စစ်လျှပ်၊ တောင်လဲသလိုဖြစ်လာပါလိမ့်မယ်ဘုရား - ချော်ချွင်းဆိုသလိုအလင်းရောင်တွေ ဆိတ်သုဉ်းပြီးအမှောင်ထုက ကြောက်စရာကောင်းလောက်အောင် ဝင်ရောက်လာပါလိမ့်မယ်။ အရှင်ဘုရားအနေနဲ့ ဘယ်လိုမှ ထိတ်လန့်ကြောက်ရွံ့စရာမလိုပါဘူး။ တပည့်တော် ပေးထားတဲ့ ဆေးသုံးလုံးထဲ က ပထမဆေးလုံးကို မီးပုံထဲ ပစ်သွင်းတော်မူပါ"

"ပထမ ဆေးလုံး ပစ်သွင်းပြီးတာနဲ့ မှောင်ရာကနေ တစ်တောလုံး ပြန်လင်းလာပါလိမ့်မယ်။ မီးတောက်မီးလျှံတွေက ဘော်အဆင်းလို တောက်ပလာပါလိမ့်မယ်။ အဲဒီအချိန်မှာ တောထဲမှာ ရှိနေတဲ့ နာနာဘာဝ၊ ဝိနာဘာဝဘီလူးတွေ ရောက်လာပြီး ကြောက်စရာကောင်းလောက်အောင် အဆင်းသဏ္ဌာန် ဖန်ဆင်းပြီး ခြောက်လှန့်ကြပါလိမ့်မယ်။ ဘာမှကြောက်စရာမလိုပါဘူးဘုရား။ ဒုတိယ ဆေးလုံးကိုသာ မီးပုံထဲ ပစ်သွင်းလိုက်ပါ"

"ဆေးလုံး ပစ်သွင်းပြီးတဲ့အခါမှာ မီးတောက်မီးလျှံတွေဟာ ရွှေဆင်းရွှေရောင်ကဲ့သို့ တပြောင်ပြောင် တလက်လက် တောက်ပလာပါလိမ့်မယ်။ သာယာနာပျော်ဖွယ်ကောင်းတဲ့ တူရိယာသံတွေထွက်ပေါ်လာပြီး လှပတင့်တယ်၊ ရှုချင်စဖွယ်ကောင်းတဲ့နတ်သမီးလေးများ ရောက်လာကြပါလိမ့်မယ်။ နတ်မိမယ်လေးတွေဟာ အရှင်ဘုရားကို စိတ်ပြောင်းသွားအောင် မြူဆွယ်ဖြားယောင်းပြီးမလုပ်ဖို့တားဆီးပိတ်ပင်တောင်းပန်ကြပါလိမ့်မယ်။ သူတို့ပြောစကားတွေကိုနားမထောင်မိဖို့အရေးကြီးပါတယ်ဘုရား။ နောက်ဆုံးကျန်နေတဲ့ ဆေးတစ်လုံးကိုသာ မီးပုံထဲ ပစ်ပေါက်ထည့်လိုက်ပါ။ နတ်မိမယ်လေးတွေ ကွယ်ပျောက်သွားကြပါလိမ့်မယ်"

ဇော်ဂျီသည် ထူးခြားဆန်းပြားစွာ စီမံထားသည့် ဆေးသုံးလုံးအား မှိုသေစွာ လျှောက်ထားပြောဆိုပြီး ဆရာတော်ထံ အပ်နှံလိုက်သည်။ ဇော်ဂျီသည် ဆရာတော်အား ဦးသုံးကြိမ်ချ ဝတ်ပြုကန်တော့လိုက်ပြီး ထိန်ထိန်ညီးညီး အပူရှိန်ပြင်းစွာ တောက်လောင်နေသော မီးပုံကြီးထဲသို့ လျင်မြန်စွာ ခုန်ဆင်းလိုက်သည်။ မီတောက်မီးလျှံများကြားတွင် ဇော်ဂျီမှာ အံ့ဩစွာ ပျောက်ကွယ်သွားသည်။

ဇော်ဂျီ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် တောအုပ်အတွင်းမှ သစ်ပင်ကြီးများသည် အမြစ်များ ကျွတ်လွတ်လုမတတ်၊ ပြင်းထန်သော အရှိန်နှင့် ယိမ်းထိုးလှုပ်ရှားလာသည်။ ကြောက်မက်ဖွယ်ကောင်းစွာ တောဟီးသံများကိုလည်း နားစည်ကွဲမတတ် ကြားလာရသည်။ မြေပြင်မှလည်း လျှင်လှုပ်သကဲ့သို့ တသိမ့်သိမ့် လှုပ်ရှားယိမ်းထိုးပြီး မြေခွေ





www.burmeseclassic.com

www.burmeseclassic.com

အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်လာကြသည်။ မိုးမှောင်ကြီးကျလာသကဲ့သို့ အလင်းရောင်များ ပျောက်ကွယ်သွားသည်။ ဇော်ဂျီဗိုထားသည့် အရှိန်ညီးညီးတောက်လောင်နေသည့် မီးပုံကြီးမှာလည်း ဘယ်ရောက်ဘယ်ပျောက်သွားမှန်းမသိတော့ပေ။

ဆရာတော်သည် သတိကြီးစွာထား၍ ဇော်ဂျီမှာကြားထားသည့်အတိုင်း ပထမဆေးလုံးအား ယခင်မီးပုံကြီးရှိမည့် နေရာသို့ မှန်းဆပြီး ပစ်ပေါက်ထည့်လိုက်သည်။ ဝုန်းခနဲ မြည်သံကြီးနှင့်အတူ ထင်းပုံကြီးမှာ ပြန်လည်ပေါ်ထွက်လာပြီး မီးတောက်မီးစွယ်တို့မှာလည်း ပြန်လည်တောက်လောင်လာသည်။ မီးရောင်များသည်ဖြူဖွေးသောဘော်ငွေရောင်များကဲ့သို့ အလင်းများ ဖြာထွက်လျက်ရှိသည်။ သိမ့်သိမ့်တုန်အောင် တုန်ခါနေသော မြေပြင်မှာလည်း ငြိမ်သက်သွားသည်။

ထိုအချိန်မှာပင် စူးရှကျယ်လောင်စွာ အော်ဟစ်သံများ မုန်တိုင်းတိုက်ခတ်လာသလိုပြင်းထန်သောအရှိန်များနှင့်အနက်ရောင်မည်းမည်းလုံးကြီးများသည် ဆရာတော်ရှိရာသို့ လိမ့်ဆင်းလာကြသည်။ ဆရာတော်အနီးသို့ ရောက်သောအခါ တဝုန်းဝုန်းထပေါက်ကွဲပြီး အမွေးစုတ်ဖွားဖွား ကိုယ်ကာယ ကြီးမားထွားကျိုင်းသော ဘီလူးကြီးများ ဖြစ်လာကြသည်။ အစွယ်ချွန်ပါသော လက်သည်းရှည်ကြီးများ၊ နီရဲသော ပါးစပ်ပြဲပြဲကြီးများ မီးထတောက်မတတ် လင်းကွင်းကဲ့သို့ ပြူးကျယ်သော မျက်လုံးကြီးများမှ အခိုးအငွေ့များ ထွက်နေကြသည်။

ကြောက်မက်ဖွယ်ကောင်းသော၊ ကြမ်းတမ်းသောအမွေးရှည်ကြီးများ ပေါက်နေသည့် လက်မည်းမည်းကြီးများနှင့် ဆရာတော်အား ဖမ်းဆီးရန် အပြေးဝင်လာကြသည်။ သို့သော် စည်းဝိုင်းခြစ်ထားသော နေရာအရောက်တွင် တုံ့ခနဲဖြစ်သွားပြီး ဆူညံသော အသံကျယ်ကြီးများပြုလျက် ကြောက်လန့်အောင် ခြောက်လှန့်ကြသည်။

ဆရာတော်သည် သတိကြီးစွာထားလျက် ဇော်ဂျီမှာကြားထားသည့် အတိုင်းဒုတိယဆေးလုံးအားမီးပုံထဲသို့ပစ်ပေါက်ထည့်လိုက်သည်။ တဝုန်း



ဝုန်း ပေါက်ကွဲသံများ ဆူညံလျက် မီးပုံကြီးထဲမှ မီးရောင်များသည် ရွှေများ ပျော်ကျလာသကဲ့သို့ ရွှေရောင်များ ဖြာထွက်လာသည်။ ကြောက်မက်ဖွယ်ကောင်းသော လူ့ဘီလူးကြီးများမှာလည်း ပျောက်ကွယ်သွားကြပြန်သည်။

ထိုစဉ်တောအုပ်အတွင်းမှ သာယာနာပျော်ဖွယ်ကောင်းသော တီးမှုတ်သံများ ကြားလာရသည်။ တစ်စတစ်စနှင့် ဆရာတော်အနီးသို့ ရောက်ရှိလာသည်။ ချောမောလှပသော နတ်မိမယ်လေးများသည် အရှက်လုံ့စွာ မလုံ့တလုံ ဖုံးဖိထားသော အဝတ်အစား၊ ဒွါရာများနှင့် စည်းဝိုင်းနားတွင် ငြိမ့်ညောင်း သွဲ့ပြောင်းစွာ လာပြကြသည်။ ရှိက်ကြီးဖိုငယ် အသွယ်သွယ်သောပြေပြစ်သည့် အချိုးအဆစ်များနှင့် ဝင်းမွတ်နုချောသော အသားအရေများ ပြူးရွှင်ကြည်သာသော မျက်နှာညှို့ယူဖမ်းစားနေသော မျက်ဝန်းများနှင့် နည်းမျိုးစုံ မာယာသုံးလျက် ဆရာတော်အား မြူဆွယ်ကြသည်။ မွှေးအီစူးရှသော တောပန်းရနံ့များကလည်း ကြိုင်လှိုင်သင်းပျံ့ လျက်ရှိသည်။

မွှေးရနံ့များ ထုံရည်လာသောကြောင့် ဆရာတော် ဦးခေါင်းများ မူးနောက်နောက်ဖြစ်လာသည်။ ဆရာတော်သည် သတိကြီးစွာ ထားလိုက်သည်။ နတ်မိမယ်အလှများကိုကြည့်၍ဖြစ်ပျက်ရှုလိုက်သည်။ ဒွါရကိုးပေါက်မှ အရိအရွဲ၊ အညစ်အကြေးများ စီးကျလာသည်။ ကိလေသာ၊ တဏှာကိုပယ်သတ်ထားသော ဆရာတော်အနေနှင့် ဖောက်ပြန်ခြင်းမရှိ၊ ခံယူချက်ကကျောက်စိုင် ကျောက်သားပမာ မြဲမြဲနိုင်မာလှသည့် နတ်မိမယ်အသွင် ဖန်ဆင်းထားရာမှ ကြောက်မက်ဖွယ်ကောင်းသော နာနာဘာဝများအဖြစ် ရုပ်ပြောင်းသွားကြသည်။

ဆရာတော်သည် ဇော်ဂျီမှာထားသည့်အတိုင်း နောက်ဆုံးကျန်နေသော ဆေးလုံးအား မီးပုံကြီးထဲသို့ လျင်မြန်စွာ ပစ်ပေါက်ထည့်လိုက်သည်။ ကြောက်မက်ဖွယ် နာနာဘာဝ ရုပ်သွင်များသည် ကွယ်ပျောက်သွားကြသည်။ ဇော်ဂျီ ဗိုထိုးထားသော မီးတောက်မီးလျှံများသည် ရေနှင့်ဖျန်းလိုက်သကဲ့သို့ မီးငြိမ်းသေသွားသည်။ နူးညံ့သော လေပြေလေညင်းလေး



www.burmeseclassic.com

www.burmeseclassic.com

များ တသုန်သုန် ဝေ့မြူးတိုက်ခတ်လာသည်။ ထိုအချိန်မှာပင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ဇော်ဂျီသည် ပြန်လည်ထွက်ပေါ်လာပြီး ဆရာတော်အား လက်အုပ်ချီ လျှောက်ထားလိုက်သည်။

"တပည့်တော်ရဲ့ ကိစ္စအစ၊ အလယ်၊ အဆုံး လုံးလုံးပြီးမြောက် အထွတ်အထိပ်သို့ ရောက်ရှိသွားပါပြီဘုရား။ ဆရာတော်ဘုရားရဲ့ ကူညီပေးမှုကြောင့်သာ အခုလို ပြီးမြောက်ခြင်း ဖြစ်ရပါတယ်။ အလိုရှိရာ မိန့်တော်မူပါဘုရား"

"ကျုပ် - ကိုယ်တိုင် က လည်း ဝိဇ္ဇာလမ်းပေါက် ထွက်ရပ်ပေါက် သိဒ္ဓိမြောက်အောင် ကျင့်ကြံအားထုတ်နေတာ။ ဇော်ဂျီလည်း သိရှိပေတာပဲ။ အသင် ဇော်ဂျီက ဘယ်လို ဆက်ပြီး ခရီးထွက်မှာပါလဲ"

"မှန်လှပါ၊တပည့်တော်ဟာထူးဆန်းအံ့ဖွယ်တန်ခိုးသိဒ္ဓိတွေရှိတဲ့ဆေးဂမုန်းများ ပေါက်ရောက်ရာ သိရီရှကွတောင်မှာ နေရပါမယ်ဘုရား။ အဲဒီမှာ အနောတတ်ရေအိုင်ရှိပါတယ်၊ ဥတုသုံးပါးစလုံး နေရောင်မကျ ရောက်နိုင်တဲ့ ရေအိုင်ပါ။ တန်ခိုးကြီးတဲ့ နတ်နဂါး၊ ဂဠုန်၊ ဝိဇ္ဇာမိုရ်တွေဟာ အနောတတ်ရေကို သုံးသပ်ပြီး ပျော်ပါးကြပါတယ်၊ အစာအာဟာရအတွက် အမ္ဗုန္ဒရသရက်သီးနဲ့ဇမ္ဗူ သပြေသီးများကို စားသုံးရပါတယ်၊ လွန်ခဲ့တဲ့ အတိတ်ဘဝက အရှင်ဘုရားနဲ့ တပည့်တော်ဟာ ညီအစ်ကို တော်စပ်ခဲ့ပါတယ်။ ဒါကြောင့် အခုလို လာရောက်ပြီး ပါရမီဖြည့်ဆည်းခြင်းဖြစ်ပါတယ်၊ အရှင်ဘုရားဟာ တောတောင်ကို အမှီပြုပြီး နေရမှာဖြစ်တာကြောင့် ဣသိဂုဏ အမည်ရှိတဲ့ ဝိဇ္ဇာမိုရ် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ကျင့်ကြံအားထုတ်ရာ ကေသာလတောင်ကို တပည့်တော် ပို့ဆောင်ရပါမယ်ဘုရား"

"ကောင်းပြီ ဇော်ဂျီသိဒ္ဓိ သင်ခေါ်ဆောင်သည့်အတိုင်း ကေသာလတောင်ကို လိုက်ခဲ့ပါ့မယ်"

ဤသို့ဖြင့် ဇော်ဂျီသိဒ္ဓိ ခေါ်ဆောင်ခဲ့ရာမှ ဆရာတော် ဦးနန္ဒမာလာသည် ကေသာလတောင်သို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။





ဖိုးသာအောင်သည် ဆရာတော်ပြောပြသည့် ဇော်ဂျီသိဒ္ဓိအကြောင်းကို ထူးဆန်းစွာ ကြားသိလိုက်ရသည်၊ ဇော်ဂျီတွေကလည်း အမျိုးမျိုး ရှိပေလိမ့်မည်၊ သူတွေ့ကြုံခဲ့ရသော ဖေဇော်ဂျီမှာ သူ့နည်းသူ့ဟန်နှင့် တန်ခိုးရှိသည်ဟု ပြောရပေမည်၊ ဇော်ဂျီသိဒ္ဓိက ဖိုဝင်ရန် ဆရာတော်အား အကူအညီတောင်းခံရန် ရောက်ရှိလာသလို ဖေဇော်ဂျီက ညအချိန်မတော်တွင် ပစ္စည်းဥစ္စာ ခိုးဝှက်သော ဇော်ဂျီဖြစ်သည်။

"ဒါထက် ဇော်ဂျီဆိုတာ ဘယ်လိုဝိဇ္ဇာမျိုးတွေပါလဲ ဘုရား"

"ဝိဇ္ဇာခရ အတတ်တွေကို အကုန်လုံးပဲဖြစ်ဖြစ်၊ တစ်ဝက်ပဲဖြစ်ဖြစ်ရပြီး သိဒ္ဓိမြောက်တဲ့ ပုဂ္ဂိုလ်ပဲ၊ ဒါပေမဲ့ - ရထားတဲ့ သိဒ္ဓိနဲ့ ဝိဇ္ဇာဖြစ်သွားအောင် ဖိုမဝင်သေးဘူး၊ အတတ်ပညာနဲ့ သိဒ္ဓိတွေ ပျက်ပြယ်ခြင်းမရှိစေဖို့ မပြုပြင်ရသေးတဲ့အဆင့်မှာပဲရှိတယ်။ ဖိုဝင်ပြီးဝိဇ္ဇာလို သိဒ္ဓိမမြဲသေးတာကြောင့်ပျက်ပြယ်နိုင်တဲ့ အဆင့်မှာရှိတယ်၊ မန္တန်ဆေးစုတ်ဝိဇ္ဇာမိုရ် ဆေးမျက်လှည့်ဝိဇ္ဇာမိုရ် သုတပြာစား ဝိဇ္ဇာမိုရ်ဆိုပြီး သုံးမျိုးရှိတယ်"

"အင်္ဂဝိဇ္ဇာမိုရ်မျိုးနဲ့ အတူတူတဲ့ ခနဲ လာ်ဘ၊ ကာယ၊ ဝိဇ္ဇာ မန္တသိဒ္ဓိတွေ ပြီးတယ်၊ အပုလောမသိဒ္ဓိနဲ့ ဝိဇ္ဇာမယသိဒ္ဓိတော့ မပြီးဘူး၊ ဇော်ဂျီ ဝိဇ္ဇာမိုရ်တွေဟာ လူသူမနီးတဲ့ တောကြီး တောင်ကြီးတွေမှာ နေထိုင်ကြပြီး လူ့သေ မိန်းမတွေရဲ့ အလောင်းတွေကို အသက်သွင်းကြတယ်၊ မိန်းမပျိုတွေရဲ့အရိုးကို ရရင်လည်း အသက်သွင်းနိုင်စွမ်းရှိကြတယ်"

"အသက်သွင်းပြီးတော့ ဘာတွေ လုပ်တာလဲ ဘုရား"

"ပျော်ပါးကြတာပေါ့ကွယ် . . . အခြံအရံ တစ်ဖက်တစ်ဖက်မှာ ၅၀၀၀ လောက်နဲ့ ခံစားနေကြတာပေါ့၊ လူ့သေမိန်းမတွေရဲ့ အရိုးကို မရရင်လဲ အောက်တန်းအဆင့် နတ်မိန်းမတွေနဲ့ ပျော်ပါးကြတယ်၊ ဇော်ဂျီဝိဇ္ဇာ ဖြစ်သွားရင် ဆင်၊ မြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်တွေရဲ့ ဦးခေါင်း အရိုးတွေကိုလည်း ရှင်စေနိုင်တယ်၊ အလိုရှိတဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရတနာအမျိုးမျိုး တံတွေးထွေးလိုက်တာနဲ့ ဖြစ်စေနိုင်တယ်၊ လူ့သတ္တဝါတွေ နာဖျားလို့ရှိရင် ရေကိုငုံပြီး ထွေးတာနဲ့ ပြန်ကောင်းလာစေနိုင်တယ်"

"ဇော်ဂျီတွေ ပျော်ပါးတတ်တဲ့ သူယောင်မယ်ဆိုတာကော တကယ်ရှိပါသလားဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတာပေါ့ . . . ဖိုးသာအောင် . . . သူယောင်တောဆိုတာ ဟိမဝန္တာတောမှာရှိတယ်။ ဟိမဝန္တာ၊ သတ္တရဘာန်၊ သီတာခုနစ်တန်ဆိုတာ သူယောင်တောလဲလာတာပေါ့။ အဲဒီအပင်က တခြားအပင်တွေနဲ့ မတူဘူး။ လုပတင့်တယ်ပြီး သူယောင်သီးတွေဟာ လူမိန်းမ ၁၅ နှစ်၊ ၁၆ နှစ်အရွယ်မျိုးဘာနဲ့ သွားတူသလဲဆိုတော့ စတုမဟာရာဇ်နဲ့ တာဝတိံသာမှာရှိတဲ့ နတ်သမီးတွေ လိုပဲ၊ လွန်စွာမှလှပတင့်တယ် ချောမောကြတယ်။ လေတိုက်လို့ သူယောင်သီး တစ်ခုနှင့်တစ်ခု တိုက်မိလိုက်ရင် သာယာနာပျော်ဖွယ်ကောင်းတဲ့ စောင်းငြင်းပတ်သာပြိမ့်ပြောင်းတဲ့ တူရိယာသံတွေ ပေါ်ထွက်လာတယ်။

"သူယောင်မယ်တွေရဲ့ စကားပြောသံ၊ ရယ်မောသံ၊ သီချင်းဆိုတဲ့အသံတွေဟာ ဂီတသံတွေနဲ့အတူ ထွက်ပေါ်လာတယ်၊ ကြားရတဲ့ သူတွေမှာ သောတအာရုံဘဝင်ငြိပြီး၊ ရသေ့သူတော်စင်တွေ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကောင်းကင်မှာ ရှာန်နဲ့ကြွလာတဲ့ ရသေ့တွေတောင် ကိလေသာမီးတွေထ စွဲပြီးလောင်ကျွမ်း တောက်လောင်စေနိုင်တယ်၊ ဒါကြောင့် မြေပြင်ပေါ်ပြုတ်ကျပြီး ရှာန်လျှောတယ်လို့ ပြောကြတာပေါ့"

"သူယောင်မယ်တွေက တစ်သက်လုံး အသက်ရှင်လား ဘုရား"

"ဝိဇ္ဇာဇော်ဂျီတပသီတွေဟာ သူယောင်မယ်နဲ့ တွေ့ရင်ကာမဂုဏ်အာရုံမှာ မူးမေ့နစ်မျောသွားကြတယ်၊ အဖျက်အဆီးတွေပေါ့ကွာ၊ သူယောင်သီးကို ဆွတ်ယူပြီးတဲ့နောက် ၆ လကြာရင် သေကြေပျက်စီးပုပ်သိုးသွားတယ်၊ သူယောင်မယ်တွေနဲ့ ပျော်ပါးတဲ့ ဝိဇ္ဇာပုဂ္ဂိုလ်တွေဟာ ၄ လကြာမှ ပြန်သတိရတယ်၊ ၁၅ နှစ်၊ ၁၆ နှစ် အရွယ် လူမိန်းမပျိုလေးတွေအတိုင်း မိန်းမအင်္ဂါရပ် အပြည့်အစုံ ရှိတယ်၊ ဆံထုံးက အညှာကနေ ပေါက်ပြီး လှပချောမောကြတယ်၊

"သူယောင်သီးတွေကြွေပြီးပုပ်တဲ့အနံ့ဟာလူသေပုပ်တဲ့အနံ့မျိုးထွက်တယ်၊ ပုပ်ပြီးကြွေကျတဲ့ သူယောင်သီးတွေကို ဟိမဝန္တာမှာနေတဲ့ ဆဒ္ဒန်ဆင်မင်းတွေက စားကြတယ်၊ အဲဒီတောမှာ အသက်ရှည်ဖွာနေထိုင်ပြီး အထက်အမြင့်ကို ယူဇနာခြောက်ဆယ် ပျံတက်နိုင်တဲ့ သံဝိဇ္ဇာတစ်ပါးရှိတယ်"

"သူ့အသားအရေက ရွှေအဆင်းလို တောက်ပတယ်၊ ခြေသည်းလက်သည်းတွေက ဟသံပဒါးလို နီရဲတယ်၊ မျက်လုံးတွေက ပတ္တမြားကျောက်



လို ရဲရဲနီတယ်။ သေသဝိဇ္ဇာလို့ ခေါ်တဲ့ သံဝရမာလာသံဝိဇ္ဇာကြီးက အုပ်ချုပ်နေထိုင် တယ်။ လောကီဈာန် အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်တော့မှ သူယောင် တောကို သွားလဲမသွားကြဘူး။ နေလဲမနေကြဘူး"

"သူယောင်မယ်တွေက ဟိမဝန္တာတောမှာ တကယ်ရှိတာလား ဘုရား"

"ဝိဇ္ဇာမိုရ်နဲ့ ထွက်ရပ်ပုဂ္ဂိုလ်သူတော်စင်တွေ သီတင်းသုံးတဲ့ သုဒဿနတောင်ဆိုတာရှိတယ်၊ ရွှေရောင်တွေ တဖိတ်ဖိတ်တောက်ပနေပြီး အမြင့်ယူဇနာ ၁၅၀ ရှိတယ်၊ တောင်ထိပ်မှာ လျှပ်စစ်လျှပ်နွယ်တွေနဲ့ တောက်ပနေတယ်၊ ရွှေလိုဏ်ဂူနစ်ခုလည်းရှိတယ်၊ ဂူအတွင်း အလျား၊ အနံ၊ အကျယ်၊ တစ်ယူဇနာရှိတယ်၊ နတ်သမီးတွေ နတ်သားတွေ ပွဲသဘင်ပြုလုပ်တဲ့ လိုဏ်ဂူ အပေါက်ပေါင်း နစ်ဆယ်ရှိတယ်၊ လိုဏ်ဂူထဲမှာ ယန္တာမန္တဝိဇ္ဇာတွေ ရှိသလို နရကာဒလီ သူယောင် မယ်တွေလည်းရှိတယ်၊

"ဇော်ဂျီဆိုတာ အလွန်တရာ ထူးဆန်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ ဘုရား"

ჯ ჯ ჯ

နောက်ရက်များတွင် ဆရာတော် ဦးနန္ဒမာလာ ခေါ်ဆောင်ရာ နောက်သို့လိုက်ရင်း တောတောင်အနှံ့ ရောက်ခဲ့ရသည်၊ တောထဲတွင် ဆေးစုရင်း ဆေးဖက်ဝင် ဂမုန်းများအကြောင်းကို သိရှိခဲ့ရသည်၊ ဆေးပညာရပ်များကိုလည်း သင်ကြားခဲ့ရသည်၊ ဖိုးသာအောင် စိတ်ထဲတွင် ရွာကို ပြန်သတိရနေသည်၊

"မင်း ...မြင်ဝါးတောင်ရွာကို ပြန်သွားချင်ပြီလား"

"တင်ပါ့ ဘုရား"

"အင်း ...တစ်နှစ်လောက်ရှိပြီဆိုတော့ မင်းအမေလည်း စိုးရိမ်နေရော့မယ်၊ ပြည့်စုံပါပြီ၊ ရွာကို ပြန်ရောက်ရင် လူသတ္တဝါတွေရဲ့ အသက်ကို ဇီဝိတဒါနပြုကုသ ပေးရမယ်၊ ဝိဇ္ဇာပညာရပ်တွေကို လိုက်စားတဲ့အတွက် ကြီးပွားချမ်းသာတဲ့ သူဌေးကြီးလည်း ဖြစ်လာလိမ့်မယ်၊ မင်းပြန်မယ်ဆိုရင် ပြန်လို့ရပါပြီ"

"တပည့်တော် အခုရောက်နေတာက စစ်ကိုင်းတောင်ရိုးမှာ တပည့်တော် နေတဲ့ ရခိုင်ရိုးမနဲ့ အဝေးကြီးပဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက လွယ်ပါတယ်၊ မင်းစိတ်ထဲမှာ ငါနေထိုင်တဲ့ မြင်ဝါးတောင်ရွာ ပြန်ရောက်ပြီးလို့ အောက်မေ့လိုက်၊ မျက်စိမှိတ်ထား၊ ရွာပြန်ရောက်ပြီလို့ စိတ်ထဲမှာ တွေးထား၊ တွေးထား"

ဖိုးသာအောင်သည် ဆရာတော်ပြောသည့် စကားသံများ တဖြည်းဖြည်း ဝေးသွားပြီး ပျောက်ကွယ်သွားသလို သူကိုယ်တိုင် မည်သို့ဖြစ်ပျက်သွားသည်ကို သတိမရတော့ပေ။

ᛟ ᛟ ᛟ

မြင်ဝါးတောင်ရွာလေးသည် အမှောင်ထုထဲတွင် တိတ်ဆိတ်လျက်ရှိသည်။ နစ်နစ်မြိုက်မြိုက်ကြီး အိပ်မောကျနေသော ဖိုးသာအောင်မှာ သူ့ခါးတွင် ပူခနဲ ဖြစ်သွား၍ လန့်နိုးသွားသည်။ မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ သူ့အိပ်ရာဘေးတွင် ရပ်နေသော ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာ ဇေဇော်ဂျီအား မြင်တွေ့လိုက်ရသည်။ သူမှတ်မိသွားသည် ဇော်ဂျီတောက်များပါလား...။ ဖိုးသာအောင် ရင်ထိတ်သွားသည်။

"ဇေဇော်ဂျီပါလား...ကျွန်တော့်ကို ဒုက္ခမပေးပါနဲ့တော့ဗျာ"

"ဟား...ဟား...ဟား"

ဇေဇော်ဂျီက သဘောကျစွာ ရယ်မောလိုက်သည်။ ဇေဇော်ဂျီထံမှ အသံထွက်လာသဖြင့် ဖိုးသာအောင် အံ့ဩသွားသည်။ ဟိုတုန်းကဆိုလျှင် ဇေဇော်ဂျီ က စကားမပြောပေ။တောင်ဝှေးနှင့်ထောက်၍ လမ်းညွှန်စေခိုင်းခဲ့ခြင်းဖြစ်သည်။ ယခု ဇေဇော်ဂျီ စကားပြောသဖြင့် ဝမ်းသာသွားသည်။ သူပြောချင်တာကို ဇေဇော်ဂျီ နားလည်အောင် ပြောခွင့်ရတော့မည် ဖြစ်သည်။

"သူတစ်ပါး ပစ္စည်းတွေ ခိုးဖို့မလုပ်ပါနဲ့တော့ ဇေဇော်ဂျီရာ"

"ဟား...ဟား...ဟား"

ဇေဇော်ဂျီက ထပ်မံရယ်လိုက်ပြန်သည်။

"မင်း . . . အခု ရောက်နေတာ ဆရာတော်နဲ့ စစ်ကိုင်းတောင်ရိုးမှာ မဟုတ်တော့ဘူး။ မင်းရွာမင်းအိမ်ကိုပြန်ရောက်နေတာ၊ မင်းကိုပစ္စည်းတွေ ခိုးခိုင်းဖို့ ရောက်လာတာမဟုတ်ဘူးကွာ၊ မင်းကျေးဇူးတွေ ရှိတယ်၊ ဒါကြောင့် မင်းကို ကျေးဇူးဆပ်ရအောင် မစရအောင် ငါရောက်လာတာပဲ"




"ကျွန်တော်က ဇေဇော်ဂျီကို ဘာများလုပ်ပေးလို့လဲ"

"မင်းကျေးဇူးကြောင့် ငါလည်း ဆရာတော် ဦးနန္ဒမာလာရှေ့ရောက်ခွင့်ရတာပဲ။ ကေသာလတောင်မှာ ဆရာတော်ထံ အပြစ်တွေ ဝန်ချတောင်းပန်ပြီး ငါ့ အင်္ဂါခံထားရတာတွေ လွတ်မြောက်ခဲ့ရတယ်။ ငါ့ဆရာတွေရှိတဲ့ အာယုဒီယတောင်ကို ပြန်သွားခွင့်ရခဲ့တာပေါ့။ မင်းသာ ငါ့ကို ယူဆောင်မသွားရင် ဆရာတော်နဲ့ တွေ့ခွင့်ရမှာ မဟုတ်သလို ငါ့အပြစ်တွေလည်း လွတ်မြောက်လာမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ မင်းကို ငါက ကျေးဇူးတင်နေရတာပေါ့"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ..."

"ဘာလုပ်ရမှာလဲဆိုတော့ ဆရာတော် ဦးနန္ဒမာလာ ခေါ်သွားတာကို ရွာမှာ ဘယ်သူမှ မသိစေနဲ့၊ မင်း တွေ့ရ ကြုံရတာတွေကို ပြောပြလည်း






www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှ ယုံကြည်ကြမှာမဟုတ်ဘူး။ အခု မင်းကြုံကြိုက်နေတဲ့ မြတ်လေးငုံဟာ ပြုစားခံထားရလို့ နေမကောင်းဖြစ်နေတယ်။ မင်းဆေးသွားကုပေးပါ။ ပြီးရင် မြတ်လေးငုံနဲ့ အိမ်ထောင်ပြုရမယ်။ တောင်ပေါ်ကျောင်းမှာ ဆရာတော် ဦးနန္ဒမာလာ ဗိုထိုးတဲ့နေရာကို သိတယ်မဟုတ်လား"

"သိပါတယ်..."

"အေး...အဲဒီမှာဆရာတော်ကိုရည်စူးပြီး "ဂန္ဓာရီ" ဘွဲ့တော်နဲ့စေတီတစ်ဆူတည်ရမယ်။ စေတီတည်ထားကိုးကွယ်ဖို့ဘာအစက်အခဲမှမရှိစေရဘူး။ မင်းကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်ပါ။ လိုအပ်တာတွေ အကုန်လုံး ငါဖြည့်ဆည်းပေးမယ်"

ဇော်ဂျီတောက်များသည် ဖိုးသာအောင်အား စေတီတစ်ဆူတည်ထားရန်မှာကြားပြီး ပျောက်ကွယ်သွားလေသည်။

BURMESE CLASSIC .com

ꩩ ꩩ ꩩ

မြင်ဝါးတောင်ရွာထိပ်ရှိ တောင်ကုန်းပေါ်တွင် တည်ထားသော ဂန္ဓာရီ ရွှေစေတီမှ တချွင်ချွင် ဆည်းလည်းသံလေးများကို ကြည်နူးဖွယ် ကြားနေရသည်။ ကျွန်ုပ်သည် မြင်ဝါးတောင် ရွာလေးသို့ အလည်အပတ် ရောက်ရှိသွားရာမှ တောင်ပေါ်ကျောင်းရှိ ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ခဲ့သည်။ ဆရာတော်ကြီးမှာ သက်တော် ၈၀ ခန့် ရှိပြီဖြစ်၍ ရှေ့မီ နောက်မီ ဆရာတော်ကြီး ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က အင်္ဂလိပ် အစိုးရလက်ထက်တွင် သူတို့ မြင်ဝါးတောင် ရွာသားတစ်ဦးဖြစ်သော ဖိုးသာအောင်ဆိုသည့် ထူးဆန်းသည့် လူတစ်ယောက်အကြောင်းကို ပြောပြ၍ သိရှိခဲ့ရသည်။ ဖိုးသာအောင်သည် ရွှေ၊ ငွေ၊ ရတနာ ဥစ္စာပစ္စည်း မည်မျှ ချမ်းသာခဲ့သည်မသိရပေ။ တောင်ပေါ်ကျောင်းဝန်းတွင်းရှိ တောင်ကုန်းပေါ်တွင် စေတီပုထိုးများ၊ တန်ဆောင်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်းတိုက်ကြီး အဝင်တံခါးဘောင်ပေါ်တွင် ကနုတ်ပန်းနှင့် ဆင်ဆင်တူ ရေးပေါင်း စာတန်းတစ်ခုကို ကမ္ပည်းထိုးထားသည်။



"အလှူရှင် ဦးဖိုးသာအောင်နှင့် ဇနီး ဒေါ်မြတ်လေးငုံတို့ ကောင်းမှု"

"အရှင်ဘုရားကိုလျှောက်တင်ပရစေဘုရား။ တပည့်တော်က အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်းလွန်စွာမှ ထူးဆန်းတဲ့ဦးဖိုးသာအောင် ဒေါ်မြတ်လေးငုံတို့ အကြောင်းကို သိရပါပြီဘုရား။ သူတို့နှစ်ဦးဟာ ဘယ်လောက် အသက်ရှည်နေထိုင်သွားကြတာပါလဲဘုရား"

ကျွန်ုပ်သည် ဦးဖိုးသာအောင်၏ နောက်ဆုံး အဆုံးသတ်ကို သိလို၍ လျှောက်ထားလိုက်သည်။

"ဒီလိုကွယ့် . . . ဘုန်းကြီးရဲ့ အရင်ကျောင်းထိုင်ဆရာတော်ကြီး ပြောပြခဲ့ဖူးတာယ်။ သူတို့နှစ်ယောက်က (၁၀) နှစ်လောက် ပေါင်းသင်းခဲ့ကြတယ်။ ထူးဆန်းတာက ရွှေ၊ ငွေ ရတနာ ပစ္စည်းတွေ ဘယ်ကနေဘယ်လို တိုးပွားလာတယ်ဆိုတာ မသိရဘူး။ ဖိုးသာအောင်က အသက် (၃၀)၊ မြတ်လေးငုံက အသက် (၂၈) နှစ် အရွယ်မှာ ကွယ်လွန်သွားကြတယ်။ အမှန်တော့ မြတ်လေးငုံကိုပါ ဖိုးသာအောင်က ထွက်ရပ်လမ်း၊ ဝိဇ္ဇာပညာတွေကို သင်ပေးနေတာကိုး။ ထွက်ရပ်ပေါက်သွားတဲ့သူတွေဟာ သူတို့ကိုယ်သူတို့ ရုပ်ဖျောက်သွားကြတယ်။ နားလည်တဲ့သူတွေက သူတို့ လင်မယားသဂြိုဟ်မယ်လုပ်တော့ခေါင်းတွေကိုဖွင့်ကြည့်လိုက်တာအလောင်းတွေက မရှိတော့ဘူး"

"ဘယ်လိုလုပ်ပြီး ပျောက်ကွယ်သွားတာလဲဘုရား"

"ဒါတော့လည်း ဘယ်သိပါ့မလဲကွယ်"

➡ နန်းကြာချွင်

www.burmeseclassic.com